www.burmeseclassic.com



# ဘုံစဉ်စံ

## ဘဝလမ်းပြ ဒဿန

ဆန်းလွင်

(ဒုတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

ပြုချက်အမှတ် - ၂၈၅/၂၀၀၀(၅)

ခွင့်ပြုချက်အမှတ် - ၂၆၄/၂၀၀၀(၅)

ဒုတိယအကြိမ်၊ ၂၀၀၀ ခု၊ ဇူလိုင်လ

စောင်ရေ - ၅၀၀

တန်ဖိုး - ၂၀၀၀ ကျပ်

ထုတ်ဝေသူ

ဒေါ်ရွှေအိမ်(၀၀၂၉၉)

တိုင်းလင်းစာပေ၊ ၈/၆၅၊ အုပ်စု(၃)၊ အောင်သိဒ္ဓိလမ်း၊

စော်ဘွားကြီးကုန်း၊ အင်းစိန်၊ ရန်ကုန်။

ပုံနှိပ်သူ

ဒေါ်နန်းကလျာဝင်း

ငွေကံ့ကော်ပုံနှိပ်တိုက်(၀၆၃၆၁)၊ အမှတ် ၂၀-၃၀၊ ၂၄ လမ်း၊

လသာမြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံး ပန်းချီ

စံတိုး

ကွန်ပျူတာ စာစီ

မြစ်အိမ်

# ဘုံစဉ်စံ ဘဝလမ်းပြ ဒဿန

## ဆန်းလွင်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

နန်းဒေဝီ စာပေမှ ထွက်ရှိပြီး
**ဆရာဆန်းလွင်၏**
**စာအုပ်များ**
၁။ ဝိပဿနာရှုနည်း လက်စွဲကျမ်း
၂။ ထေရဝါဒ အုတ်မြစ်များအဖွင့်

# မာတိကာ

| | |
|---|---|
| စာရေးသူ၏ အမှာ | ၇ |
| နိဗါန်။ ဘဝအစမိတ္တာယ်နှင့် ဘဝပန်းတိုင်ကို ရှာခြင်း | ၁၁ |
| ဝေဠုဒွါရ ရွာသားများ၏ ဆန္ဒနှင့် ကောသလမင်းကြီးတမေး | ၃၇ |
| လိပ်တန်း၊ ထမ်းပိုးနှင့် လက်သည်းခွံပေါ်က မြေမှုန့် | ၄၉ |
| ပုဏ္ဏဝါဒီ၏ လူ့ဘဝအမြင် | ၇၇ |
| ပုထုဇဉ်နှစ်မျိုး၊ ဘဝအလားနှစ်မျိုး | ၉၅ |
| ဝိသာခနှင့် ဓမ္မဒိန္နာ အမေးအဖြေ | ၁၀၂ |
| အနာသိမှ ဆေးရှိသည် | ၁၄၇ |
| အမြင်မှန်မှ ဘဝချမ်းသာ | ၁၅၂ |
| စူဠသောတာပန် ဖြစ်ခန်း ဓာတ်တမ္ဘဥ္ဇာန်း | ၁၆၇ |
| ဘုံစဉ်စံတဲ့ မိုးကုတ်ဆရာတော် ဘုရားကြီးအမြင် | ၁၉၆ |

www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏အမှာ

[၁]

'တုံ့စဉ်စံ ဘဝလမ်းပြဒဿန' ကို လွန်ခဲ့သော ခြောက်နှစ်ခန့်က အကျဉ်းချုပ် ရုပ်ပျာန်းမဖြစ်ဘဲ လူ့ဘဝမှာ ရေးသားခဲ့ပါသည်။ မိမိ ဗုဒ္ဓဘာသာဝင် ဖြစ်လာပြီးနောက် မြန်မာ ဗုဒ္ဓဘာသာဝင် သံသရာ ခရီးသွားဖော်တို့နှင့် တွေ့ဆုံစဉ်က မိရိုးဖလာ ဗုဒ္ဓဘာသာဝင် အမည်ခံသူတို့မှာ လူ့ဘဝမှာ ကိစ္စ မပြီးသေး။ ဗုဒ္ဓဘာသာဝင် စစ်စစ် (ပရမတ္ထဗုဒ္ဓဘာသာဝင်) ဖြစ်အောင် လုပ်ဖို့ လိုသေးသည်။ ပရမတ္ထ ဗုဒ္ဓ ဘာသာဝင် (genuine buddhist) ဆိုသည်မှာ သောတာပန်ကို ခေါ်သည်။ ဗုဒ္ဓဘာသာဝင်ဆိုလျှင် သောတာပန် ဖြစ်မှ ဘဝအတွက် စိတ်ချရသည်။ အပါယ်တံခါး လုံးဝ ပိတ်ပြီး နိဗ္ဗာန်ကို မျက်မှောက်မပြုမီ သုဂတိဘုံ၌ တစ်ဘဝထက် တစ်ဘဝ မြင့်သော၊ မြတ်သော ပုဂ္ဂိုလ်အဖြစ်ဖြင့် လူ့ဘုံ နတ်ဘုံ အဆင့်ဆင့်မှာ အများဆုံး ခုနစ်ဘဝ စံစားပြီး နိဗ္ဗာန်သို့ အလိုအလျောက် ကူးမြောက်နိုင်သူ ဖြစ်သည်။ ထိုကဲ့သို့ သုဂတိဘုံ အဆင့်ဆင့်မှာ အားရပါးရ စံစားပြီးမှ နောက်ဆုံး ခုနစ်ဘဝ အဆုံးတွင် နိဗ္ဗာန်သို့ ကူးမြောက်သော ပုဂ္ဂိုလ်ကို 'တုံ့စဉ်စံ' ဟု ခေါ်သည်။ ဤကား ကျမ်းဂန်မှာ လာသော ဘဝ အတက် ခရီးလမ်း ဖြစ်သည်။ သောတာပန်မှာ ဘဝအဆင်းလမ်း လုံးဝမရှိဘဲ အဆင်းလမ်းတံခါး ပိတ်သွားပြီ ဖြစ်သည်။ အပါယ်တံခါး ပိတ်ပြီးသူ ဖြစ်သည်။

[၂]

သို့ရာတွင် မြန်မာ ဗုဒ္ဓဘာသာဝင်များ နားထဲမှာ 'သောတာပန်' ဆိုသော စကားလုံးက ကြီးလွန်းနေသည်။ ကြီးလွန်းသည့်အတွက် နားမဆံ့ဟု ထင်နေကြသည်။ အမှန်မှာ သောတာပန်ဖြစ်ဖို့ မခက်ပါ။ ဘုရားလက်ထက်က

www.burmeseclassic.com

www.burmeseclassic.com



ဆိုလျှင် မြတ်ဗုဒ္ဓ ဟောသော တရားတစ်ပွဲ နာပြီးသောအခါ နားက တရားနာရင်း ဉာဏ်က ခန္ဓာကို လှည့်ရှုတတ်ကြသူတွေ များသည်။ ဒဿနေန ပဟာတဗ္ဗ အမြင်ဖြင့် ကိလေသာကို ပယ်နိုင်ကြသည်။ တရားပွဲပြီးသည် နှင့် သောတာပန်တွေ ရာထောင် ချီ၍ ဖြစ်သွားကြသည်။ ဒါက ဘုရား လက်ထက်မို့ ဖြစ်တာပါ၊ ခုခေတ်မှာ တရားနာရုံနှင့် သောတာပန် ဖြစ်ပါ့ မလားဟု မေးတတ်ကြသည်။ မှန်ပါ၏။ ယခုခေတ်သည် နေယျပုဂ္ဂိုလ်များ သာ ရှိသော ခေတ်အခါသမယ ဖြစ်သောကြောင့် သောတာပန် ဖြစ်အောင် ဝိပဿနာအလုပ်ကို အားထုတ်မှ ရပါသည်။ သို့သော် အခက်ကြီး မဟုတ် ပါ။ နည်းစနစ်မှန် ခေတ်နှင့်အညီ သင်ကြားပြသတတ်သော ဆရာထံမှာ ဆယ့်ရှစ်ရက်လောက် ပြင်းပြင်းထန်ထန် အချိန်ပြည့် အားထုတ်ခြင်း၊ (intensive retreat) လုပ်လိုက်လျှင် ပေါက်မြောက်နိုင်ပါသည်။ သောတာပန်သည် ယခုခေတ် လူတွေနှင့် မထိုက်တန်သော အရာဟု လုံးဝ မမှတ်ယူသင့်ပါ။ မည်သူမဆို (ပဉ္စာနန္တရိယ ကံကြီး) ကျူးလွန်ထားခြင်း မရှိလျှင် ဤသာသနာ၌ လူတိုင်းနှင့် ထိုက်တန်သော ဆုလာဘ် ဖြစ်သည်။ ယောကျ်ား ဖြစ်စေ၊ မိန်းမ ဖြစ်စေ၊ ရဟန်း ဖြစ်စေ၊ လူဝတ်ကြောင် ဖြစ်စေ လူတိုင်း လက်လှမ်းမီနိုင်သော အရာဖြစ်သည်။

[၃]

တချို့က အသက်မွေးဝမ်းကျောင်း ကျပ်တည်းမှုကို အကြောင်းပြပြီး မိမိ၏ သဒ္ဓါ၊ ဝီရိယကို လျှော့တွက်ကြပြီးလျှင် အဲဒီလောက်ကြီး အချိန်ပေးပြီး (ရိပ်သာမှာ သွားနေပြီး) အားမထုတ်နိုင်ပါ ဆိုလျှင်လည်း ရွေးချယ်စရာ နောက်လမ်းတစ်သွယ် ရှိသေးသည်။ ထိုလမ်းမှာ အန္ဓ ပုထုဇဉ်ဘဝ (အပါယ် တစ်လမ်းသွား အဖြစ်မှ) ကလျာဏ ပုထုဇဉ် (စူဠသောတာပန်)၊ တစ်ဘဝ အပါယ်တံခါး ပိတ်သူ၊ ယခု ဘဝမှ စုတိလျှင် နောက်ဘဝမှာ အပါယ် လုံးဝ မကျသူ ဖြစ်အောင် လုပ်သော ရွေးချယ်စရာလမ်း ရှိပါသေးသည်။ ထိုလမ်းသည် တရားနာရုံဖြင့်လည်း ပြီးနိုင်သည်။ ခုနစ်ရက်လောက် တရား အားထုတ်လျှင်လည်း ပြီးနိုင်သည်။ ရိပ်သာမှာ မဟုတ်ဘဲ အလုပ်ပေးတရား၊ ပဋိစ္စသမုပ္ပါဒ် တရားကို ရှင်းအောင် ပြတတ်သူ ဆရာထံမှာ နည်းခံယူပြီး မိမိဘာသာ အိမ်မှာ (အသံသွင်း ကြိုးခွေကို နာပြီး) အားထုတ်ချင်လျှင်လည်း ရသည်၊ မခက်ပါ။ ကျမ်းဂန်အရမှာ ခန္ဓာအကြောင်းကို သိလျှင် သစ္စာ အကြောင်း၊ အာယတနအကြောင်း၊ ပဋိစ္စသမုပ္ပါဒ် အကြောင်းကို သိလျှင်



သက္ကာယ ဒိဋ္ဌိ၊ သဿတ ဒိဋ္ဌိ၊ ဉစ္ဆေဒ ဒိဋ္ဌိကို အသိ (ဉာတပရိညာ) ဖြင့် ပယ်နိုင်လျှင်ပင် ကလျာဏ ပုထုဇဉ်၊ စူဠသောတာပန် ဖြစ်သည်။ စူဠ သောတာပန် ဖြစ်ပြီဆိုလျှင် ယခုဘဝမှာ အသေ စိတ်ချသူ ဖြစ်ပြီ။ တရား အားထုတ်လျှင်လည်း ခန္ဓာငါးပါးမှာ တစ်ပါးပါး၏ ဖြစ်ပျက် (အနိစ္စ) ကို မြင်လျှင်၊ ဖြစ်ပျက် ဒုက္ခကို မြင်လျှင်၊ ဖြစ်ပျက် အနတ္တကို မြင်လျှင် စူဠ သောတာပန် ဖြစ်ပြီ။ ဝိပဿနာ ဉာဏ်စဉ်ဖြင့် ပြောလျှင် အောက်ဉာဏ် နှစ်ဉာဏ်-

၁။ နာမရူပ ပရိစ္ဆေဒဉာဏ် (ရုပ်နာမ်ကွဲ ဒိဋ္ဌိပြုတ်လျှင်)

၂။ ပစ္စယပရိဂ္ဂဟဉာဏ် (ကြောင်းကျိုး ပဋိစ္စသမုပ္ပါဒ်ကို သိပြီး ဝိစိ ကိစ္ဆာ ပြုတ်လျှင်) ထိုသူသည် ကလျာဏ ပုထုဇဉ် (စူဠသောတာပန် မုချ ဖြစ်တော့သည်။)

ဝိပဿနာဉာဏ် (ယထာဘူတဉာဏ်) တစ်နည်း ဉဒယဗ္ဗယဉာဏ်ကို ရပါ မှကား ဆိုဖွယ် မရှိပြီ။ ဒုတိယ ဘဝအတွက် မုချ အပါယ်တံခါး ပိတ်ပြီ။ ယခု ဘဝအတွက် အသေ စိတ်ချရပြီ။

ထိုဉဒယဗ္ဗယဉာဏ်လောက် ရသွားသူဖြစ်လျှင်ပင် လူဖြစ်ကျိုးနပ်ပြီ။ ထိုသို့ ဗုဒ္ဓဘာသာဝင် ဖြစ်ရတာ ထိုက်တန်သွားပြီ။ ယခုဘဝမှာ စူဠသောတာပန် ဖြစ်သူသည် နောက်ဘဝတွင် နည်းနည်းဖြင့် မဟာသောတာပန် ဖြစ်နိုင် ကြောင်း မိုးကုတ်ဆရာတော်ဘုရားကြီး အကြိမ်ကြိမ် အထပ်ထပ် ဟောထား ပါသည်။

(က) ဖြစ်ပျက် ဒုက္ခသစ္စာကို မြင်ပြီးသော ဉဒယဗ္ဗယဉာဏ်ကို ရပြီးသော စူဠသောတာပန်သည် သေပေါက် သေဝမှာ ခန္ဓာ၏ ဖြစ်ပျက် ဒုက္ခသစ္စာကို ဝိပဿနာရှု ( ရုပ်ကို ရှုရှု၊ စိတ်ကို ရှုရှု၊ ဝေဒနာကို ရှုရှု) ရှုရင်း စုတိစိတ် ကို သွားပါက နောက်ဘဝ ပဋိသန္ဓေစိတ် ဖြစ်သည်နှင့် သောတာပန် တည် တော့သည်။

(ခ) သို့မဟုတ် နောက်ဘဝမှာ ပုထုဇဉ်အဖြစ် သွားစေကာမူ ယခုဘဝမှာ အရိယာမျိုးစေ့ ရသွားပြီဖြစ်၍ နောက်ဘဝမှာ အပင်ပေါက်တော့သည်။ ထိုဘဝမှာ သောတာပန် မုချဖြစ်သည်ဟု ဆိုသည်။

[၄]

ဤကဲ့သို့ မြန်မာ ဗုဒ္ဓဘာသာဝင်များအဖို့ ဘဝလမ်းမှာ အတက်လမ်း သည် စင်းစင်းကြီး ပေါ်လျက်ရှိသည်။ ဘဝ လမ်းပျောက်သူ၊ ဘဝပန်းတိုင်

www.burmeseclassic.com

www.burmeseclassic.com



ပျောက်သူ မဖြစ်သင့်ပါ။ ဤဘဝမှာ လူလည်းဖြစ်၍ ဗုဒ္ဓဘာသာဝင်လည်း ဖြစ်ရခြင်းလောက် လူဖြစ်ရကျိုး နပ်သော ဘဝ တယ်ဘာသာ ဘယ် အယူဝါဒမှာမှ မရှိကြောင်းကို သိသင့်ပါသည်။ ဘုံစဉ်စံ ဒဿန သည် ထို့ကြောင့် 'ဘဝလမ်းပြ ဒဿန' အမည်ကို ရပါသည်။ လမ်းမတွေ့၍ မလျှောက်တတ် ဆိုလျှင် အပြစ်တင်ဖွယ် မရှိပါ။ လမ်းဖြောင့် လမ်းမှန် တွေ့နေပါလျက် မလျှောက်လိုလျှင်၊ မလျှောက်တတ် ဆိုလျှင်မူကား ထိုသူ၏ အပြစ်သာ ဖြစ်ပေတော့မည်။ ဤစာအုပ်သည် မြန်မာ ဗုဒ္ဓဘာသာဝင်များ အတွက် (တခြားသော ဘာသာယုံကြည် ကိုးကွယ်မှုမှ ဗုဒ္ဓဘာသာဝင် ဖြစ်လာသူ တစ်ယောက်က) လက်ဆောင် ပေးခြင်း ဖြစ်ပါသည်။ ဤလက်ဆောင် ဘယ်လောက် တန်ဖိုးရှိသလဲ ဆိုသည်မှာ လက်ဆောင်ကို လက်ခံရသူ တို့၏ အကြိုက်နှင့် နှစ်ခြိုက်မှု အပေါ်မှာ တည်ပါသည်။ အကဲဖြတ်ကြဖို့ ဖြစ်ပါသည်။

[၅]

အကျွန်ုပ်သည် 'ဘုံစဉ်စံ ဘဝလမ်းပြ ဒဿန' ကို တွေးခေါ်စဉ်အခါက မြန်မာပြည်တွင် စတင် တိုးဝင်လာသော မိစ္ဆာဒိဋ္ဌိ အယူ 'ဘဝ ဖြစ်တည်မှု ဝါဒ' existentialism ၏ အရိပ်မည်းကြီးကိုလည်း မြင်တွေ့လိုက်ရပါသည်။ ထိုအယူဝါဒသည် ထေရဝါဒ ဗုဒ္ဓဘာသာ ရှုထောင့်က ကြည့်လျှင် အလွန် အကျည်းတန်သော ဥစ္ဆေဒ ဒိဋ္ဌိ အယူဝါဒကြီး ဖြစ်နေကြောင်းကို တွေ့ရသည်။ ထိုသဘောကို ဤစာဖတ်သူ သိစေချင်ပါသည်။ ထို့ကြောင့် ဘုံစဉ်စံ ဒဿန ကို အဖြေ့င်အားဖြင့် မတင်ပြဘဲ ဖြစ်တည်မှု အနဝါဒကို ဝေဖန် တွန်းလှန်သော ထေရဝါဒ အမြင်ဖြင့် တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

၁၉၉၉ ခုနှစ်လယ်ကျမှ ဘုံစဉ်စံ ဒဿန သည် စာအုပ်အဖြစ်ဖြင့် ဈေးကွက်ထဲသို့ ရောက်လာပါသည်။ စာအုပ်ဖြစ်သောအခါမှာလည်း အကျွန်ုပ်သည် စာအုပ် အဆင်အပြင်ကို ကြည့်ပြီး စိတ်မသက်မသာ ဖြစ်ခဲ့ရသည်။ အထဲက စာတွေကို ဖတ်ကြည့်တော့လည်း အမှားအယွင်းတွေက များလှသည်။ စာဖတ်သူ ပရိသတ်ကို အလွန် အားနာမိပါသည်။ သို့သော် တောင်ငူက မိမိ၏ ကျန်းမာရေးကို တာဝန်ယူထားသူ ဒေါက်တာ တင်တင်ဝင်း (ခင်မာလာကြာဖြူ)က အရှင်ဘုရား၏ နောက်ဆုံးထွက်တဲ့ စာအုပ်က နေ မဂ္ဂဇင်းထဲမှာ Top Ten ထဲ ပါတယ်ဘုရားဟု ဆိုလေသည်။ မိမိ မသိပါ၊ မကြာမီ ရန်ကုန်က သတင်း ရောက်လာသည်။ ဘုံစဉ်စံ ပြတ်သွားပြီ၊



ဒုတိယအကြိမ် ရိုက်ဖို့ ပြင်ဆင်နေသည်၊ အမှာစာ ရေးပေးပါဟု ဆိုသည်။ ထိုအခါ မိမိ စိတ်သက်သာမှု အနည်းငယ် ရသွားသည်။ ဒုတိယ အကြိမ် ရိုက်လျှင် အမှားတွေကို ပြုပြင်ပေးနိုင်တော့မည် ဖြစ်၍ ဖြစ်သည်။ မိမိမှာ ၁၉၉၉ ခုနှစ် ဝါတွင်းမှာ ဝိပဿနာ အလုပ်ပေး၊ တရားစခန်း လေးကြိမ် ဖွင့်ပြီး တရားပြ လုပ်ငန်းကိုလည်း လုပ်နေရသဖြင့် မအားသည့်ကြားထဲက ဘုံစဉ်စံ ဒဿန ကို အစအဆုံး ပြန်ဖတ်ပြီး စာကျစာနများ၊ စာမှားများ၊ စာထပ်များကို ပြင်ဆင်ပေးလိုက်ရသည်။

ဘုံစဉ်စံ ဒဿနသည် မြန်မာ ဗုဒ္ဓဘာသာဝင်များအတွက် တန်ဖိုးရှိသော စာတစ်အုပ်ဖြစ်မှု၊ ဘဝအတွက် အသုံးဝင်သော စာတစ်အုပ်ဖြစ်မှု ဤစာကို ပြုစုရခြင်းအတွက် ဝမ်းသာ ဂုဏ်ယူရပေသည်။

မေတ္တာဖြင့်

ဆန်းလွင်

www.burmeseclassic.com



ဆုကြီးပန်နှင့်
ဘုံစဉ်စံ

ဆုကြီးပန်တာ
တစ်ဦးတစ်ယောက် ကိစ္စ
လူတိုင်းနှင့် မဆိုင်၊

ဘုံစဉ်စံတာ
အများသူငါကိစ္စ
လူတိုင်းနှင့် ဆိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ဘုံစဉ်စံ
## ဘဝလမ်းပြ ဒဿန

### ၁။ နိဒါန်း၊ ဘဝ အဓိပ္ပာယ်နှင့် ဘဝ ပန်းတိုင်ကို ရှာခြင်း

၁။ ဘုံစဉ်စံ ဘဝလမ်းပြ ဒဿနသည်
လူ့ဘဝနှင့် ဆိုင်သော ဒဿန ဖြစ်သည်။
လူ့ဘဝကို ရနေသော်လည်း
ပုထုဇဉ်သည်
လူ့ဘဝ၏ အဓိပ္ပါယ်ကို မသိ၊
လူ့ဘဝ၏ ပန်းတိုင်ကို မမြင်၊
ထို့ကြောင့် ပုထုဇဉ်သည်
ဘဝလမ်း ပျောက်နေသူ
ဘဝမှာ စမ်းတဝါးဝါး
လမ်းများ လျှောက်နေသူဟု
ရှုမြင်သင့်သည်။
သူသည် မျက်ကန်းနှင့်လည်း တူသည်။
ဘဝ အကြောင်းကို ကောင်းကောင်းမသိ
မှန်မှန်ကန်ကန် မသိသဖြင့်
ဘဝကိုလည်း အသုံးမချတတ်။

www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်လျှင် အမှား
ဘာလုပ်လျှင် အမှန်ကိုလည်း
မခွဲခြားတတ်။
သနားစရာ ကောင်းသော
လူဖြစ် ရှုံးသော သတ္တဝါဟု
ထိုးထွင်း သိမြင်အပ်သည်။

၂။ သံသရာ ခရီးသွားအချင်းချင်း ဖြစ်ကြရာဝယ်
ပုထုဇဉ်သည် လူမိုက် (ဗာလ) ဖြစ်သည်။
အရိယာသည် လူလိမ္မာ (ပဏ္ဍိတ) ဖြစ်သည်။
ပုထုဇဉ် လူမိုက်သည်
သံသရာ၏ အဆင်းလမ်းနှင့် အတက်လမ်းကို
မခွဲခြားတတ်၊ မခွဲခြားနိုင်။
ရေတွင်းထဲက ဖားလို
ကိုယ်ဘဝကို အထင်ကြီးသည်၊
ကိုယ်ဘဝကို အဆုံးထင်သည်၊
ထို့ကြောင့် မိမိသည်
အမှောင်ထဲက လာပြီး
အမှောင်ထဲသို့ ပြန်သွားနေရသူ
အရူး တစ်ယောက်၊
လူမိုက် တစ်ယောက် ဖြစ်နေသည်ကို
ဘယ်သောအခါမှ မစဉ်းစားမိ။
အမှောင်ဘက်က ဘဝသည်
ကျဉ်းကြုတ်သည်၊
ကြမ်းတမ်းသည်၊
ခက်ထန်သည်၊
ဆင်းရဲသည်၊
ပင်ပန်းသည်၊
အန္တရာယ် များသည်၊
မလွတ်လပ်။ ။



အလင်းဘက်က ဘဝသည်
ကျယ်ပြန့်သည်၊
သန့်ရှင်းသည်၊
ပြန့်ပြောသည်၊
ပြေပြစ်သည်၊
သာယာသည်၊
ငြိမ်းချမ်းသည်၊
မဆင်းရဲ၊
မပင်ပန်း၊
အန္တရာယ် မရှိ၊
ပကတိ လွတ်လပ်သည်ကို
ပုထုဇဉ်အား သိစေလိုသည်။
ခရီးသွားကုန်သော သူတို့သည်
ခရီးသွားဖော် အချင်းချင်းတို့အား
အနည်းငယ်မျှသော ရေရိက္ခာကိုပင်
ခွဲခြမ်း ဝေငှ၍ ပေးကုန်သကဲ့သို့၊
ထို့အတူ...
အကြင် သံသရာ ခရီးသွား အချင်းချင်းသည်
ပေးလှူအပ်သော အသိပညာကို
ခွဲခြမ်း ဝေငှ၍ ပေးအပ်သည်ဟု
ဗုဒ္ဓ မြတ်စွာ သာသနာ့ဝယ်
ဟောကြားထားအပ်သော
အဆုံးအမ စကား ရှိ၏။

(မစ္ဆရိသုတ်၊ သဂါထာဝဂ္ဂသံယုတ်)

၃။ တုံ့စဉ်စံ ဘဝလမ်းပြ ဒဿနသည်
သံသရာ ခရီးသွားဖော် အချင်းချင်းတို့အား
အနည်းငယ်မျှ ဖြစ်သော်လည်း
ပေးလှူအပ်သော အသိပညာကို

www.burmeseclassic.com

www.burmeseclassic.com



ခွဲခြမ်း ဝေဖန်၍
ပေးကမ်းခြင်း ကိစ္စလည်း ဖြစ်ပါသည်။
အမှောင်မှ အမှောင်သို့ သွားနေသူကို
အမှောင်မှ အလင်းသို့ သွားတတ်အောင်
ရှေ့ဆောင် လမ်းပြခြင်း ကိစ္စလည်း ဖြစ်ပါသည်။
လူဖြစ်ကြတာချင်း တူပါလျက်
လူဖြစ်ကျိုး နပ်သူနှင့်
လူဖြစ် ရှုံးသူတို့တွင်
ပုထုဇဉ်သည် လူဖြစ်ရှုံးသူ၊
လူဖြစ်ကျိုး မနပ်သူ ဖြစ်သည်။
လူသည် အသိဉာဏ်ရှိသော သတ္တဝါ ဖြစ်သည်။
သို့ဆိုသော်လည်း...
ပုထုဇဉ်၏ အသိဉာဏ်သည်
သူ့ဘဝကို မကယ်နိုင်၊
သံသရာ ဝဲဩဃထဲက
သူ့ကိုယ်သူ ဆွဲမထုတ်နိုင်၊
သူ့ကိုယ်ထဲမှာ အပါယ်မျိုးစေ့
အပြည့်ပါလာသည်ကို
သူ မသိရှာ။
သူ့မှာ သုတမယ ဉာဏ်မျက်စိ မရှိပါ။
ဉာဏ်မျက်စိ မရှိသောကြောင့်
သူ ရ,ထားသော ခန္ဓာအကြောင်းကို
သူ ကောင်းကောင်းမသိ။
ဓာတ် အကြောင်း၊
အာယတန အကြောင်း၊
သစ္စာ အကြောင်း၊
ပဋိစ္စသမုပ္ပါဒ် အကြောင်း၊
သတိပဋ္ဌာန် အကြောင်း၊
တစေ့တစောင်းလည်း မလေ့လာ၊



ဘာဆို ဘာမှ သူ မသိ။
သူ့အသိမှာ ငါ ရှိသည်၊
ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမ
ပစ္စည်းဥစ္စာ တိုက်တာ အိမ်ယာ
အာဏာ ဂုဏ်ရှိန် ထိန်ထိန်ညီးညီး
ပြီးပြည့်စုံလျှင်
ဘဝတွင် ကိစ္စအဝဝ၊ ဆုံးခန်းသို့ ကျပြီထင်ကာ
ရွှင်ရွှင်ပျပျ ကြွကြွမော်မော် ပျော်ပျော်ပါးပါး
အားရဝမ်းသာ ရှိနေရှာသည်။
ဂင်္ဂါမြစ်မှာ မျောပါလာသော
ဆင်သေကောင်ပေါ်မှာ
နားနေသော ကျီးမိုက်ပမာ
သမုဒ္ဒရာသို့ ရောက်၍
ဆင်သေကောင် နစ်မြုပ် ပျောက်ကွယ်မှ
ဘဝမှာ ဆောက်တည်ရာမဲ့ဖြစ်ရသည်။

၄။ ဘုံစဉ်စံ ဘဝလမ်းပြ ဒဿနသည်
သုတမယဉာဏ်မျက်စိ မရှိ။
ဘဝအလင်းကို မသိသော
ပုထုဇဉ်များ အတွက်
ဘဝ၏ အလင်းကိုပြသော
ဒဿနစာစု ဖြစ်သည်။
ဤစာစုတွင်
ပုထုဇဉ် အမြင်ရှင်း၍
ခန္ဓာ သဘော၊
ဓာတ် သဘော၊
အာယတန သဘော
ပဋိစ္စသမုပ္ပါဒ် သဘောအရှိကို
ထိထိမိမိ သိအောင်

www.burmeseclassic.com

www.burmeseclassic.com



ပုထုဇဉ်အား
ဗောဓိ အခြေအမြစ် စိုက်ပြီးသော
အရိယာနွယ်ဝင်
ကလျာဏ ပုထုဇဉ် ဆိုသော အမြင့်ဘဝကို
တစ်ဆင့်တက် ရောက်ရှိအောင်
ရှေ့ဆောင် လမ်းပြမည် ဖြစ်ပါသည်။
ဤဒဿန စာတမ်းတွင်
ပုထုဇဉ် လူသားတို့၏
ဘဝ အဓိပ္ပာယ်နှင့် ဘဝပန်းတိုင်ကို
တွေ့အောင် ရှာ၍ သိအောင် ပြထားပါသည်။
လူသားသည် လူ့ဘဝကို
ဘာကြောင့် ရလာသလဲ၊
ဘယ်လို ရလာသလဲ၊
လူ့ဘဝမှာ ဘာတွေ ပါလာသလဲ
သူ ရထားသော ခန္ဓာသဘောသည်
ဘယ်လို ဖြစ်ပျက်နေသလဲ၊
သေခြင်းတရား ဆိုတာ ဘာလဲ၊
သံသရာ ဘဝဆက်တွေ
ဘယ်လို ဖြစ်နေသလဲ၊
ဒုက္ခသစ္စာ၏ သဘောသည် ဘယ်လိုလဲ၊
မျက်မှောက် ဘဝနှင့်
တမလွန်ဘဝ နှစ်ခုလုံးအတွက်
အကျိုးရှိသော
ပြုဖွယ်ကိစ္စသည် ဘာလဲ စသည့်
ဘဝနှင့် စပ်သမျှ ကိစ္စအဝဝကို
စူးစမ်း၍ အဖြေရှာခြင်း ဖြစ်ပါသည်။

၅။ ကမ္ဘာပေါ်မှာ ပေါ်ထွန်းခဲ့သမျှ
ဒဿန ဆရာတို့တွင်



ရှေးအခါကမူ
ဂရိနိုင်ငံတိုင်းမှာ
ဆော့ခရတ္တိ ပညာရှိ တစ်ဦးသာလျှင်
လူ့ဘဝ လူ့အဖွဲ့တွေနှင့် ပတ်သက်သော
အသိပညာကို ရှာခဲ့ဖူးပါသည်။
အာရစ္စတော်တယ်က အစပြု၍
လူ့ဘဝ အဓိပ္ပာယ်ကို မရှာလိုတော့ဘဲ
မျက်မှောက် ဘဝဝယ်
လူသားသည် လူသားဘဝ တိုးတက်အောင်
ဘာတွေကို စွမ်းဆောင်နိုင်သလဲ ဆိုသော
လူ့အကျိုး စီးပွားကိစ္စကိုသာ ပဓာနထားသော
အစဉ်အလာ ထွန်းကားခဲ့ရာ
သိပ္ပံပညာဆိုသော အရာသည်
လောကမှာ ဩဇာ ကြီးထွားလာပါတော့သည်။
ထိုအခါမှစ၍
လူသားတို့၏ ဘဝအဓိပ္ပာယ်ကို
စူးစမ်းမှု ကွယ်ပပြီးလျှင်
ဘဝပန်းတိုင်လည်း ပပျောက်သွားလေသည်။
သိပ္ပံပညာကား
အဆုံးပန်းတိုင် မရှိသော
ဘဝအကျိုး ရှာရင်း
ဘဝ အကျိုးမဲ့ကို ဖြစ်စေသော
ပဋ္ဌလက်ပညာမျိုး ဖြစ်နေလေသည်။
လူသားသည်
သိပ္ပံပညာက ထုထောင်ပေးသော စက်မှုဘဝကို
[illegible] အထင်ကြီး၍
[illegible] နှစ်ထောင်းအားရ ဖြစ်ခဲ့လေသည်။
သို့သော်
ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားသောအခါ

www.burmeseclassic.com

www.burmeseclassic.com



သိပ္ပံပညာက ထုထောင်ပေးသော
စက်မှုဘဝ၏ အကျိုးမဲ့ကို
မျက်ဝါးထင်ထင် တွေ့မြင်ရလေသည်။
လူသားသည်
သိပ္ပံပညာနှင့် စက်မှုအတတ်ပညာ အားကိုးဖြင့်
ဘဝချမ်းသာကို ရှာခဲ့ရာမှ
သိပ္ပံပညာနှင့် စက်မှုအတတ်ပညာများကြောင့်
လူ့ဘဝဂယ်
အတိဒုက္ခ အကြီးဆုံး ရောက်ခဲ့ရသည်ကို
မျက်မှောက်ကြုံတွေ့ရလေသည်။
ထို့ပြင်
လူသား၏ ဘဝဖြစ်တည်မှုကို သေးသိမ်အောင်
ပုဂ္ဂလိက ဘဝဖြစ်တည်မှုကို
အဓိပ္ပာယ် ကင်းမဲ့သွားအောင်
ဟောကြားသော မိစ္ဆာဝါဒ ဒဿနများလည်း
လောကမှာ ပေါ်ထွန်းလာသည်။
နာမ်ဝါဒ မှန်သမျှကို
ဆန့်ကျင်တိုက်ခိုက်သော
နှစ်ဆယ်ရာစု ဒဿနအမြင် တစ်ခုသည်
ဥရောပတိုက်မှာ ပေါ်ထွန်းလာခဲ့လေသည်။
ထိုအယူဝါဒသည်ကား
'ဖြစ်တည်ခြင်း ဒဿန' ခေါ်သော
Existentialsm (အိက္ကဇစ်စတင်ရှယ်လစ်ဇင်း)
ပင် ဖြစ်လေသည်။
ထို 'ဖြစ်တည်ခြင်း ပဓာနဝါဒ' သည်
ယန်းပေါဆက် ဆိုသော ဒဿနဆရာကြီး၏
လက်ထက်သို့ ရောက်သောအခါ
ထာဝရဘုရားသခင်၏ ဖန်ဆင်းခြင်း အယူကိုလည်းကောင်း
ပုဂ္ဂလိကလူသားသည် အရေးမပါ၊



လူ့အဖွဲ့အစည်းသာလျှင် အရေးပါသည်။
ပုဂ္ဂလိက လူသားသည်
လူ့အဖွဲ့အစည်း ယန္တရားကြီးထဲက
စက်အစိတ်အပိုင်း တစ်ခုမျှသာ ဖြစ်သည်။
ပုဂ္ဂလိက လူသားသည်
သူ့ချည်းသက်သက်
ဘာကိုမျှ မစွမ်းဆောင်နိုင်ဆိုသော
ပုဂ္ဂလိကလူသား၏
တန်ဖိုးအားလုံးကို ပစ်ပယ်သော
ရုပ်ဝါဒ အားလုံးကိုလည်း
ငြင်းပယ် ကန့်ကွက်လိုက်ပြီးလျှင်
ပုဂ္ဂလိကလူသားမှာ
အတ္တလိပ်ပြာ ဆိုသော
ထာဝရတည်မြဲသော အရာလည်းမရှိ၊
ထာဝရတည်မြဲနေသော သိစိတ်
အတ္တဝိညာဉ်လည်း မရှိ၊
လူ့ဘဝဝယ် လူသား ပိုင်ဆိုင်သမျှ
အရာအားလုံးသည်
သူပြုမူ ဆောင်ရွက်ခဲ့သမျှ
သင်္ခါရကိစ္စများသာ ဖြစ်သည်ဟု
ယူဆသော အယူအဆ ထွန်းကားလာသည်။
ဖြစ်တည်ခြင်း ပဓာနဒဿနသည်
ဘဝဖြစ်တည်ခြင်း၏
မတည်မြဲခြင်း (အနိစ္စ) သဘောနှင့်
ဘဝဖြစ်တည်ခြင်း၏
အစိုးမရသော (အနတ္တ) သဘောတို့ကိုလည်း
တစေ့တစောင်း မြင်သည်။
သို့သော် နှစ်ဆယ်ရာစု ဒဿနသည်
လူ့ဘဝကို ရှုကြည့်ရာ၌

www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာသဘော၊ ဓာတ်သဘော၊
ကြောင်းကျိုးဆက်နွယ်၍ ဖြစ်သော
ပဋိစ္စသမုပ္ပါဒ်သဘော၊
သစ္စာတို့၏ သဘောကိုမူ
ထိုးထွင်းသိမြင်ခြင်းငှာ မစွမ်းနိုင်။
မစွမ်းနိုင်သောကြောင့်
ဘဝဟူသည် ဒုက္ခသစ္စာ ဖြစ်သည်ကို
ထိုဒဿနဖြင့် သိနိုင်စွမ်း မရှိချေ။
ဘဝ၏ ကြောင်းကျိုးဆက်၍ ဖြစ်သော
ပဋိစ္စသမုပ္ပါဒ် သံသရာစက်ကိုလည်း
မြင်နိုင် ရှုနိုင်စွမ်း မရှိသောကြောင့်
သံသရာဘဝဆက်ကို မမြင်
လူသား၏ ဘဝသည်
သေလျှင်ပြီးသည် ဟူသော
ဥစ္ဆေဒဒိဋ္ဌိ အယူတွင် အဆုံးသတ်သည်။
ထို့ကြောင့် လူ့ဘဝပန်းတိုင်ကို
မှန်မှန်ကန်ကန် မမြင်နိုင်ဘဲ
လူ့ဘဝပန်းတိုင်သည်
လုံးဝဥဿုံ အဓိပ္ပာယ်ကင်းမဲ့သော အဖြစ်
ယုတ္တိအားလုံး ကင်းဆိတ်သော အဖြစ်ဟူ၍
လွဲမှားစွာ အဓိပ္ပာယ် ကောက်ယူခဲ့လေသည်။
နှစ်ဆယ်ရာစု ဒဿနဖြစ်သော
ဖြစ်တည်ခြင်း ပဓာနဝါဒတွင်
'သေခြင်းတရား' အကြောင်းကိုလည်း
နားလည်ဖို့ ကြိုးစားခဲ့လေသည်။
သို့သော် သဗ္ဗညုတဉာဏ်၏ အရာ၊
ပုဗ္ဗေနိဝါသ ဉာဏ်၏ အရာဖြစ်သော
သံသရာဘဝစက်၏ သဘောကိုမူ
သိနားလည်နိုင်ခြင်း မရှိ၊



မရှိသောကြောင့်
သေခြင်းသည် လူ့ဘဝ၏အဆုံး
လူ့ဘဝ၏ ပန်းတိုင်ဖြစ်သည်ဟု
မှောက်မှောက်မှားမှား
တွေးကြံကြပြီးလျှင်
လူ့ဘဝမှာ သေခြင်းဆိုသော
အဆုံးပန်းတိုင် ရှိသည်၊
လူ့ဘဝသည် သေခြင်းဖြင့်
အချည်းနှီး ပြီးဆုံးသွားသော
သဘောတစ်ခု ဖြစ်သည်။
သေခြင်းဆိုသော သဘောကို
အချည်းနှီးဖြစ်သွားသော
သဘောတစ်ခု အဖြစ်
အမှန်အကန် သိမြင်နားလည်ထားပါမှ
လောကမှာ ဘယ်လို ဒုက္ခနှင့်ပဲကြုံကြုံ
ထိုဒုက္ခလောက်ကို
အရေးကြီးသော အရာဟု
သဘောထားကြတော့မည် မဟုတ်ဟု
လှုံ့ဆော်အားပေး တရားကို ဆိုသည်၊
ဥစ္ဆေဒဒိဋ္ဌိ အယူဆိုးကြီး ဖြစ်သည်။
ဖြစ်တည်ခြင်း ပဓာနဝါဒသည်
အမှန်စင်စစ်
အပါယ်တစ်လမ်းသွား ဝါဒသာ ဖြစ်သည်။
ဤသို့လျှင် လူသားအား
ချောက်တွန်းသော ဝါဒမျိုး
ကမ္ဘာမှာ ထွန်းကားနေသော အချိန်
ခေတ်ပညာတတ် ဆိုသော
ဗုဒ္ဓဘာသာ အမည်ခံ
အနွယ် ပုထုဇဉ်များကလည်း

www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့သော
သံသရာ အဆင်းလမ်းသွား
အယူဝါဒမျိုးကို
အထင်တကြီး လေ့လာကြ၊ ဆည်းပူးကြ၊ ဆွေးနွေးကြ
လုပ်နေသည့် အချိန်တွင်
ထိုလူ့ဘဝ ချောက်တွန်း အယူဆိုး၊ ဝါဒဆိုးမျိုးကို
တွန်းလှန်ရန် အတွက်
ဤဘုံစဉ်စံ ဘဝလမ်းပြ ဒဿနသည်
ပေါ်ထွန်းလာရကြောင်း
ဝန်ခံရပေမည်။

၆။ ဘုံစဉ်စံ ဘဝလမ်းပြ ဒဿနသည်
မျက်မှောက်ဘဝကို ပစ်ပယ်ပြီး
တမလွန် ကောင်းစားရေးကိုသာ
ဟောကြားသော တရားမျိုး မဟုတ်ချေ။
ဤတရားသည်
လောကီ၊ လောကုတ္တရာ
ဘဝ နှစ်ဖြာလုံးအတွက်
အပြုံးပီတိ ဝေဖြာလျက်
ချမ်းသာသုခ ရရာရကြောင်း
နည်းလမ်းကောင်းများကို ပြဆိုသော
ဘဝလမ်းညွှန် ဒဿနမျိုးဖြစ်သည်ဟု
ဝန်ခံပါသည်။
ဘုံစဉ်စံ ဘဝလမ်းပြ ဒဿနသည်
ထေရဝါဒ ဗုဒ္ဓဘာသာ၏
အဖိုးအပွင့် ဖြစ်သည်။
လောကဌ် ပေါ်ပေါက်သော
သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ
အယူဆိုး ဝါဒဆိုးများကို



ဖယ်ရှား သုတ်သင်ပြီးနောက်
ထေရဝါဒ ဘဝလမ်းမှန်ကို
ပုထုဇဉ်အများဖြစ်သော
ခေတ်လူတို့ နားနှင့် ကိုက်အောင်
ခေတ်စကားဖြင့် ဟောကြားအပ်သော
ထေရဝါဒ ဘဝလမ်းညွှန်ဆိုလျှင်လည်း
ရကောင်းမည် ထင်ပါသည်။

၇။ ယခုအခါ ကမ္ဘာပေါ်မှာ
သေခြင်းတရားကို အဆိုးမြင်ဝါဒ ထွန်းပနေသလို
သေခြင်းတရားကို အကောင်းမြင် ဝါဒလည်း
ထွန်းပ၍ နေပါသည်။
သူတို့ကလည်း
ဘဝကို အဓိပ္ပာယ် ဖွင့်ပြဖို့
ကြိုးစားခဲ့ကြပါသည်။
သူတို့က
ဘဝသည် လျှို့ဝှက်နက်နဲ၍
နားလည်ရခက်သော အရာဖြစ်သည်။
ဘဝဟူသည်
စိတ်အလို မကျခြင်း
စိတ်ဆန္ဒ မပြည့်ဝခြင်း
စိတ်မ ချမ်းသာခြင်းပင် ဖြစ်သည်။
ထို့ကြောင့် ဘဝသည်
စိတ်အလို ပြည့်ဝမှုအတွက်
ရုန်းကန် တိုက်ခိုက်၍
ချမ်းသာကို ရှာနေရသော
အရာပင် ဖြစ်သည်ဟုဆိုသည်။
ထိုအယူ ရှိသူများကလည်း
သဿတဒိဋ္ဌိကို အနိုင်အမာ ယူကြသည်။

www.burmeseclassic.com

www.burmeseclassic.com



လူတွေ သေနေသည်၊
လူတွေ သေနေသော်လည်း
ဘဝသည် ဆုံးမသွား၊
လူတွေ မွေးနေကြသည်
ဘဝမှာ အစားထိုးခြင်း ရှိသည်၊
လူတွေ ဖြစ်နေ ပျက်နေသော်လည်း
ဘဝက ဆက်လက် တည်ရှိနေသည်။
ဘဝသည်ကား စဉ်ဆက် ဖြစ်ပေါ်လျက်ပင်၊
သေခြင်းတရားဟူသည်
အမှိုက်သရိုက်များကို ဖယ်ရှားပစ်ခြင်းသာ ဖြစ်သည်၊
ပိုနေသော အရာများကို
ပိုင်းဖြတ် ဖယ်ရှားပစ်ခြင်းသာ ဖြစ်သည်၊
သေခြင်းတရား အကြားမှာပင်
ဘဝသည် အသစ်အသစ်ဖြစ်လျက်
ထာဝရ တည်မြဲစွာ တိုးတက်ကြီးပွားနေသည်သာ။
ဤအယူဝါဒသည်
လူ့ဘဝသည် တည်မြဲသည်ဆိုသော
သဿတဒိဋ္ဌိ အယူ ဖြစ်သည်။
လွန်ခဲ့သော အနှစ် ၃၀၀၀ လောက်ကတည်းက
လူတို့သည် မိုးပေါ်သို့ ပျံသန်းရန်
စတင် စိတ်ကူးခဲ့ကြပေသည်။
စတင် စိတ်ကူးသူများမှာ
မအောင်မြင်ဘဲ ပင်လယ်တွင်းသို့ ကျဆင်းခဲ့ကြသည်၊
ထိုလူများ သေဆုံးသွားကြသည်။
သို့သော် ဘဝကမူ
မိုးပေါ်သို့ လူသား ပျံသန်းလိုသော
ထိုအိပ်မက် (စိတ်ကူး)ကို
ဆက်လက် သယ်ဆောင်လာခဲ့သည်။
နောင် မျိုးဆက်များစွာ ကြာသောအခါ



လီယိုနာဒိုဗင်ချီသည်
မိုးပေါ်သို့ လူသား ပျံသန်းနိုင်သော
စိတ်ကူးကို စနစ်တကျ
ပုံကြမ်းများ ရေးဆွဲတွက်ချက်ကာ
အကောင်အထည်ပေါ်အောင် လုပ်ပြန်သည်။
နောက် လီယိုနာဒိုဗင်ချီ သေသည်။
သို့သော် ထိုအိပ်မက်ကို
မျက်မှောက်ခေတ်သို့ တိုင်အောင်
ဆက်လက် သယ်ဆောင်လာရာ
မျိုးဆက်များစွာ ကြာသောအခါ
လူသားများ မိုးပေါ်သို့ ပျံသန်းနိုင်ခဲ့သည်။
ဘဝသည် လူသားတို့၏ အလိုဆန္ဒကို
နှစ်ပေါင်း ထောင်နှင့်ချီ၍ ကြာသည်တိုင်
အလျှော့မပေးဘဲ
ဆက်လက် သယ်ဆောင်နေသည်။
ပုဂ္ဂလိက လူသားကမူ ဆုံးရှုံးနိုင်သော်လည်း
ဘဝကမူ မဆုံးရှုံးတတ်။
အမြဲအစဉ် အောင်မြင် တိုးတက်နေသည်။
လူတွေကတော့ လာလိုက်
လူတွေကတော့ သွားလိုက်ကြနှင့်
သို့သော် စမ်းချောင်းကလေးကတော့
စီးမြဲစီးလျက်ပင် ဆိုသကဲ့သို့
လူသား တစ်ဦးချင်းကသာ
မွေးလိုက်၊ သေလိုက်ဖြစ်သော်လည်း
လူ့ဘဝကတော့ ဆက်လက်ရှင်သန်လျက်ပင်။
ဤအမြင်သည် သဿတဒိဋ္ဌိ အမြင် ဖြစ်သည်။
ဘဝဟူသည် ဘာကို ဆိုလိုမှန်းမသိ၊
ဘဝ အဓိပ္ပာယ်ကိုလည်း မရှင်းနိုင်၊
လူတို့၏ အသိပညာ အတတ်ပညာကိုပင်

www.burmeseclassic.com

www.burmeseclassic.com



ဘဝဟု ဆိုလေသလား၊
ဘဝကို သိခက်သောအရာ
လျှို့ဝှက် နက်နဲသောအရာ
အစမထင်သော မြစ်တစ်မြစ်ဟု
ပြောဆိုသူတို့၏
ယောင်ယမ်း ပြောဆိုသံများသည်
ခေါင်းလောင်းထိုးသံများလို
ကမ္ဘာပေါ်မှာ ဆူညံပြန့်ပွားနေသည်။

၈။ လူ့ဘဝအဓိပ္ပာယ်ကို
ရှာရန် ကြိုးစားခဲ့ကြသူတို့သည်
သံသရာအစကို ရှာနေသူတွေလို
လူ ဘယ်က စတင်ဖြစ်ပေါ်လာသလဲဆိုသော
အရှည်းနှီးသော မေးခွန်းကို
အဖြေရှာဖို့ ကြိုးစားခဲ့ကြသည်။
ထိုသူတို့က
လူကို ထာဝရဘုရား ဖန်ဆင်းသည်၊
လူဆိုတာ ပြဟ္မာကြီးတွေက ဖန်ဆင်းသည်၊
လူသည် တိရစ္ဆာန်က ဆင်းသက်လာသည်ဟု
အမျိုးမျိုးအဖုံဖုံ
စဉ်းစားခဲ့ကြလေသည်။
တချို့ ဒဿနဆရာတွေကတော့
လူသည် တိရစ္ဆာန်က
ဆင်းသက်လာသည်ဆိုသည်မှာ
မှန်ကောင်း မှန်နိုင်သည်။
သို့သော်
လူသည် အသိဉာဏ်ရှိပြီး
တိုးတက်နေသော သတ္တဝါမျိုးဖြစ်သည်။
ထို့ကြောင့် လူကို



တိရစ္ဆာန်တွေနှင့် မရောကောင်း၊
လူကို သတ္တဝါတွေရဲ့အပေါ်မှာ
ထားရသည်ဟု ဆိုပြန်သည်၊
လူသည် လေးဘက်ထောက်ပြီး မသွားဘူး၊
မတ်တပ်ရပ်ပြီး သွားသည်၊
သူ့ရုပ်ခန္ဓာရော
သူ့စိတ်ဓာတ်ကပါ
အပေါ်သို့သာ တလူလူတက်နေသောကြောင့်
သူ့ကို 'လူ' ဟု ခေါ်ခဲ့သည်ဟု ဆိုသည်။
လူ့အကြောင်းကို စိတ်ဝင်စားပြီး
လူ့ဘဝကို အဓိပ္ပာယ်ဖော်ရန်
ကြိုးစားခဲ့ကြသူများသည်
လူ့ဘဝကို နားလည်နိုင်စွမ်း မရှိခဲ့ကြပေ။
ထာဝရဘုရားကို
စိတ်မှန်းဖြင့် ယုံကြည်သူများက
လူကို ထာဝရဘုရားက ဖန်ဆင်းသည်၊
လူထဲမှာ ထာဝရဘုရား၏
သဘောသဘာဝများ ပါလာသည်၊
အဘယ်ကြောင့်ဆိုသော်
လူကို ထာဝရဘုရားက
သူ၏ ပုံရိပ်သဏ္ဍာန်အားဖြင့်
ထပ်တူ ဖန်ဆင်းခဲ့သောကြောင့်ဟုလည်း ဆိုသည်။
ဖီလိုဆိုဖီ ဆရာများကတော့
လူသားသည်
ဘုရားသခင်ဆိုသော ဖန်ဆင်းရှင်
ကြောက်စရာအသတ်မဲ့ သမုဒ္ဒရာကြီးထဲက
လှိုင်းလုံးတစ်လုံးသာ ဖြစ်သည်၊
လူသည် ဘုရားသခင်ဆိုသော
နေမင်းကြီး၏ ရောင်ခြည်မျှသာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အဝိဇ္ဇာဖုံးလွှမ်းနေစဉ်မှာ
လူသည် ဘုရားသခင်နှင့် ခြားနားသည်ဟု
ထင်နေတတ်ကြသည်။
ဝိဇ္ဇာဉာဏ်အလင်းကို ရသောအခါတွင်မူကား
လူသားသည် ထာဝရဘုရားသခင်၏
သဘာဝ အစစ်အမှန်ကို နားလည်သွားတော့သည်။
လူသည် တခြားသတ္တဝါတို့ထက် မြတ်သည်၊
လူမှတစ်ပါး အခြားသတ္တဝါတို့သည်
ထာဝရဘုရားသခင်ကို မသိနိုင်၊
လူမူကား မိမိကိုယ်ကိုလည်း သိသည်၊
ထာဝရဘုရားသခင်ကိုလည်း သိနိုင်သည်၊
လူ့ခန္ဓာကိုယ်ထဲမှာ
သဘာဝလောက တစ်ခုလုံး အကျုံးဝင်နေသည်။
လူနှင့် လောကသည်
တခြားစီမဟုတ်ဘဲ
တစ်သားတည်းပင် ဖြစ်သည်ဟု ဆိုသည်။
ထို့ကြောင့် လူ့ဘဝပန်းတိုင်မှာ
လူ့ဘဝကို ဘုရားသခင်သဘောနှင့်
ထပ်တူကျအောင် လုပ်ရေးပင် ဖြစ်သည်ဟု
ဟောပြောခဲ့ကြလေသည်။
ထိုအယူအဆသည်
လူ့လောကမှာ သိပ္ပံပညာနှင့် စက်မှုအတတ်ပညာများ
တိုးတက် ထွန်းကားလာသောအခါ
ယိမ်းယိုင် ပြိုလဲသွားသည်။
အနောက်တိုင်း ဒဿနပညာရှင်တွေထဲမှာ
နီရှေးဆိုသော ဂျာမန် တွေးခေါ်ရှင်တစ်ဦး
ပေါ်ထွန်းလာသည်။
သိပ္ပံပညာ၊ စက်မှု အတတ်ပညာ
ထွန်းကားလာခြင်းကို အကြောင်းပြု၍



ဖန်ဆင်းရှင် ထာဝရဘုရားကို
သံသယရှိသူတွေ များပြားလာသည်။
ထိုအခါ နီးရှေးက
ထာဝရဘုရားသခင် သေဆုံးသွားပြီဟု
ကြွေးကြော်လိုက်သည်။
ထိုအသံသည်
အနောက် နိုင်ငံသားတို့အဖို့
ထိတ်လန့် တုန်လှုပ်သွားစေခဲ့သည်၊
အားကိုးရာမဲ့၊ ဆောက်တည်ရာမဲ့ ဖြစ်သွားစေခဲ့လေသည်။
ထိုအခါ
လူ့ဘဝမှာ ဘုရားသခင်မရှိလည်း
ဘာမျှ ဖြစ်စရာအကြောင်းမရှိ၊
လူ့ဘဝကို ကယ်တင်နိုင်သူမှာ
လူသားသာလျှင် ဖြစ်သည်၊
လူသားသည်
ကိုယ့်ကြမ္မာ ကိုယ်သာ ဖန်တီးရမည်၊
လူ့ဘဝကို တန်ဖိုးရှိအောင်
ဖန်တီးရမည့်သူမှာ
လူသာလျှင် ဖြစ်သည်ဆိုသော
လူသား၏ လွတ်လပ်ခွင့်ကို
မြှင့်တင်သော အယူဝါဒများ
ပေါ်ထွန်းလာခဲ့ပြန်လေသည်။
သို့သော်
လူသည် လက်ရှိဘဝကို
ဘာကြောင့်ရခဲ့သည်
ဘယ်လို ရခဲ့သည်ဆိုသော
ဘဝ၏ အလွန်နက်ရှိုင်းသော
သိမှုယ်ကိစ္စကိုမူ
ဘယ်သူမျှ သိနိုင်စွမ်း မရှိခဲ့ကြချေ။

www.burmeseclassic.com

www.burmeseclassic.com



အဝိဇ္ဇာ သင်္ခါရကြောင့်
ခန္ဓာငါးပါး၊ ရုပ်နာမ်တရားကို
ဝိပါကဝဋ် အဖြစ်ဖြင့်
ရခဲ့ကြခြင်း ဖြစ်သည်ဆိုသော
အလွန်ရဲရင့်သော အဖြေကို
ဗုဒ္ဓရှင်တော်မြတ်ဘုရားမှ တစ်ပါး
ဤလောက၌ ဖြေကြားနိုင်သောသူ
တစ်စုံတစ်ယောက်မျှ မရှိခဲ့ချေ။
ဇာတိ ပဋိသန္ဓေနေရသော
သတ္တဝါတိုင်းမှာ
မွေးကတည်းက သေမိန့်ကျပြီးသူကဲ့သို့
ဝိပရိဏာမ ဘေးကြီး
အပြီးပါလာခဲ့သည်၊
သတ္တဝါသည် 'သေခြင်း' ကို
မုချရင်ဆိုင်ရမည်၊
သို့သော် သေခြင်းသည် ဘဝ၏အဆုံး မဟုတ်သေး။
သံသရာမှာ အပါယ်ဘဝများ၌
တစ်ဖန် ပဋိသန္ဓေနေရခြင်း
ဆိုသော ဝိနိပါတဘေးကြီးကလည်း ရှိသေးသည်၊
သေမိန့်ကျထားသော
ခန္ဓာများစွာ သံသရာ၌
အဖန်တလဲလဲ
ကျင်လည်ရခြင်း ဝဋ်ဆင်းရဲမှ
လုံးဝ လွတ်မြောက်ရေးသည်သာ
လူ့ဘဝ၏ ပန်းတိုင်ဖြစ်ကြောင်း၊
ဝဋ်ဆင်းရဲအပေါင်းမှ လွတ်မြောက်ရာ
လမ်းဖြောင့် လမ်းမှန်ဖြစ်သော
အဋ္ဌင်္ဂိက မဂ်ကို
ဟောဖော်ညွှန်ပြ ဆုံးမနိုင်သောသူကား



ဤလောက၌
ဂေါတမဗုဒ္ဓတစ်ပါးတည်းသာ ရှိသည်။

၉။ လူသားသည်
သံသရာမှ ထွက်မြောက်ရာဖြစ်သော
နိဗ္ဗာန်မဂ်ဖိုလ်ကို မရမီစပ်ကြားဝယ်
သုံးဆယ့်တစ်ဘုံတွင် အစုန်အဆန်
ကျင်လည်ကြရဦးမည်။
ထိုအခါ အပါယ်ဘဝများသို့
ကျသွားနိုင်သော အခွင့်အလမ်းကလည်း
အလွန်များပြားသည်။
လူ့ခန္ဓာမှာသေလျှင်
အပါယ်သို့ ဆွဲချသွားမည့်
အပါယ်မျိုးစေ့ ဒိဋ္ဌိက
အပြီးပါလာသည်။
ထိုမျိုးစေ့ကို
အပါယ်ဘဝ၌ အပင်မပေါက်နိုင်အောင်
ယခုမျက်မှောက်
လူဖြစ်စဉ်ခဏဝယ်
ဉာတပရိညာ၊ တီရဏပရိညာ၊
ပဟာနပရိညာစသော
ပရိညာသုံးပါးဖြင့်
အပြီးပယ်သတ်ကြရမည်။
သို့မှသာ အပါယ်တံခါး ပိတ်မည်။
အပါယ်ဘဝသို့လည်း မသွားလို
ယခုဘဝမှာလည်း
အရဟတ္တဖိုလ်ပေါက်
မကျင့်ကြံနိုင်သေးလျှင်၊
လောကီစည်းစိမ် ချမ်းသာတွေကိုလည်း
လူ့အဖြစ်ဖြင့် ခံစားချင်သေးလျှင်

www.burmeseclassic.com

www.burmeseclassic.com



လူ့ဘောင်တွင် အိမ်ထောင်သားမွေး အလုပ်ဖြင့်
ခန္ဓာကို လုပ်ကျွေးသမှု ပြုလိုသေးလျှင်
ပုထုဇဉ်သည်
သုဂတိဘုံ အဆင့်ဆင့်မှာ
တစ်ဆင့်ပြီးတစ်ဆင့်
ကျင်လည်ပြီးနောက်
ဘဝ၏ကုန်ဆုံးရာ ဖြစ်သော
နိဗ္ဗာန်မင်္ဂဖိုလ်သို့ ရောက်သော
ဘုံစဉ်စံခရီး
ဘုံစဉ်စံနည်းသည်
ပုထုဇဉ်အဖို့
ဘဝ၏ထောက်တည်ရာ၊
ဘဝ၏သက်သာရာလည်း
အမှန်ဖြစ်ကြောင်းကို ပြဆိုသော
ဤ ဘုံစဉ်စံ ဘဝလမ်းပြ ဒဿနသည်
သံသရာ ခရီးသွားအချင်းချင်း
ထားအပ်သော စေတနာဖြင့်
မိမိမှာ ရရှိထားသော ရိက္ခာအနည်းငယ်ကို
နွဲ့ခြမ်းဝေမျှခြင်း ဖြစ်ပါသည်။
ရထိုက်သူတို့ ရကြပါစေကုန်သတည်း။ ။

## ၂။ ဝေဠုဒွါရ ရွာသားများ၏ဆန္ဒနှင့် ကောသလမင်းကြီး၏အမေး

အမှတ်မထင် တစ်နေ့သ၌ အကျွန်ုပ်ထံသို့ လူငယ်တစ်ယောက် ရောက်ရှိလာလေသည်။ သူသည် ရန်ကုန်တက္ကသိုလ်၌ ဒဿနိကဗေဒပညာနှင့် မဟာဝိဇ္ဇာတန်း တက်နေသော ကျောင်းသားဖြစ်သည်ဟု ဆိုသည်။ သူ အကျွန်ုပ်ထံသို့ လာခြင်းမှာ အကြောင်းနှစ်ရပ် ရှိသည်ဟုလည်း ဆိုသည်။

ပထမ အကြောင်းမှာ အကျွန်ုပ်သည် တက္ကသိုလ် ဒဿနိကဗေဒဌာနတွင် ဆရာလုပ်ခဲ့ဖူးပြီး ဒဿနစာပေများကို ရေးသားနေသူ ဒဿနပညာရှင် တစ်ဦးအဖြစ် သူ့စိတ်မှာ ခံယူကာ သူရေးသားနေသော မဟာဝိဇ္ဇာဘွဲ့ စာတမ်းအတွက် အကြံဉာဏ် ပေး၍ ကူညီရန် ဖြစ်သည်။ ဒုတိယ အကြောင်းမှာ ထေရဝါဒ ဗုဒ္ဓဘာသာကို သူလေ့လာရင်း သူ့စိတ်မှာ ဖြစ်ပေါ်လာသော ဒဿန ဆိုင်ရာ ပြဿနာများကို အကျွန်ုပ်အပေါ် တင်၍ ဖြေရှင်းလိုခြင်း ဖြစ်သည်။

အကျွန်ုပ်သည် သူယူဆောင်လာသော ကိစ္စ နှစ်ရပ်ကို လက်ခံသင့် မသင့် စဉ်းစားသည်။ အကျွန်ုပ်ထံသို့ ပြဿနာ အမျိုးမျိုး၊ ကိစ္စအမျိုးမျိုးကို ယူဆောင်လာကြသူများ တစ်နေ့ထက်တစ်နေ့ များပြားလျက်ရှိရာ လာသမျှ လူတိုင်းကို အကျွန်ုပ်က တွေ့ဆုံပြီး သူတို့နှင့် စကားပြောနေလျှင် မိမိ လုပ်ဆောင်စရာရှိသော အမှုကိစ္စများကို တစ်ခုမှ ပြီးပြတ်အောင် လုပ်နိုင်တော့မည် မဟုတ်ချေ။ ထို့ကြောင့် အကျွန်ုပ်သည် အကြောင်းအမျိုးမျိုးဖြင့် ရောက်လာကြသူများကို လက်သင့်ခံ ...ဆုံရန် မဖြစ်နိုင်သဖြင့် လူတွေကို ရှောင်ပြီးနေခဲ့သည်မှာ ကာလ အတန်ကြာ ခဲ့ပြီ ဖြစ်ပါသည်။

ယခု ဤလူငယ်ကိုမူ ဒဿနိကဗေဒ ကျောင်းသားတစ်ဦး ဖြစ်သည်က တစ်ကြောင်း၊ ထေရဝါဒ ဗုဒ္ဓ ဘာသာကို လေ့လာသူ တစ်ဦး ဖြစ်သည်က

www.burmeseclassic.com

www.burmeseclassic.com



တစ်ကြောင်းကြောင့် မတွေ့ဆုံ စကားပြောခဲ့ခြင်း ဖြစ်လေသည်။ သို့ရာတွင် သူ ယူဆောင်လာသော ကိစ္စ နှစ်ရပ်တွင် မဟာဝိဇ္ဇာတွဲ့ စာတမ်း ကျမ်းပြုရေး ကိစ္စသည် ယခုအခါ မိမိမှာ ကျောင်းဆရာ မဟုတ်တော့သည့်အတွက် မိမိနှင့် မဆိုင်ဟု သဘောထားကာ ထိုကိစ္စကိုမူ ပယ်လိုက်သည်။ သို့သော် သူ၏ ဒုတိယ ကိစ္စကိုမူ လက်ခံရန် ဆုံးဖြတ်လိုက်ပါသည်။

'အေး၊ မင်းလာတဲ့ကိစ္စနှစ်ခုနှင့်ပတ်သက်ပြီး ဆရာ ရှင်းရှင်းပဲ ပြောမယ်၊ မဟာဝိဇ္ဇာတွဲ့စာတမ်း ပြုစုရေးကိစ္စက မင်းရဲ့ အကျိုးအတွက်လုပ်တဲ့ ကိုယ်ရေးကိုယ်တာကိစ္စ၊ ဒီကိစ္စဟာ ဆရာနှင့်ဘာမှမဆိုင်ဘူး၊ တက္ကသိုလ်နှင့်ပဲ ဆိုင်တယ်၊ မင်းကို လမ်းညွှန်ကြီးကြပ်တဲ့ ဆရာနှင့်ပဲ ဆိုင်တယ်၊ ဒီတော့ ဒါနဲ့ပတ်သက်ပြီး ဆရာ ဘာမှ မကူညီနိုင်ဘူး၊ ဒုတိယကိစ္စဖြစ်တဲ့ ဗုဒ္ဓဘာသာနှင့် ပတ်သက်တဲ့ ဒဿနပြဿနာတွေဆိုတာကိုတော့ ဆရာ နားထောင်မယ်၊ တတ်နိုင်ရင်လည်း ကူညီဖြေရှင်းပေးမယ်'

'ဟုတ်ကဲ့ပါဆရာ၊ ကျေးဇူးတင်ပါတယ်၊ တန်ဖိုးရှိတဲ့ ဆရာ့အချိန်တွေကို ယူရတာ အားလည်းနာပါတယ်'

'ကဲ... ဒါတွေ ပြောမနေနှင့်၊ အချိန်က တန်ဖိုးရှိတယ်၊ မင်းနှင့် စကားပြောနေတဲ့အချိန်မှာ ဆရာ စာရေးတဲ့အလုပ်ကို လုပ်နေရင် အနည်းဆုံး ငါးကျပ် တစ်ထောင် ရနိုင်တယ်၊ အဲဒီတော့ ခု မင်းကို ဆရာက တွေ့ဆုံပြီး လက်ခံ စကားပြောနေတာဟာ ဦးနှောက်စားခံရရုံတင် မကဘူး ငွေ ငါးရာ တစ်ထောင် ပေးရတယ်လို့ မှတ်၊ ဒီတော့ အရှည်အဝေး မပြောနှင့်၊ မင်းရဲ့ ပြဿနာကိုပဲပြော'

'ဟုတ်ကဲ့ပါဆရာ၊ ကျွန်တော့်ပြဿနာက ဒီလိုပါ၊ ဆရာလည်း သိပါတယ်၊ နှစ်ဆယ်ရာစု အလယ်လောက်မှာ ကမ္ဘာမှာ ပုဂ္ဂလိကလူသားရဲ့ လွတ်လပ်ခွင့်ကို ဖော်ညွှန်းတဲ့ ဖြစ်တည်မှု ပဓာနဝါဒဆိုတာ ပေါ်လာတယ်၊ ဒီဝါဒဟာ အဲဒီအချိန်က ဒုတိယ ကမ္ဘာစစ်ကြောင့် စိတ်ပျက်အားငယ်နေတဲ့ လူတွေကို "လူဆိုတာ ဘဝမှာ ဖြစ်တည်လာရင် ဖြစ်လာတဲ့ ဘဝကို တန်ဖိုးရှိအောင် လုပ်ကြရမယ်၊ လူမှာ ကိုယ့်ဟာကိုယ်ပဲ အားကိုးစရာ ရှိတယ်၊ ကိုယ်လုပ်တဲ့အလုပ်ကို ကိုယ် တာဝန်ခံ ရဲရတယ်၊ ကိုယ်လုပ် ကိုယ်ခံ ဘယ်သူနှင့်မှ မဆိုင်ဘူး၊ ကိုယ့်ဟာကိုယ် လွတ်လွတ်လပ်လပ် ဆုံးဖြတ်ပိုင်ခွင့် ရှိတယ်။ လူ့ဘဝဆိုတာ မွေးကတည်းက သေမိန့်ကျထားပြီးသား၊ ဘယ်အချိန် အဆုံးစီရင်ခြင်း ခံရမယ်ဆိုတာသာ မသိ တာ၊ သေမှာကတော့ မုချပဲ၊ သေရင်လည်း ဘဝဆိုတာ ဘာမှ အဓိပ္ပာယ် မရှိ



တော့ဘူး၊ ဒီတော့ ရှင်နေတဲ့ အချိန်ကလေးမှာပဲ ဘဝကို တန်ဖိုးရှိအောင် လုပ်ကြရတာ" ဆိုတဲ့ တရားတွေကို ဟောခဲ့တယ်၊ ဒီဒဿနမှာ ဖန်ဆင်းရှင် ဘုရားဆိုတာ မရှိဘူးလို့ ငြင်းပယ်ထားတာရယ်၊ ပစ္စုပ္ပန် မျက်မှောက်ဘဝမှာ အသက်ရှင်နေတဲ့ လူသားရဲ့ ပြုမူဆောင်ရွက်ချက် (ကံ) တွေသာလျှင် အဓိက ကျတယ်ဆိုတာတွေဟာ အသက်ရှင်နေတဲ့ လူသားတွေအတွက် အင်အားတွေ ဖြစ်ခဲ့ပါတယ် ဆရာ၊ ကျွန်တော် ဆိုလိုတာက လူဆိုတာ သူ လက်ရှိ ရထားတဲ့ မျက်မှောက်ဘဝကိုပဲ တန်ဖိုးထားချင်တယ်၊ လက်ငင်း ရထားတဲ့ ဘဝကို တိုးတက် ကြီးပွားစေချင်တယ်၊ လက်ငင်း ဘဝရဲ့ ချမ်းသာကိုလည်း ရရှိခံစားချင်တယ်၊ ဒါပေမယ့် ဗုဒ္ဓဘာသာ အရဆိုရင် လက်ငင်းဘဝ ရထားတဲ့ ခန္ဓာ ငါးပါး ရုပ်နာမ်တရား ဆိုတာတွေဟာ ဒုက္ခသစ္စာပဲ ဖြစ်တယ်၊ ပြီးတော့ အသက်ရှင်နေဆဲ ကာလမှာ တွေ့ထိ ခံစားနေရတဲ့ ဝတ္ထုအာရုံ၊ ကာမဂုဏ်တွေဟာ မသာ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ ဖြစ်လို့ အဲဒါတွေကို ခံစားနေရင် ဝဋ်ဒုက္ခ သံသရာမှာ အဖန်တလဲလဲ ကျင်လည်ရတဲ့ သမုဒယအကြောင်းတွေပဲ ဖြစ်သွားမယ်ဆိုတော့ လူဟာ လူ့ဘဝမှာ ဘာမှ မခံစား မစံစားရတော့ဘူးလား၊ အခု ရထားတဲ့ ပစ္စုပ္ပန်ဘဝကို လူဟာ လုံးဝ လက်လွှတ် အဆုံးရှုံးခံလိုက်ရမလား၊ ခုအတိုင်းဆိုရင် တမလွန် ဘဝချမ်းသာကို လိုချင်ရင် လက်ငင်း ဘဝ ချမ်းသာတွေကို စွန့်ပစ်မယ် ဆိုတဲ့ သဘောမျိုး ဖြစ်မနေဘူးလား၊ အဲဒါဆိုရင် ဗုဒ္ဓဘာသာဟာ မျက်မှောက်ဘဝ ချမ်းသာကို ပစ်ပယ်တဲ့ တရားလား၊ အဲဒါကို ကျွန်တော် သိချင်ပါတယ် ဆရာ၊ ဒါကို ပုထုဇဉ်တွေး တွေးတယ်ဆိုရင်လည်း ဒီလောကမှာ အရိယာက အနည်းစုပါ၊ ပုထုဇဉ်က အများစုပါဆရာ၊ ပုထုဇဉ်ဟာ ပုထုဇဉ်လိုပဲ တွေးတတ်ပါတယ်'

'အေး၊ မင်းက ဒဿနိကဗေဒ ကျောင်းသားလည်း ဖြစ်တယ်၊ မဟာဝိဇ္ဇာတန်း ပညာလောက်လည်း တတ်ထားတယ်၊ ပြီးတော့ ကမ္ဘာမှာ ပေါ်ပေါက်ခဲ့တဲ့ ပုထုဇဉ်အတွေးအခေါ် (ပုထုဇ္ဇန ဒဿန) တွေကိုလည်း လေ့လာကျက်မှတ်ထားကယ်၊ ကိုယ်တိုင်ကလည်း ပုထုဇဉ်နယ်ထဲမှာ ပုထုဇဉ်ရဲ့ ဘဝကိုပဲ တန်ဖိုး [illegible] ချင်နေတယ်ဆိုတော့ ဒီမေးခွန်း မေးတာ မဆန်းပါဘူး၊ ပြီးတော့ မင်းလို [illegible] လည်း အများကြီး ရှိနိုင်ပါတယ်၊ ထားပါတော့ကွာ၊ မင်းဟာ ပုထုဇဉ် [illegible] များရဘက်က လျှောက်လဲချက် ပေးတဲ့ ရှေ့နေလိုပဲ၊ ထားပါတော့၊ ခု ဆွေးနွေးရမဲ့ ကိစ္စလည်း ဆရာ ဆွေးနွေး ရေးသားချင်တဲ့ အတွေးအခေါ်တွေနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဆက်စပ်နေလို့ ဆွေးနွေးရတာလည်း တန်ဖိုးရှိပါတယ်။ ဒီတော့ မင်း မေးတဲ့ မေးခွန်းကို မဖြေခင် ဒီမေးခွန်းမျိုးကို ကနဦး မေးခဲ့တဲ့ ပုဂ္ဂိုလ်တွေအကြောင်းကို မင်းကို ဆရာပြောပြမယ်'

'ဟုတ်ကဲ့ အမိန့်ရှိပါဆရာ'

'သံယုတ် ပါဠိတော်မှာ ဝေဠုဒွါရေယျသုတ်ဆိုတာ ရှိတယ်၊ အဲဒီသုတ္တန် ဒေသနာကို ပထမ ပြောမယ်၊ အခါတစ်ပါးမှာ မြတ်စွာဘုရားဟာ ရဟန်းသံဃာတော်များစွာနှင့်အတူ ကောသလတိုင်းမှာ ဒေသစာရီ ကြွချီရင်း ဝေဠုဒွါရ ဆိုတဲ့ ပုဏ္ဏားရွာကြီး တစ်ရွာကို ဆိုက်ရောက်သွားတယ်၊ မြတ်စွာဘုရားဟာ သာကီဝင် မင်းမျိုးကနေ ရဟန်းပြုသွားတဲ့ မင်းသားရဟန်းဆိုတာကို ပုဏ္ဏားရွာသားတွေက သိပ်ပြီး စိတ်ဝင်စားကြတယ်။ မင်းသားက မင်းရဲ့ စည်းစိမ်ကို စွန့်ပြီး ရဟန်းပြုသွားတယ် ဆိုတော့ ဗုဒ္ဓမြတ်စွာဘုရားရဲ့ ဂုဏ်သတင်းဟာ ကျော်စောတာပေါ့၊ ပြီးတော့ မြတ်စွာဘုရားဟာ အစ၏ကောင်းခြင်း၊ အလယ်၏ ကောင်းခြင်း၊ အဆုံး၏ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံတဲ့တရားကိုလည်း ဟောကြားတော်မူတယ်၊ ဒီလို ပုဂ္ဂိုလ်ထူးမျိုးကို ဖူးထိုက်တယ်၊ ဖူးမှ ကောင်းမယ်ဆိုပြီး ဝေဠုဒွါရရွာကို မြတ်စွာဘုရား ဆိုက်ရောက်လာတဲ့အခါ ပုဏ္ဏားရွာသားတွေက ကောင်းကောင်း ခရီးဦးကြိုပြုပြီး ချဉ်းကပ်ကြတယ်လေ၊ ပြီးတော့ ပုဏ္ဏားရွာသား အကြီးအကဲ လုပ်သူတွေဟာ မြတ်စွာဘုရားအနားမှာ တစ်ခုသော နေရာမှာ ထိုင်နေကြပြီး ဘုရားကို မေးခွန်းပုစ္ဆာလျှောက်ထားတယ်၊ ဘယ်လိုလျှောက်ထားသလဲဆိုတော့–

"အရှင်ဂေါတမ၊ အကျွန်ုပ်တို့ရဲ့ ဝေဠုဒွါရရွာဟာ အလွန် အရောင်းအဝယ် စည်ကားပါတယ်၊ ဥစ္စာစီးပွားဖြစ်ပြီး ချမ်းသာကြွယ်ဝကြပါတယ်။ အကျွန်ုပ်တို့ဟာ ရောင်းဝယ်ဖောက်ကားခြင်းအမှုကို ပြုပြီး သားမယားတို့ဖြင့် အိမ်ရာ တည်ထောင်ပြီးလည်း နေလိုကြပါတယ်၊ ကာသိတိုင်းထွက် စန္ဒကူးကိုလည်း သုံးဆောင် ခံစားလိုကြပါတယ်၊ ပန်းပန်ခြင်း၊ နံ့သာခြယ်ခြင်း၊ နံ့သာပျောင်း လိမ်းခြင်းကိုလည်း ပြုလိုကြပါတယ်၊ ရွှေ ငွေကို လက်ခံ သာယာပြီးလည်း နေလိုကြပါတယ်၊ ဒီဘဝမှာ ဒီလို လူ့ဘဝစည်းစိမ်ကို ခံစားပြီးနေ၍ ခန္ဓာပျက်စီး သေဆုံးသောကာလ၏ နောက်ဝယ်မှာလည်း ကောင်းသောသူတို့၏ လားရောက်ရာ နတ်ပြည်နတ်ရွာကို ရောက်ကြပြီးလျှင် နတ်ဘဝ၊ နတ်စည်းစိမ်ကို ခံစားလိုကြပါတယ်။ အရှင်ဂေါတမ၊ ဤသို့ အလိုဆန္ဒရှိသော အကျွန်ုပ်တို့အား အလိုရှိတိုင်း



ဖြစ်နိုင် ရောက်နိုင်လောက်သော အခြင်းအရာရှိသော တရားကို ဟောတော်မူပါဘုရား" လို့ လျှောက်ထားကြတယ်။ ကဲ၊ ဒီ လျှောက်ထားချက်ဟာ ပုထုဇဉ်တွေ လိုလား တောင့်တတဲ့ ကိစ္စတွေကို ကိုယ်စားပြုတဲ့ လျှောက်ထားချက်ပဲ မဟုတ်လား၊ ဒီဘဝ လူ့ဘဝချမ်းသာကို ခံစားရတဲ့ နည်းလမ်းသာမက သေပြီးတဲ့ နောက်မှာလည်း နတ်ဘဝ၊ နတ်ချမ်းသာကို ခံစားနိုင်တဲ့ ဝေဠုဒွါရပုဏ္ဏားရွာသားတွေ အလိုရှိတိုင်း ဖြစ်နိုင်တဲ့ တရားရှိလျှင် အဲဒီတရားကိုသာ ဟောပါဘုရားလို့ လျှောက်ထားတယ်၊ ဒါဟာ ဒီကနေ့ မျက်မှောက်ဘဝမှာ အသက်ရှင်နေကြတဲ့ လူသားတိုင်းရဲ့ အလိုဆန္ဒပဲလို့ ဆိုရင်ကော မရဘူးလား'

'ဟုတ်ပါတယ် ဆရာ၊ ရပါတယ်'

'ဒီအခါ မြတ်စွာဘုရားက ဝေဠုဒွါရရွာသားတွေ အလိုရှိတဲ့ တောင့်တတဲ့ လောကီချမ်းသာ၊ လောကုတ္တရာချမ်းသာဆိုတဲ့ မျက်မှောက်တမလွန်ဘဝ နှစ်ခုစလုံးမှာ ကောင်းကျိုးပေးနိုင်တဲ့ တရားကို ဟောတော်မူတယ်'

'ဘယ်လိုဟောပါသလဲဆရာ၊ အမိန့်ရှိပါဦး'

'မြတ်စွာဘုရားက "အမျိုးကောင်းသားတို့၊ မိမိတို့ကိုယ်မှာ ဆောင်ထားထိုက်တဲ့ တရားဒေသနာကို ဟောမယ်၊ တရားကို နာကြ၊ ကောင်းစွာ နှလုံးသွင်းကြ"ဆိုပြီး ဟောတော်မူတယ်၊ အမျိုးကောင်းသားတို့တဲ့၊ ငါဟာ အသက်ရှင်လိုတယ်၊ မသေလိုဘူး၊ ချမ်းချမ်းသာသာနေလိုတယ်၊ ဆင်းရဲကို စက်ဆုပ်တယ်၊ ဒီတော့ တစ်စုံတစ်ယောက်သောသူဟာ အသက်ရှင်လို၊ မသေလို၊ ချမ်းသာလိုတဲ့ ဆင်းရဲကို စက်ဆုပ်တဲ့ ငါ့ကို ဇီဝိတိန္ဒြေက ချပြားအံ့ (သတ်အံ့)၊ ငါဟာ ထိုသူရဲ့ သတ်ဖြတ်ခြင်းကို မနှစ်သက်ဘူး၊ ငါကလည်း အသက်ရှင်လို၊ မသေလို၊ ချမ်းသာလိုတဲ့ ဆင်းရဲကို စက်ဆုပ်တဲ့ သူတစ်ပါးကို ဇီဝိတိန္ဒြေ ချရင် (သတ်ရင်) သူတစ်ပါးကလည်း မနှစ်သက်ပါဘူး၊ ငါ မချစ်မနှစ်သက်တဲ့ ကိစ္စကို သူတစ်ပါးလည်း မချစ်မနှစ်သက်ဘူး၊ ဒါကြောင့် ငါမနှစ်သက်တဲ့အလုပ်ကို သူတစ်ပါးအပေါ်မှာ ဘာကြောင့် လုပ်ရမလဲ၊ မလုပ်ဘူးလို့ အရိယာသာဝကဖြစ်တဲ့ ဗုဒ္ဓရဲ့တပည့်သားဟာ ဆင်ခြင်ပြီး မိမိကိုယ်တိုင် သူတစ်ပါးကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်တယ်၊ သူတစ်ပါးကိုလည်း အသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်တဲ့ အကျင့်ကို ဆောက်တည်စေတယ်။ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းရဲ့ ဂုဏ်ကျေးဇူးကိုလည်း ပြောဆိုတယ်၊ သူ့ရဲ့ ကိုယ်ကျင့်ကောင်းခြင်းဟာ အစွန်းသုံးပါးမှ လွတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



'– အမျိုးကောင်းသားတို့၊ နောက်တစ်မျိုးကတော့ အကြင်သူဟာ အရှင်မပေးဘဲ ငါ့ဥစ္စာကို ခိုးယူလိုစိတ်နှင့် ခိုးယူတယ်ဆိုပါတော့ ဒီလို ခိုးသူကို ငါ မနှစ်သက်ဘူး၊ ငါကလည်း သူတစ်ပါးရဲ့ မပေးတဲ့ ဥစ္စာကို ခိုးယူလိုတဲ့စိတ်နှင့် သာ ခိုးယူရင် သူတစ်ပါးကလည်း ဒီလိုခိုးယူမှုကို မနှစ်သက်ဘူး၊ ဒီတော့ ငါ မချစ်မနှစ်သက်တဲ့ တရားကို သူတစ်ပါးလည်း မချစ်မနှစ်သက်ဘူး၊ ဒီတော့ ငါ မချစ်မနှစ်သက်တဲ့ ကိစ္စကို သူတစ်ပါးအပေါ်မှာ ဘာကြောင့် လုပ်တာလဲလို့ အရိယာတပည့်တွေက ဒီလိုဆင်ခြင်ပြီးတော့ မိမိကိုယ်တိုင်ကလည်း မပေးတဲ့ဥစ္စာကို ခိုးယူခြင်းက ရှောင်ကြဉ်တယ်၊ သူတစ်ပါးကိုလည်း မပေးတဲ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်းကို ဆောက်တည်စေတယ်၊ အရှင်မပေးတဲ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်းရဲ့ ဂုဏ်ကျေးဇူးကို ပြောဆိုတယ်၊ ဒီလို ကိုယ်ကျင့်တရား ကောင်းခြင်းဟာ အစွန်းသုံးပါးက လွတ်တယ်။

'– အမျိုးကောင်းသားတို့ နောက်တစ်မျိုးကတော့ အကြင်သူဟာ ငါ့ရဲ့ သားမယားတို့အပေါ် လွန်ကျူးတယ် ဆိုပါတော့၊ ငါဟာ ဒီလို ကျူးလွန်မှုမျိုးကို မနှစ်သက်ဘူး၊ ငါကလည်း သူတစ်ပါးရဲ့ သားမယားတို့အပေါ်မှာ လွန်ကျူးလို့ ရှိရင် သူတစ်ပါးကလည်း ဒီလိုကျူးလွန်တာကို နှစ်သက်မှာ မဟုတ်ဘူး၊ ငါ မချစ်မနှစ်သက်တဲ့ တရားကို သူတစ်ပါးလည်း မချစ်မနှစ်သက်ဘူး၊ ဒီတော့ ငါ မနှစ်သက်တဲ့ အမှုကို သူတစ်ပါးအပေါ်မှာ ဘာကြောင့် ပြုမလဲ၊ မပြုအပ်ဘူးလို့ အရိယာ တပည့်ဟာ ဒီလိုဆင်ခြင်ပြီး မိမိကိုယ်တိုင်ကလည်း ကာမတို့၌ မှားယွင်းသော အကျင့်ကို ကျင့်ခြင်းမှ ရှောင်တယ်၊ သူတစ်ပါးကိုလည်း ကာမတို့၌ မှားယွင်းတဲ့အကျင့်ကို ရှောင်ကြဉ်ခြင်းကို ဆောက်တည်စေတယ်၊ ပြီးတော့ ကာမတို့၌ မှားယွင်းသောအကျင့်ကို ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်းရဲ့ ဂုဏ်ကျေးဇူးကိုလည်း ပြောဆိုတယ်၊ ဒီလို ကိုယ်ကျင့်ကောင်းခြင်းဟာ အစွန်းသုံးပါး လွတ်တယ်။

'– အမျိုးကောင်းသားတို့၊ နောက်တစ်မျိုးကတော့ အကြင်သူဟာ မမှန်ပြောဆိုခြင်းဖြင့် ငါ့ရဲ့အကျိုးကို ဖျက်ဆီးအံ့၊ ငါဟာ ဒီလို မုသားစကား (မမှန်စကား) ပြောဆိုမှုမျိုးကို မနှစ်သက်ဘူး၊ ငါကလည်း မမှန်စကား ပြောဆိုပြီး သူတစ်ပါး အကျိုးကို ဖျက်ဆီးအံ့၊ သူတစ်ပါးကလည်း ဒီလို မမှန်စကား ပြောဆိုခြင်းကို မနှစ်သက်ဘူး၊ ငါမနှစ်သက်တဲ့တရားကို သူတစ်ပါးကလည်း မနှစ်သက်ဘူး၊ ဒါကြောင့် ငါမနှစ်သက်တဲ့ ကိစ္စကို သူတစ်ပါးအပေါ် ဘာကြောင့် လုပ်မလဲ၊ မလုပ်ဘူးလို့ အရိယာ တပည့်ဟာ ဒီလို ဆင်ခြင်ပြီးတော့



မိမိကိုယ်တိုင်လည်း မမှန်စကား ပြောဆိုခြင်းကို ရှောင်ကြဉ်တယ်၊ သူတစ်ပါးကိုလည်း မမှန်စကား ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းကို ဆောက်တည်စေတယ်၊ နောက်ပြီး မမှန်စကား ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းရဲ့ ဂုဏ်ကျေးဇူးကိုလည်း ပြောဆိုတယ်၊ ဒီလို ထိုသူရဲ့ အကျင့်ကောင်းခြင်းဟာလည်း အစွန်းသုံးပါးက လွတ်တယ်။

'– အမျိုးကောင်းသားတို့၊ နောက်တစ်မျိုးကား အကြင်သူဟာ ကြမ်းတမ်းသော စကားဖြင့် ငါ့ကို ပြောဆိုငြားအံ့၊ ငါသည် ထိုသူ၏ ကြမ်းတမ်းစွာ ပြောဆိုခြင်းကို မနှစ်သက်ဘူး၊ ငါကလည်း သူတစ်ပါးကို ကြမ်းတမ်းသော စကားဖြင့် ပြောဆို ငြားအံ့၊ သူတစ်ပါးသည်လည်း ကြမ်းတမ်းစွာ ပြောဆိုခြင်းကို မနှစ်သက်ဘူး၊ ငါမနှစ်သက်တဲ့ ဒီလိုတရားကို သူတစ်ပါးအပေါ်မှာ ဘာကြောင့် ပြုမှုမလဲ လို့ အရိယာ တပည့်ဟာ ဒီလို ဆင်ခြင်ပြီး မိမိ ကိုယ်တိုင်လည်း ကြမ်းတမ်းသောစကား ပြောဆိုခြင်းကို ရှောင်ကြဉ်ခြင်းကို ဆောက်တည်တယ်၊ သူတစ်ပါးကိုလည်း ကြမ်းတမ်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းကို ဆောက်တည်စေတယ်၊ ကြမ်းတမ်းသောစကား ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းရဲ့ ဂုဏ်ကျေးဇူးကိုလည်း ပြောဆိုတယ်၊ ဒီလို နှုတ်အကျင့်ကောင်းခြင်းဟာလည်း အစွန်းသုံးပါးမှ လွတ်တယ်။

'– အမျိုးကောင်းသားတို့၊ နောက်တစ်မျိုးမှာ အကြင်သူဟာ ငါ့ကို ပြိန်ဖျင်းသော စကားကို ပြောဆိုအံ့၊ ငါသည် ထိုသူ၏ ပြိန်ဖျင်းသောစကားဖြင့် ပြောဆိုခြင်းကို မနှစ်သက်ဘူး၊ ငါကလည်း သူတစ်ပါးကို ပြိန်ဖျင်းသော စကားဖြင့် ပြောဆိုငြားအံ့၊ သူတစ်ပါးလည်း ဒီလို ပြိန်ဖျင်းသော စကားဖြင့် ပြောဆိုခြင်းကို မနှစ်သက်ဘူး၊ ငါမနှစ်သက်တဲ့ စကားမျိုးဖြင့် သူတစ်ပါးကို ဘာကြောင့် ပြောမလဲ၊ မပြောဘူးလို့ အရိယာတပည့်ဟာ ဒီလိုဆင်ခြင်ပြီး မိမိကိုယ်တိုင် ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်စေတယ်၊ ပြိန်ဖျင်းသောစကား ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းရဲ့ ဂုဏ်ကျေးဇူးကိုလည်း ပြောတယ်၊ ဒီလို ဒီလူရဲ့ နှုတ်အကျင့် ကောင်းခြင်းဟာလည်း အစွန်းသုံးပါးက လွတ်တယ်။

'– ထိုအရိယာ တပည့်ဟာ ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတဲ့ ဘုရားရတနာအပေါ်မှာ မတုန်မလှုပ် ကြည်ညိုခြင်းသဒ္ဓါနှင့်လည်း ပြည့်စုံတယ်၊ မြတ်စွာဘုရားရဲ့ တပည့်သား သံဃာတော်အပေါ်မှာလည်း မတုန်မလှုပ် ကြည်ညိုခြင်းသဒ္ဓါနှင့်လည်း ပြည့်စုံတယ်၊ တည်ကြည်မှု သမာဓိကို ဖြစ်စေတတ်တဲ့ အရိယာတို့

www.burmeseclassic.com

www.burmeseclassic.com



နှစ်သက်အပ်သော မကျိုးမပေါက် မပြောက် မကျားသော သီလတို့နှင့်လည်း ပြည့်စုံတယ်။

'– အမျိုးကောင်းသားတို့၊ အရိယာတပည့်သည် ဤသူတော်ကောင်းတရား ခုနစ်ပါးနှင့် ပြည့်စုံခြင်းကြောင့် အလိုရှိခဲ့သော် ဤလိုလားအပ်သော အကြောင်း လေးမျိုးတို့ဖြင့် မိမိကိုယ်ကို ကိုယ်တိုင်ပင် (ငါ့အား) ငရဲ ပဋိသန္ဓေ ကုန်ပြီ၊ တိရစ္ဆာန်ပဋိသန္ဓေ ကုန်ပြီ၊ ပြိတ္တာပဋိသန္ဓေ ကုန်ပြီ၊ မကောင်းသောသူတို့ လားရောက်ရာ၊ ပျက်စီးကျရောက်ရာ ချမ်းသာကင်းမဲ့ရာ အပါယ် ပဋိသန္ဓေ ကုန်ပြီ၊ ငါသည် ပျက်စီးကျရောက်ခြင်းမရှိသော ကိန်းသေမြဲသော၊ အထက်မဂ်သုံးပါးလျှင် လဲလျောင်းရာရှိသော သောတာပန်ဖြစ်ပြီဟု ပြောကြားနိုင်တယ်" လို့ သုတ္တန် ဒေသနာတော်မှာ ဟောကြားတော်မူတယ်'

'ဒီသုတ္တန်ဒေသနာအရဆိုရင် ကိုယ်ချင်းစာတရား လက်ကိုင်ထားပြီး ငါးပါး သီလကို မကျိုးမပေါက် မပြောက်မကျားအောင် လုံလုံခြုံခြုံ ထိန်းသိမ်းနိုင်ရင် ဘုရား၊ တရား၊ သံဃာအပေါ်မှာ မတုန်မလှုပ်သော ကြည်ညိုခြင်း၊ သဒ္ဓါတရား နှင့် ပြည့်စုံရင် လောကီချမ်းသာ၊ လောကုတ္တရာချမ်းသာ နှစ်မျိုးစလုံးကို ရနိုင် တယ်လို့ ဆိုလိုပါသလားဆရာ'

'မှန်ပါတယ်၊ သူတော်ကောင်းတရား ခုနစ်ပါးနှင့် ပြည့်စုံရင် မကျိုးမပေါက် တဲ့ သီလနှင့် ပြည့်စုံရင် လောကမှာ ဆင်းရဲဒုက္ခနှင့် မတွေ့ကြုံရတော့ဘူး၊ လောကီချမ်းသာတွေကို ရနိုင်တယ်၊ တမလွန်မှာလည်း အပါယ်တံခါး ပိတ်တယ် ဆိုတော့ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာဆိုတဲ့ သုဂတိဘုံတွေမှာ ခံစား ခံစားကြရတော့မှာပေါ့ကွာ၊ သို့သော်လည်း ဒီမှာ မှတ်သားစရာ စကား တွေ ပါတယ်၊ အဲဒါတွေကို ထေရဝါဒနည်းကျ နားလည်ဖို့လည်း လိုသေးတယ်'

'ဘာတွေလဲ ပြောပါဦးဆရာ'

'ဘာတွေလဲဆိုတော့ (၁) မကျိုးမပေါက် မပြောက်မကျားတဲ့ သီလဆိုတဲ့ စကား၊ (၂) ရတနာသုံးပါးအပေါ်မှာ မတုန်မလှုပ်တဲ့ ကြည်ညိုခြင်း သဒ္ဓါတရား၊ (၃) အထက် မဂ်သုံးပါးလျှင် လဲလျောင်းရာ ရှိတဲ့ သောတာပန်ဖြစ်ပြီ ဆိုတဲ့ စကားတွေပဲကွယ့်'

'အဲဒီစကားတွေကို ဘယ်လို နားလည်ရမလဲဆရာ'

'ဗုဒ္ဓဘာသာ အဆုံးအမ အစဉ်အလာအရ ငါးပါးသီလကို ခါးဝတ်ပုဆိုး ကဲ့သို့ မြဲဖို့၊ စင်ကြယ်ဖို့၊ ရတနာသုံးပါးအပေါ်မှာ မတုန်မလှုပ်သော ကြည်ညိုခြင်း



သဒ္ဓါဖြစ်ဖို့ဆိုတာက လူမှာစွဲကပ်နေတဲ့ သက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတွေ ပြုတ်ပြီး မှ ပယ်ခွာပြီးမှ ဖြစ်မှာ၊ အဲဒီလို ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတွေ ကင်းကွာပြီး အပြီးပြုတ်ဖို့ ကလည်း သောတာပန်ဖြစ်မှ သောတာပတ္တိမဂ်ကျမှ ဖြစ်တာ၊ ဒါကြောင့် ဒီ တရားမှာ ဆိုလိုတာက လောကီချမ်းသာ၊ လောကုတ္တရာချမ်းသာ နှစ်မျိုးစလုံးကို အပြည့်အစုံ ခံစားရချင်ရင် အပါယ်တံခါး ပိတ်တဲ့ သောတာပန် ဖြစ်အောင် အားထုတ်ကြရမယ်'

'အပါယ်တံခါးပိတ်တဲ့ သောတာပန်ဆိုတာ သေရင် အပါယ်ငရဲကို ဘယ် တော့မှ မကျတော့ဘူးလို့ ဆိုလိုတာလား ဆရာ'

'အေး၊ အဲဒါကို နားလည်ထားဖို့ လိုတယ်၊ သောတာပန်ဖြစ်သွားရင် အပါယ်တံခါး ပိတ်သွားတယ်၊ ဆိုလိုတာကတော့ သူဟာ နိဗ္ဗာန်မရမီစပ်ကြား ဖြစ်လေရာဘဝတိုင်းမှာ အထက်ဘဝဖြစ်တဲ့ သုဂတိဘုံတွေမှာ ဖြစ်တယ်၊ ဘဝ သမ္ပတ္တိ၊ ဘောဂသမ္ပတ္တိတွေနှင့်လည်း ပြည့်စုံတယ်၊ ဒီထက်ပိုပြီး ထူးခြားတာက သောတာပန်ဟာ သောတာပတ္တိမဂ်ကိုရပြီးတဲ့ ပုဂ္ဂိုလ်ဖြစ်တဲ့အတွက် စောစောက ပြောခဲ့တဲ့အထဲမှာ ပါတယ်မဟုတ်လား၊ ကိန်းသေမြဲသော အထက်မဂ်သုံးမဂ် လျှင် လဲလျောင်းရာရှိသောဆိုတဲ့စကား၊ အဲဒါ သိပ်အရေးကြီးတယ်၊ သောတာ ပန် ဖြစ်ရင် ဘယ်တော့မှ ငရဲပဋိသန္ဓေ၊ ပြိတ္တာပဋိသန္ဓေ၊ တိရစ္ဆာန်ပဋိသန္ဓေ ဆိုတဲ့ ယုတ်ညံ့တဲ့ဘဝတွေထဲမှာ မဖြစ်တော့ဘူး၊ လူဟာ နတ်ဘုံအဆင့်ဆင့်မှာ တစ်ဆင့်ပြီးတစ်ဆင့် မြင့်သော၊ မြတ်သော ဘဝများသို့သာ ရောက်သွားပြီး အထက်မဂ်သုံးမဂ်ဖြစ်တဲ့ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်တွေကို လည်း အများဆုံး ခုနစ်ဘဝအတွင်းမှာ မုချရဖို့ရာ သေချာသွားပြီး ကိန်းသေ ဖြစ်သွားပြီး သောတာပန်ဖြစ်ရင် သူဟာ ပူပင်စရာ မလိုတော့ဘူး၊ အချိန်တန်ရင် နိဗ္ဗာန်မဂ်ဖိုလ်ကို မျက်မှောက်ပြုရမှာပဲ၊ နိဗ္ဗာန်မဂ်ဖိုလ်ကို မရောက်ခင်မှာလည်း သူဟာ သုဂတိဘုံလို့ခေါ်တဲ့ မြင့်သော၊ မြတ်သော နတ်ပြည်အဆင့်ဆင့်မှာသာ စားသွားရမှာမို့ သူ့ကို ဘုံစဉ်စံလို့ ခေါ်တယ်'

'ဒါဆိုရင် အနောက်တိုင်းသား ပညာရှင်တွေ ထင်သလို ဗုဒ္ဓဘာသာဟာ ...့ အဆိုးမြင်ဝါဒမှ မဟုတ်တာပဲနော် ဆရာ၊ ဗုဒ္ဓဘာသာဟာ လူ့ဘဝအတွက် ...စရာတွေ၊ မျှော်လင့်ချက်တွေ အပြည့်ရှိတဲ့ တရားပဲနော်'

'အေး၊ သူတို့ထင်သလို ဗုဒ္ဓဘာသာဟာ ဘဝကို အဆိုးမြင်ဝါဒမဟုတ်ဘူး၊ ...ကောင်းမြင် ဝါဒ မဟုတ်သလို အကောင်းမြင် ဝါဒလည်း မဟုတ်ဘူး၊ ဘဝမှာ

www.burmeseclassic.com



အကောင်းရော၊ အဆိုးရော သဘောနှစ်ရပ်စလုံး ရှိတယ်၊ ဒါကို မင်းတို့ လူငယ်တွေ နားလည်အောင် ကြိုးစားသင့်တယ်'

'ဗျာ... ဗုဒ္ဓဘာသာဟာ ဘဝကို အကောင်းမြင် ဝါဒလည်း မဟုတ်ဘူး၊ အဆိုးမြင် ဝါဒလည်း မဟုတ်ဘူးဆိုတော့ ဘယ်လိုမြင်တာလဲဆရာ'

'အဖြောင့်ပြောရရင်တော့ ဗုဒ္ဓဘာသာဟာ လူ့ဘဝကို အကောင်းလည်း မြင်တယ်၊ အဆိုးလည်း မြင်တယ်'

'အဲဒါကို ရှင်းပြပါဦးဆရာ'

'အေး... နောက်ပိုင်းကျတော့ ရှင်းပြမယ်၊ ခုချက်ချင်းပြောလို့ သဘောပေါက်မှာ မဟုတ်ဘူး၊ မင်းက ဒဿနသမား ဆိုတော့ ဘုံစဉ်စံ ဘဝလမ်းပြ ဒဿနကို သဘောပေါက်သွားရင် ဗုဒ္ဓဘာသာဟာ ဘဝကို အကောင်းမြင် ဝါဒလည်း မဟုတ်ဘူး၊ အဆိုးမြင်ဝါဒလည်း မဟုတ်ဘူးဆိုတာ ရှင်းသွားမယ်'

'ဘုံစဉ်စံ ဘဝလမ်းပြ ဒဿန ဆိုတာက ဘာလဲဆရာ'

'အေး... အဲဒါကို အရင်ပြောမယ်၊ လိုရင်းကတော့ ထေရဝါဒ (ဗုဒ္ဓဘာသာ) အမြင်မှာအခြားအပါယ်ဘုံ အပါယ်ဘဝတွေနှင့် နှိုင်းစာရင် ၃၁ ဘုံဆိုတဲ့ ဘဝတွေနှင့် နှိုင်းစာလျှင် လူ့ဘဝက ပိုကောင်းတယ်၊ လူ့ဘဝဟာ ဘဝပဒေသာပင်ကြီးလို့တောင် ဗုဒ္ဓဘာသာက ယုံကြည်ထားတယ်၊ ပြီးတော့ လူ့ဘဝဟာ အလွန်ရခဲတယ်လို့လည်း ဗုဒ္ဓဘာသာက ယုံကြည်တယ်၊ ဗုဒ္ဓရှင်တော်မြတ်ကလည်း ဟောတော်မူခဲ့တယ်၊ ဒါပေမယ့် လူ့ဇာတိ၊ လူ့ဘဝမှာ ဝမ်းနည်းစရာ ကောင်းတာက သူ့ရဲ့ အတွင်းသန္တာန်မှာ အပါယ်ကို ဆွဲချသွားတတ်တဲ့ အပါယ်မျိုးစေ့ အပါယ်သွားတဲ့ ဓာတ်က အပြီးပါလာတယ်၊ လူဟာ အဲဒီ အပါယ်မျိုးစေ့ကို လူဖြစ်စဉ်အခါမှာ အသေမသတ်နိုင်လို့ရှိရင် သေရင် အပါယ်ကျဖို့ အလွန်သေချာတယ်၊ သူ့မှာ ဝိပရိဏာမလို့ခေါ်တဲ့ အို နာ သေဘေးကလည်း မလွတ်ဘူး၊ ပြီးတော့ သေရင်လည်း အပါယ်ဘေး၊ (ဝိနိပါကဘေး)က မလွတ်ဘူး၊ အဲဒါက သိပ်ဆိုးတာပေါ့၊ ဒါ ဘယ်လိုပါလာတာလဲ၊ ဘာဖြစ်လို့ ပါလာတာလဲ ဆိုတာတွေကို သိဖို့ မလိုဘူးလား'

'ဟုတ်ကဲ့၊ သိချင်ပါတယ်ဆရာ'

'အေး... အဲဒီ သိအပ်စရာတွေအားလုံးကို ဘုံစဉ်စံ ဘဝလမ်းပြ ဒဿနမှာ သိနားလည်အောင် အားထုတ်ထားတယ်၊ ဒါက အကျယ်တဝင့် ပြောရမှာတွေ၊ မင်းသိဖို့ကောင်းတာက ဘုံစဉ်စံ ဘဝလမ်းပြဒဿနရဲ့ ရည်ရွယ်ချက်၊ အဲ့ဒါ...'



'ဟုတ်ကဲ့၊ ပြောပါဦးဆရာ'

'ဘုံစဉ်စံ ဘဝလမ်းပြ ဒဿန ဆိုတာ ထေရဝါဒ ဗုဒ္ဓဘာသာအပေါ်မှာ အခြေခံထားတဲ့ လူ့ဘဝအမြင်တစ်ခုပါပဲကွာ၊ ဒီတော့ လိုရင်းကို ချုပ်လိုက်ရင် ဘုံစဉ်စံ ဘဝလမ်းပြဒဿနကလည်း လူ့ဘဝကို အကောင်းအဆိုး မြင်တယ်၊ ရထားတဲ့ မျက်မှောက်ဘဝဟာ သူ့အလိုလိုအားဖြင့်တော့ ဆိုးတယ်၊ လူ့ခန္ဓာဟာ ဒုက္ခသစ္စာပဲ၊ လူမှာ အပါယ်ငရဲဘေးကလည်း ကပ်ပါနေတယ်၊ အို၊ နာ၊ သေဘေးကလည်း မလွတ်ဘူး၊ ဒီ ဘေး နှစ်ဘေးမှာ အို၊ နာ၊ သေ ဘေးက လွတ်ဖို့ ဆိုတာကတော့ ဘဝရဲ့ အဆုံး ပန်းတိုင် ဖြစ်တဲ့ နိဗ္ဗာန် မဂ်ဖိုလ်ကို ရောက်မှ ဖြစ်မယ်၊

'- သို့သော် လတ်တလော အရေးကြီးတာက အို၊ နာ၊ သေ ဘေးက လွတ်တဲ့ နိဗ္ဗာန် မရောက်ခင် စပ်ကြားမှာ ဇာတိ ထပ်ပြန်ဖြစ်ပြီး ကျင်လည်ရဦးမယ်၊ ဘဝတိုင်းမှာ အပါယ်ဘေးက လွတ်ဖို့က လူ့အတွက် မျက်မှောက် ပြဿနာ ဖြစ်နေတယ်၊ ပြီးတော့ ဒီပြဿနာက ဖြေရှင်းနည်းကို သိရင် ဖြေရှင်းဖို့လည်း လွယ်တဲ့ ပြဿနာ ဖြစ်နေတယ်၊ ဒီတော့ လူမှာ အသေမလွတ်ခင်မှာ အပါယ်လွတ်ဖို့က လတ်တလော အရေးမကြီးဘူးလား'

'အရေးကြီးပါတယ်ဆရာ'

'ဒါဖြင့် ဒီပြဿနာကို ဦးစားပေး ပြဿနာအဖြစ် မထားသင့်ဘူးလား'

'ထားသင့်ပါတယ်ဆရာ'

'ကဲ... ဒါဆိုရင် လူသေရင် အပါယ်ဘေးက လွတ်အောင် အပါယ်တံခါးပိတ်အောင် ဘာလုပ်ရမယ်ဆိုတာကို စောစောက ဝေဠုဒွါရ ရွာသားတွေကို ဟောတဲ့ မြတ်ဗုဒ္ဓရဲ့ တရားစကားထဲမှာ မပါဘူးလား'

'ပါပါတယ်ဆရာ၊ သောတာပန်ဖြစ်အောင် လုပ်ရမယ် မဟုတ်လားဆရာ'

'အဲဒါ မျက်မှောက် တမလွန် နှစ်ဘဝလုံးအတွက် လူသားရဲ့ ဘဝကို ကောင်းကျိုးပေးတဲ့ အလုပ်ပဲကွ၊ လူဆိုတာ ဝေဠုဒွါရရွာသား ပုဏ္ဏားတွေ ပြောသလို သား၊ မယားများနဲ့ အိမ်ရာတည်ထောင်ပြီးလည်း နေချင်တာပဲ၊ အမွှေးနံ့သာ ပန်းကောင်းစားလှ ဝတ်ဆင်ပြီးလည်း နေချင်တာပဲ၊ ရွှေငွေ လက်ခံပြီး သုံးစွဲလိုတဲ့ စိတ်လည်း ရှိကြတာပဲ၊ ကာလပေါ် ရေဒီယို၊ တယ်လီဗေးရှင်း၊ မော်တော်ကား၊ ရေခဲသေတ္တာ၊ လေအေးစက်တွေကို သုံးပြီးလည်း နေချင်ကြတာပဲ၊ ခေတ်ဆန်တဲ့ တိုက်တာအိမ်ယာတွေ ဆောက်ပြီးလည်း စည်းစိမ်ခံချင်ကြတာ

www.burmeseclassic.com



ပဲ၊ ဒါနှင့် ပြီးပြီလားဆိုတော့ မပြီးသေးဘူး၊ သေပြီးနောက်မှာလည်း ကောင်းရာသုဂတိဖြစ်တဲ့ နတ်ပြည် နတ်ရွာ နတ်စည်းစိမ်တွေကို ခံစားချင်ကြသေးတာပဲ၊ အဲဒါ လူသားပုထုဇဉ်တွေရဲ့ ဘဝမျှော်လင့်ချက်တွေ ဘဝဆန္ဒတွေပဲ မဟုတ်လား'

'ဟုတ်ပါတယ်ဆရာ'

'အေး... ဘုံစဉ်စံ ဘဝလမ်းပြ ဒဿန ဆိုတာ ပုထုဇဉ်ရဲ့ အဲဒီဆန္ဒတွေကိုလည်း ပြည့်စုံစေ၊ ပုထုဇဉ်ကိုလည်း အရိယာလမ်းပေါ်ကို ရောက်စေ၊ ပုထုဇဉ်ရဲ့ ခန္ဓာမှာ ကပ်ပါလာတဲ့ အပါယ်မျိုးစေ့ကိုလည်း သေစေ၊ ပုထုဇဉ်ရဲ့ ခန္ဓာမှာ ဗုဒ္ဓအခြေအမြစ် စိုက်ပြီး ဖြစ်စေ ဆိုတဲ့ ဘဝရည်မှန်းချက်တွေကို အကောင်အထည်ဖော်တဲ့ နည်းလမ်းတွေကို ဖော်ထုတ်တဲ့ တရားဖြစ်တယ်၊ ဒီနေရာမှာ ဘုံစဉ်စံဘဝလမ်းပြ ဒဿနက အဆင့်ဆင့်ထားပြီး ပုထုဇဉ်ဟာ ဘုံစဉ်စံဘဝနဲ့ တစ်ဆင့်ပြီး တစ်ဆင့် တက်နိုင်အောင် ကြိုးစားကြဖို့ တိုက်တွန်းထားတယ်'

'ဘယ်လိုအဆင့်ဆင့်လဲ ဆရာ'

'ဒီလိုဗျ... ပုထုဇဉ်ဟာ ဒီဘဝမှာ ကိုယ့်ကိုယ်ကိုယ် နိဗ္ဗာန် မဂ်ဖိုလ်ကိုရအောင် ရောက်အောင် မလုပ်နိုင်ဘူးလား၊ လုပ်နိုင်မလား၊ ကိုယ့်ခွန် ကိုယ့်အား၊ ကိုယ့်အသက်အရွယ်၊ ကိုယ့်ပါရမီ အဆောက်အအုံကို ချင့်တွက်ပြီး ဘဝအဆုံးပန်းတိုင်ကို ဒီဘဝတွင် ရောက်အောင် အားထုတ်နိုင်ရင် အားထုတ်ပြီး ရလာင်တာ သိမ်းလို့ မီးငြိမ်းတဲ့အဖြစ်ကို ရောက်အောင် လုပ်ပါ၊ ဒါမှမဟုတ် မိမိသည် ဒီဘဝမှာ တစ်မဂ်တစ်ဖိုလ်လောက်ပဲ ရောက်အောင် အားထုတ်မယ်လို့ ခန့်မှန်းရင်လည်း တစ်မဂ်တစ်ဖိုလ်ရောက် (သောတာပန်ဖြစ်)အောင် လုပ်ပါ၊ တချို့ကျတော့လည်း "ဟာ သောတာပန်လည်း ဖြစ်မှာ မဟုတ်ပါဘူး၊ သောတာပန်ဖြစ်ဖို့ကလည်း လွယ်တာမှ မဟုတ်တာ" ဆိုပြီး ကိုယ့်ကိုယ်ကိုယ် အားလျှော့တဲ့ လူလည်း ရှိမယ်၊ ပုထုဇဉ်ကိုးဗျာ... ဘာမှ မလုပ်သေးဘူး၊ ဘာမှ မလုပ်သေးခင် အားလျှော့ချင်တာက အရင်ကိုးဗျ၊ ထားပါတော့ ဒီလိုဆိုရင်လည်း အားငယ်စရာ မလိုသေးဘူး၊ ဒီဘဝက ခန္ဓာပြတ်ကြွေ သေလွန်တဲ့အခါမှာ ဒုတိယဘဝမှာ အပါယ်မကျအောင် လုပ်နိုင်တဲ့ အဆင့်တစ်ဆင့် ကျန်ရှိနေသေးတယ်၊ အဲဒါကတော့ အန္ဓပုထုဇဉ် ဘဝကနေ ကလျာဏ ပုထုဇဉ် (စူဠသောတာပန်) လောက်တော့ အနည်းဆုံးဖြစ်အောင် လုပ်ရလိမ့်မယ်၊ မဟုတ်ရင်တော့ လူဖြစ်ရှုံးလိမ့်မယ်'

'ခု ဆရာ ပြောပြချက်အရဆိုရင် ဘုံစဉ်စံ ဘဝလမ်းပြဒဿန ဆိုတာ ပုထုဇဉ်တွေအတွက် လူဖြစ်ကျိုးနပ်အောင်၊ လူ့ဖြစ် မရှုံးအောင် လုပ်တဲ့ နည်းပေးလမ်းပြ ဒဿနလို့ ဆိုနိုင်တာပေါ့နော်ဆရာ'



'ဟုတ်တယ်၊ ဆိုနိုင်ပါတယ်'

'အဲဒီ နည်းလမ်းဟာ မျက်မှောက်၊ တမလွန် နှစ်ဘဝစလုံးအတွက် အကျိုးရှိတဲ့ နည်းလမ်း ဖြစ်မှာပေါ့နော်ဆရာ'

'ဟုတ်တယ်ဗျ၊ ကျွန်တော်က ဗုဒ္ဓဘာသာဟာ မျက်မှောက်ဘဝရဲ့ ကောင်းကျိုးတွေကို လျစ်လျူရှု ပစ်ပယ်ထားပြီး တမလွန်ဘဝ ကောင်းကျိုးကိုသာ ဟောနေတဲ့ တရားလို့ လုံးဝ အထင်မခံနိုင်ဘူး'

'ဒါဆိုရင် အဲဒီလို မျက်မှောက်ဘဝမှာရော တမလွန်ဘဝမှာပါ အကျိုးခံစားရတဲ့ တစ်ခုတည်းသော တရား ရှိသလားဆရာ'

'ဟာ... မင်းက ဒဿနကျောင်းသားပီပီ မေးခွန်းမေးပုံက အကွက်စေ့လှပါကလား၊ မင်းက ကောသလမင်းကြီးရဲ့ ဉာဏ်ကိုတောင် မီတာပဲကွယ်'

'ဘာဖြစ်လို့လဲဆရာ'

'ဘာဖြစ်လို့လဲဆိုတော့ ခု မင်းမေးတဲ့ မေးခွန်းမျိုးကို မြတ်စွာဘုရား လက်ထက်တော် အခါတုန်းက တစ်နေ့မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူတဲ့ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်ကို ကောသလမင်းကြီး ရောက်လာပြီး မင်း ခုမေးတဲ့အတိုင်း မေးမှုးတယ်'

'ဪ... ဟုတ်လားဆရာ၊ ဒါဆို ဒီပြဿနာဟာ မြတ်စွာဘုရား လက်ထက်တော် အခါတည်းက ပေါ်ပေါက်ခဲ့တဲ့ ပြဿနာလို့ ဆိုရမှာပေါ့နော် ဆရာ'

'ဟုတ်တယ်၊ ပုထုဇဉ်တွေဟာ မြတ်စွာဘုရားလက်ထက်မှာလည်း ရှိတာပဲ၊ ကောသလမင်းကြီးကလည်း အရိယာမဟုတ်ဘူး၊ ပုထုဇဉ်ပဲ၊ သူက ဗုဒ္ဓမြတ်စွာဘုရား ထံတော်ပါးကိုတော့ မကြာခဏ ရောက်လာပြီး စကား ပြောဆိုဆွေးနွေးတယ်၊ ပြဿနာတွေကို မေးလျှောက်တတ်ပါတယ်၊ ဒါပေမယ့် သူက ဘုရားအပေါ်မှာရော၊ တရားအပေါ်မှာရော သံသယ အတော်များပုံ ရတယ်'

'သူက ဘယ်လို မေးသလဲဆရာ'

'အဲဒါ သံယုတ္တနိကာယ်၊ သဂါထာဝဂ္ဂသံယုတ် အပ္ပမာဒသုတ် ဆိုတာ ရှိတယ်၊ အကျယ်သိချင်ရင် အဲဒီမှာ လေ့လာပါ'

'လိုရင်းကို ဆရာပဲ အမိန့်ရှိပါ ဆရာရယ်'

'တစ်နေ့သ၌ မြတ်စွာဘုရား သီတင်းသုံးနေတဲ့ ကျောင်းကို ကောသလမင်းကြီး ရောက်လာပြီး သင့်ရာနေရာက ထိုင်ပြီး မြတ်စွာဘုရားကို မေးလျှောက်

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ "အရှင်ဘုရား၊ မျက်မှောက်ဘဝ၌ ခံစားရတဲ့ အကျိုး၊ တမလွန်ဘဝ၌ ခံစားရတဲ့ အကျိုး ဆိုတဲ့ အကျိုးနှစ်မျိုးစလုံးကို ပြီးစေနိုင်တဲ့ (သိမ်းကျုံးယူလို့ ရတဲ့) တစ်ခုတည်းသော တရားမျိုး ရှိပါသလားဘုရား"လို့ မေးတယ်'

'ဒီတော့ ဘုရားက ဘယ်လို ဖြေသလဲဆရာ'

'မင်းကြီး၊ မျက်မှောက်ဘဝမှာ ခံစားရတဲ့ အကျိုးကိုရော တမလွန်ဘဝမှာ ခံစားရတဲ့ အကျိုးကိုရော အကျိုးနှစ်မျိုးစလုံး အကျုံးဝင်တဲ့ တရား ရှိတယ်လို့ ဖြေတော်မူတယ်'

'မျက်မှောက်ဘဝမှာ ခံစားရတဲ့ အကျိုးရော တမလွန်ဘဝမှာ ခံစားရတဲ့ အကျိုးရော အကျိုးနှစ်မျိုးစလုံး သိမ်းကျုံးယူလို့ ရတဲ့၊ အကျိုးနှစ်မျိုးစလုံး ပြီးတဲ့ တရားဟာ ဘာတဲ့လဲဆရာ'

'အေး... အဲဒါကို ခု ပြောမလို့ပဲ၊ ဘုရားက ဖြေတယ်၊ မင်းကြီး၊ မျက်မှောက်ဘဝ၌ ခံစားရတဲ့အကျိုး တမလွန်ဘဝ၌ ခံစားရတဲ့ အကျိုး ဆိုတဲ့ အကျိုးနှစ်မျိုးစလုံးကို ပြီးစေနိုင်တဲ့ တစ်ခုသော တရားဆိုတာ မမေ့မလျော့မှု အပ္ပမာဒ တရားပဲတဲ့၊ ပြီးတော့ ဘုရားက ဟောသေးတယ်'

'ဟုတ်ကဲ့၊ အမိန့်ရှိပါဦးဆရာ'

'လူဟာ အသက်ရှင်ခြင်းကို တောင့်တရင်ပဲဖြစ်ဖြစ် ရောဂါကင်းရှင်းခြင်း၊ အဆင်းလှခြင်းတို့ကို တောင့်တရင်ပဲ ဖြစ်ဖြစ်၊ နတ်ပြည် နတ်ရွာ၊ အမျိုးမြတ်ခြင်း၊ ကြီးပွားချမ်းသာခြင်း စသည့်တို့ကို တောင့်တရင်ပဲ ဖြစ်ဖြစ် သူဟာ မမေ့မလျော့ ပြုအပ်တယ်၊ မမေ့မလျော့ခြင်း(သတိ)နဲ့ ပြည့်စုံသူဟာ မျက်မှောက်ဘဝ အကျိုးကိုရော တမလွန်ဘဝအကျိုးကိုရော ခံစားရတယ်'

'တရားစာက တိုလိုက် ရှင်းလိုက်တာနော်'

'ဟုတ်တယ်၊ ဒါဟာ အဖြောင့်ဆုံးပဲ၊ ဒါကို စာစောက ဆွေးနွေးခဲ့တဲ့ ဝေဠု ဒွါရ ရွာသားများရဲ့ အမေးကို ဖြေကြားခဲ့တဲ့ တရားနှင့် ပေါင်းစပ်ပြီး နားလည်ရမယ်'

'ဘယ်လို နားလည်ရမှာလဲဆရာ'

'ဒီလိုလေ၊ မျက်မှောက်ဘဝအကျိုး၊ တမလွန် ဘဝအကျိုး နှစ်မျိုးစလုံးကို ခံစားရဖို့ ဆိုတာ အပါယ်မကျမှု၊ အပါယ်တံခါး ပိတ်မှု၊ သီလကို ခါးဝတ်ပုဆိုးလို မြဲမှု၊ ရတနာသုံးပါးကို မတုန်မလှုပ် ယုံကြည်ကိုးကွယ် ဆည်းကပ်မှု ဖြစ်တာ၊ အဲဒီလို ဖြစ်ဖို့ဆိုတာလည်း စူဠသောတာပန်၊ သောတာပန်ဖြစ်မှ မဟုတ်လား'



'ဟုတ်ပါတယ်'

'ဟုတ်တယ်၊ ဒီတော့ စူဠသောတာပန်၊ သောတာပန် ဖြစ်ဖို့ ဆိုတာကလည်း ခု ကောသလမင်းကြီးကို ဟောတဲ့ သတိမြဲအောင် လုပ်နိုင်မှ ဖြစ်တယ်၊ အဲဒါ သတိပဋ္ဌာန်တရားလို့ ခေါ်တယ်၊ ဒီ သတိပဋ္ဌာန်တရားဟာ မျက်မှောက် ဘဝ အကျိုးကိုရော၊ တမလွန်ဘဝအကျိုးကိုရော အကျိုးနှစ်မျိုးကို တစ်ချက်တည်း ပြီးစေတယ် ဆိုတာကို နားလည်ရမယ်၊ ပြီးတော့ စောစောက ပြောခဲ့သလို လူသားဟာ အန္ဓ ပုထုဇဉ် ဘဝကနေပြီး ကလျာဏ ပုထုဇဉ် (စူဠသောတာပန်) ဖြစ်ဖို့၊ သောတာပန်ဖြစ်ဖို့၊ နိဗ္ဗာန် မဂ်ဖိုလ်ကို မျက်မှောက်ပြုဖို့ ဆိုရင်လည်း ဒီ သတိပဋ္ဌာန် ကျင့်စဉ်သည်သာ တစ်ခုတည်းသော သွားရာလမ်း(ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ) ဖြစ်တယ်လို့ မဟာသတိပဋ္ဌာန သုတ္တန်မှာ ဟောတော်မူခဲ့တယ်၊ ဒီမှာ မြတ်စွာဘုရားက ဒီ သတိပဋ္ဌာန်တရားတော်ကို ကျင့်ကြံပွားများ အားထုတ်လို့ရှိရင် ရရှိခံစားရမယ့် အကျိုးတွေကို ရဲရဲဝံ့ဝံ့ ဝန်ခံထားတာတွေ အများကြီးပဲ။

'...... ဘယ်လို အာမခံချက်တွေ ပေးထားသလဲဆိုတော့ ဒီ သတိပဋ္ဌာန် ဆိုတဲ့ လမ်းခရီးဖြင့် သွားတဲ့ လူ (သတ္တဝါ)တွေဟာ လောဘ၊ ဒေါသ၊ မာန စတဲ့ ကိလေသာတွေ ကင်းစင်ခြင်းသို့ ရောက်တယ်၊ သောက၊ ပရိဒေဝ၊ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်းတို့ကို လွန်မြောက်တယ်၊ ဒုက္ခ ဒေါမနဿ ဆိုတဲ့ ဆင်းရဲခြင်း၊ နှလုံးမသာခြင်းတို့ကို ကင်းပျောက်ခြင်းကို ဖြစ်စေတယ်၊ မဂ်၊ ဖိုလ် ရခြင်းဌာ လည်းကောင်း၊ မြတ်သော နိဗ္ဗာန်ကို ရခြင်းဌာလည်းကောင်း ဒီ သတိပဋ္ဌာန် လမ်းဟာ ဖြောင့်တန်းသော၊ တစ်ခုတည်းသော လမ်းဖြစ်တယ်လို့ တိတိလင်းလင်း ဆိုတော်မူခဲ့တယ်၊ ဒီဝန်ခံချက်ဟာ လက်တွေ့ မှန်ကန်ကြောင်းကို ခုအခါ ပိုပြီး သက်သေ ထင်ရှားလာတယ်'

'ဘယ်လို ထင်ရှားလာတာလဲ ဆရာ'

'ဒီလိုဗျ... ဘုရားရှင်ဟာ မဟာသတိပဋ္ဌာန်သုတ် ဒေသနာတော်ကို ဥတ္တရကုရုဟိုင်းလို့ ခေါ်တဲ့ မြောက်ကျွန်းမှာ ဟောတော်မူတယ်၊ မြောက်ကျွန်းဆိုတာ ခုခေတ်အခေါ် ဥရောပဒေသပေါ့၊ ခု ဘာထင်ရှားသလဲဆိုတော့ ဥရောပတိုက်က လူတွေဟာ သတိပဋ္ဌာန်တရားကို လေ့လာလိုက်စားမှု အလွန်များတယ်၊ သူတို့ဟာ တိုးတက်ကြီးပွားနေတဲ့ နိုင်ငံတွေက လူတွေပဲ၊ လောကီစည်းစိမ် ချမ်းသာတွေကို အပြည့်အဝ ခံစားနေရတဲ့ လူတွေပဲလေ၊ ဒါပေမယ့် လောဘ၊ ဒေါသ၊

www.burmeseclassic.com

www.burmeseclassic.com



မောဟ ဆိုတဲ့ ကိလေသာတွေကြောင့် သူတို့မှာ လူချမ်းသာပြီး စိတ် မချမ်းသာကြဘူး၊ ဒီတော့ ဇမ္ဗူဒိပ် လို့ခေါ်တဲ့ အရှေ့တောင်ပိုင်းမှာ လာပြီး စိတ်ချမ်းသာရာ ချမ်းသာကြောင်း ကောင်းမြတ်တဲ့ တရားဓမ္မတွေကို လာရှာကြတယ်၊ ဟော ခုတော့ တရားနှင့် တွေ့ပြီး အမျိုးအပြား အားထုတ်နေကြတယ်၊ သူတို့ကို မေးကြည့်တော့ သောကပရိဒေဝတွေ၊ ဒုက္ခဒေါမနဿတွေ ကင်းပြီးတော့ အလွန် ချမ်းသာတဲ့ တရားဖြစ်ကြောင်း ဝန်ခံကြတယ်၊ ဒါဟာ လက်ငင်း လောကီအကျိုး မျက်မှောက်ဘဝမှာ ခံစားရတဲ့ အကျိုးပဲ မဟုတ်လား၊ ဒါဟာ အရိယာလမ်းပေါ်ကို စတင် ရောက်ရှိတယ်ဆိုရင်ပဲ သက်ရှိ လူသားတွေ ခံစားရတဲ့ အကျိုးပဲလေ'

'ဟုတ်ကဲ့ ကျွန်တော် တော်တော် သဘောပေါက်ပါပြီဆရာ၊ ဆရာရဲ့ ဘုံစဉ်စံ ဘဝလမ်းပြ ဒဿနဟာ ဒီအတိုင်းဆိုရင် ပုထုဇဉ်တို့ရဲ့ ထွက်ရပ်လမ်းလို့တောင် ဆိုနိုင်ပါတယ်ဆရာ၊ အဲဒီတရားကို အကျယ်ဟောပါဦး'

'ဟုတ်ကဲ့၊ ထားပါတော့ အခေါ်အဝေါ်ဆိုတာကတော့ ပညတ်တွေပါ၊ အရေးကြီးတာ ဒီဒဿနကို နားလည်ဖို့အတွက် စောစောက ကျွန်တော် ပြောခဲ့သလို လူ့ဘဝကို အကောင်းလည်း မဟုတ်၊ အဆိုးလည်း မဟုတ်၊ (အကောင်းလည်း ဟုတ်တယ်၊ အဆိုးလည်း ဟုတ်တယ်)လို့ မြင်တဲ့ ဗုဒ္ဓဝါဒီတို့ရဲ့ လူ့ဘဝ အမြင်ကို နားလည် သဘောပေါက်ဖို့ လိုတယ်၊ အဲဒီအမြင်ကို ကျွန်တော်တို့ အရင် ဆွေးနွေးကြမှ ဖြစ်မယ်'

'ဟုတ်ကဲ့ စိတ်ဝင်စားဖို့ ကောင်းပါတယ်၊ ဆွေးနွေးပါ ဆရာ'

## ၃။ လိပ်ကန်း၊ ထမ်းပိုးနှင့် လက်သည်းခွံပေါ်က မြေမှုန့်

'ဘုံစဉ်စံ ဘဝလမ်းပြဒဿနရဲ့ အခြေခံ အုတ်မြစ်ကို ပထမ ပြောမယ်'

'ဟုတ်ကဲ့ အမိန့်ရှိပါဆရာ'

'ပထမဆုံး အနေနှင့် ဒဿနကျောင်းသားဖြစ်တဲ့ မင်းကို ယတိပြတ် ပြောရမယ့် ကိစ္စကတော့ ဘုံစဉ်စံ ဘဝလမ်းပြဒဿန ဆိုတာဟာ မင်းတို့လို ခေတ်ပညာတတ် ဒဿနသမားတွေက အထင်ကြီးနေကြတဲ့ ဥရောပက ဖြစ်တည်မှုဝါဒ (existentialism) နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်တဲ့ အယူအဆ ဆိုတာပဲ ဖြစ်တယ်'

'ဘယ်အချက်တွေမှာ ဆန့်ကျင်တာလဲ ဆရာ'

'ကောင်းပြီ... အခြေခံက စ ပြောမယ်၊ ယန်းပေါ်ဆတ် ဆိုတဲ့ ပြင်သစ် ဒဿန ဆရာဟာ ဖြစ်တည်ခြင်းဝါဒရဲ့ ပင်မ ပဓာန နာယက ဆရာတစ်ဆူ မဟုတ်လား'

'ဟုတ်ပါတယ်ဆရာ'

'သူက ဘယ်လိုလူလဲ'

'သူလား... ဒဿနဆရာကြီးပေါ့ဆရာ'

'ဒါကို ပြောတာ မဟုတ်ဘူး၊ သူဟာ ပုထုဇဉ်လား၊ အရိယာလားလို့ ခွဲခြားဖို့ ပြောတာ'

'ဩော်... ဟုတ်ကဲ့၊ ကျွန်တော် ထင်တာကတော့ ပုထုဇဉ်ဖြစ်မယ်လို့ ထင်ပါတယ် ဆရာ'

'အဲဒါကို မင်းတို့လို ဒဿနပညာကို လိုက်စားတဲ့လူငယ်တွေ သေသေချာချာ သိဖို့ အရေးကြီးတယ်၊ စကားစပ်လို့ ပြောဦးမယ်၊ ကျေးဇူးရှင် လယ်တီ

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဘုရားကြီးက သူ့ရဲ့ ဥတ္တမပုရိသ ဒီပနီ ကျမ်းမှာ ပုထုဇဉ်ရဲ့ အနေအထားကို အတိုဆုံး၊ အရှင်းဆုံး ဖော်ပြထားတာ ရှိတယ်'

'ဟုတ်ကဲ့ အမိန့်ရှိပါဦးဆရာ၊ ဘယ်လို ဖော်ပြထားပါသလဲ'

'ဒီနေရာမှာ ပုထုဇဉ် နှစ်မျိုး ရှိတယ်ဆိုတာ အရင်သိရဦးမယ်၊ အဲဒါကတော့ (၁) အန္ဓပုထုဇဉ်နဲ့ (၂) ကလျာဏပုထုဇဉ်ဆိုတာပဲ ဖြစ်တယ်၊ ခု ဆရာတို့ ပြောမယ့် ပုထုဇဉ်ဆိုတာဟာ အန္ဓပုထုဇဉ်ကို ပြောတာနော်၊ အဲဒါ မှတ်ထား'

'ဟုတ်ကဲ့၊ မှတ်မိပါတယ်ဆရာ'

'ဒါဆိုရင် အန္ဓပုထုဇဉ်ရဲ့ သဘောကို သိမှ ရှေ့ဆက်ပြောမယ့် တရားစကားတွေကို လွယ်လွယ် သဘောပေါက်မယ်၊ လယ်တီ ဆရာတော်ဘုရားကြီးက အဖြောင့်အဓိပ္ပာယ် ဖွင့်ပုံအရဆိုရင် အန္ဓပုထုဇဉ် ဆိုတာဟာ သုတမယ်ဒီ ဉာဏ်မျက်စိ ကင်းတဲ့လူကို ဆိုတယ်၊ သုတမယ်ဒီဉာဏ်မျက်စိ ကင်းတယ်ဆိုတာက ဒီလူဟာ ခန္ဓာတရားရဲ့ သဘောကို မသိဘူး၊ ဓာတ်တရားရဲ့ သဘောကို မသိဘူး၊ အာယတနတရားတို့ရဲ့ သဘောကို မသိဘူး၊ သစ္စာတရား၊ ပဋိစ္စသမုပ္ပါဒ်တရား၊ သတိပဋ္ဌာန်တရားတို့ရဲ့ သဘောကို သရုပ်ကွဲအောင်၊ အနက် အဓိပ္ပာယ်ပေါ်အောင်လည်း မသိဘူး၊ ဒီတော့ သူ့အမြင်မှာ ငါ၊ သူတစ်ပါး၊ ပုဂ္ဂိုလ်၊ သတ္တဝါလို့ ထင်မြင်နေတဲ့ သက္ကာယဒိဋ္ဌိ အဆောက်အအုံကြီး တည်ရှိနေတယ်'

'ယန်းပေါလ်ဆတ်ရဲ့ ဖြစ်တည်မှုဝါဒကို သက္ကာယဒိဋ္ဌိအပေါ်မှာ အခြေခံထားတဲ့ အယူဝါဒလို့ ဆိုနိုင်ပါ့မလား'

'အေး… ဆိုနိုင်တယ်၊ သိပ်ဆိုနိုင်တာပေါ့၊ မင်း သူပြောတဲ့ ဒဿနမှာ အချက်အချာ အယူအဆက ဖြစ်တည်ခြင်းက အနှစ်သာရထက် ပိုပြီး အရင်ကျတယ်၊ ပိုပြီး အရေးကြီးတယ်၊ existence is prior to essence ဆိုတဲ့ စကားဟာ သက္ကာယဒိဋ္ဌိ အမြင်ပဲ၊ ဖြစ်တည်ခြင်းဆိုတာ ဘာလဲ၊ တစ်စုံတစ်ခု (ပုဂ္ဂိုလ် သတ္တဝါ၊ ယောကျ်ား မိန်းမ၊ လူနတ်ဗြဟ္မာ၊ တိုက်တာ အိမ်ရာ၊ တောတောင် ရေမြေ)ဟာ တစ်စုံတစ်ခုသော နေရာ၊ တစ်စုံတစ်ခုသော အချိန်ကာလထဲမှာ ဖြစ်တည်လာခြင်း သဘောကို ပြောတာပဲမဟုတ်လား၊ ဖြစ်တည်လာမှ အနှစ်သာရ (ဂုဏ်သတ္တိ)ဆိုတာ ဆိုတဲ့ သူ့အမြင်ဟာ သက္ကာယဒိဋ္ဌိအမြင်ပဲ၊ ဒါထက် ပိုပြီး ဆိုးတာက သူ့ရဲ့ လူ့ဘဝ အမြင်ပဲကွယ့်'

'ဘယ်လို သက္ကာယဒိဋ္ဌိအမြင် ဖြစ်တာလဲဆရာ'

'အေး… ငါပြောမယ်၊ ဒိဋ္ဌိက ၆၂ မျိုး ရှိတယ်၊ အဲဒီ ၆၂ မျိုးဟာ သဿတ



ဒိဋ္ဌိနဲ့ ဥစ္ဆေဒ ဒိဋ္ဌိထဲမှာ အကျုံးဝင်တယ်၊ ကဲ– မင်းနားလည်အောင် ဖြစ်တည်မှုဝါဒရဲ့ အခြေခံတွေကစပြီး သုံးသပ်ကြည့်ရအောင်၊ မင်းတို့ ဒဿနိကဗေဒဌာနက ကိုအေးကျော်ကို မင်းသိတယ် မဟုတ်လား'

'ဟုတ်ကဲ့၊ အရပ်အရှည်ကြီးနှင့် ဆရာဦးအေးကျော် မဟုတ်လား'

'ဟုတ်တယ်၊ သူက **မောင်ကြည်သစ်** ဆိုတဲ့ ကလောင်အမည်နှင့် **ဖြစ်တည်မှု ဒဿနနိဒါန်း** ဆိုပြီး စာအုပ်တစ်အုပ် ရေးထားတယ်၊ စာအုပ်နာမည်ကိုတော့ **ငြင်းပယ်ခြင်း၏ အလှ** လို့ ပေးထားတယ်'

'ဪ… ဟုတ်ကဲ့၊ ကျွန်တော့်မှာလည်း ရှိပါတယ် အဲဒီစာအုပ်'

'အေး… ဖတ်ထားတော့ ပိုနားလည်ရ လွယ်ကူတာပေါ့၊ မဟုတ်ဘူးလား'

'ဟုတ်ပါတယ်ဆရာ၊ ကျွန်တော်တို့ ဌာနမှာလည်း ဒီ ဖြစ်တည်မှုဝါဒကို တော်တော်အရေးထားပြီး လေ့လာကြပါတယ်၊ သင်ကြား ပို့ချမှုတွေလည်း ရှိပါတယ်'

'နှစ်ဆယ်ရာစုမှာ ပေါ်ပေါက်ပြီး ဩဇာတိက္ကမလည်း ကြီးမားတဲ့ အတွေးအခေါ် တစ်ခုပဲကိုးကွယ့်၊ လေ့လာကြရမှာပေါ့၊ မဟုတ်ရင် အတွေးအခေါ် နောက်ကျကျန်ရစ်မှာကလည်း ရှိသေးတယ်လေ၊ ဒါနဲ့ မင်း အာဒမ်ရှပ်ရဲ့ ***လူနှင့် ဆိုင်သော ဒဿနတစ်ခု (A Philisophy of Man)*** ဆိုတဲ့ စာအုပ်ကို ကော ဖတ်ဖူးသလား'

'စေ့စေ့စပ်စပ်တော့ မဖတ်ဖူးဘူး၊ မြင်တော့ မြင်ဖူးပါတယ်'

'အဲဒါ ၁၉၆၀ ခုနှစ် ပတ်ဝန်းကျင်လောက်တုန်းက ကွန်မြူနစ် ဝါဒ၊ မာ့က်စ်ဝါဒ ကြီးစိုးလွှမ်းမိုးနေတဲ့ ပိုလန်နိုင်ငံက ပညာတတ် အသိုက်အဝန်းထဲကို ဖြစ်တည်မှု ဝါဒက တိုးဝင်လာတယ်၊ လူဆိုတာ လူ့အဖွဲ့အစည်းထဲမှာမှ အဓိပ္ပာယ် ရှိတယ်၊ အသုံးဝင်တယ်၊ တန်ဖိုးရှိတယ် လို့ ဟောနေ ပြောနေတဲ့ မာ့က်စ်ဝါဒ ခများ ပုဂ္ဂလိက လူသားတွေရဲ့ လွတ်လပ်ခွင့်၊ ရွေးချယ်ခွင့်၊ မိမိ ဆောင်ရွက်လိုရာ ဆောင်ရွက်ပိုင်ခွင့်၊ ရေးလိုရာ ရေးသားပိုင်ခွင့်နဲ့ ပုဂ္ဂလိက လူသားရဲ့ တန်ဖိုးတွေကို ရှေ့တန်းတင် ဟောပြောလာတဲ့ ဖြစ်တည်မှုဝါဒကြောင့် [illegible]တ်အကျပ်ရိုက်သွားတယ်၊ ဒီတင် ပိုလန်တက္ကသိုလ်မှာ ဒဿနိကဗေဒ ပါမောက္ခလုပ်နေတဲ့ အာဒမ်ရှပ်လည်း လက်ပိုက်ကြည့်နေလို့ မရတော့ဘူးပေါ့၊ [illegible]နဲ့ စောစောက ပြောခဲ့တဲ့ **လူနှင့်ဆိုင်သော ဒဿနတစ်ခု** ဆိုတဲ့ စာအုပ်ကို [illegible]မဟုတ်တာပဲကွယ့်၊ အာဒမ်ရှပ်က မာ့က်စ်ဝါဒကို ကာကွယ်ဖို့အတွက် ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



တည်မှုဝါဒကို တိုက်ရိုက် ရေးသားထားတာလေ၊ အဲဒါလည်း မင်းတို့ ဖတ်ကြည့်ပေါ့၊ ခု ဆရာပြောတာတွေကတော့ မာ့က်စ်ဝါဒ ရှုထောင့်က ဖြစ်တည်မှုဝါဒကို ဝေဖန်တာ မဟုတ်ဘူး၊ ထေရဝါဒ ဗုဒ္ဓဘာသာရှုထောင့်က ဖြစ်တည်မှုဝါဒကို ဝေဖန် သုံးသပ်ပြမှာ'

'ဟ အလွန်ကောင်းပါတယ်၊ ကျွန်တော်တို့က ဗုဒ္ဓဘာသာကို အခြေခံထားတဲ့ လူ့အဖွဲ့အစည်း မဟုတ်လား၊ ဒီတော့ မှားယွင်းတဲ့ မိစ္ဆာဝါဒတစ်ခု ထွန်းကားလာရင် ဒါကို အချိန်မီ ကာကွယ် တားဆီးဖို့လည်း လိုပါတယ်'

'အေး... ဟုတ်တယ်၊ ဆရာကတော့ ဒဿနိကဗေဒ ပါမောက္ခ တစ်ဦး မဟုတ်ပါဘူး၊ ဌာနဆိုင်ရာအနေနှင့် တာဝန်ရှိသူတော့ မဟုတ်ဘူးပေါ့၊ ဒါပေမယ့် မြန်မာနိုင်ငံမှာ ဒဿန ပညာကို စာပေနယ်မှာ စတင်ပြီး အခြေချခဲ့တဲ့ လူတစ်ယောက် ဖြစ်ခဲ့တယ် ဆိုတဲ့ အနေအထားကြောင့်၊ တစ်နည်းအားဖြင့် မိစ္ဆာဝါဒတွေ၊ အပါယ်ငရဲကို ဆွဲချသွားနိုင်တဲ့ ဒိဋ္ဌိအယူဝါဒတွေကို ခုခံတိုက်ခိုက်ဖို့၊ ဖယ်ရှင်းပစ်ဖို့ တာဝန်ရှိသူဖြစ်တယ်လို့ ခံယူပါတယ်'

'ဟုတ်ပါတယ်ဆရာ၊ ဘာပဲဖြစ်ဖြစ် ဒီအယူဝါဒတွေကို နှံ့စပ် ကျွမ်းကျင်သူ အနေနှင့်လည်း ဆရာမှာ တာဝန်ရှိပါတယ်'

'ကဲ... ထားတော့ အဲဒီတာဝန်ကို ဆရာက ခေါင်းမရှောင်ပါဘူး၊ တာဝန်ကို ရှောင်ရင် ဖြစ်တည်မှုဝါဒတွေက ဆရာ့ကိုလည်း ဘဝကို လှည့်စားသူ၊ မရိုးသားသူ၊ ကျောက်ရုပ်လို နေစိမ့်သူရယ်လို့ စွပ်စွဲကြဦးမယ်'

'ဘာပဲဖြစ်ဖြစ် လွတ်လပ်ခွင့်ရှိတဲ့ လူသားဟာ တာဝန်ယူရဲရမှာပဲ၊ ဖြစ်တည်မှု ဝါဒကို ဝေဖန် သုံးသပ်ပြပါဦး ဆရာ'

'ကဲ... လိုရင်းကိုပဲ ပြောကြစို့ရဲ့'

'ဟုတ်ကဲ့၊ ပြောပါခင်ဗျာ'

'ယန်းပေါဆတ်က လူသားဟာ ဒီလောကထဲကို ဘယ်ပြဋ္ဌာန်းချက်မှ မပါဘဲ စွန့်ပစ်ခံရသလို ကစဥ့်ကလျား ပေါက်လွှတ် ရောက်လာတာဖြစ်တယ်၊ လူရယ်လို့ ဆိုပြီး လူ့အဖြစ်နှင့် မွေးဖွား ဖြစ်တည်လာတဲ့ အချိန်မှာ လူမှာ ဘာအနှစ်သာရ၊ ဘာအဓိပ္ပါယ်မှ မပါလာဘူး၊ ဘာအဓိပ္ပါယ်မှ မရှိသေးဘူး၊ လူဖြစ်ပြီး လူ့လို နေထိုင်၊ လူ့လို လုပ်ကိုင်ဆောင်ရွက်တဲ့ အခါမှ အဲဒီ ပြုမှုဆောင်ရွက်ချက်တွေကြောင့် လူ့ဘဝမှာ အနှစ်သာရတွေ၊ ဂုဏ်အရည်အသွေးတွေ ဖြစ်ပေါ်လာတာ ဖြစ်တယ်၊ လူ့ဘဝ ဆိုတာဟာလည်း အဲဒီလို ပြုမှုဆောင်ရွက်ချက်တွေရဲ့ အစုအပေါင်းကို ခေါ်တာပဲလို့ ဖော်ပြထားတယ်မဟုတ်လား'



'ဟုတ်ပါတယ်ဆရာ'

'ဒီမှာ ပြုမှုဆောင်ရွက်ချက်တွေရဲ့ အစုအပေါင်းဆိုတဲ့ စကားဟာ ဖြုန်းခနဲဆိုရင် ဗုဒ္ဓဘာသာအသုံးအနှုန်း ဖြစ်တဲ့ ကမ္မဘဝဆိုတဲ့ စကားနှင့် အဓိပ္ပာယ်တူနေသလိုပဲကွယ်'

'အဲဒါ သဘောချင်းတူတယ် မဟုတ်ဘူးလားဆရာ'

'ဒါ မျက်စိလည်နိုင်တဲ့ အချက်တစ်ခုပဲ၊ တကယ့်တကယ်တော့ ပုထုဇဉ်အမြင်နှင့် သဗ္ဗညု မြတ်စွာဘုရား မြင်တဲ့ အမြင် ဘယ်တူပါ့မလဲ၊ ဘယ်လိုလုပ်ပြီး တစ်ဂိုဏ်းတည်း ထားနိုင်ပါ့မလဲ၊ ဘာမှ မဆိုင်ဘူး၊ တခြားစီ တခြားစီ'

'အမိန့်ရှိပါဦးဆရာ'

'ကဲ အစက စပြီး ပြန်ပြောကြရအောင်၊ ယန်းပေါဆတ်က "လူဟာ လူ့လောကထဲကို ဘာပြဋ္ဌာန်းချက်မှ မပါဘဲ စွန့်ပစ်ခံရလို့ ရောက်လာတာဖြစ်တယ်" ဆိုတဲ့ စကားကို ဘယ်လို နားလည်ရမလဲ၊ လူတိုင်း နားလည်နိုင်တဲ့ မြန်မာစကားနဲ့ ပြန်ပြောရင် လူဟာ လောကထဲကို ဘာအကြောင်းမှ မရှိဘဲ၊ တယ်သူကမှလည်း ပြုလုပ် ပြဋ္ဌာန်းတာ မဟုတ်ဘဲနဲ့ သူ့ဘာသာသူ ပေါက်လွှတ်လွှင့်စဉ်ပြီး ရောက်လာတယ်လို့ အဓိပ္ပာယ်ထွက်တယ်၊ ဟုတ်ကဲ့လား'

'ဟုတ်ပါတယ်ဆရာ၊ အဲဒီ အဓိပ္ပာယ်ပါပဲ'

'ဒီတော့ ဗုဒ္ဓဘာသာ ရှုထောင့်က ပြောရင် အဲဒါဟာ အလွန်မှားယွင်းတဲ့ အမြင် ဖြစ်တယ်၊ လူဟာ လောကထဲကို အကြောင်းမဲ့ (ပြဋ္ဌာန်းချက် လုံးဝ မရှိဘဲနဲ့) ရောက်လာတယ်ဆိုတာ လုံးဝ မဟုတ်ဘူး၊ အဲဒါက သူ့ဘာသာ ကြံစည်ပြီးဆယ်ပြီး ပြောတာ၊ ဘုရားသခင်က ဖန်ဆင်းလို့ ရောက်လာရတာ ဆိုတဲ့ ဓရစ်ယာန်အယူဝါဒကို ဆန့်ကျင်ချင်လို့ ပြောတာ'

'ဒါဆို ဘာအကြောင်းကြောင့် ရောက်လာရတာလဲ၊ အကြောင်းမဲ့ မဟုတ်ဘူးဆိုရင် အကြောင်းရှိရမှာပေါ့'

'အေး... မှတ်ထား၊ ဗုဒ္ဓဘာသာမှာ အကြောင်းမဲ့ ဖြစ်တယ် ဆိုတာ ဘာမှ မရှိဘူး၊ အကြောင်းမဲ့ ဖြစ်တယ်လို့ ဆိုလိုက်ရင် အဲဒါ အဟေတုကဒိဋ္ဌိ ဖြစ်သွားတယ်၊ ဒါကြောင့် ဖြစ်တည်မှုဝါဒဆိုတာလည်း အဟေတုက ဒိဋ္ဌိတစ်မျိုးပဲ၊ ကြိုးကော့ လူဟာ လူ့ဘဝထဲကို ပစ်ချခံရပြီး လွှင့်စဉ်ရောက်လာတာ ဖြစ်တယ်ဆိုတဲ့ စကားကျပြန်တော့ မရှင်းဘူး၊ အကြောင်းမဲ့ ပြဋ္ဌာန်းချက်မရှိဘဲ ရောက်လာတယ် ဆိုတဲ့ စကားနှင့်လည်း ဖီလာကန့်လန့် ဖြစ်နေပြန်တယ်၊ ပစ်ချခံရတာ ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူက ပစ်ချတာလဲ၊ ဘာက ပစ်ချတာလဲ၊ ဒါပေမယ့် ဆတ် ပြောချင်တာကတော့ သူ့အလိုလို လွင့်စဉ်ပြီး ပရမ်းပတာ ကျလာတာ၊ ဘာအကြောင်းမှ မရှိဘူး၊ ဘာရည်ရွယ်ချက်မှ မရှိဘူးလို့ ဆိုလိုတယ်မဟုတ်လား'

'ဖြစ်တည်မှုဝါဒ သဘောကတော့ အဲဒီအတိုင်းပဲဖြစ်မယ် ထင်ပါတယ်'

'ဒါဆိုရင် လူ့ဘဝဆိုတာ ထန်းသီး၊ အုန်းသီး ကြွေသလို သတ္တဝါတွေ ပရမ်းပတာ ကျချင်တိုင်း၊ ပေါက်လွှတ် ကျလို့ရတဲ့ အောက်တန်းဘဝမျိုး ဖြစ်မသွားဘူးလား၊ လူ့ဘဝဟာ ဘဝအနေအထားအရ ဘာမှ မြင့်သော မြတ်သော သဂတိ မဟုတ်ဘူး၊ လူဖြစ်ပြီး လူ့ဘဝမှာ ဖြစ်တည်လာပြီးနောက်မှ၊ လူတွေက ပြုလုပ်တဲ့အခါကျမှ မြင့်တဲ့ မြတ်တဲ့ ဘဝ၊ ယုတ်နိမ့်တဲ့ ဘဝ ဆိုတဲ့ ဘဝရဲ့ အနှစ်သာရ ဂုဏ်သတ္တိသဘောတွေ ဖြစ်လာတာလို့ အဓိပ္ပာယ် မရဘူးလား'

'ဟုတ်ပါတယ်၊ လူ့ဘဝပဲဖြစ်ဖြစ်၊ ဘယ်ဘဝပဲဖြစ်ဖြစ် ဖြစ်တည်ရာ ဘဝတိုင်းဟာ သူ့ချည်းသက်သက် ဘာမှ အနှစ်သာရ မရှိပါဘူး၊ ပြုမှု ဆောင်ရွက်ချက်တွေ ရှိမှ ဘဝရဲ့ အနှစ်သာရ၊ ဂုဏ်အရည်အချင်း ဆိုတာတွေဟာ ဖြစ်လာရတာ ဖြစ်တယ်လို့ ဖြစ်တည်မှုဝါဒက ယူဆပါတယ်'

'အဲဒီအချက်ဟာလည်း ထေရဝါဒဗုဒ္ဓဘာသာက လက်ခံယုံကြည်ထားတဲ့ လူ့ဘဝ အမြင်နှင့် လုံးဝ ဗီလာဆန့်ကျင် ဖြစ်နေတယ်၊ ဗုဒ္ဓဘာသာက လူ့ဘဝဆိုတာ ပေါက်လွှတ် လွင့်စဉ်ပြီး (ဝိနိပါတအလား) ကျနိုင်တဲ့ ဘဝမျိုး မဟုတ်ဘူး၊ မနုဿတ္တဘာဝေါ ဒုလ္လဘောတဲ့၊ လူ့ဘဝဟာ အလွန်ရခဲတဲ့ ဘဝရတနာမျိုး၊ ဘဝ ပဒေသာပင်မျိုး ဖြစ်တယ်၊ လူ့ဘဝကို အကြောင်းမဲ့ မရနိုင်ဘူး၊ လူ့ဘဝကို ရရှိဖို့အတွက် အင်မတန် အားကောင်းတဲ့ ပုညာဘိသင်္ခါရ(ကောင်းမှုကုသိုလ်)တွေ လိုတယ်၊ ကောင်းမှုကုသိုလ်တွေက အကြောင်းတရားတွေ မရှိဘဲနှင့် လူ့ဘဝကို ပစ်ချခံရသလို ဘယ်သူမှ မရနိုင်ဘူး၊ လူရယ်လို့ ဖြစ်တည်လာတဲ့အခါကျမှ လူရဲ့ ပြုမှုဆောင်ရွက်ချက်တွေကြောင့်သာ ဘဝရဲ့ အနှစ်သာရတွေ၊ ဂုဏ်အရည်အသွေးတွေ ဖြစ်လာတာလည်း မဟုတ်ဘူး၊ လူဖြစ်တယ်ဆိုကတည်းက သူ့မှာ မွေးရာပါ အနှစ်သာရတွေဟာ အများကြီးပဲ၊ ဒီအကြောင်းကို နောက်ပိုင်းမှာ ဗုဒ္ဓဝါဒီတို့ရဲ့ လူ့ဘဝ အမြင်နှင့် ခံယူချက် အကြောင်းကို ဆွေးနွေးတဲ့အခါကျယ် ဆွေးနွေးမယ်'

''ကျွန်တော် သဘောမရှင်းလို့ နည်းနည်းတော့ ရှင်းပြပါဦး ဆရာရယ်၊ ဒါဆို လူမှာ လူ့ဘဝ ဖြစ်လာကတည်းက ဘဝအနှစ်သာရတွေ၊ ဂုဏ်အရည်အသွေးတွေ ပါလာပြီးသားလို့ ဆိုလိုတာလား'



'ဟုတ်တယ်၊ ပါလာတယ်၊ အခြေခံအကျဆုံး အချက်ကိုပဲ ပြောကြစို့ဆိုရင် လူမှာ ကျန်သတ္တဝါတွေထက် ထူးခြားတဲ့ အသိဉာဏ် ပါလာတယ်၊ လူဟာ သတ္တဝါတွေအားလုံးထဲမှာ အသိဉာဏ်အားဖြင့် အမြင့်မားဆုံး သတ္တဝါဖြစ်တယ်၊ ၁)အပြင် ကမ္မနိယာမကို နားလည်ရင် လူမှာ အတိတ်ကံရဲ့ ပြဋ္ဌာန်းချက်တွေလည်း အများကြီး ပါလာတယ်၊ ဘယ်ဖန်တီးရှင်ဘုရား တစ်စုံတစ်ဦးရဲ့ ပြဋ္ဌာန်းချက်မှ မပါဘူးဆိုပေမယ့် အတိတ်ဘဝတုန်းက သူပြုခဲ့တဲ့ ပုညာဘိ သင်္ခါရ၊ အပုညာဘိသင်္ခါရလို့ဆိုတဲ့ ကုသိုလ်ကံတွေ၊ အကုသိုလ်ကံတွေရဲ့ အကျိုးသက်ရောက်မှုတွေ ပြုပြင်ဖန်တီးမှုတွေ အသင့်ပါလာတယ်၊ မွေးကတည်းက ရုပ်ဆင်းအင်္ဂါ လှပတင့်တယ်လာတာ၊ ဉာဏ်ပညာ ကြီးမားလာတာ၊ မြင့်မြတ်တဲ့ အမျိုး၊ ကြွယ်ဝတဲ့ အမျိုးမှာ ဖြစ်လို့ ဘဝနှင့်ဆိုင်တဲ့ ရပိုင်ခွင့်တွေကို အဆင်သင့် ရလာတာတွေ၊ ဒါထက်ပိုပြီး နက်နဲတာက ဘုန်းကံ ပါရမီတွေ ပါလာတာတွေကျတော့ ဘယ်လို ရှင်းမလဲ၊ ဒါတွေကို ဖြစ်တည်မှုဝါဒက လုံးဝ မရှင်းနိုင်ဘူး'

'လူ့ဘဝမှာ မဖြစ်လာမီကတည်းက ဂုဏ်အရည်အသွေး အနှစ်သာရတွေ ပါလာတာတွေ ရှိကြောင်း အထောက်အထား ရှိသလားဆရာ'

'ဟာ... အများကြီးရှိတာပေါ့၊ အလွန်ထင်ရှားတဲ့ ဥပမာ အထောက်အထားတွေကိုပဲ ပြောမယ်၊ ဆိုပါစို့ အဇာတသတ်မင်းသား၊ သူဟာ မမွေးခင် ဗိုက်ထဲမှာ ဖြစ်တည်နေကတည်းက ဖခင်ကို သတ်မယ့်သား ဆိုတာကို ပုဏ္ဏားများက သိလို့ ဟောတယ်၊ မိခင်က ဒီသား မမွေးဘဲ ပျက်ကျအောင် ဆိုပြီး အမျိုးမျိုး ဖျက်တယ်၊ မပျက်ဘူး၊ နောက်ဆုံးမှာ အဇာတသတ်ဟာ လူ့သမိုင်းမှာ အဖကို သတ်တဲ့ သားအဖြစ် မော်ကွန်းထိုးသွားရတယ်၊ ငါတို့ ဗုဒ္ဓမြတ်စွာဘုရား ဖွားတော်မူပြီး ဘာမှ မလုပ်ရသေးဘူး၊ လောကမှာ အထွတ်အထိပ် ဘုရားဖြစ်မယ်ဆိုတာ ပုဏ္ဏားက ဟောတယ်၊ ဘုရားလောင်းဖြစ်တဲ့အတွက် သူ့မှာ တန်ခိုးသတ္တိတွေ ပါလာတယ်၊ ငယ်စဉ်က ဖခင် မင်းကြီးက သူကိုးကွယ်တဲ့ ရသေ့ကြီးကို ရှိခိုးခိုင်းတော့ ရသေ့ကြီးရဲ့ ဆံကျစ်ပေါ်ကို ခြေတော်အစုံရပ်ပြီး တည်ကယ်၊ မွေးမွေးချင်း ခြေလှမ်း ခုနစ်လှမ်း သွားပြီး "လောကမှာ ငါအမြတ်ဆုံး" မုပ်ပုံ ကြုံးဝါးသံ ပြုတယ်၊ လယ်ထွန်မင်္ဂလာ ကျင်းပတဲ့အချိန် သပြေပင်အောက်မှာ ...ပယားတုန်း ထထိုင်ပြီး ဈာန်ဝင်စားနေတယ်၊ ဒါတွေဟာ ဘုရားလောင်းဆိုတဲ့ ပုပ္ပိုလ်မှာ မွေးကတည်းက ပါလာတဲ့ ဂုဏ်သတ္တိတွေပဲ မဟုတ်လား၊ လူ့ဘဝဟာ ရှန့်ပစ်ခြင်း ခံရပြီး ရောက်လာတဲ့ ဘဝလည်း မဟုတ်ဘူး၊ လွင့်စဉ်ပြီး ကျလာ

www.burmeseclassic.com

www.burmeseclassic.com



တဲ့ ဘဝလည်းမဟုတ်ဘူး၊ လူ့ဘဝကို ရောက်လာရာမှာ ပြဋ္ဌာန်းချက် အကြောင် တရားတွေ ရှိတယ်၊ အဲဒါတွေကို သာမန် ပုထုဇဉ်ဖြစ်တဲ့ ယန်းပေါ်ဆတ်ရဲ ဉာဏ်လောက်နဲ့ မသိနိုင်ဘူး၊ ဒါဟာ သဗ္ဗညု မြတ်စွာဘုရားရဲ့ ဉာဏ်အရာသ ဖြစ်တယ်၊ ဆတ်ဟာ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်တို့၊ ပဋ္ဌာန်းဒေသနာတော်တို့ကို နားမလည်နိုင်ဘူး၊ ပြီးတော့ သတ္တဝါတို့ရဲ့ ဖြစ်တည်ခြင်းဆိုရာမှာ အဖန်တလဲလဲ ပဋိသန္ဓေနေခြင်းဆိုတဲ့ ဇာတိဖြစ်တည်မှု သဘောကိုလည်း ယန်းပေါ်ဆတ်တို့လို လူတွေက မသိနိုင်ဘူး၊ ပြီးတော့ လူ့ဘဝကို ရလာခြင်းဆိုတဲ့ လူဖြစ်တည်မှုဟာ အဝိဇ္ဇာသင်္ခါရရဲ့ ပြဋ္ဌာန်းချက်တွေ ပါတယ်၊ ဒီနေရာမှာ မင်းတို့လို လူငယ်တွေ အနေနဲ့ လူ့ရဲ့ ဖြစ်တည်ပုံကို မှန်မှန်ကန်ကန် သိအောင် ပဋိစ္စသမုပ္ပါဒ်ဒေသနာက နားလည်ရမယ်၊ ပဋိစ္စသမုပ္ပါဒ်ဒေသနာဆိုတာ အကြောင်းကြောင်းကြောင့် အကျိ ဆက်တွေ မလွဲမသွေ ဖြစ်တတ်တဲ့ သဘောကို ပြတဲ့ တရား၊ ဒီတရားဟာ သတ္တဝါတို့ရဲ့ သံသရာမှာ ဘဝစက် လည်နေပုံကို ပြတာ ဖြစ်တယ်၊ ဗုဒ္ဓမြတ်စွ ဘုရားလည်း ယောဒီ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးကို အနုလုံ ပဋိလုံ ဆင်ခြ နိုင်ပြီးမှ ဘုရားအဖြစ်ကို ရောက်တော်မူတာ ဖြစ်တယ်၊ ပဋိစ္စသမုပ္ပါဒ် အစုန်လမ် ဆိုတာက သံသရာ လည်လမ်း၊ ပဋိစ္စသမုပ္ပါဒ် အဆန်လမ်းက သံသရာက ဖြတ်ထွက်တဲ့ သံသရာ ထွက်လမ်းကွယ်၊ အဲဒါကို မင်းတို့ရဲ့ ဆရာကြီးတွေ ဖြစ်တဲ့ အနောက်တိုင်းက ဒဿနဆရာတွေရဲ့ ဉာဏ်လောက်နဲ့ သိနိုင်ပါ့မလဲ ဒီမှာ အလွန် နက်နဲတဲ့ ကိစ္စတွေ ပါတယ်၊ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်တယ် သင်္ခါရကြောင့် ပဋိသန္ဓေဝိညာဉ် ဖြစ်တယ်ဆိုတဲ့ တရားကို သူတို့ ဉာဏ်နှ မမီနိုင်ဘူး၊ ဒါဟာ အင်မတန် နက်နဲတဲ့ အဘိဓမ္မာကိစ္စပဲ၊ ယန်းပေါ်ဆတ်တ ယူဆကြသလို ဘဝဆိုတာဟာ သင်္ခါရဆိုတဲ့ ပြုလုပ်ဆောင်ရွက်မှု ကံ အ အပေါင်းပဲ ဖြစ်တယ်ဆိုတာကတော့ မဆိုးပါဘူး၊ ဒါပေမယ့် ဘယ်မှာ မှားသွာ သလဲ ဆိုတော့ သေရင် အဲဒီကံတွေဟာလည်း အားလုံး အချည်းနှီး ဖြစ်သွားတယ် လူ့ဘဝဟာ သေရင် ဘာအဓိပ္ပာယ်မှ မရှိဘူးလို့ အဖြေထုတ်ပစ်လိုက်တာက တော့ သိပ်ပြီး အတွေးအခေါ် တိမ်ရာ ကျလွန်းတယ်၊ လူ့ဘဝရဲ့ အလွန်ထူးခြားတဲ့ အနှစ်သာရ၊ အလွန်ထူးခြားပဲ အဓိပ္ပာယ်နက်နဲမှုကို ဖျက်ဆီးပစ်ရာကျတယ် ဒါဟာ ဖြစ်တည်မှုဝါဒရဲ့ တက်တက်စင် အမှားကြီးပဲကွယ်၊ ဖြစ်တည်မှုဝါဒီတွေ ဟာ လူ့ဘဝ ဘယ်လို ဖြစ်တည်လာသလဲ ဆိုတဲ့ မေးခွန်းကို မဖြေနိုင်ဘူး ဒါကြောင့် လူ့ဘဝ ဘယ်လိုဖြစ်တည်လာသလဲဆိုတာကို သက်သေပြဖို့ မရ



ဘူးဆိုပြီး ငြင်းထားကြတယ်၊ ဘာဖြစ်လို့ သက်သေပြစရာမလိုတာလဲ ဆိုတော့ လူရယ်လို့ ဖြစ်တည်နေတဲ့ ဒီ လူ့လောကကြီးကိုယ်နှိုက်က အဓိပ္ပာယ်မရှိတဲ့ လောကကြီး ဖြစ်နေလို့ပဲတဲ့၊ သူတို့ ပြောကြ ဟောကြတာလေ၊ မင်း ကြား ဖူးတယ် မဟုတ်လား'

'ဟုတ်ကဲ့ ကြားဖူးပါတယ်'

'မင်းကွာ သူတို့ပြောတဲ့ စကားလုံးတွေနဲ့ပဲ ဆရာ ပြန်ပြောပြပါ့မယ်၊ ဒီ လောကဟာ ဘာမှ အဓိပ္ပာယ်မရှိတဲ့ လောကပဲတဲ့၊ အဲဒီ လောကထဲမှာ ဒုက္ခ ဆင်းရဲတွေ၊ သောက ပရိဒေဝတွေနှင့် ပြည့်လျှမ်းနေတယ်တဲ့၊ လူဟာ အဲဒီ လောကထဲက ရေကန်ထဲကို ခဲလုံးတစ်လုံးကို ပစ်ချလိုက်သလို ပစ်ချခံရတဲ့ သတ္တဝါဖြစ်တယ် ဆိုပဲကွာ၊ အဲဒါ တက်တက်စင် လွဲတာပဲ၊ ဒါက အဆန်း တော့ မဟုတ်ဘူး၊ ဆက်ကိုယ်တိုင်က ပဋိစ္စသမုပ္ပါဒ်တရား၊ ခန္ဓာတရား၊ ဓာတ် တရား၊ သစ္စာတရား၊ သတိပဋ္ဌာန်တရားဆိုတာတွေ၊ ကမ္မနိယာမဆိုတာတွေကို နကန်းတစ်လုံး မသိတဲ့ တကယ့် အန္ဓပုထုဇဉ်ပဲကိုး၊ လူ့ပဋိသန္ဓေကို ရဖို့ရာ တယ်လောက် ခဲယဉ်းတဲ့ ဒုလ္လဘမျိုး ဖြစ်တယ်ဆိုတာ သူမှ မသိတာ၊ မသိဘူး ဆိုတာကလည်း သိနိုင်တဲ့ သုတဗုဒ္ဓိဉာဏ်မျိုးမှ မရှိတာပဲကိုး'

'ဗုဒ္ဓဝါဒအရ လူ့ဘဝကို ဘယ်လိုမြင်ပါသလဲဆရာ'

'အေး၊ အဲဒါကို ခု ဆရာပြောပြမယ်၊ ဖြစ်တည်မှုဝါဒနှင့် ဗုဒ္ဓဝါဒဟာ လူ့ ဘဝ အမြင်အပေါ်မှာ ဘယ်လောက်ကွာခြားသလဲဆိုတာ မင်းတို့ လူငယ်တွေ နားလည်သင့်တယ်၊ ဖြစ်တည်မှုဝါဒီတွေက လူ့ဘဝဆိုတာ ဘာမှ အဓိပ္ပာယ် မရှိတဲ့ ဘဝလို့ သတ်မှတ်တယ် မဟုတ်လား'

'ဟုတ်ပါတယ်ဆရာ'

'အေး... မြတ်ဗုဒ္ဓကတော့ လူ့ဘဝဆိုတာ ပင်ကိုယ်အားဖြင့်ကိုက အလွန် အဓိပ္ပာယ် အနှစ်သာရတွေနှင့် ပြည့်စုံတဲ့ ဘဝဖြစ်တယ်၊ လူ့ဘဝဟာ သုံးဆယ့် ပာစ်ဘုံမှာ ရှိနေတဲ့ အခြားဘဝတွေ အားလုံးထက် သာတယ်၊ လူ့ဘဝဟာ ဂပြက်ဆုံး ဘဝလို့ မြင်တယ်'

'လူ့ဘဝဟာ ဒုက္ခဆင်းရဲတွေနှင့် ပြွမ်းနေတဲ့ ဘဝ မဟုတ်လားဆရာ၊ ဘာ [illegible]င့် လူ့ဘဝကို မွန်မြတ်တဲ့ ဘဝလို့ ယူဆတာလဲ'

'ဗုဒ္ဓဝါဒအရ လူ့ဘဝဟာ သတ္တဝါတွေ ရကြတဲ့ ဘဝတွေထဲမှာ မြင့်သော၊ မြတ်သော ဘဝ ဆိုတဲ့ ကောင်းမြတ်တဲ့ အနှစ်သာရတွေနှင့် အလုံးစုံ ပြည့်

www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ ယူဆရတာကတော့ လူ့အဖြစ်ကို ရတာ၊ လူ့ဘဝမှာ ဖြစ်တည်လာတာ
အလွန်ထူးမြတ်တဲ့ အကျိုးအာနိသင်ကို ရတာဖြစ်တယ်လို့ ဗုဒ္ဓဝါဒက ခံယူတယ်
ဘာဖြစ်လို့ ဒီလို ယူဆရသလဲဆိုရင် **ကမ္မဋ္ဌာနဒီပနီ** မှာ ကျေးဇူးရှင် လယ်တ
ဆရာတော်ဘုရား ရှင်းပြတော်မူတာကတော့ နတ်ပြည် ခြောက်ထပ်မှာ နတ်မင်း
သိကြားမင်းအဖြစ်ကို ရရှိပြီး အသက်ခန္ဓာ စည်းစိမ်ချမ်းသာတွေကို ရတာဟာ
လည်း လူ့ဘဝမှာ အခြေစိုက်တယ်တဲ့၊ လူဖြစ်စဉ်အခါမှာ မိမိတို့ရဲ့ အသည်းနှလုံး
ထဲမှာ နတ်ဘဝ၊ သိကြားဘဝကို ရည်ရွယ်ပြီး ကုသိုလ်ကောင်းမှုတွေ လုပ်ပါ
နောက်ဘဝမှာ နတ်မျိုး သိကြားမျိုးမှာ ဖြစ်ရတယ်၊ ဗြဟ္မာ့ဘုံ ၂၀ မှာ ဗြဟ္မာ
ဆိုတဲ့ ဖြစ်တည်မှုကို အလိုရှိရင်လည်း လူ့ဘဝမှာ လူဖြစ်စဉ် ဗြဟ္မာ့ဘုံရောက
ကြောင်း အကျင့်ကောင်းတွေကို ပြုလုပ် အားထုတ်သွားမှ ရတယ်၊ နတ်ဘဝ
ရရင် ချက်ချင်း နတ်တန်ခိုး နတ်ချမ်းသာကို ရတယ်၊ ဗြဟ္မာဘဝမှာ ဖြစ်တည်
ရင်လည်း ဖြစ်တည်တာနှင့် တစ်ပြိုင်နက် ဗြဟ္မာချမ်းသာတွေကို ခံစားရတယ်
နတ်ပြည်ရောက်မှ နတ်တန်ခိုး နတ်ချမ်းသာတွေကို ရအောင် လုပ်ရတာမဟုတ်
ဘူး၊ ဗြဟ္မာဖြစ်တည်မှုမှာလည်း ဗြဟ္မာဖြစ်မှ ဗြဟ္မာတန်ခိုး ဗြဟ္မာချမ်းသာ
ရအောင် လုပ်ရတာ မဟုတ်ဘူး၊ ဗုဒ္ဓဘာသာ အလိုအရကတော့ ဘုံဘဝဆို
ဘဝဖြစ်တည်မှု ပုံသဏ္ဍာန်တွေဟာ နဂိုကတည်းက ရှိပြီးသားပဲ၊ အဲဒီ ဘ
အဲဒီ ဘုံ၊ အဲဒီ ယောနိမှာ ဖြစ်ရင် အဲဒီမှာ ရှိတဲ့ အနှစ်သာရ အဓိပ္ပာယ်တွေ
အဲဒီ သတ္တဝါဟာ ရရှိခံစားရတယ်၊ ဒါကြောင့် ဖြစ်တည်မှုဝါဒီတွေ ယုံကြည်သ
ဘဝက အရင်ဖြစ်ပြီးမှ အနှစ်သာရ ဂုဏ်သတ္တိတွေက နောက်လိုက်ဖြစ်
မဟုတ်ဘူး၊ ကဲ…ဒီလောက်ဆိုရင် ဗုဒ္ဓဝါဒနှင့် ဖြစ်တည်မှု ဝါဒဟာ လူ့ဘဝ
တန်ဖိုးထားပုံချင်း မတူကြဘူးဆိုတာ သဘောပေါက်ရောမယ်၊ ဗုဒ္ဓဝါဒီတို့
လူ့ဘဝအမြင်ကို နောက်ပိုင်းကျမှ ထပ်ပြီး အကျယ်ပြောကြစို့ရဲ့၊ တိုရှင်းလိုရင်း
ပြောကြစို့ ဆိုရင်တော့ လူ၊ နတ်၊ ဗြဟ္မာ၊ ပစ္စုပ္ပန်၊ တမလွန် ကောင်းကျိုးချမ်း
မှန်သမျှဟာ လူ့ဘဝ ပဒေသာပင်ကြီးကမှ ထွက်လာကြတဲ့ အကိုင်းအခ
အသီးအရွက်တွေ ဖြစ်တယ်၊ ဆိုလိုတာက လူ့ဘဝကို တစ်ခါရပြီဆိုရင် နော
ဘဝမှာ လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝ၊ သိကြားမင်း ဘဝ၊ ပဒေသရာ
ဇကရာဇ်ဘဝ၊ သူဌေး သူကြွယ်ဘဝတွေကိုပဲဖြစ်ဖြစ် ရအောင်လုပ်ခွင့် ရတယ
ဒါတင်မကသေးဘူး၊ အနမတဂ္ဂ သံသရာမှာ မျောလာတဲ့ သတ္တဝါဟာ သံသ
ဝဋ်က ကျွတ်အောင် လုပ်ချင်ရင်လည်း လူ့ဘဝမှာပဲ လုပ်ရတယ်၊ ဒါမှမဟု



ဘုရားဆု၊ ပစ္စေကဗုဒ္ဓါဆု၊ သာဝကဗောဓိ ဆုတွေကို ပန်ချင်ရင်လည်း လူဖြစ်စဉ် အခါမှာသာ ပန်လို့ရတယ်၊ ဒါကို **ထောက်ဆကြည့်ရင်** လူဆိုတဲ့ ဘဝဖြစ်တည်မှုဟာ အင်မတန် ကြီးကျယ်တဲ့ ဘဝ **အခွင့်အလမ်း**၊ ဘဝဖြစ်တည်မှုမျိုး ဖြစ်တယ်ဆိုတာ မထင်ရှားဘူးလား၊ ဒါဟာ **အဓိပ္ပာယ်မဲ့ ဘဝလားကွယ်**'

'ဒီအတိုင်းဆိုရင် လူ့ဘဝဖြစ်တည်မှုဟာ **အဓိပ္ပာယ် အလွန်ရှိ**တာပဲ၊ ဘဝ အခွင့်အလမ်း မျိုးစုံ၊ အနှစ်သာရ မျိုးစုံ ရှိတာပဲ၊ လူ့**ဘဝဟာ မျှော်လင့်ချက်** ကင်းမဲ့တဲ့ ဘဝမှ မဟုတ်တာ၊ လူ့ဘဝဟာ **မျှော်လင့်ချက်များစွာ အခြေစိုက်ရာ** ဘဝလို့တောင် ဆိုနိုင်ပါတယ် ဆရာ'

'**အေး… အဲဒါကို** နားလည်ပါ၊ ဒါကြောင့် **ဒီဘဝဟာ ဘဝ ရတနာကြီး**ပဲနော်၊ ရတနာဆိုတာ ရခဲတယ်မဟုတ်လား'

'လူ့ဘဝ ရခဲတယ်ဆိုတာကို ရှင်းပြပါဦး**ဆရာ**'

'ဗုဒ္ဓက လူ့ဘဝဟာ အလွန်မြတ်တဲ့ ဘဝ၊ **မြင့်တဲ့ ဘဝ ဖြစ်တယ်**၊ ဘဝ ပဒေသာပင်ကြီး ဖြစ်တယ်၊ ဒီဘဝကို ရရှိဖို့ရာလည်း **သိပ်ခက်တယ်လို့** တပည့် သာဝက ရဟန်းတော်များကို စိတ်ဝင်စားဖွယ် ဥပမာတွေ **ပြပြီး ဟောကြား**တော် မူခဲ့တယ်၊ ဗုဒ္ဓဘာသာမှာ ခံယဉ်းတဲ့ ဒုလ္လဘတရား **ငါးပါးကို ဟောထားတယ်**၊ အဲဒီအထဲမှာ လူ့ဘဝ ရခဲတာကို မနုဿတ္တဒုလ္လဘလို့ **ခေါ်တယ်၊ မှတ်ထားနော်**'

'လူ့အဖြစ်ကို ဘယ်လို ရခဲသလဲ'

'ဒီမေးခွန်းရဲ့ အဖြေကို အခါတစ်ပါးမှာ မြတ်စွာဘုရားက သူ့လက်သည်း ခွံပေါ်မှာ မြေမှုန့်ငယ်တို့ကို တင်ပြီး တပည့်ရဟန်းများကို မေးတော်မူတယ်၊ "ရဟန်းတို့ မဟာပထဝီမြေကြီးပေါ်မှာ ရှိနေတဲ့ မြေမှုန့်အစုနှင့် ငါ့ရဲ့ လက်သည်း ပေါ်မှာ တင်ရှိတဲ့ မြေမှုန့်အစုဟာ ဘယ်ဟာက များသလဲ" မေးတော်မူတယ်၊ ဒီအခါ ရဟန်းတော်များက "အရှင်ဘုရား၊ နှိုင်းယှဉ်ဖို့တောင် မထိုက်ပါဘူး ဘုရား၊ လက်သည်းတော်ပေါ်က မြေမှုန့်က အလွန် နည်းပြီးတော့ မဟာပထဝီမှာ ရှိတဲ့ မြေမှုန့်က အလွန်တရာ များပြားလှပါတယ်" လို့ လျှောက်ထားကြတယ်။

' 'ဒီအခါ ဘုရားက ဘယ်လိုအမိန့်ရှိသလဲဆိုရင် "ရဟန်းတို့၊ ဒီ ဥပမာ လိုပဲ သုဂတိဘုံက စုတေကြသူအပေါင်းထဲက သုဂတိဘုံကို ပြန်ရောက်နိုင်တဲ့ သတ္တဝါဟာ ဟောဒီ လက်သည်းခွံပေါ်မှာ တင်နေတဲ့ မြေမှုန့်လိုပဲ အလွန်တရာ နည်းလှပါတယ်၊ အပါယ်ဘုံကို ကျရောက်သွားသူတွေကတော့ မဟာပထဝီ မြေမှုန့်တွေလိုပဲ အလွန်အမင်း များပြားလှပေတယ်"လို့ မိန့်တော်မူတယ်၊ ဒီ

www.burmeseclassic.com

www.burmeseclassic.com



သုတ်ကို ထောက်ပြီး ဘယ်လို နားလည်ရမလဲဆိုတာကို ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားက တစ်ယောက်ယောက်သော သတ္တဝါရဲ့ အနမတဂ္ဂ သံသရာမှာ ကျင်လည်လာခဲ့တဲ့ သုဂတိဘဝ၊ ဒုဂ္ဂတိဘဝ အလားတွေကို ဆင်ခြင်ပြီး သိသင့်တယ်တဲ့၊ ဘယ်လိုသိသင့်သလဲဆိုရင်လည်း သုဂတိဘုံမှာ ငါဖြစ်ခဲ့တဲ့ ဘုံဘဝဟာ လက်သည်းခွံပေါ်က မြေမှုန့်လိုပဲ အလွန်နည်းခဲ့တယ်၊ ဒုဂ္ဂတိဘဝမှာ ငါဖြစ်ခဲ့တဲ့ ဘဝတွေဟာတော့ မဟာပထဝီမှာ ရှိတဲ့ မြေမှုန့်လိုပဲ အလွန်ပဲ များပါပကောလို့ သိရမယ်တဲ့၊ ဒါက အတိတ်က ဖြစ်ခဲ့တာနော်၊ နောင် အနာဂတ်မှာ ဖြစ်ရဦးမယ့် ဘဝတွေမှာလည်း ဒီအတိုင်းပဲ၊ ဒုဂ္ဂတိဘဝမှာဖြစ်ရမယ့် အခွင့်အလမ်းက အတော်များပြီး သုဂတိဘဝမှာ ဖြစ်ရမယ့် အခွင့်အလမ်းဟာ အတော်နည်းပါကလား ဆိုတာကိုလည်း ဆင်ခြင်တတ်ရမယ်တဲ့၊ ဒီ သုတ္တန်ဒေသနာမှာ ဟောထားတော်မူတဲ့ အချက်ဟာ ယုံကြည်နိုင်စရာ ရှိကြောင်းကို လယ်တီဆရာတော်ဘုရားက အထောက်အထားတွေ ထုတ်ပြထားပါတယ်'

'ဘယ်လို ထုတ်ပြသလဲ ဆရာ'

'လယ်တီဆရာတော်က သဗ္ဗ အကုသလ ဘဓောဘ ဂင်္ကမနိယာ၊ သဗ္ဗ ကုသလံ၊ ဥပရိဘဂင်္ကမနိယာ ဆိုတဲ့ သလ္လေခသုတ်ပါဠိတော်ကို ထောက်ပြီး မျက်တောင်တစ်ခတ် လျှပ်တပြက်မှာ ကုဋေတစ်သိန်းမက အဖြစ်မြန်လှတယ်၊ ပြောခဲ့တဲ့ ပါဠိတော်အရက အလုံးစုံသော အကုသိုလ်မှု ဟူသမျှဟာ အောက်သို့ စုန်ဖို့ချည်း ဖြစ်တယ်၊ အလုံးစုံသော ကုသိုလ်ကောင်းမှုများကတော့ အထက်သို့ ဆန်ဖို့ချည်း ဖြစ်တယ်၊ ဒီစကားအရ ဇနက သတ္တိကြောင့်ဖြစ်ဖြစ်၊ ပနိဿယ သတ္တိကြောင့်ဖြစ်ဖြစ် အကုသိုလ်ဖြစ်တယ် ဆိုပါအံ့၊ တစ်ခုတစ်ခုသော စိတ္တလက္ခဏာဟာ ဒုဂ္ဂတိ ဘဝတစ်ခုစီကို ဖြစ်စေနိုင်တယ်၊ ကုသိုလ်ဖြစ်ရင်လည်း တစ်ခုသော စိတ္တလက္ခဏာဟာ တစ်ခုသော သုဂတိဘဝကို ဖြစ်စေနိုင်တယ်၊ ဒါက အဘိဓမ္မာသဘောတရားပဲလေ၊ ဆရာတော်က ပြောတာကတော့ သုဂတိဘုံမှာ ရှိကြတဲ့ လူနတ်သတ္တဝါအပေါင်းတို့ရဲ့ စိတ်ကို မှန်းဆပြီး အကုန်ပေါင်းစု ဆင်ခြင်ကြည့်မယ်ဆိုရင် ကုသိုလ်စိတ္တလက္ခဏာဖြစ်တာက လက်သည်းခွံပေါ်က မြေမှုန့်တွေလို အလွန်နည်းတယ်တဲ့၊ အကုသိုလ်စိတ်ဖြစ်တာက မဟာပထဝီပေါ်က မြေမှုန့်တွေလို အလွန် များပြားလှတယ်တဲ့၊ အနမတဂ္ဂ သံသရာတစ်လျှောက်လုံးမှာလည်း ဒီအတိုင်းချည်းပဲလို့ မှတ်ပါတဲ့၊ စဉ်းစားကြည့်စမ်း၊ မိမိတို့ခန္ဓာမှာ တစ်နေ့တစ်နေ့ ခြောက်ဒွါရမှာ ဖြစ်နေတဲ့ မြင်မှု၊ ကြားမှုတွေ



မှာ အကျိုးရှိတဲ့ မြင်မှုကြားမှုတွေနှင့် အချည်းနှီးသော မြင်မှုကြားမှုတွေမှာ ဘယ်ဒင်းက ပိုများသလဲ၊ ဒါကို စဉ်းစားဆင်ခြင်လိုက်ရင်လည်း ပေါ်ပါတယ်တဲ့၊ ပြီးတော့ သုဂတိဘုံမှာရှိနေတဲ့ သတ္တဝါတွေနှင့် ဒုဂ္ဂတိဘုံမှာ ဖြစ်နေတဲ့ သတ္တဝါတွေကို နှိုင်းဆကြည့်ရင်လည်း ဒါ သိနိုင်တာပဲတဲ့၊ အလွယ်ဆုံးကို ဆိုကြပါစို့ကွာ၊ လူ့ပြည်မှာ လူဦးရေ ဘယ်လောက်ရှိတယ်ဆိုတာ ရေတွက်လို့ရတယ်၊ ကိုယ့်အိမ်မှာ ရှိတဲ့ ပိုးပုရွက်တွေရဲ့ အရေအတွက်ကို ရေတွက်လို့ ရမလား၊ ဒါကြောင့် သုဂတိဘုံမှာ ဘုံနေသတ္တဝါတွေက အလွန်နည်းတယ်၊ ဒုဂ္ဂတိဘုံမှာကျတော့ ဘုံနေသတ္တဝါတွေက အလွန်များတယ်၊ ကမ္ဘာပေါ်မှာရှိတဲ့ လူဦးရေအားလုံးနှင့် မြန်မာပြည်က မြို့နယ်တစ်နယ်မှာ ရှိတဲ့ ပုရွက်ဆိတ် ဦးရေကို နှိုင်းစာကြည့်ရင်တောင် ပုရွက်ဆိတ်ဦးရေက များလိမ့်မယ်၊ ဒါ ကုန်းသတ္တဝါတွေ မကုန်သေးဘူး၊ ရေသတ္တဝါတွေကိုပါ ထည့်တွက်ကြည့်စမ်း၊ သုဂတိဘုံသားနှင့် ဒုဂ္ဂတိဘုံသား ဘယ်ဒင်းက များသလဲ၊ ဒါက ပြိတ္တာတွေ၊ ငရဲသားတွေ မပါသေးဘူးနော်'

'ဟုတ်ပါတယ်ဆရာ၊ ဒုဂ္ဂတိဘုံသား သတ္တဝါတွေက များကြောင်း ထင်ရှားပါတယ်'

'အေး… ဒါကြောင့် အပါယ်ဘုံ ဒုဂ္ဂတိဘုံဟာ လေးဘုံတည်းရှိတယ်ဆိုပေမယ့် အပါယ်ဘုံသား သတ္တဝါတွေကတော့ မဟာပထဝီမှာရှိတဲ့ မြေမှုန့်လောက် များပြားနေတယ်'

'ဒီသုတ္တန်ဒေသနာတော်ရဲ့ ဆိုလိုရင်းက သတ္တဝါတွေဟာ သေရင် ဒုဂ္ဂတိဘုံကို ရောက်ဖို့ အခွင့်အလမ်း ပိုများတယ်၊ သုဂတိဘုံကိုရောက်ဖို့ အခွင့်အလမ်း အလွန်နည်းတယ်လို့ ဆိုလိုတာ မဟုတ်လား'

'ဟုတ်တယ်၊ ဟုတ်တယ်၊ ဒါကြောင့် လူတစ်ယောက်ဟာ လူ့ဘဝကို တစ်ကြိမ်ရောက်ပြီးရင် နောက်ဘဝမှာလည်း လူ့ဘဝကိုပဲ ပြန်ရမယ်လို့ စိတ်မချရဘူး၊ တိရစ္ဆာန် ဘဝ၊ ပြိတ္တာ ဘဝ၊ အပါယ် ဘဝတွေကို ရောက်သွားဖို့ အကြောင်းက ပိုများတယ်လို့ နားလည်ရမယ်၊ ဒါလည်း လူဖြစ်ဖို့ ခဲယဉ်းတယ်ဆို ဂု ပြတ်ဗုဒ္ဓရဲ့ ဒေသနာကို နားလည်ခြင်းတစ်ရပ်ပဲကွယ်၊ ပြီးတော့ ဒုဂ္ဂတိဘုံ၊ ဂ္ဂတိဘဝတစ်ခုကို ရောက်သွားတဲ့ သတ္တဝါဟာလည်း လူ့ဘဝကို သုဂတိဘဝကို နောက်တစ်ကြိမ် ပြန်ရဖို့ဆိုတာ သိပ်ခက်တယ်ဆိုတဲ့အကြောင်းကိုလည်း ဘာဏာ ဆ္ဆပေါပမ သုတ္တန်မှာ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တယ်'

www.burmeseclassic.com

www.burmeseclassic.com



'ပြောပြပါဦးဆရာ၊ သိပါရစေ'

'အခါတစ်ပါးမှာ မြတ်စွာဘုရားဟာ မနုဿတ္တဒုလ္လဘကို ပြလိုတဲ့အတွက် ရဟန်းတို့၊ ဥပမာဆိုကြပါစို့၊ ကျွန်းကြီးလေးကျွန်း၊ ကျွန်းငယ် နှစ်ထောင်တို့ရဲ့ အပြင်ဘက်မှာရှိတဲ့ အနက် ယူဇနာ ရှစ်သောင်းလေးထောင်၊ အနံ ယူဇနာ ရှစ်သောင်းနှစ်ထောင်၊ အလျားယူဇနာ သုံးသန်းခြောက်သိန်းကျော်ရှိတဲ့ မဟာသမုဒ္ဒရာကြီးတစ်ခု ရှိတယ်၊ ဇမ္ဗူဒီပါကျွန်းရဲ့ မြောက်ဘက်မျက်နှာ မဟာသမုဒ္ဒရာကြီးထဲမှာ အပေါက်တစ်ခုသာ ပါရှိတဲ့ လှည်းထမ်းပိုးကလေးတစ်ခုဟာ အရပ်လေးမျက်နှာကို လေဆောင်ရာ မျောပါနေတယ်လို့ ဆိုကြပါစို့၊ တစ်ခါ ဥတ္တရကုရုကျွန်းရဲ့ မြောက်ဘက်မျက်နှာ မဟာသမုဒ္ဒရာကြီးရဲ့ အလယ်မှာတော့ မျက်စိနှစ်ဘက်စလုံး ကန်းနေရှာတဲ့ လိပ်ကလေးတစ်ကောင် ရှိတယ်၊ အဲဒီလိပ်ကလေးဟာ ဒီသမုဒ္ဒရာကြီးမှာ ရောက်မိရောက်ရာ ကူးခတ် သွားလာနေတယ်၊ ရေအောက်မှာ ကူးခတ်နေတာ အနှစ်တစ်ရာကြာမှ တစ်ခါ၊ အနှစ်တစ်ထောင်ကြာမှ တစ်ခါလောက်သာ ဒီလိပ်ငယ်ဟာ သမုဒ္ဒရာ ရေမျက်နှာပြင်ပေါ်သို့ ဦးခေါင်းက ပေါ်လာတတ်တယ်၊ ထမ်းပိုးကလေးကလည်း လေဆောင်ရာပါပြီး မျောချင်ရာ မျောနေတယ်၊ တစ်ကြိမ်တစ်ခါမှာတော့ လိပ်ကန်းငယ်ကလေးရဲ့ ဦးခေါင်းဟာ ဒီထမ်းပိုးငယ်ရဲ့ အပေါက်မှာ စွပ်မိနိုင်တဲ့ အခွင့်အလမ်းမျိုး ရှိနိုင်သလားလို့ မေးတော်မူတယ်၊ ဒီအခါ ရဟန်းများက စွပ်မိနိုင်ဖို့ အခွင့်ဟာ မရှိသလောက်ပါဘုရား၊ သို့သော်လည်း ကမ္ဘာဆိုတာက အလွန်တရာ ရှည်ကြာတယ် ဆိုတော့ တစ်ရံတစ်ခါမှာတော့ စွပ်မိကောင်း စွပ်မိနိုင်ပါတယ်ဘုရားလို့ လျှောက်ထားကြတယ်၊ ဒီတော့ မြတ်စွာဘုရားက ရဟန်းတို့၊ အဲဒီအမှုကိစ္စထက် ခဲယဉ်းတဲ့ အမှုကိစ္စမျိုး ရှိသေးတယ်၊ အဲဒါကတော့ ဒီလူ့ပြည်က စုတေသေလွန်ပြီးတော့ အပါယ်ကို ကျသွားတဲ့သူဟာ လူ့ပြည်ကို တစ်ဖန် ပြန်ရောက်ဖို့အရေးဟာ လိပ်ကန်းနှင့်ထမ်းပိုးပေါက် စွပ်မိတဲ့အရေးထက်တောင် အဆအရာအထောင်မက ခက်သေးတယ်လို့ မိန့်တော်မူတယ်၊ ဘာဖြစ်လို့လဲဆိုရင် အပါယ်ဘုံမှာက ကုသိုလ်ကောင်းမှု ပြုခြင်းဆိုတာ လုံးဝမရှိဘူးတဲ့၊ ကုသိုလ်ကောင်းမှုပြုဖို့ မဆိုထားနှင့်၊ ကုသိုလ်ကောင်းမှုဆိုတာကို သိတောင်မသိဘူး၊ နိုင်ရာနိုင်ရာဖမ်းယူ ကိုက်စား သတ်ဖြတ်နေကြတာမျိုးပဲ ရှိတယ်၊ ဒေသနာတော်အရမှာ သတ္တဝါတစ်ခုဟာ ကုသိုလ်စိတ်စောပြီး သေမှသာ သုဂတိဘုံကို ရောက်တယ်၊ အကုသိုလ်စိတ် စောပြီး သေရင် ဒုဂ္ဂတိဘုံကိုပဲ ကျရောက်တတ်တယ်၊ ဒါဟာ အဘိဓမ္မာသဘောပဲ'



'မသေခင်မှာ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်လေ့ကျက်နေသူဖြစ်မှသာ သေဘေးနှင့် ကြုံတဲ့အခါ ကုသိုလ်စိတ်စောနိုင်တယ်၊ ဒါတောင် အတော်ခဲယဉ်းတယ်တဲ့၊ မသေခင်အချိန်တုန်းက ကုသိုလ်ကိုလည်း မပြု၊ ကုသိုလ်ပင်မသိဘဲနှင့် နေ့ရက်နှစ်လကုန်ခဲ့တဲ့ အပါယ်ဘုံသားတွေများမှာတော့ ကုသိုလ်စိတ်စောပြီး သေဖို့အခွင့်အရေး ဘယ်မှာရပါတော့မလဲ တဲ့၊ တစ်နေ့တစ်နေ့ သေကြေပျက်စီးနေကြရတဲ့ ရေသတ္တဝါတွေ၊ ကုန်းသတ္တဝါတွေဟာ တိုင်းပြည်တစ်ပြည်မှာတောင် ဘယ်လောက်များမလဲ၊ စဉ်းစားကြည့်စမ်း၊ ဒီသတ္တဝါတွေက ကုသိုလ်စိတ်စောပြီး သေဖို့အခွင့်အလမ်း ဘယ်ရပါ့မလဲ၊ အပါယ်ဘုံသား သတ္တဝါတွေဆိုတာ ဒါန၊ သီလ၊ ဘာဝနာ ဆိုတဲ့ ကုသိုလ်တရားတွေနှင့် တစ်ဘဝထက် တစ်ဘဝ ဝေးသည်ထက် ဝေးပြီး ပိုပိုပြီး မိုက်မဲ တွေဝေသွားဖို့ အကြောင်းသာ ရှိတယ်၊ တစ်ဘဝထက် တစ်ဘဝ နစ်၍မြုပ်၍သာ သွားကြရရှာတယ်၊ ဥပမာအားဖြင့် သိန်းသန်းကုဋေမကသော ကျောက်တုံး ကျောက်ခဲ တွေကို သမုဒ္ဒရာရေပြင်ထဲ ပစ်ချလိုက်ရင် အားလုံးမြုပ်ကုန်ကြသလိုပဲ ပေါ်တတ်တဲ့ ကျောက်တုံးကျောက်စိုင်ကိုဆိုတာ တစ်လုံးတစ်လေတောင် ရှာမရသလိုပဲပေါ့ကွယ်၊ ပါရမီသမ္ဘာ ရင့်သန်ပြီးတဲ့ အလောင်းတော်များကလွဲရင် ကျန်သော သတ္တဝါတွေဟာ အပါယ်ဘုံသို့ တစ်ခါကျသွားပြီဆိုရင်တော့ ဘဝတစ်ထောင်၊ ဘဝတစ်သောင်း၊ ဘဝတစ်သိန်းနှင့်တောင် လူ့ဘဝကို နောက်တစ်ကြိမ် ပြန်ရဖို့ မလွယ်တော့ဘူး၊ လူတစ်ယောက်ရဲ့ အနမတဂ္ဂ သံသရာမှာ ဘဝတွေထဲမှာလည်း သုဂတိဘုံမှာ နေခဲ့တဲ့ ဘဝနှင့် နှိုင်းစာရင် ဒုဂ္ဂတိဘုံမှာ နေခဲ့ရတဲ့ ဘဝက အဆမတန် များတယ်၊ လက်သည်းခွံပေါ်က မြေမှုန့်နှင့် ကမ္ဘာမြေပေါ်က မြေမှုန့်လိုပါပဲ၊ ဒါကိုမင်း သဘောပေါက်ပြီလား'

'ဒါဆိုရင် လူ့ဘဝ ဖြစ်တည်လာရတာဟာ အင်မတန် ကံထူးတယ်၊ အလွန်အရတော်တယ်လို့ ဆိုရမှာပေါ့နော် ဆရာ'

'အနမတဂ္ဂ သံသရာမှာ သတ္တဝါတစ်ဦးဟာ (လူတစ်ဦးဟာ) ကျင်လည်ခဲ့စဉ် ကာလတစ်လျှောက် သုဂ္ဂတိ ဘဝတွေမှာ ဖြစ်တည်ခဲ့ရတာက အလွန်နည်းတယ်၊ ဒုဂ္ဂတိဘဝတွေမှာ ဖြစ်ခဲ့ရတဲ့ကာလနှင့် ဘဝတွေက အလွန်များတယ်၊ ဒါကြောင့် ခု ပစ္စုပ္ပန်မှာ လူ့ဘဝကို လက်ငင်းရနေတာ၊ လူအဖြစ်နှင့် တည်နေတာဟာ အလွန်ရခဲတဲ့ အခွင့်အလမ်းကြီးနှင့် ကြုံနေတာ ဖြစ်တယ်လို့ ဆိုရင်မမှားပါဘူး၊ သို့သော်လည်း ရ,ထားတဲ့ လူ့ဘဝမှာ အန္ဓပုထုဇဉ်အဖြစ်နှင့်ပဲ နေ့

www.burmeseclassic.com

www.burmeseclassic.com



ရက် နှစ် လ အချိန်ကုန်ခံနေပြီး သေသွားပြန်ရင်လည်း ပုထုဇဉ်ရဲ့ကိုယ်မှာ ဘဝ အဆက်ဆက်က ပြုလုပ်လာခဲ့ပြီး အကျိုးပေးခွင့် မရသေးတဲ့ သင်္ခါရဒိဋ္ဌိ စွဲငြိနေတဲ့ ကမ္မ၏ ထမြောက်ပြီးတဲ့ အပါယ်ဘုံစာရင်းပေါက်ပြီးတဲ့ အကုသိုလ် ကံဟောင်း အနန္တ ပါရှိနေသေးတယ်ဆိုတာကိုလည်း နားလည် သဘောပေါက် ရမယ်၊ ဆိုလိုတာကတော့ ကောင်းမှုကံ အလှည့်ကြုံလို့ ပစ္စုပ္ပန်မှာ မွန်မြတ်တဲ့ လူ့ဘဝကို ရလို့ လူ့အနေ ဖြစ်တည်ခွင့်ရလို့ အားရကျေနပ်ပြီး အချိန်ကုန်ခံလို့ မရဘူး၊ သက္ကာယဒိဋ္ဌိကို မပယ်နိုင်ဘဲ ဒီဘဝကသေဆုံးသွားရင် လူဟာ နောက် ဘဝမှာ အပါယ်ကိုကျမှာပဲ၊ အပါယ်မျိုးစေ့ ရှိနေတဲ့အတွက် အပါယ်ပင် ပေါက် မှာပဲ၊ ဒါကြောင့် လူ့ဘဝကို ရှုမြင်တဲ့အခါ အမှန်အကန် သိအောင် ရှုတတ်ဖို့ လိုတယ်၊ လူ့ဖြစ်ရလို့ဆိုပြီး ဝမ်းသာ ကျေနပ်နေလို့ မဖြစ်ဘူး’

‘လူဖြစ်ရတာဟာ အရတော်တယ်လို့ မဆိုနိုင်ဘူးလား ဆရာ’

‘အေး… မဆိုနိုင်ဘူး၊ ဒါကို ရှင်းပြမယ်၊ လူမှာ မွေးကတည်းက ဘေး အန္တရာယ် နှစ်ခု အပြီးပါလာတယ်၊ တစ်ခုက ဝိပရိဏာမ ဘေး၊ ဒါက အိုနာ သေဘေးကွယ့်၊ ဖြစ်တည်မှုဝါဒီတွေပြောသလို လူဟာ ဖြစ်တည်လာကတည်းက သေဒဏ်အပြစ် ကျခံပြီးသား ဖြစ်နေတယ်၊ ဒါ ဘာကြောင့် ဖြစ်ရသလဲဆိုတာကို ဖြစ်တည်မှုဝါဒ ဒဿနဆရာတွေ လုံးဝမသိဘူး၊ သိလည်းမသိနိုင်ဘူး၊ ဗုဒ္ဓဝါဒ အရတော့ ဇာတိကြောင့် ဇရာ မရဏဖြစ်ရတာလို့ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်က ရှင်းပြနိုင်တယ်၊ လူ့ဘဝကိုရပေမယ့် သေခြင်းတရား၊ အိုခြင်းတရား၊ နာခြင်း တရားက လူ့ခန္ဓာမှာ ကပ်ပြီး ပါနေတယ်ဆိုတော့ လူအဖြစ်ဟာလည်း အဖြစ် ဆိုးပဲကွယ့်၊ နောက် ဒီထက်ဆိုးတာ ရှိသေးတယ်၊ ဖြစ်တည်မှုဝါဒီတွေထင်သလို လူ့ရဲ့ဖြစ်တည်မှုဟာ သေဆုံးခြင်းသို့ရောက်ရင် ဆုံးသွားတာမျိုး မဟုတ်ဘူး၊ သူ့မှာ ဘဝအဆက်ဆက်တွေ ရှိနေသေးတယ်၊ သူဟာ အခြားဘဝတစ်ခု အခြား ဖြစ်တည်မှု တစ်ခုမှာ ပဋိသန္ဓေ ယူဦးမှာပဲ၊ အဲဒီလို မလွဲမသွေ ဘဝသစ် ပဋိသန္ဓေ တည်နေရတဲ့ ဖြစ်စဉ်ကြီး (သံသရာခရီး) က ရှိနေသေးတယ်၊ သူဟာ သံသရာခရီးသည်ဘဝက မကျွတ်သေးဘူး၊ သူ့မှာ ဆက်လျှောက်ရဦးမယ့် သံသရာ ရှည်ကြီးက အဝေးကြီး ကျန်ရှိနေသေးတယ်၊ အဲဒီခရီးကို လျှောက်တဲ့အထိ ငရဲ ဘဝ၊ တိရစ္ဆာန်ဘဝ၊ ပြိတ္တာဘဝဆိုတဲ့ အပါယ်ဘဝ၊ အပါယ်ဖြစ်တည်မှုတွေနှင့် ဆက်လျှောက်ရဦးမယ့် ဝိနိပါတဘေးကြီးကလည်း သူ့ကိုယ်မှာ ရှိနေသေးတယ်၊ ဒီဘေး ဘာကြောင့် ရှိနေရသလဲဆိုတာကိုလည်း ဗုဒ္ဓရှင်တော်မြတ် ဟောဖော်



ညွှန်ပြနိုင်တယ်၊ ဝိနိပါတ ဘေး၊ အပါယ်ဘေးကြီး ရှိနေရတဲ့အကြောင်းကတော့ လူ (သတ္တဝါ)တွေရဲ့ ကိုယ်မှာ သက္ကာယဒိဋ္ဌိဆိုတဲ့ ရုပ်နာမ်ခန္ဓ သင်္ခါရတွေရဲ့ အဖြစ်အပျက်ကို အမှန်အတိုင်း မမြင်ဘဲ တလွဲတစ်ဖုံ မြင်သိနေတဲ့ အမြင်မှားမှု ရှိနေလို့ပဲ ဖြစ်တယ်တဲ့’

‘ဒါဆိုရင် လူရယ်လို့ ဖြစ်တည်နေတဲ့ဘဝမှာ ဒီအတိုင်းနေလို့တော့ လူ့ဘဝ အရတော်တယ်၊ လူဖြစ်ကျိုးနပ်တယ်လို့ ဘယ်ဆိုနိုင်မလဲ နော်’

‘ဘယ်ဆိုနိုင်မလဲ၊ မဆိုနိုင်ရုံတင်မကဘူး၊ ဒီအတိုင်း ဒီဘေးဆိုးကြီးနှစ်ခုက လွပ်အောင် အားမထုတ်ဘဲ ငုတ်တုတ်သေသွားရင် လူဖြစ်တောင် ရှုံးဦးမယ်’

‘ဒါဆိုရင် ကျွန်တော့်ခေါင်းထဲမှာ တော်တော် ရှင်းလာပါပြီ၊ လူဟာ မိမိ ဖြစ်တည်ရာဘဝကို ပိုပြီး အနှစ်သာရရှိအောင်၊ လူဖြစ်ကျိုးနပ်အောင် လုပ်ရမယ်၊ ဒီလိုလုပ်ချင်ရင် ဝိပရိဏာမဘေးနှင့် ဝိနိပါတဘေးက လွတ်အောင် ကြံဆောင် အားထုတ် အလုပ်လုပ်ကြရမယ်၊ လောကီအလိုအားဖြင့် သူဌေးဖြစ်အောင် ပဒေသရာဇ်၊ ဧကရာဇ်မင်းဆိုတဲ့ ဘဝရဲ့ အနှစ်သာရတွေက အို နာ သေဘေး မကင်းတဲ့ ဇာတိသံသရာက လွတ်အောင် ငရဲ၊ ပြိတ္တာ၊ တိရစ္ဆာန်၊ အသူရကာယ် ဆိုတဲ့ အပါယ်လေးပါး ဝဋ်ဒုက္ခက လွတ်အောင် မဆောင်ရွက်နိုင်ဘူးနော်’

‘အေး… အဲဒါကိုလည်း ပြောရဦးမယ်၊ မင်း ကောင်းကောင်း သဘောပေါက် အောင် မင်းပြောတဲ့ ဘဝအနှစ်သာရဆိုတာတွေကို ဗုဒ္ဓဘာသာဝေါဟာရတွေနှင့် ပြောင်းပြီးပြောရင် ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိလို့ ခေါ်တယ်၊ ဗုဒ္ဓယုတ္တိဗေဒကို ဒီမှာသိဖို့ လိုတယ်၊ ဘဝသပမ္ပတ္တိနှင့် ဘောဂသမ္ပတ္တိဆိုတဲ့ တရားနှစ်ပါးဟာ ဘစ်ခုကိုတစ်ခု ဆန့်ကျင်နေတယ်’

‘ဘယ်လိုဆန့်ကျင်တာကို ပြောတာလဲ ဆရာ’

‘ဒီလိုကွယ့်၊ လူဟာ ဗုဒ္ဓဝါဒအရ ဘဝသမ္ပတ္တိဆိုတဲ့ ကောင်းမွန်မြင့်မြတ်တဲ့ ဘဝတွေကို လိုချင်ရင် ဘောဂသမ္ပတ္တိဆိုတဲ့ ပစ္စည်းဉစ္စာကို အဆုံးရှုံး အနစ်နာခံ ရတယ်၊ ဒီလိုပဲ ဘောဂသမ္ပတ္တိကို ခင်မင်တွယ်တာနေရင်လည်း ဘဝသမ္ပတ္တိကို ဆုံးရှုံးခံကြရမယ်’

‘ဒီအယူအဆက အသစ်အဆန်းပဲနော်၊ ကျွန်တော်ကတော့ လောလောဆယ် မှာ သိပ်ပြီး သဘောမပေါက်ပါဘူးဆရာ’

‘အေး… သဘောမပေါက်သေးရင် အဲဒီအယူအဆကို ကြားမှုးပြီ မဟုတ်လား၊ မှတ်ရုံပဲ မှတ်ထားပါ၊ နောက်ပိုင်းမှာ ဗုဒ္ဓဝါဒီရဲ့ လူ့ဘဝ အမြင်အပိုင်းကျတော့ သတ်သတ် အကျယ်ဆွေးနွေးမယ်’

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့၊ ကောင်းပါပြီဆရာ'

'ကဲ… ဒါဆိုရင် ငါတို့ ဆွေးနွေးခဲ့ကြပြီးတဲ့အထဲမှာ ဖြစ်တည်မှု ဝါဒီနှင့် ဗုဒ္ဓဝါဒဟာ အခြေခံအချက်အလက်တွေအပေါ်မှာကိုက သိပ်ပြီး ခြားနားတယ်၊ ပြဒါးတစ်လမ်း၊ သံတစ်လမ်း ဖြစ်နေတယ်ဆိုတာ မင်းမြင်ပြီ မဟုတ်လား'

'ဟုတ်ကဲ့၊ အတော်အသင့် မြင်ပါပြီဆရာ'

'မြင်ရင် နောက်ထပ် ဒဿနပညာ ကျောင်းသားတစ်ယောက် အနေနှင့် မင်းက ဘာကိစ္စ ပြောချင်သေးလဲ၊ ဘာဒဿနပြဿနာကို တင်ချင်သေးသလဲ'

'ဟုတ်… ဟုတ်ကဲ့၊ ရင်ထဲမှာ မတင်မကျဖြစ်နေတာလေးတွေတော့ ရှိနေပါသေးတယ် ဆရာ'

'ဒါဆိုရင် မင်း ဘဝင်မကျသေးဘူးလို့ ဆိုလိုတာပေါ့'

'ဒီလိုမဆိုလိုပါဘူးဆရာ၊ ပြီးခဲ့တဲ့ ဆွေးနွေးခဲ့ပြီး ကိစ္စတွေပေါ်မှာတော့ ဘဝင်ကျပါတယ်၊ ဒါပေမယ့် ဒဿနနှင့် ပတ်သက်တဲ့ ပြဿနာကလေးတွေက မကုန်သေးဘူး၊ ကျွန်တော့်ရင်ထဲမှာ သိချင်တာတွေ ကျန်နေတာကို ပြောတာပါ'

'ကဲ… ဘာကျန်သလဲပြော'

'ဖြစ်တည်မှုဝါဒမှာ အရေးကြီး တင်ပြထားတဲ့ လူပီသမှု၊ လူ့တာဝန် လူ့ဝတ္တရား၊ လူ့လွတ်လပ်ခွင့်ဆိုတဲ့ သဘောတရားတွေအပေါ် ဆရာ ဘုံစဉ်စံဒဿနက ဘယ်လို သဘောထားသလဲဆိုတာ သိချင်တာပါပဲ'

'အေး… အေး၊ မင်းမဆိုးဘူး၊ မေးတတ်တယ်၊ အဲဒါတွေဟာ ဖြစ်တည်မှုဝါဒရဲ့ ပြဿနာတွေပဲ၊ ဟုတ်တယ်၊ အဲဒီအကြောင်းတွေကိုလည်း ဆွေးနွေးသင့်တယ်၊ ကဲ… ဒါထား၊ ဖြစ်တည်မှုဝါဒက အဲဒီ အယူအဆတွေကို ဘယ်လိုရှုမြင်ထားသလဲ၊ မင်းပဲ ပြောပြစမ်းပါဦး'

'ဖြစ်တည်မှုဝါဒက ပုဂ္ဂလိကလူသားဟာ သူ့ဘဝကို သူတည်ဆောက်တဲ့အခါ သူလုပ်ချင်တာကို သူ လွတ်လွတ်လပ်လပ် ရွေးချယ်နိုင်တယ်တဲ့၊ ဒီလို ကိုယ့်သဘော ကိုယ့်ဆန္ဒအတိုင်း လွတ်လွတ်လပ်လပ် ရွေးချယ်နိုင်ပြီး လုပ်ကိုင်ရတဲ့ အတွက် သူလုပ်ကိုင်သမျှ ကိစ္စအားလုံးအတွက် သူ့မှာ လုံးဝတာဝန်ရှိတယ်တဲ့၊ ဒါကြောင့် လူဟာ ကိုယ့်စိတ်နှင့်ကိုယ့်ကို လွတ်လပ်စွာ ရွေးချယ်ပြုမူဆောင်ရွက်တဲ့ အမှုကိစ္စ အားလုံးအတွက် ကျရောက်လာတဲ့ တာဝန်မှန်သမျှကို ယူကြရမယ်၊ လူပြုသမျှ အမှုကိစ္စ အားလုံးအတွက် လူမှာ လုံးဝ တာဝန်ရှိတယ်တဲ့၊ ဒီလို လူ့တာဝန်ကိုသိတဲ့လူ၊ လူ့တာဝန်ကို ခေါင်းမရှောင်ဘဲ ထမ်းဆောင်တဲ့လူ



သာလျှင် လူပီသတယ်၊ စစ်မှန်တဲ့ ဖြစ်တည်မှုရှိတဲ့ လူဖြစ်တယ်လို့ ဆိုပါတယ် ဆရာ'

'ဟုတ်ပြီ၊ မင်းပြောသလို ပုဂ္ဂလိကလူသားဟာ သူ့ဘဝကို သူ လွတ်လွတ်လပ်လပ် တည်ဆောက်နိုင်တယ်၊ ကိုယ့်သဘော ကိုယ့်ဆန္ဒအတိုင်း လွတ်လွတ်လပ်လပ် ရွေးချယ်နိုင်တယ်ဆိုတာ မှန်သလား၊ အဲဒါကို ပထမစဉ်းစားရမယ်၊ အဲဒါ မင်းအနေနှင့်ကော ဘယ်လိုထင်သလဲ'

'ကျွန်တော့်အနေနှင့်လည်း လူဟာ သူ့ဘဝကို သူဖန်တီးတဲ့နေရာမှာ သူ ရွေးချယ်ပိုင်ခွင့်နှင့်သူ လွတ်လွတ်လပ်လပ် လုပ်နိုင်တယ်ဆိုတဲ့ အယူအဆကို ကြိုက်ပါတယ်ဆရာ'

'မင်းပြောပုံက မှန်တာ မှားတာ အဓိက မဟုတ်ဘူး၊ မင်းကြိုက်တာသာ အဓိက ဖြစ်နေတယ်၊ အမှန်တရားဟာ အချစ် အမုန်းက လွတ်နေရမှာပေါ့ကွ'

'မှန်တော့ မှန်ပါတယ်ဆရာ'

'ဘာမှန်တာလဲ'

'အမှန်တရားဟာ အချစ် အမုန်း လွတ်နေရမယ် ဆိုတာ မှန်ပါတယ်လို့ ပြောတာပါဆရာ'

'ဒါဆို မင်းကြိုက်လို့ မှန်တာမျိုး မဖြစ်စေရဘူး၊ ဟုတ်ရဲ့လား'

'ဟုတ်ပါတယ်ဆရာ၊ ဒါပေမယ့် မှန်လို့ကြိုက်တာကော မဖြစ်နိုင်ဘူးလား'

'ကောင်းပြီ၊ ပုဂ္ဂလိကလူသားဟာ သူ ဖြစ်ချင်တာ ဖြစ်နိုင်တယ်၊ သူ့ဘဝကို သူ လွတ်လွတ်လပ်လပ် ရွေးချယ်ပြီး တည်ဆောက်ချင်သလို တည်ဆောက်နိုင်တယ် ဆိုတာဟာ မှန်တယ်လို့ မင်း ယုံကြည်သလား'

'ကျွန်တော် မှန်တယ်၊ မမှန်ဘူး ဆိုတာကို မဆုံးဖြတ်နိုင်ပါဘူး ဆရာ၊ ဒါကြောင့် မှန်တယ်၊ မှားတယ်ဆိုတာကို ကျွန်တော် မပြောဘဲ ကျွန်တော် ကြိုက်တယ်ဆိုတာကိုပဲ ကိုယ့်အတိုင်းအတာနှင့်ကိုယ် ပြောတာပါ'

'မင်းက လူပါးပဲ၊ လူလည်ပဲကွ၊ မင်းမှတ်ထား၊ အပါးလည်တော့ အပါယ် လားတတ်တယ်တဲ့'

'ဟုတ်ကဲ့ပါဆရာ၊ ဘုံစဉ်စံ ဘဝလမ်းပြ ဒဿနအမြင်ကိုပဲ သိပါရစေ ဆရာ'

'ထေရဝါဒ ဗုဒ္ဓဘာသာ အပေါ်မှာ အခြေခံထားတဲ့ ဘုံစဉ်စံ ဘဝလမ်းပြ ဒဿနကတော့ လူ့ဘဝမှာ ပုဂ္ဂလိက လူသားဟာ သူဖြစ်ချင်တာ သူလုပ်ချင်

www.burmeseclassic.com

www.burmeseclassic.com



တာကို လွတ်လွတ်လပ်လပ် ရွေးချယ်ပြီး လုပ်နိုင်တယ်ဆိုတာဟာ ပုဂ္ဂလိက မိဋ္ဌာန်ကို ပြောတာ၊ ကိုယ်ဖြစ်ချင်တာ ကိုယ်ပြောတာ တကယ်ဖြစ်နေတဲ့ ဓမ္မ မိဋ္ဌာန်နှင့်တော့ တခြားစီပဲကွ၊ မင်းတို့ အထင်ကြီးနေတဲ့ ဖြစ်တည်မှုဝါဒက လူ့ ဘဝ နိယာမ ငါးမျိုးက လွှမ်းမိုးအုပ်စိုးနေတယ်ဆိုတာကို ထည့်စဉ်းစားနိုင်သလား

'မစဉ်းစားထားပါဘူးဆရာ၊ နိယာမ ငါးမျိုးဆိုတာ ဘာကိုပြောတာလဲ'

'ဗုဒ္ဓဘာသာတွေရဲ့အမြင်မှာ ဒီသက်ရှိ သက်မဲ့အလုံးစုံကို လွှမ်းမိုးနေတဲ့ နိယာမ ငါးမျိုးရှိတယ်၊ နိယာမငါးမျိုးဆိုတာက (၁) ဗီဇနိယာမ၊ (၂) ဥတု နိယာမ၊ (၃) ကမ္မနိယာမ၊ (၄) ဓမ္မနိယာမ၊ (၅) စိတ္တနိယာမတို့ ဖြစ်တယ် ခုခေတ်မှာ မျိုးဗီဇ ယန္တရားသိပ္ပံပညာ (genetic engineer) က သတ္တဝါတွေရဲ့ geneခေါ်တဲ့ မျိုးဗီဇအကြောင်းကို လေ့လာခဲ့တာ၊ သတ္တဝါတွေရဲ့ မျိုးဗီဇမှာရော သက်မဲ့ သစ်ပင် ကောက်ပင်တွေရဲ့ မျိုးဗီဇမှာရော သူ့နိယာမနှင့်သူ ဖြစ်နေတယ် ဆိုတာ တွေ့ရှိနေပြီ မဟုတ်လား၊ လူ့ဗီဇထဲမှာ ပါဝင်နေတဲ့ ဒီအင်အေ အာ အင်အေတွေဟာ သူ့နိယာမအတိုင်း သူတို့ အလုပ်လုပ်နေကြတယ်၊ သူ့အချိန်နှ ခရိုမိုဆုမ်းတွေ အစိတ်စိတ်ကွဲပြီး ကြီးထွားနေကြတယ်၊ တို့ဗုဒ္ဓ မြတ်စွာဘုရာ ကလည်း သံယုတ် အဋ္ဌကထာ၊ ပါရာဇိကဏ် အဋ္ဌကထာတို့မှာ သိုးမွေးမျ တည်တဲ့ ဆီကြည်ပေါက်လောက်သာ အရွယ်ပမာဏရှိတဲ့ ကလလ ရေကြည်က နေပြီး လူ့သန္ဓေသားဟာ အချိန်ကာလအလိုက် အဆင့်ဆင့် ကြီးထွားလာပုံ ဟောတော်မူထားတာတွေ ရှိပါတယ်၊ ခေတ်သိပ္ပံပညာက မျိုးဗီဇထဲမှာပဲ မျိုး လိုက် သဘောတွေ ပါတယ်၊ မျိုးဗီဇထဲမှာပဲ ရောဂါကျရောက်မှုကို ကာကွယ် ကိုယ်ခံစနစ်တွေ ပါတယ်၊ မျိုးဗီဇထဲမှာပဲ မျိုးပွားတဲ့စနစ်တွေ ပါတယ်၊ မျိုးဗီ ထဲမှာပဲ ကြီးထွားတဲ့သဘော၊ အိုမင်းရင့်ရော်တဲ့သဘော၊ သေဆုံးတဲ့သဘော ပါတယ်၊ ဒီဗီဇနိယာမအရ လူဟာ သူ့အဘိုး သူ့အဖေဆီက မျိုးရိုးလိုက် ရော တွေကို အမွေခံအဖြစ် ရခဲ့တယ်၊ ဖြစ်တည်လာကတည်းက သူ့မှာ မတောင်းဘဲ ပြည့်တဲ့ဆုတွေ ပါလာတယ်၊ မျိုးရိုးလိုက်တဲ့ရောဂါ၊ ပတ်ဝန်းကျင်က ပြုပြင် ကိုယ် နှုတ် နှလုံး အမူအရာတွေ၊ မလိုချင်ဘဲ ရလာတယ်ဆိုတဲ့ သဘောတွေ အဲဒါတွေကို သူက ငြင်းဆန်နိုင်သလား၊ သူ့ဘာသာ မအိုအောင်၊ မနာအော မသေအောင် ရွေးချယ်ပြီး သူ့ဘာသာ လွတ်လပ်စွာ ဖန်တီးလို့ ရသလား၊ ဒါ ဗီဇနိယာမ သဘောကို ပြောတာ၊ ဥတုနိယာမလည်း ရှိသေးတယ်၊ လူ့ဘဝ ပြုပြင်နေတဲ့ အကြောင်းတရားတွေထဲမှာ ဥတုလည်းပါတယ်၊ ပထဝီ အနေအထ

www.burmeseclassic.com



လည်း ပါတယ်၊ အပူပိုင်းဒေသ အာဖရိကတိုက်မှာ မွေးဖွားတဲ့လူဟာ ဆံပင် လိမ်တွန့်ပြီး အသားမည်းနက်မှာပဲ၊ အဲဒီသူရလာတဲ့ ဘဝဖြစ်တည်မှုကို အာဖရိက တိုက်သား လူမည်းဟာ ဥရောပတိုက်သား လူဖြူတွေလို ဆံပင် ရွှေရောင်၊ မျက်လုံးအပြာနှင့် နီကျင်တဲ့ အသားအရေဖြစ်အောင် လုပ်လို့ရမလား၊ ဒါကြောင့် လူဟာ ဗီဇနိယာမနှင့် ဥတုနိယာမရဲ့ ပြဋ္ဌာန်းခံရတယ်၊ သူလုပ်ချင်တိုင်း လုပ် လို့ မရဘူး၊ အကန့်အသတ်မဲ့ လွတ်လပ်ခွင့်ဆိုတာကို မရဘူး၊ ပိုပြီး ထင်ရှား တဲ့ သာဓက တစ်ခုကို ပြဦးမယ်၊ လူ့ဘဝမှာ ဖြစ်တည်လာတဲ့ သတ္တဝါဟာ ဖြစ်တည်ပုံ အဆင့်ဆင့်ကို ကျော်ဖြတ်ရသေးတယ်၊ မင်း စဉ်းစားကြည့်ပါ၊ လူ ဟာ နုပျိုစဉ်အခါမှာ ဉာဏပညာ မရှိဘူး၊ ကြီးပြင်း အိုမင်းတဲ့အခါကျတော့ အင်အားမရှိတော့ဘူး၊ အဲဒီနိယာမမှာလည်း ဗီဇနိယာမ တစ်ခုပဲ၊ ဒါကို လူသား ဟာ သူဖြစ်ချင်သလိုဖြစ်အောင် ရွေးချယ်နိုင်သလား၊ ကဲ... မင်းဖြေစမ်းပါ'

'ဟုတ်ပါတယ်ဆရာ၊ နိယာမရဲ့ လွှမ်းမိုးမှုကို လူသားက လွန်ဆန်ပြီး သူ့ စိတ်တိုင်းကျ လွတ်လွတ်လပ်လပ် ရွေးချယ်ခွင့် မရှိတာ ထင်ရှားလာပါတယ်'

'သူ့အဘိုးဆီက ဆံပင်ကျွတ်တဲ့ ရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါကို သူ့မြေးလက်ထက်မှာ အမွေခံရရှိပါတယ်၊ ဒါဆို ဘယ်လူသား ကတော့ လိုချင်မလဲ၊ မလိုချင်ဘဲနှင့် ရလာတယ်၊ သူ ဘာတတ်နိုင်မလဲ၊ ဒါ ရှင်းပလား'

'ဟုတ်ကဲ့ ရှင်းပါတယ်ဆရာ'

'ကဲ ... ကောင်းပြီ၊ အဲဒီထက် လေးနက်တဲ့ ကိစ္စတစ်ခု ရှိသေးတယ်၊ အဲဒါ ကတော့ ကမ္မနိယာမပဲ၊ သတ္တဝါတိုင်းဟာ အတိတ်ကံရဲ့ အမွေခံတွေ ဖြစ်တယ်၊ သူ့မှာ ကိလေသာဝဋ်၊ ကမ္မဝဋ်ကြောင့်ဖြစ်တဲ့ ဝိပါကဝဋ်ဆိုတာ ဘယ်လိုမှ ရှောင်လွှဲလို့ မရဘူး၊ အကြောင်းရှိခဲ့လို့ အကျိုးဆက်အဖြစ်နှင့် လူဖြစ်လာတဲ့ဘဝ မှာ သူခံစား စံစားရတယ်၊ လေထဲမှာနေနေ၊ ရေထဲမှာနေနေ၊ တောင်ဇောင်းထဲမှာ နေနေ ပြေးလို့မလွတ်ဘူး၊ အတိတ်က ကုသိုလ်ကံ၊ အကုသိုလ်ကံဟောင်းတွေ ဟာ သက္ကာယဒိဋ္ဌိအဆောက်အအုံရှိတဲ့ သူ့ခန္ဓာအစဉ်ကို လိုက်ပြီး သူ့အကျိုးပေး ကျိန်ကျရင် အကျိုးပေးပါတယ်၊ ဒါကို ထင်ရှားအောင် တို့ဗုဒ္ဓမြတ်စွာဘုရားက မှာ သုံးခု ထုတ်ပြထားတာရှိတယ်'

'စိတ်ဝင်စားဖို့ ကောင်းပါတယ်ဆရာ၊ အမိန့်ရှိပါဦး'

'မြတ်စွာဘုရား လက်ထက်တော်အခါတုန်းက သာဝတ္ထိ မြို့တော်မှာ မြို့

www.burmeseclassic.com

www.burmeseclassic.com



တံခါးရှာဆိုတာ ရှိတယ်၊ အဲဒီရှာကို မီးလောင်တယ်၊ မီးလောင်တဲ့အခါကျ တော့ မီးလောင်ပြီး ကောင်းကင်ကို ပျံတက်လာတဲ့ မြက်ကရွတ်ခွေတစ်ခုဟာ ကောင်းကင်ပေါ်မှာ ပျံလာတဲ့ ကျီးတစ်ကောင်ရဲ့ လည်ပင်းမှာ စွပ်မိတယ်၊ ကျီးဟာ မြေပေါ်သို့ ကျပြီး သေခဲ့တယ်၊ ဒါဟာ ကျီးက သူ့စိတ်ကြိုက် ရွေးချယ်ပြီး လုပ်ခဲ့တာ မဟုတ်ဘူး၊ သူ့အတိတ်က ပြုခဲ့တဲ့ ကံဟောင်း အကုသိုလ် အကျိုးပေးတာဖြစ်တယ်'

'အင်း... စဉ်းစားစရာပါကလား'

'အေး... အဲဒါကို ဖြစ်တည်မှုဝါဒက ဘယ်လိုရှင်းမလဲ'

'မရှင်းနိုင်ပါဘူးဆရာ'

'မှန်တယ်၊ သူတို့ ကမ္ဘာသိကတာ သမ္မာဒိဋ္ဌိအမြင် မရှိဘူး၊ ကမ္မနိယာမကို မသိဘူး၊ နောက်ဥပမာ တစ်ခုကို ပြောဦးမယ်'

'အမိန့်ရှိပါဆရာ၊ စိတ်ဝင်စားစရာပဲ'

'မဟာသမုဒ္ဒရာထဲမှာ သင်္ဘောကြီးတစ်စင်းဟာ ခုတ်မောင်းပြီး သွားနေတုန်း ဖြုန်းဆို ရပ်တန့်သွားတယ်၊ စက်လည်း မပျက်ဘူး၊ ရွက်လည်း မပျက်ဘူး အကောင်းပကတိ ရှိတယ်၊ ဒီအခါ သင်္ဘောသူကြီးက ဗုဒ္ဓဘာသာအမြင် ရှိသူ ဆိုတော့ "ငါတို့သင်္ဘောပေါ်မှာ သူယုတ်မာ ပါပြီဟေ့၊ စာရေးတံမဲ ချကြ" လို့ အမိန့်ပေးတယ်၊ စာရေးတံမဲ ချလိုက်တာ သုံးကြိမ် ချတယ်၊ သုံးကြိမ်စလုံး သင်္ဘောသူကြီးရဲ့ ဇနီးလက်ထဲချည်း ကျတယ်၊ သင်္ဘောသူကြီးလည်း မတတ်သာ တော့ဘူး၊ "သူ့ဇနီး တစ်ယောက်အတွက်နှင့်တော့ အများသူတို့ မပျက်စီး စကောင်းဘူး" ဆိုပြီး သူ့မယားရဲ့လည်ပင်းမှာ သဲအိုးကို ဖွဲ့ချည်ပြီး သမုဒ္ဒရာထဲကို သဲအိုးနှင့်တကွ သူ့မယားကို ပစ်ချလိုက်တယ်၊ ဒီလိုပစ်ချလိုက်မှပဲ သင်္ဘောဟာ ချက်ချင်း လေးက ပစ်လွှတ်လိုက်တဲ့ မြားလို တစ်ဟုန်ထိုး ခုတ်မောင်းထွက်ခွာ သွားတော့တယ်၊ ဒါက သမုဒ္ဒရာအလယ်မှာ ရောက်နေတာတောင် အကုသိုလ် ကံဟောင်း အကျိုးပေးချိန်ကို ရောက်လာတဲ့အခါ ဝဋ်ကြွေး ကံကြွေးဆိုတာ ပြေးလို့ မလွတ်ဘူးဆိုတာကို ပြတာ ဖြစ်တယ်'

'စဉ်းစားစရာပါပဲဆရာ'

'အေး... ဥပမာတစ်ခုကိုလည်း ဟောတော်မူထားတာ ရှိသေးတယ်'

'အမိန့်ရှိပါဦးဆရာ၊ ကျွန်တော် ဉာဏ်မျက်စိ ပွင့်လာသလိုပဲ ခံစားရပါတယ်'

'ရဟန်း တစ်ပါးဟာ တောင်ခြေရင်းမှာ ရှိတဲ့ လိုဏ်ခေါင်း တစ်ခုထဲမှာ



နေထိုင်ပြီး တရားအားထုတ်နေတယ်၊ တစ်နေ့ကျတော့ တောင်ထွတ်တစ်ခု ပြိုကျပြီး လိုဏ်ပေါက်ဝမှာ ပိတ်ဆို့နေတယ်၊ ခုနစ်ရက်ကြာပြီးမှ သူ့အလိုလို ကျောက်တုံးလိမ့် ပွင့်သွားတယ်၊ ဒါတွေအားလုံးဟာ အတိတ်ကုသိုလ် ကံဟောင်း တွေ အကျိုးပေးတာ ဖြစ်တယ်၊ လေထဲမှာပဲ နေနေ၊ ရေထဲ သမုဒ္ဒရာထဲမှာပဲ ရောက်နေနေ၊ တောင်စောင်း လိုဏ်ဂူထဲမှာပဲ နေနေ ပြေးလို့ မလွတ်ဘူး၊ ဒါတွေဟာ အကြောင်းမဲ့ဖြစ်တာတွေ မဟုတ်ဘူးကွယ့်'

'ဘယ်လို အကြောင်းရှိခဲ့လို့လဲ ဆရာ'

'ဗုဒ္ဓရှင်တော်မြတ်က အဲဒီပုစ္ဆာကို အဖြေ ပေးတော်မူတယ်၊ ကျီးဟာ ရှေး ဘဝတုန်းက လူဖြစ်ခဲ့တယ်၊ အဲဒီဖြစ်တုန်းက နွားကြမ်းတစ်ကောင်ကို ဆုံးမ မနိုင်တာကြောင့် နွားရဲ့လည်ပင်းမှာ ကောက်ရိုးစည်းကို ဖွဲ့ချည်ပြီး မီးတိုက် လွှတ်လိုက်တယ်၊ နွားသေခဲ့ရတယ်၊ အဲဒီအကုသိုလ်ကံက အခု ကျီးဖြစ်တဲ့ဘဝမှာ ရလို အကျိုးပေးတယ်၊ လှေသူကြီးမယားဟာ ရှေးဘဝတုန်းက ခွေးတစ်ကောင် ကို အမျက်ထွက်ပြီး ခွေးရဲ့ လည်ပင်းမှာ သဲအိုး တစ်လုံးကို ဆွဲပြီး ရေထဲမှာ နှစ်သတ်ခဲ့ဖူးတယ်၊ အဲဒီ ကုသိုလ်ကံဟောင်း အကျိုးပေးတယ်၊ ပြေးမလွတ်ဘူး'

'ရဟန်း လိုဏ်ခေါင်းပိတ်မိနေတာကကော ဆရာ'

'အဲဒါလည်း အတိတ်ကံ အကျိုးပေးတာပဲကွယ့်၊ ရှေးဘဝတုန်းက ဒီရဟန်း ဟာ နွားကျောင်းသား ဖြစ်ခဲ့တယ်၊ အဲဒီအချိန်တုန်းက ဖွတ်တစ်ကောင် တွင်း ထဲ ဝင်ပြေးတာကို မြင်တဲ့အတွက် နွားကျောင်းသားဟာ ဖွတ်ဝင်သွားတဲ့ တွင်း ကို သစ်ရွက်တွေနဲ့ ပိတ်ဆို့ခဲ့ဖူးတယ်၊ ခုနစ်ရက်ကြာမှ ဖွတ်တွင်းနားကို ပြန် ရောက်ပြီး တွင်းကို သူပြန်ဖွင့်ကြည့်တယ်၊ ဖွတ်လည်း အားနည်း ချည့်နဲ့ပြီး ထွက်လာတာပေါ့၊ ဒီအခါကျတော့ နွားကျောင်းသားဟာ ဖွတ်ကို သနားပြီး လွှတ်သာပေးခဲ့တယ်၊ အဲဒါ တူသောအကျိုးပေးကို ခံစားရတာပဲ၊ မလွတ်ဘူး'

'ဒါဆိုရင် လူ့ဘဝမှာ ဖြစ်တည်လာတဲ့ သတ္တဝါဟာ လူအဖြစ်ကို ရလို့ အတိတ်ကံရဲ့ အကုသိုလ် အကျိုးပေးက လွတ်ပြီလို့ ယူဆလို့ မရဘူးပေါ့'

'သို့သော် အတိတ် ကုသိုလ်ကံကြောင့် မျက်မှောက်ဘဝမှာ အကျိုးပေး …ာင်းဘူး၊ ယုတ်ညံ့တဲ့ ဘဝမှာ ဖြစ်တယ်၊ ဆင်းရဲကဲ့ ဘဝမှာ ဖြစ်ပယ်၊ …ါကော့ကွာ၊ မတိုးတက် မကြီးပွားနိုင်တဲ့ အရပ်ဒေသမှာ လူဖြစ်တယ်ပဲ …၊ ပစ္စုပ္ပန်ကံ ကောင်းလျှင် လူဟာ ဒီဘဝမှာတင် တိုးတက် ကြီးပွားနိုင် …ယ်၊ ဒါဟာလည်း ကမ္မနိယာမ တစ်ခုပဲကွယ့်'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို လူဟာ အတိတ်ကံကြောင့် မကြီးပွားဘူး၊ ပစ္စုပ္ပန်ကံကြောင့် ကြီးပွား နိုင်တယ်လို့ ဆိုရမလား ဆရာ'

'အဲဒါ ဗုဒ္ဓဘာသာရဲ့သဘောပဲ၊ ဘုံစဉ်စံ ဘဝလမ်းပြ ဒဿနရဲ့ အခြေ အယူအဆပဲ'

'ဒါဆို လူပီသမှုဆိုတဲ့ အယူအဆနှင့် ပတ်သက်ပြီး ဘုံစဉ်စံ ဘဝလမ်းပြ ဒဿနက ဘယ်လိုဆိုမလဲ ဆရာ'

'အေး... ဒီမေးခွန်းလည်း ကောင်းပါတယ်၊ ဒါကို ဗုဒ္ဓဝါဒီရဲ့ လူ့ဘဝအမြင်ကို ပြောမှ ရှင်းရှင်း နားလည်နိုင်မယ်'

'အဲဒါကို ပြောပြပါဦးဆရာ'

'အေး... နေဦး ပြောပြမယ်၊ မင်း ဒီကိစ္စ ဒီအယူအဆကို ဓမ္မဒိဋ္ဌာန်ကျကျ နားလည်သင့်ပါတယ်'

'အမိန့်ရှိပါဦးဆရာ'

## ၄။ ဗုဒ္ဓဝါဒီ၏ လူ့ဘဝအမြင်

'တို့များ ဗုဒ္ဓဝါဒီရဲ့ လူ့ဘဝကို ရှုမြင်ပုံအကျယ်ကို ဆွေးနွေးသင့်တဲ့ အချိန်ကို ရောက်ပြီ၊ သို့သော် မညီးနက်တဲ့ အောက်ခံကားချပ်ပေါ်မှာ ဆေးဖြူတစ်စက်ကို ချလိုက်ရင် ထင်းခနဲပေါ်လာသလို ဗုဒ္ဓဝါဒ လူ့ဘဝအမြင်ကို ပိုပြီး ထင်ရှားအောင် မင်းတို့ အထင်ကြီးတဲ့ ယန်းပေါလ်ဆတ်ရဲ့ ဖြစ်တည်မှုဝါဒအမြင်ကို ဒီမှာ နည်းနည်း ပြောချင်သေးတယ်'

'ဟုတ်ကဲ့၊ ပြောပါဦးဆရာ'

'အေး... ပြောကြစို့ဆိုရင် ဖြစ်တည်မှုဝါဒတွေ ရှုမြင်တဲ့ လူသားရဲ့ ဘဝဖြစ်တည်ပုံ အမြင်က စပြောမယ်၊ အဲဒီအထဲမှာ စကားကြီးစကားကျယ်တွေ ပါတယ်၊ လွတ်လပ်ခွင့်တို့၊ တာဝန်တို့ ဆိုတာတွေလေကွာ'

'ဟုတ်ကဲ့၊ သူတို့က ပုဂ္ဂလိကလူသားရဲ့အပြုအမူ လွတ်လပ်ခွင့်ကို အဓိကထားပြီး ပြောကြပါတယ်'

'လူ့ဘဝဆိုတာ လူသား ဆောင်ရွက်တဲ့ အမှုကိစ္စရဲ့ အပေါင်းအစုပဲတဲ့၊ ဒါပေမယ့် လူတစ်ဦးဟာ ပြုမူဆောင်ရွက်တဲ့ အမှုကိစ္စမှာ ဘယ်လို အကျိုးရလဒ်ဖြစ်ပေါ်လာမလဲ။ နိုင်မလား၊ ရှုံးမလား၊ ကောင်းမလား၊ ဆိုးမလား၊ မှန်သလား၊ မှားသလား၊ ဘာဖြစ်လာမလဲ မသိဘူး၊ ဘာအာမခံချက်မှ မရှိဘူးတဲ့၊ ကိုယ်ကသာ ..န့်တယ်၊ ကောင်းတယ်ထင်ပြီး ကိုယ့်ဆုံးဖြတ်ချက်နှင့်ကိုယ် လုပ်ရတာ ဖြစ် ..ယ်တဲ့၊ ဒီလိုလုပ်တဲ့အခါ ကိုယ့်အတွက်ချည်း မဟုတ်ဘဲနှင့် အခြားသူတွေ ..ပွက်ပါ တာဝန်ယူပြီး လုပ်ရတာမျိုး ဖြစ်နေတယ်၊ ဒါကြောင့် လူဟာ ကိုယ့် ..ပြုအမူအတွက် စိတ်မအေးရဘူး၊ ပူပန်သောက ဝေဒနာတွေ ခံစားလာရတယ်၊ ..ဖြစ်က ဘာနှင့်အလားသဏ္ဍာန် တူသလဲဆိုရင် တိုက်ပွဲတစ်ခုကို ဦးဆောင်

www.burmeseclassic.com

www.burmeseclassic.com



တိုက်နိုက်နေတဲ့ တိုက်ပွဲဝင်စစ်ဗိုလ်နှင့် တူတယ်တဲ့၊ စစ်ဗိုလ်ဟာ မိမိ ရင်ဆိုင်တိုက်နိုက်နေရတဲ့ တိုက်ပွဲအတွက် အရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေကို ချရတယ်၊ ရဲဘော်တွေကို တိုက်ပွဲဝင်ဖို့ အတွက် အမိန့်ပေးရတယ်၊ ဒီဆုံးဖြတ်ချက်တွေ၊ အမိန့်တွေ ပေးတဲ့အတွက် ထွက်ပေါ်လာမယ့် ရလဒ်အားလုံးကို မိမိက တာဝန်ယူရတယ်၊ ဘာကြောင့်လဲဆိုရင် ဒီအမိန့် မိမိကိုယ်တိုင် လွတ်လပ်စွာ ရွေးချယ်ပြီး ပေးလိုက်တဲ့ အတွက်ကြောင့် ဖြစ်တယ်၊ ဒါပေမယ့် ကိုယ် ဆုံးဖြတ်ချက်ချပြီး ပေးလိုက်တဲ့အမိန့်ဟာ မှန် မမှန်ဆိုတာကိုတော့ ဘယ်သူမှ ကြိုတင်ပြီး မသိနိုင်ဘူး၊ ဒါကြောင့် ဒီစစ်ဗိုလ်ဟာ ပူပန်သောက ဝေဒနာကို ခံစားရတယ်၊ ဒီလိုပဲ ပုဂ္ဂလိက လူသားဟာလည်း မိမိ နေ့စဉ်ဆောင်ရွက်နေတဲ့ အမှုကိစ္စအတွက် အမြဲတမ်း ပူပန်သောက ရောက်နေတယ်လို့ ယန်းပေါ်ဆတ်က ဆိုတယ် မဟုတ်လား'

'ဟုတ်ကဲ့ ဆိုပါတယ် ဆရာ'

'အေး… အဲဒါ မဟာအမှားကြီးပဲ၊ ဖြစ်တည်မှုဝါဒီရဲ့ ချွတ်ချော် လွဲမှားမှုကြီးပဲကွယ်၊ ဒီလို ပူပန်သောက ရောက်ရတဲ့အကြောင်းရင်းအမှန်က လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ကို ယူမိလို့ မဟုတ်ဘူး၊ သူ့ခန္ဓာမှာ စွဲကပ်နေတဲ့ ငါစွဲ အတ္တသက္ကာယ ဒိဋ္ဌိကြောင့် ဖြစ်တာ၊ ငါ ရှုံးသွားရင်တော့ ငါ့ကို အရေးယူတော့မှာပဲ၊ ငါ့ကို အပြစ်ပေးတော့မှာပဲ၊ ငါ အောင်မြင်သွားရင် ငါ ရာထူးတက်မယ်၊ သူကောင်းပြု ခံရမယ်ဆိုတဲ့ ကြောက်စိတ် ဒေါသနှင့် လိုချင် လောဘကြောင့် သောကဖြစ်ရတာ၊ အကယ်၍သာ သူဟာ ပစ္စုပ္ပန်မှာ လုပ်သင့်တာကို လုပ်မယ်၊ လူ့ဘဝမှာ ကံအလှည့်ဆိုတာ ဆန်းကြယ်တယ်၊ အောင်မြင်တယ်ထင်ပြီး ရှုံးနိမ့်တာမျိုးလည်း ရှိတယ်၊ ရှုံးမယ် ထင်ပြီး အောင်မြင်တာတွေလည်း ရှိတယ်၊ အကျိုးရလဒ် ဘာပဲဖြစ်လာလာ ရင်ဆိုင်ရမှာပဲဆိုတဲ့ သူ့သဘောနှင့် လုပ်ရင် ငါနှင့် ငါ့အကျိုးစီးပွားဆိုတဲ့ သက္ကာယဒိဋ္ဌိနှင့် လောဘမရှိရင် သူ ဘာကြောက်စရာ ရှိသလဲ၊ သူလုပ်လို့ သူရတာ၊ မလုပ်ဘဲ အလကားရတာမှ မဟုတ်ဘဲနှင့်'

'အင်း… ငါစွဲကြောင့် သောကရောက်ရတာ၊ လောဘကြောင့် သောကရောက်ရတာဆိုတဲ့ ဆရာ့ သုံးသပ်ချက်ဟာ သိပ်မှန်တာပဲဆရာ၊ စစ်ဗိုလ်ဟာ နိုင်ရင် ရလာမယ့် အကျိုးတွေကို လောဘစိတ်နှင့် မျှော်လင့်မကားရင် ရှုံးရင် ဆုံးရှုံးရမယ့် အရေးကို ထိတ်လန့်စရာ မလိုဘူး၊ သူ့အကျိုးကို ထိခိုက်မှာစိုးလို့သာ သောကရောက်ရတာပဲ၊ ငါစွဲကြောင့်၊ ဒါ မှန်ပါတယ်ဆရာ'

'အေး… တို့ ဗုဒ္ဓမြတ်စွာဘုရားက ကိလေသာ ဆိုတဲ့ လောဘ၊ ဒေါသ



ပြီးတော့ မောဟ၊ မာန၊ ဒိဋ္ဌိဆိုတဲ့ တရားတွေဟာ ဝဋ်ဒုက္ခသံသရာကို ရှည်စေတဲ့ တရားတွေဖြစ်ကြောင်း ဟောတယ်၊ ခန္ဓာကို ရ,ထားတာဟာ ဘုံဘဝတွေမှာ ဇာတိတစ်ဖန် ပြန်ပြီး ဖြစ်တည်ရတာဟာ ဒုက္ခသစ္စာကို ရတာ၊ ဒုက္ခဖြစ်ရတာ သောကဖြစ်ရတာဟာ သမုဒယတဏှာစတဲ့ တပ်မက်မှု ရာဂကြောင့် ဖြစ်တာ ချည်းပဲ တဲ့၊ အဲဒီအထိ ဖြစ်တည်မှုဝါဒက ခွဲခြမ်းစိတ်ဖြာပြီး နားမလည်နိုင်ဘူး'

'ဟုတ်ပါတယ်ဆရာ'

'ဟုတ်တယ်၊ အဲဒါ ဘာကြောင့် မခွဲခြားနိုင်တာလဲ၊ ဘာကြောင့် ထိုးထွင်းပြီး မသိနိုင်တာလဲ၊ မင်းသိသလား'

'ကျွန်တော် မပြောတတ်ဘူးဆရာ'

'အေး… အဲဒါ မင်းမှတ်ထား၊ သူတို့မှာ သုတဗုဒ္ဓိ ဉာဏ်မျက်စိ မရှိဘူး၊ သူတို့ဉာဏ်က ပညတ်တွေအပေါ်မှာပဲ ကျက်စားနိုင်တယ်၊ ပရမတ်ကို အာရုံမပြုနိုင်ဘူး၊ လူ့ဘဝကို ရှုမြင်ရာမှာလည်း အပေါ်ယံလောက်သာ ရုပ်ပြီး မြင်တတ်တာ၊ ဘဝရဲ့ အင်မတန် နက်နဲ လျှို့ဝှက်တဲ့ အနှစ်သာရသဘောတွေအထိ သူတို့ဉာဏ်က မဖောက်နိုင်ဘူး၊ ဒါကြောင့် ဖြစ်တည်မှုဝါဒဆိုတာ ထင်ရာမြင်ရာ ပေါက်တတ်ကရ၊ ကယောင်ကတမ်း ပြောဆိုနေတဲ့ အယူဝါဒနှင့် တူတယ်'

'ဒီဝါဒကို လူတွေ အများကြီး ကြိုက်နေတာပဲဆရာ၊ ပေါက်တတ်ကရ ပြောတဲ့ ဝါဒလို့ ဆိုနိုင်ပါ့မလား'

'လောကမှာ ပညာရှိနှင့် လူမိုက် ဘယ်သူများသလဲ'

'လူမိုက်က များပါတယ်ဆရာ'

'အေး… အဲဒါပဲ၊ အန္ဓပုထုဇဉ် လူမိုက်တွေများနေတဲ့ လောကမှာ လူမိုက်အားပေးလုပ်တဲ့ အယူဝါဒတွေဟာ မြက်ခြောက်တောကို မီးလောင်သလိုပဲ၊ ဟုန်းခနဲ ထတောက်ပြီး ရှဲခနဲ လောင်သွားတတ်တယ်၊ ဒီအထဲ လေက ဝင်လိုက်ရင် ပိုပြီး မီးပြင်းသွားတာပေါ့၊ မင်း စဉ်းစားကြည့်စမ်း၊ သူပြောတာ'

'ဆတ် ပြောတာလား ဆရာ'

'အေး… ဟုတ်တယ်၊ သူက လူရယ်လို့ ဖြစ်တည်လာတဲ့သတ္တဝါမှာ လူဖြစ်လာတဲ့အခါ မိမိကိုယ်သာ မိမိမှာ အားကိုးစရာရှိတယ်၊ ဘယ်သူ့ကိုမှ အားကိုးစရာ မရှိဘူး၊ ကိုယ့်ကြမ္မာကို ကိုယ်ကသာ ဖန်တီးဆောက်တည်ရတော့တယ်၊ ကိုးကွယ်အားထားစရာ ထာဝရဘုရား မရှိဘူးဆိုတာကို သိရင် လိုက်နာကျင့်သုံးစရာ၊ ကိုယ်ကျင့်တရား (သီလ) တန်ဖိုးတွေ၊ စံနှုန်းတွေလည်း ဘာမှ မကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး၊ အားလုံး ပျောက်ကွယ်သွားတော့တာပဲတဲ့၊ ကောင်းမှု ဆိုးမှု (ကုသိုလ်
အကုသိုလ်) အတွက်လည်း ဘာသတ်မှတ်ချက်မှ မရှိတော့ဘူးတဲ့၊ ဒါကြောင့်
လူဟာ ဘယ်ကိစ္စကိုမဆို သူလုပ်ချင်တာကို လွတ်လွတ်လပ်လပ် လုပ်ခွင့်ရှိတယ်
ကိုယ်လုပ်တဲ့ အမှုကိစ္စကို ကောင်းသည် ဆိုးသည်၊ မှန်သည်မှားသည် ဆိုတာ
ကိုလည်း ဘယ်သူမှ ဝေဖန်လို့ မရဘူးတဲ့၊ မိမိကလည်း တခြားလူတစ်ယောက်ရဲ့
အပြုအမူကို အကောင်းအဆိုး၊ အမှားအမှန် မဆုံးဖြတ်ပေးနိုင်ဘူးတဲ့၊ ဒါမှသာ
ပုဂ္ဂလိက လူသားဟာ မိမိဘာသာ လွတ်လွတ်လပ်လပ် ပြုမှု နေထိုင်နိုင်တဲ့
သတ္တဝါဖြစ်လာနိုင်တယ်တဲ့၊ ပြီးတော့ သူက ဘာပြောသေးတယ် ထင်လဲ'

'အမိန့်ရှိပါဦးဆရာ'

'ဒီလွတ်လပ်မှုကြောင့် လူဟာ မိမိဘဝရဲ့ အထီးကျန် ရပ်တည်နေရတဲ့
သဘောကို သိမြင်လာရတယ်တဲ့ကွာ၊ ဒီခံစားချက်က ဘာကို ဖော်ဆောင်သလဲ
ဆိုတော့ မိမိဟာ လူ့လောကထဲကို ခဲလုံးတစ်လုံးလို ရေထဲ ပစ်ချခံရတာပဲ
ကလား၊ စွန့်ပစ်ခြင်း ခံခဲ့ရတာပါကလားဆိုတာကို သိမြင်ပြီး ခါးသီးပြင်းထန်တဲ့
ဝေဒနာကို ခံစားလာရတော့တယ်တဲ့'

'ဟုတ်ကဲ့၊ ဆတ်က လူဟာ လွတ်လပ်ခွင့်နှင့်အတူ စွန့်ပစ်ခံရတဲ့ သတ္တဝါ
ဖြစ်တယ်လို့ ပြောထားပါတယ်၊ ဒါကြောင့်လည်း လူဟာ လူ့ဘဝထဲမှာ ခိုကိုး
ရာမဲ့ ဖြစ်နေတယ်လို့လည်း ဆိုထားပါတယ်'

'အေး… သူက လူ့ဘဝမှာ ဘာကိုမှ မမျှော်လင့်အပ်ဘူး၊ လူ့ဘဝဆိုတာ
စိတ်ပျက်စရာကြီးပဲတဲ့၊ လွတ်လပ်မှုကြောင့် လူ့ဘဝမှာ ပူပန်သောကရောက်
တာတဲ့၊ စွန့်ပစ်ခံရလို့ လူ့ဘဝမှာ အားငယ်ခြင်း ဝေဒနာကို ခံစားရတာတဲ့
သောကရောက်ရတာ၊ အားငယ်ရတာ၊ မျှော်လင့်ချက် ကင်းမဲ့ရတာတွေဟာ
လွတ်လပ်ခွင့်ရဲ့ မွှားဖက်တော်တွေပဲ ဆိုပါလား၊ ဒီလိုလည်းဆိုတယ်၊ ပြီးမှ
ဘဝမှာ ဒီလို ပြင်းထန်တဲ့ ဝေဒနာဆိုးတွေကို ခံစားနေရသော်လည်းပဲ လူ
တဲ့ လူဆိုရင် (လူ့ဘဝမှာ စစ်မှန်စွာ ဖြစ်တည်နေတဲ့ လူတွေဟာ) လူ့ဘဝမှာ
ရွေးချယ်စရာရှိတာကို တိကျကျ ပြတ်ပြတ်သားသား ရွေးချယ် ဆုံးဖြတ်
လုပ်သင့်လုပ်ထိုက်တာကို ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား လုပ်ရမယ်လို့လည်း ဆိုထား
တယ်၊ ကဲ… သူ့အတွေးအခေါ်က ပိုက်ရှုးရဲ မဆန်ဘူးလား၊ ဒါကို ပညာရှိ(ပဏ္ဍိတ)
အတွေးအခေါ်လို့ ဆိုနိုင်မလား၊ လူ့ဘဝဟာ ဘာပဲလုပ်ခဲ့လုပ်ခဲ့ ဘာမှ အဓိပ္ပာယ်
မထင်ဘူး၊ ဘာမှ အဓိပ္ပာယ် မရှိဘူး၊ စိတ်ပျက်စရာကြီးပဲ၊ ဒါပေမယ့် လူဟာ



လုပ်စရာရှိတာကိုတော့ ကောင်းတယ် ဆိုးတယ်၊ မှန်တယ် မှားတယ် ဘာမှ ရှည်ရှည်ဝေးဝေး စဉ်းစားမနေနှင့်၊ လုပ်သာလုပ်၊ အဲဒီလို ကိုယ်လုပ်ချင်တာတွေကို လုပ်ခဲ့တာဟာ လူရဲ့ ဘဝဖြစ်တည်ခြင်း အဓိပ္ပာယ်ပဲ ဆိုတဲ့ သဘောပဲ မဟုတ်ဘူးလား'

'အဲဒါကို သုံးသပ်ကြည့်စမ်း၊ သူ့အတွေးအခေါ်ထဲမှာ ပညာပါသလား၊ လူ့ဘဝရဲ့ အကျိုးကျေးဇူးပါလား၊ ဘဝရဲ့ ပန်းတိုင်ပါသလား၊ လူဟာ ဘာမှ မမျှော်လင့်အပ်ဘူးတဲ့ ဒါဆို လူဖြစ်တာဟာ ဘာအကျိုးမှ မရှိဘူး၊ လူဖြစ်ကျိုးနပ်ချင်ရင် ကိုယ်လုပ်ချင်တာတွေကို အပြတ်လုပ်သွား၊ ဒါမှ မိုက်တယ်လို့ လူငယ်ပြော ပြောရမလို ဖြစ်နေပြီ၊ ကဲ… ငါ မင်းကို တစ်ခုမေးမယ်'

'ဟုတ်ကဲ့ မေးပါဆရာ'

'ဒီ ဖြစ်တည်မှု ဝါဒမှာ မြင့်မားတဲ့ လူ့ အသိဉာဏ်ရဲ့ အတိုင်းအဆကို ခန့်မှန်းထားတာ၊ အသိအမှတ်ပြုပြီး တန်ဖိုးထားတာ ပါသလား'

'မပါပါဘူးဆရာ'

'ကောင်းပြီ၊ ဒါဆို လူ့ဘဝကို မှန်မှန်ကန်ကန် သုံးသပ်ထားတဲ့အချက်ကော ပါသလား၊ လူ့ဘဝ ဘာကြောင့် ဖြစ်လာရတယ်ဆိုတာကို မသိနိုင်သလို လူ့ဘဝဟာ ဘယ်လို ဘယ်ပုံ တည်နေတယ်ဆိုတာကို သုံးသပ်ထားတာကော မှန်တယ်လို့ ထင်သလား၊ ပြီးတော့ ဒီတရားဟာ သစ္စာဉာဏ်ပေါက်တဲ့ တရားလား'

'ဘာတစ်ခုမှ မှတ်လောက်သားလောက်စရာ လိုက်နာကျင့်ကြံစရာ နည်းကောင်း လမ်းမှန် မပါပါဘူးဆရာ၊ လူ့ဘဝ တိုးတက်ကြောင်းအတွက်လည်း ကောင်းမြတ်တဲ့ အကြံဉာဏ် ဘာဆိုဘာမှ မပါပါဘူး'

'ဒီတရားကို လိုက်နာ ကျင့်ကြံရင်ကော မျက်မှောက်အကျိုး ခံစားခွင့် ရှိနိုင်မယ် မင်း ထင်သလား'

'ထင်မြင်နိုင်စရာအကြောင်း မရှိပါဘူးဆရာ'

'အေး… ငါ အပြတ်ပြောမယ်၊ ဒီတရားကိုသာ လိုက်နာကျင့်ကြံကြမယ်ဆိုရင် လူဟာ ခုဘဝ ရခဲ့တဲ့ သုဂတိဘုံကနေ အပါယ်ဘုံ၊ အပါယ်ဘုံသံသရာမှာ ပမှဒ္ဒရာကြီးထဲကို ကျောက်ဖျာကြီး ပစ်ချလိုက်သလို တစ်ဘဝထက် တစ်ဘဝ နစ်မွန်းသွားဖို့သာ အကြောင်းရှိတယ်၊ ဒါကြောင့် ဒါဟာ မိစ္ဆာဒိဋ္ဌိအယူ ဖြစ်တယ် ဆိုတာ ယတိပြတ် ဆုံးဖြတ်လိုက်ပါ'

'ဟုတ်ကဲ့ဆရာ၊ အယူဝါဒမှားရင် တစ်သံသရာလုံး မှောက်တတ်တယ်လို့ လူကြီးမိဘများ ပြောတဲ့ စကားဟာ ဒါမျိုးပဲ ဖြစ်မှာပေါ့နော်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ အယူဝါဒများရင် တစ်သံသရာလုံး မှောက်တာ မဟုတ်ဘူ ဒီဘဝမှာလည်း မှောက်တာပဲ၊ ကွန်မြူနစ်ဝါဒ၊ မာ့က်စ်ဝါဒဆိုတာ မင်း ကြာ ဖူးတယ် မဟုတ်လား၊ သူတို့အခေါ်တော့ ဒိုင်ယာလက်တစ် ရုပ်ဝါဒ၊ သိပ္ပံနည်းက ဆိုရှယ်လစ်ဝါဒဆိုတာလေ၊ အဲဒီဝါဒကို ယုံကြည်မိလို့ ကမ္ဘာမှာ အမှောက်အမှ တွေ ဖြစ်ခဲ့တာ မင်း မျက်မြင်ပဲ မဟုတ်လား၊ ရုရှား နိုင်ငံရဲ့ မာ့က်စ်ဝါဒ စာ သိမ်းပုံကို မင်း မြင်တယ်မဟုတ်လား၊ ခုထိ နာလန်မထူနိုင်သေးဘူး၊ ဒဏ်ရာ ခုထိ မပျောက်သေးဘူး၊ ရာစုခေတ် တစ်ခေတ်နီးပါး အချိန်တွေ အကုန်ခံပြ မာ့က်စ်ဝါဒက ဟောကြားတဲ့ ကွန်မြူနစ် လူ့ဘောင်ဆိုတာကို တည်ဆောက်လိုက ကြတာ ဘာများ အကျိုးခံစားရသလဲ၊ အားလုံး ကမောက်ကမ ဖြစ်သွားတယ ဒါတွေဟာ ကိုယ်တွေ့ မျက်မြင်တွေပဲလေ၊ ငါဆိုလိုတာက အယူဝါဒမှားရ မျက်မှောက်တမလွန် နှစ်ဘဝလုံးအတွက် အကျိုးယုတ်တယ်ဆိုတာ မင်းမှတ်ထာ

'သူတို့က တမလွန်သမားတွေ မဟုတ်ကြလို့ ဒီလိုဖြစ်တာ မဟုတ်ဘူးလာ ဆရာ'

'အေး... ဟုတ်တယ်၊ လူ့ဘဝဆိုတာ အတိတ်က ပြုခဲ့တဲ့ ပုညာဘိသင်္ခါ (ကုသိုလ်)၊ အပုညာဘိသင်္ခါရ (အကုသိုလ်)တွေရဲ့ အကျိုးဆက်တစ်ခု ဖြစ်တယ ပြီးတော့ ခုပစ္စုပ္ပန်ဘဝက လွန်ရင်လည်း နောက်ဘဝတစ်ခုမှာ ပဋိသန္ဓေ နေ တဲ့ သံသရာစက် ဘဝဆက်တွေ ရှိတယ်၊ ပြီးတော့ ဘဝတစ်ခုကို ဘဝတစ်ခု အကြောင်းအကျိုးအားဖြင့် ဖြစ်ပေါ်စေတယ်၊ အဲဒီလို ဘဝဆိုတာ တစ်ကြိမ်တည် နှင့် ပြီးသွားတာ၊ ပြတ်သွားတာမျိုး မဟုတ်ဘူးဆိုတာကို နားလည်မှု၊ ယုံကြည် ကသာ လူ့ဘဝကိုရခြင်းရဲ့ အနက် အဓိပ္ပာယ်နှင့်တကွ အနှစ်သာရတွေကို မြင်နိုင်စေတယ်'

'ဗုဒ္ဓဝါဒရဲ့ လူ့ဘဝ အမြင်ကို ရှင်းပြပါဦး'

'အေး... လူအဖြစ်ကို အကြောင်းမဲ့ ရလာတာ မဟုတ်ဘူး၊ လွယ်လွယ်ကူ ရလာတာ မဟုတ်ဘူး၊ ရတောင့်ရခဲ ရလာတာ ဖြစ်တယ်ဆိုတာကို မင်း သိ ပြီနော်'

'ဟုတ်ကဲ့၊ သိပြီးပါပြီဆရာ'

'ဒါဆိုရင် လူ့အဖြစ်ကို ရသည်ရှိသော် အဘယ်သို့သော အကျိုးအာနိသ အနန္တကို ရယူနိုင်သလဲ၊ အဲဒီမေးခွန်းကို ဖြစ်တည်မှုဝါဒက ဘယ်လိုဖြေမ ဖြေနိုင်မလား'



'မဖြေနိုင်ပါဘူးဆရာ'

'အေး... ဗုဒ္ဓဝါဒကတော့ ဖြေနိုင်တယ်၊ လူ့ဘဝဟာ ဘယ်လောက် အရေးပါတဲ့ ဘဝမျိုး ဖြစ်သလဲဆိုတာကို ခုဖြေတဲ့အဖြေမှာ ထင်ရှားလိမ့်မယ်၊ ငါတို့ ပြောခဲ့ကြတဲ့ ဝေဠုဒ္ဓါရုဏ္ဏသားတွေ တောင့်တတဲ့ ဘဝတွေထဲမှာ ဒီလူ့ပြည်မှာလည်း စည်းစိမ်ဥစ္စာတွေကို ခံစားပြီး သားမယား အိမ်ထောင်မှုတွေနှင့် ခံစား စံစားပြီး နေချင်တယ်၊ ဒီဘဝက သေလွန်တဲ့အခါမှာလည်း ဒီထက်ကောင်းတဲ့ နတ်ပြည် မှာ၊ ဗြဟ္မာ့ပြည်မှာ နတ်ချမ်းသာတွေ၊ ဗြဟ္မာချမ်းသာတွေကို ခံစား စံစားချင်သေး တယ်၊ ပြီးမှ နိဗ္ဗာန်မဂ်ဖိုလ်ကို ဘဝအဆုံး ပန်းတိုင်ထားပြီး ရောက်ချင်တယ်လို့ မပါဘူးလား'

'ပါပါတယ်ဆရာ'

'နတ်ပြည်က ခြောက်ထပ် ခြောက်ဆင့်ရှိတယ်၊ ဗြဟ္မာဘဝက ဘုံ ၂၀ ရှိ တယ်၊ နတ်ဘဝထဲမှာ သိကြားမင်း စည်းစိမ်ကို နတ်မင်း စည်းစိမ်အဖြစ်နှင့် အမြတ်ဆုံး ထားတယ်'

'ဟုတ်ကဲ့'

'အဲဒီ နတ်မင်း သိကြားမင်းစည်းစိမ်၊ ရိုးရိုးနတ်သား၊ နတ်သမီးစည်းစိမ် တွေကို မင်းကော လိုချင်သလား'

'လိုချင်ပါတယ်ဆရာ၊ ဘယ်လို စည်းစိမ်မျိုးလဲ ဆိုတာကော သိချင်ပါ သေးတယ်'

'ကောင်းပြီလေ၊ ဗုဒ္ဓဝါဒအရ အဲဒီ နတ်မင်း စည်းစိမ်တွေကို အလိုရှိရင် အဲဒီ စည်းစိမ် ချမ်းသာတွေကို ရအောင် တခြား ဘုံဘဝတွေကို ရောက်နေတဲ့ သတ္တဝါတွေဟာ လုပ်လို့မရဘူး၊ လူ့ဘဝကို ရနေ၊ ရောက်နေတဲ့ သူမှာပဲ အဲဒီ လို လုပ်နိုင်တဲ့ အခွင့်အလမ်း ရှိတယ်၊ လူ့ဘဝရဲ့ ထူးခြား မွန်မြတ်မှုတစ်ခုကို ပြောပြဦးမယ်'

'ဟုတ်ကဲ့ ပြောပြပါဦးဆရာ'

'အင်မတန် လေးနက်ပြီး အင်မတန် အဖိုးအနဂ္ဃထိုက်တဲ့ သာသနာတော် ကြီးက တခြား ဘုံဘဝတွေမှာ မထွန်းကားဘူး၊ ဟောဒီ လူ့ဘုံ လူ့ဘဝမှာပဲ ထွန်းကားတယ်၊ ဒါကြောင့် ဘဝ ဆင်းရဲ ဒုက္ခအပေါင်း ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို မလိုရှိသလား၊ အဲဒီ နိဗ္ဗာန်ချမ်းသာကို ရချင်ရင်လည်း ရအောင် လုပ်နိုင်တဲ့ အခွင့်အလမ်းအားလုံးဟာ ဟောဒီ လူ့ဘဝမှာပဲ ရှိတယ်၊ ဒါကြောင့် လယ်တီ

www.burmeseclassic.com

www.burmeseclassic.com



ပဏ္ဍိတ ဆရာဦးမောင်ကြီးက လူ့ဘဝကို နိဗ္ဗာန် ကူးတို့ဆိပ်ကြီး အမှန်ဖြစ်တယ်လို့ ဆိုတယ် (သာစုသုဒ္ဓရီ)၊ ဒါပဲလားဆိုတော့ မကသေးဘူး၊ ဗုဒ္ဓမြတ်စွာဘုရားလို သမ္မာသမ္ဗောဓိ ဘုရားဆုကို ပန်ချင်လည်း လူ့ပြည် လူဖြစ်စဥ်အခါမှာပဲ ပန်လို့ ရတယ်၊ ပါရမီဖြည့်ပြီးတဲ့ အဆုံး ဘုရားအဖြစ်ကို ရောက်ချင်လည်း လူ့ပြည်မှာ လူအဖြစ်နဲ့ပဲ ဘုရားပွင့်ရတယ်၊ နတ်ပြည်၊ နတ်ဘဝမှာ ဘုရားမပွင့်ဘူး၊ ဒီ အယူအဆဟာ ဗုဒ္ဓဝါဒနှင့် တခြား ထာဝရ နတ်ဘုရားတွေနှင့် လုံးဝ ကွဲပြားခြားနားတဲ့ အမြင်ပဲ၊ ဗုဒ္ဓဝါဒမှာ ဘုရားဖြစ်တယ်၊ လူဘုရားကို နတ်ဗြဟ္မာတွေက ရှိခိုး ကိုးကွယ်ရတယ်၊ နတ်ဘုရားကို လူက ကိုးကွယ်တာမျိုး မရှိဘူး'

'ဒီအယူအဆဟာ လူရဲ့ ဖြစ်တည်ခြင်းကို လောကရဲ့ အထွတ်အထိပ်သို့ မြှင့်တင်ပေးလိုက်တဲ့ အယူအဆပဲနော် ဆရာ'

'အေး... မင်းပြောတာ မှန်တယ်၊ လူဟာ ဘယ်သူ့ကိုမှ အားကိုးလို့ မရဘူး၊ ကိုယ့်ကိုယ်ကိုယ်ပဲ အားကိုးစရာ ရှိတယ်ဆိုတာကို တို့ မြတ်စွာဘုရားက လွန်ခဲ့တဲ့ အနှစ်သုံးထောင် ငါးရာကျော်လောက်ကတည်းက ဟောထားပြီးသား အတ္တာဟိ အတ္တနောနထော ဆိုတာ မင်းကြားဖူးမှာပဲ'

'ကြားဖူးပါတယ်ဆရာ'

'လူဟာ ဘယ်သူ့ကိုမှ အားကိုးစရာ မရှိဘူး၊ ကိုယ့်ကိုယ်ကိုယ်သာ အားကိုးစရာ ဖြစ်တယ်ဆိုပေမယ့် လူကတော့ ဗောဓိဆု တစ်ခုခုကို ပန်လိုက်ရင် အများရဲ့ အားကိုးစရာ၊ မှီခိုစရာ ဖြစ်သွားတယ်'

'ဒါလည်း ထူးခြားမှု တစ်ခုပဲနော်'

'နောက်တစ်ခု ရှိသေးတယ်၊ မင်းကြားဖူးမှာပေါ့၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်ဆိုတာ အင်မတန် သာယာတယ်၊ ကြီးကျယ်တယ်ဆိုတာ'

'ဟုတ်ကဲ့၊ ကြားတော့ကြားဖူးပါတယ်'

'အေးပါ၊ တွေ့တော့ ဘယ်တွေ့ဖူးမလဲ၊ ကြားဖူးရုံ ရှိတော့မပေါ့၊ နတ်တွေ၊ ဗြဟ္မာတွေဟာ တန်ခိုးလည်း ကြီးတယ်၊ ဒါပေမယ့် ဘယ်လောက် တန်ခိုးကြီးတဲ့ နတ် ဗြဟ္မာဖြစ်ဖြစ် နတ်ပြည်၊ ဗြဟ္မာ့ပြည်မှာ ရဟန်းပြုခွင့် မရှိဘူး၊ လူသားစင်စစ်မှသာ ရဟန်းအဖြစ်ကို ရနိုင်တယ်'

'ရဟန်းဖြစ်ခွင့်ရှိတာကို ဘာဖြစ်လို့ ထည့်ပြောတာလဲဆရာ၊ ရဟန်းဖြစ်ခွင့် ရှိတာဟာ လူ့ဘဝမှာ ဘာများ ထူးထူးခြားခြား အကျိုးရှိလို့လဲ'

'ဟာကွာ... မင်းဟာ အဇာတသတ် ဆန်လှချည်လား၊ အဲဒီ မေးခွန်းကို



ဘုရားရှင်လက်ထက်တော်အခါက ဝေဒေဟီမိဖုရားရဲ့သား အဇာတသတ်မင်းက မြတ်စွာဘုရားကို မေးလျှောက်ခဲ့ဖူးတယ်'

'မြတ်စွာဘုရားက အဖြေပေးခဲ့သလား ဆရာ'

'အေး... မင်းက ပရိသုဒ္ဓိသုတ နည်းလိုက်တာ၊ အနောက်တိုင်းက ကျမ်းဂန် စာပေတွေကိုသာ မင်းတို့လူငယ်တွေက အလေ့အလာများတယ်၊ ပိဋကတ်စာပေ တွေကိုကျတော့ လေ့လာရကောင်းမှန်းတောင် မသိသလို ဖြစ်နေတယ်၊ မြတ်စွာ ဘုရားက အဇာတသတ်မင်းရဲ့ အမေးကို ဖြေတာပေါ့ကွာ၊ စိတ်ရှည်လက်ရှည်ကို ဖြေတော်မူတယ်၊ အဲဒီအမေး အဖြေဟာ သာသနာတော်မှာ အလွန်ထင်ရှားတဲ့ သာမညဖလသုတ်ဒေသနာပဲကွယ့်၊ ဒီဃနိကာယ်သီလက္ခန္ဓ ဝဂ်မှာ မင်း လေ့လာ ကြည့်ပါ၊ အကျယ် သိရပါလိမ့်မယ်၊ လောကလူသားဟာ ရဟန်းပြုလိုက်လို့ ရှိရင် ခံစားရတဲ့ သာမန် အကျိုးကျေးဇူးတွေ၊ ထူးခြားတဲ့ အကျိုးကျေးဇူးတွေကို အကျယ်တဝင့် ဟောကြားထားပါတယ်'

'ကျေးဇူးတင်ပါတယ်ဆရာ၊ ကျွန်တော် အသေးစိတ် လေ့လာကြည့်ပါမယ်'

'အေး... အလကားမနေနှင့်၊ ပိဋကတ်ကျမ်းဂန် နဲ့စပ်အောင်လည်း လေ့လာပါ၊ ဒါမှ မိစ္ဆာအယူဝါဒတွေ ထွန်းကားပြီး တို့ဘဝထဲကို ထိုးဖောက်ဝင်လာတဲ့အခါ မင်းတို့မှာ ခုခံနိုင်တဲ့ ကိုယ်ခံအား ကောင်းလာမှာနော်'

'ဟုတ်ကဲ့ပါဆရာ၊ ကျွန်တော်တို့ရဲ့ အားနည်းချက်ကို သိပါပြီ'

'အေး... အချိန်မီ သိဖို့ လိုတယ်၊ မင်း ခုလေ့လာနေတဲ့ မဟာဝိဇ္ဇာတန်းပညာ က ဒီဘဝမှာ ရာထူးဌာနန္တရ တစ်ခုရပြီးရင် လမ်းဆုံးသွားလိမ့်မယ်၊ ပိဋကတ်စာပေ ပညာ ဗဟုသုတဗုဒ္ဓိ ဉာဏ်ပညာကို ရမှသာ မင်း လူဖြစ်ရကျိုး နပ်မယ်၊ လူ့ ဘဝရဲ့ တန်ဖိုးတွေကို ခံစားရလိမ့်မယ်'

'ကျွန်တော် ခု နားလည်လာပါပြီ ဆရာ'

'အေး... သာဓုကွယ်၊ သာဓု၊ မင်း ကျမ်းဂန်စာပေတွေကို လေ့လာကြည့်တဲ့ အခါ သိကြားမင်းလို နတ်အထွတ်အမြတ် ပုဂ္ဂိုလ်ရင့်မကြီးတောင်မှ ဆွမ်းဒါန ပြုချင်လို့ လူ့ပြည်ကို လူဆင်းရဲအဘိုးကြီးယောင်ဆောင်ပြီး အရှင်မဟာကဿပ [illegible]တော်ကြီးကို ဆွမ်းလာလောင်းကြရတဲ့ အကြောင်းတွေကို သိရပါလိမ့်မယ်၊ [illegible]ပြည်မှာ ရဟန်းခံနိုင်တဲ့ အခွင့်အရေးမရှိဘူးဆိုတာက ရဟန်းပြုစရာ သမုတ် [illegible]ပ်တဲ့ သိမ်တောင် မရှိဘူး၊ ဒါကလည်း လူ့ဘဝ ထူးခြားချက်တစ်ခုပဲ၊ နောက် [illegible]၊ ဘုရားလောင်း၊ ပစ္စေကဗုဒ္ဓအလောင်း၊ သာဝက ဗောဓိအလောင်းတော်တွေ

www.burmeseclassic.com

www.burmeseclassic.com



ဟာ ပါရမီဆယ်ပါးဆိုတဲ့ ကုသိုလ်ရတနာတွေကို ဆည်းကပ် ရှာမှီးကြရမှာလည်း လူ့ပြည်မှာသာ ပါရမီဖြည့်ကြရတယ်၊ တိရစ္ဆာန်အဖြစ်၊ ပြိတ္တာအဖြစ်၊ နတ်အဖြစ်၊ ဗြဟ္မာအဖြစ်နှင့် ပါရမီ ဖြည့်ဆည်းလို့ မရဘူး၊ လူ့ပြည် လူ့ဘဝသာလျှင် ပါရမီမျိုး စိုက်ပျိုးရာ ဌာနကြီး အမှန်ဖြစ်တယ် ဆိုတာ နားလည်ရမယ်၊ ဒါကြောင့် လယ်တီဆရာတော်ဘုရားကြီးက သာသနာတော် ထွန်းကားရာ အရပ်မှာ ဖြစ်တည်လာရတဲ့ လူ့ဘဝဟာ ဘဝ ပဒေသာပင်ကြီး ဖြစ်တယ်လို့ မိန့်တော်မူခဲ့တယ်၊ ပဒေသာပင် ဆိုတာ လိုရာကို ရယူနိုင်တဲ့ သဘောကို ပြောတာ၊ လူချမ်းသာကို ယူမလား၊ နတ်ချမ်းသာကို ယူမလား၊ ဗြဟ္မာချမ်းသာကို ယူမလား၊ လူ့ဘဝမှာ ဖြစ်တည်နိုက်မှာ အဲဒီချမ်းသာတွေကို ရအောင်လုပ်ရင် အလွယ်ကလေး ရနိုင်တယ်၊ ဒါထက်မက နိဗ္ဗာန်ချမ်းသာကို ယူမလား၊ လူ့ဘဝမှာ ကြိုးစားရင် ရနိုင်တယ်'

'နေပါဦးဆရာ၊ လူချမ်းသာတွေ၊ နတ်ချမ်းသာတွေကို ရနိုင်တယ်ဆိုတာ ခု လူဖြစ်ခိုက် မျက်မှောက်ဘဝမှာ ရတာမဟုတ်ဘဲနှင့် နောင်ဘဝမှာ ရတာကို ပြောတာလားဆရာ'

'လူချမ်းသာဖြစ်အောင်ကတော့ ဒီဘဝမှာပဲ လုပ်လို့ရတယ်၊ ဒီဘဝက လုပ်ခဲ့တဲ့ ကုသိုလ်ကံအရှိန်အဟုန်ကြောင့် နောက်ဘဝမှာ လူချမ်းသာဖြစ်တာလည်း ရှိတယ်၊ နတ်ချမ်းသာကတော့ လူ့ဘဝက လွန်ပြီးမှ ရမှာပေါ့'

'ဆရာ့ ဘုံစဉ်စံ လမ်းပြ ဒဿနဟာ မျက်မှောက် လူ့ဘဝမှာ ခံစားရတဲ့ စည်းစိမ် ချမ်းသာတွေနှင့်ကော ဆိုင်သလားဆရာ၊ ဗုဒ္ဓမြတ်စွာဘုရားကကော လောကီဥစ္စာကြီးပွားကြောင်း ဥစ္စာရကြောင်း နည်းကောင်းတွေကို ဟောကြားထားခဲ့တာ ရှိသလား'

'မင်းမေးပုံက ဗုဒ္ဓဘာသာဟာ လောကီ ကြီးပွားချမ်းသာနှင့် မဆိုင်ဘူး၊ တမလွန် ချမ်းသာကိုသာ ရှေ့တန်းတင် ဟောတဲ့ တရားလို့ ထင်နေကြပုံ အထင်အမြင်ကို ကိုယ်စားပြု မေးလိုက်သလိုပဲ'

'ထားပါတော့ ဆရာရယ်၊ ကျွန်တော်တို့လို ပုထုဇဉ်လူသားကတော့ ဆရာပြောသလို ကိုယ်ရ,ထားတဲ့ လူ့ဘဝရဲ့ အဖိုးအနဂ္ဃထိုက်တန်တဲ့ သဘော ကို သိရလို့ သိပ်လည်း ကျေနပ်တယ်၊ သိပ်လည်း အားရှိပါတယ်၊ လူ့ဘဝဟာ ဖြစ်တည်မှုဝါဒီတွေပြောသလို စိတ်ပျက်စရာ၊ အားငယ်စရာဘဝမျိုး မဟုတ် ဆိုတာ သိရလို့ အတိုင်းထက်အလွန် ဝမ်းသာမိပါတယ် ဆရာ၊ ဘဝတ



အားကြီးတယ်ပဲပြောပြော၊ ခု ရ,ထားတဲ့ဘဝကို အဆင်ပြေအောင် စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာဖြစ်အောင် နေလိုက်ချင်သေးတယ်၊ ပြီးတော့ ဘုံစဉ်စံ ဘဝလမ်းပြ ဒဿနဟာ မျက်မှောက်လူ့ဘဝအတွက်ရော၊ တမလွန်ဘဝအတွက်ပါ အကျိုးရှိစေတဲ့ တရားဖြစ်တယ် ဆိုတာကို လူတွေ သိစေချင်တယ်'

'အေး... မင်းရဲ့စေတနာကို ငါနားလည်တယ်၊ မင်းလည်း ဝေဠုဒွါရ ရှာသား တွေရဲ့ နှလုံးသားမျိုး စိတ်ထားမျိုး ရှိသူပါပဲ၊ ဘုံစဉ်စံ ဘဝလမ်းပြ ဒဿန ဟာလည်း လက်ရှိလူ့ဘဝကို တန်ဖိုးထားတယ်၊ လူဖြစ်ကျိုးနပ်အောင် လုပ်ဆောင်ရမယ့် နည်းလမ်းတွေကို တွေးခေါ်တယ်ဆိုတာ မင်း၊ စိတ်ချလက်ချ လက်ခံယုံပါ၊ ဗုဒ္ဓဝါဒ လူ့ဘဝအမြင်ကို ဆက်ပြီး ပြောဦးမယ်'

'ဟုတ်ကဲ့ ပြောပါဆရာ၊ ကျွန်တော်က စိတ်ထဲမှာ ပေါ်လာတဲ့ ဆန္ဒတစ်ခုကို ပြောမိတာပါ'

'ခုပြောမယ့်ကိစ္စကို မင်း လေးလေးနက်နက် စဉ်းစားပါ၊ ဒါဟာ ဗုဒ္ဓဝါဒ လူ့ဘဝ အမြင်ရဲ့ အင်မတန် ထူးခြား လေးနက်တဲ့ သဘောတရား တစ်ခုပဲ ကွယ့်'

'အမိန့်ရှိပါဆရာ'

'ဗုဒ္ဓဝါဒအရ လူ့အန္ဓပုထုဇဉ်တွေ တောင့်တကြသလို လူဖြစ်ခြင်း ဆိုတဲ့ သုဂတိဘဝ ရခြင်းကို ဘဝသမ္ပတ္တိနှင့် ပြည့်စုံတယ်လို့ ဆိုရတယ်၊ ပုထုဇဉ် လူသာမန်တွေကတော့ ဘဝသမ္ပတ္တိနှင့် ပြည့်စုံတဲ့ ဒီလူ့ဘဝမှာ ဘောဂသမ္ပတ္တိကိုလည်း ခံစား စံစားချင်ကြတာပေါ့၊ ဒါပေမယ့် ဗုဒ္ဓဝါဒ အလိုအရက ဒီလို မဖြစ်နိုင်ဘူး၊ ဘဝသမ္ပတ္တိပြည့်စုံမှုနှင့် ဘောဂသမ္ပတ္တိ ပြည့်စုံမှု နှစ်ခုမှာ ဘဝသမ္ပတ္တိကို လိုချင်ရင်တော့ ဘဝသမ္ပတ္တိကို အဆုံးရှုံးခံကြရတယ်၊ အဲဒီသဘောတရားကို မင်း မှတ်ထားနော်'

'ဘယ်လိုကြောင့်လဲဆရာ၊ ဘာဖြစ်လို့ ဘဝသမ္ပတ္တိကို လိုချင်ရင် ဘောဂသမ္ပတ္တိကို ဆုံးရှုံးခံရတာလဲ၊ ရှင်းပြပါဦး'

'အေး... အဲဒါကို လယ်တီဆရာတော်ဘုရားကြီးက **ကမ္မဝဋ္ဋာနုဒီပနီ** မှာ ဖွင့်ပြထားတော်မူတယ်၊ သူ့စကားအတိုင်းပဲ ကိုးကားပြမယ်နော်'

'ဟုတ်ကဲ့ ကောင်းပါပြီ ဆရာ'

'လယ်တီဆရာတော်က အဘယ်သို့လျှင် ဘောဂသမ္ပတ္တိကို ခင်မင်ကြကုန်သော သူတို့သည် ဘဝသမ္ပတ္တိကို အဆုံးရှုံးခံကြရသနည်းဟူမူကား အကြင်သူ

www.burmeseclassic.com

www.burmeseclassic.com



တို့သည် လူအဖြစ် ရခဲမှုကိုလည်းကောင်း၊ သံသရာ ဘေးကိုလည်းကောင်း၊ ဘဝပဒေသာပင်ကြီး၏ အခြင်းအရာကိုလည်းကောင်း မြော်မြင်နိုင်သော ဉာဏ် ပညာအားမရှိ၊ ဉာဏ်မျက်စိ မပေါက်၊ ထိုသူတို့သည် ယခုဘဝ ရရှိကြသော ဘောဂသမ္ပတ္တိကို ထိန်းသိမ်း စောင့်ရှောက်မှု၊ ပွားများအောင် ကြံဆောင်မှု၊ ခံစားမှု၊ စံစားမှုတို့နှင့်သာ နေ့ နှစ် ရက် လကို ကုန်လွန်စေရာ၏၊ ထိုအမှုတွေ တန်းလန်းနှင့်ပင် သေဆုံးကြရ၏။ ထိုသူတို့အား လူ့ဘဝ၊ လူ့ခန္ဓာပဒေသာ ပင်ကြီးသည် အညွန့်မပေါက် အခက်မပေါက်၊ မတ်တတ်ခြောက်၊ မတ်တတ် သေ ဆုံးရှုံး၍ သွားရလေကုန်၏လို့ ညွှန်ပြတော်မူတယ်၊ ဒီဘဝကို မင်း ဘယ်လို သဘောပေါက်သလဲ'

'ဟုတ်ကဲ့၊ ကျွန်တော် သဘောပေါက်တာကတော့ လူ့ဘဝမှာ ဖြစ်တည်ခိုက် မှာ ဥစ္စာပစ္စည်း ကြီးပွားချမ်းသာရအောင် အချိန်ရှိသမျှ ကြိုးပမ်းကြ၊ လုပ်ဆောင် ကြ၊ ပြီးတော့ အဲဒီလို ရရှိလာတဲ့ ပစ္စည်းဥစ္စာ ဘောဂသမ္ပတ္တိကို ထိန်းသိမ်းတဲ့ အလုပ်၊ ပိုပြီး တိုးပွားအောင် ကြံဆောင်ရတဲ့အလုပ်၊ ခံစား စံစားတဲ့အလုပ်ကိုသာ တစ်သက်လုံး လုပ်ပြီး သေသွားကြရင် အန္ဓပုထုဇဉ်အဖြစ် အပါယ်ဘေးတန်းလန်း နှင့် သေကြရမယ်၊ ဒါဆိုရင် တမလွန်ဘဝမှာ ဘဝသမ္ပတ္တိကို မရတော့ဘူး ဆုံးရှုံးပျက်စီးကြရတယ်လို့ သဘောပေါက်ပါတယ်ဆရာ'

'အေး... မင်း သဘောပေါက်တာ မှန်တယ်၊ အချုပ်ကို ပြောကြစို့ဆိုရင်တော့ ဒီဘဝမှာ ခန္ဓာကိုယ်ကို လုပ်ကျွေးရင်း စီးပွားဥစ္စာရှာရင်းပဲ တစ်ဘဝကုန်ဆုံးသွား မယ် ဆိုရင် ဒီလို သုဂတိ ဘဝမျိုးကို နောက်ထပ် မရနိုင်တော့ဘူး၊ ဒါဆိုရင် သာသနာတော်ကြီးနှင့် ကြုံတောင့်ကြုံခဲ ကြုံခဲ့ရတာလည်း အကျိုး မခံစားရဘဲ ရှုံးထားတဲ့ ဘဝဟာ ဘာမှ အညွန့်အတက် မထွက်ဘဲနှင့် မတ်တတ်ခြောက် မတ်တတ်သေ ဖြစ်သွားရတာပေါ့ကွာ၊ အဓိကကတော့ ဖြစ်တောင့်ဖြစ်ခဲ လူ ဖြစ်ခိုက်၊ ကြုံတောင့်ကြုံခဲ သာသနာတော်ကြီးနှင့် ကြုံခိုက် ခုလို ဉာဏ်မျက်စိ အမြင်ပေါက်ပါလျက်နှင့် ဘဝအတွက် ထောက်တည်ရာ ရအောင်၊ သက်သာရာ ရအောင် မလုပ်တတ်ရင် ဘဝ လူဖြစ်ရှုံးပြီလို့ ဆိုလိုတယ်'

'ဒါဆိုရင် လူဖြစ် မရှုံးအောင် နောင်တမလွန်ဘဝမှာလည်း သုဂတိ ဘဝ များ ဖြစ်တဲ့ လူ့ဘဝ၊ နတ်ဘဝတွေကို ဆက်လက်ရရှိနေအောင် ဘယ်လို လုပ် ရမလဲ'

'မင်းမေးပုံ ဟန်ကျတယ်၊ အဲဒါ အဓိက မေးခွန်းပဲကွယ့်၊ ဒီမှာ လောကီ



စီးပွားနှင့် ဓမ္မစီးပွား နှစ်ခုကို ခွဲခြား နားလည်ရမယ်၊ ပြီးတော့ လူ လေးမျိုး ခွဲခြားပုံကိုလည်း သိနားလည်ရမယ်'

'ရှင်းပြပါဦးဆရာ'

'ဘောဂသမ္ပတ္တိကို လိုချင် ခံစားချင်တဲ့ လူဟာ ဘဝသမ္ပတ္တိကို အဆုံးရှုံး ခံကြရတယ်ဆိုတာ သဘော ရှင်းပြီလား'

'ရှင်းပါပြီဆရာ'

'ကောင်းပြီ၊ ဒီသဘောရဲ့ အပြန်အားဖြင့် ဘဝသမ္ပတ္တိကို အလိုရှိတဲ့သူဟာ ဘောဂသမ္ပတ္တိကို အဆုံးရှုံးခံကြရတယ်၊ ဘဝသမ္ပတ္တိကို လိုလားတဲ့ လူကတော့ ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ ဓမ္မစီးပွားကို အလေးဂရုပြုကြရတယ်၊ ဒီမှာ လူ လေးမျိုးလေးစား ကွဲပြားသွားတယ်၊ လူ လေးမျိုး ဆိုတာ—

(၁) လောကီစီးပွားကို စိတ်များပြီး ဓမ္မစီးပွားကို စိတ်နည်းတဲ့ သူ၊

(၂) ဓမ္မစီးပွားကိုသာ စိတ်များပြီး လောကီစီးပွားကို စိတ်နည်းတဲ့ သူ၊

(၃) စီးပွားနှစ်ဖက်၌ စိတ်ထက်ဝက်စီ ရှိတဲ့သူ၊

(၄) စီးပွားနှစ်ဖက်မှ အလွတ်ဖြစ်ပြီး လောကီစီးပွားလည်း မဖြစ်၊ ဓမ္မ စီးပွားလည်း မဖြစ်ဘဲ အကျိုးမရှိတဲ့ အလေ့အကျင့်နှင့် နေ့၊ ရက်၊ နှစ်၊ လ တွေကို ကုန်စေတဲ့လူ ဆိုပြီး လေးမျိုးပြတယ်။

'— ဒီလေးမျိုးထဲမှာ မြတ်စွာဘုရားက စီးပွားနှစ်ဖက်၌ စိတ်ထက်ဝက်စီ ရှိသူကို ချီးမွမ်းတော်မူတယ်၊ ဓမ္မစီးပွားစိတ် များတဲ့လူကိုတော့ ပိုပြီး ချီးမွမ်းတာ ပေါ့၊ ဆိုဖွယ်မရှိဘူးပေါ့၊ လောကီစီးပွားစိတ် များတဲ့လူကတော့ မနုဿတ္တဒုလ္လဘ ကို အမြင်နည်းတဲ့သူ ဖြစ်တယ်တဲ့၊ စီးပွားနှစ်ဖက်က အလွတ်ကျင့်သူ (လောကီ စီးပွားလည်း မဖြစ်၊ ဓမ္မစီးပွားလည်း မဖြစ်သူ) ကတော့ မျက်စိ နှစ်ဘက်စလုံး ကန်းသူ မည်တယ်တဲ့၊ လယ်တီဆရာတော်ဘုရားကြီးကတော့ ဒုစရိုက်တွေ ကိုပဲ လေ့ကျက်ပြီး ဘဝတစ်သက် ကုန်ဆုံးကြတဲ့ လူတွေကိုတော့ လူစာရင်းထဲ တောင် မသွင်းသင့်ဘူးလို့ အပြတ် ဆုံးဖြတ်ထားတော်မူတယ်'

(ကမ္မဋ္ဌာနဒီပနီ - နှာ- ၁၈)

'လူ့ဘဝ ဖြစ်တည်ပုံ လေးမျိုးကို ခွဲပြတာ နှစ်သက်ဖို့ ကောင်းလိုက်တာ ...ယ်၊ စီးပွား နှစ်ဘက်ကို စိတ်ထက်ဝက်စီ ထားသူကို ချီးမွမ်းတယ် ...ဟာ လောကီစီးပွား ကြီးပွားအောင်လည်း လုပ်၊ လုပ်ပြီးရင် အဲဒီ စီးပွား

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စနှင့်ပဲ အချိန်ကုန်မခံနှင့်၊ သင့်လျော်တဲ့ အချိန်မှာ ဒီစီးပွားတွေကို စွံနိုင်အောင်
လည်း ကြိုးစားလို့ ဆိုလိုတာပေါ့နော်'

'ဘုံစဉ်စဲ ဘဝလမ်းပြ ဒဿနဆိုတာ လူ့ဘဝကို တစ်ကြိမ်ရပြီးတဲ့ လူဟာ
နောင်ဘဝအဆက်ဆက်မှာ ပိုမိုမြင့်မားတဲ့ ဘဝအဆင့်ဆင့်မှာ ဘဝတစ်ဖန်ပြ
ဖြစ်ပြီး နောက်ဆုံး အန္တိမ ဘဝမှာ နိဗ္ဗာန်မဂ်ဖိုလ်ကို မျက်မှောက်ပြုဖို့ အသင့်
၊ နေအထားကို ရောက်အောင် သွားတဲ့ ဘဝခရီးလမ်းကို ပြတဲ့ အတွေးအခေါ
ပဲကွယ်။

' – ရှေးတုန်းကတော့ ဇာတ်တော်တွေထဲမှာ ဘုရင်တွေ၊ သူဌေးသူကြွယ
တွေဟာ ဘဝ စည်းစိမ်တွေကိုလည်း ခံစားတယ်၊ ဒါပေမယ့် သေတဲ့အထိ မ
စားဘူး၊ အချိန်တန် အရွယ်ရောက်တဲ့အခါ လောကီစည်းစိမ်တွေကို စွန့်ပြ
တောထွက်သွားကြတယ်၊ ခုကာလမှာတော့ တောထွက်တဲ့ အလေ့အထ ခေ
မစားတော့ဘူး၊ တောထွက်မှ မဟုတ်ဘူး၊ အိမ်မှာနေပြီးလည်း ဗြဟ္မစရိယအကျ
ကို ကျင့်ကြံအားထုတ်လို့ ရပါတယ်၊ အိမ်မှာနေပြီး နိစ္စဗဒ်ကုသိုလ်ဝတ်တွေ
လက်စွဲထားပြီး ပြုကြမယ်၊ အရိယာဂတိဖြစ်တဲ့ ရုပ်နာမ်သိကြောင်း သတိပဋ္ဌာ
တရားကို ပွားများအားထုတ်ကြမယ်ဆိုရင်လည်း ဝိသာခါတို့၊ အနာထပိဏ်တို့
လူလောကထဲမှာ သောတာပန်အဖြစ်နေပြီး သေတဲ့အခါကျတော့ အထက်နတ်
အဆင့်ဆင့်မှာ တစ်ဘဝထက် တစ်ဘဝ မြင့်သည်ထက် မြင့်၊ မြတ်သည်ထ
မြတ်တဲ့ ဘုံအဆင့်တက် ခံစားပြီးမှ အများဆုံး ခုနစ်ဘဝ အဆုံးမှာ နိဗ္ဗာန်
မျက်မှောက်ပြုကာ ဘဝဇာတ်သိမ်းဖြစ်တဲ့ လောင်စာသိမ်း မီးငြိမ်းတဲ့အဖြစ်
ရောက်သွားကြနိုင်တယ်'

'ဒါဖြင့် အခု ဖြစ်တည်နေတဲ့ဘဝမှာတင် နိဗ္ဗာန်ရောက်အောင် အားထုတ်
ကို ဆိုလိုတာလားဆရာ'

'ထေရဝါဒ အလိုကတော့ ဖြစ်နိုင်ရင် အချိန်ဆွဲမနေနှင့်၊ နောင် ပွင့်မ
ဘုရားကိုလည်း မျှော်မနေနှင့်၊ ခု ရ,ထားတဲ့ဘဝဟာ နိဗ္ဗာန်ကူးတို့ဆိပ်ဖြစ်
ဒီဘဝမှာတင် လူဟာ နိဗ္ဗာန်မဂ်ဖိုလ်ကို မျက်မှောက်ပြုနိုင်အောင် အားထု
ကြံရမယ်၊ ဒါက သဘောတရားလေ၊ ဒီသဘောတရားဟာ လက်တွေ့ကျတော့
ဖြစ်နိုင် မဖြစ်နိုင် ရှိသေးတယ် မဟုတ်လား၊ လူသားတွေရဲ့ ပကတိအခြေအနေ
သုံးသပ်ရဦးမယ်၊ ဒီမှာလည်း ပုဂ္ဂိုလ် လေးမျိုး ခွဲရဦးမယ်၊ ဒါ ဘုရားဟော
လူ့ဘဝမှာ လူဖြစ်ရတာချင်း တူသော်လည်း ဖြစ်တည်ပုံချင်း မတူတဲ့အကြော



တွေ ရှိတယ်၊ ဖြစ်တည်မှုဝါဒကတော့ လူသားအားလုံးဟာ အတူတူပဲ၊ တစ်တန်းတစ်စားတည်းပဲလို့ ရှုမြင်ထားပုံ ပေါ်တယ်'

'လူရဲ့ဖြစ်တည်ပုံချင်းဟာ ဇာတိအားဖြင့် မတူဘူးလား'

'အေး... အနောက်တိုင်း ဒဿနဆရာတွေကတော့ လူတိုင်းဟာ ရုပ်ခန္ဓာဖွဲ့စည်းပုံချင်းလည်း တူကြတယ်၊ တွေးခေါ်ပုံချင်းလည်း တူကြတယ်၊ ခံစားပုံချင်းလည်း တူကြတယ်လို့ သုံးသပ်ကြတယ်၊ သို့သော် လူချင်းတူသော်လည်း ကံချင်း မတူဘူး၊ ကံချင်းတူသော်လည်း ဉာဏ်ချင်း မတူဘူး၊ ဉာဏ်ချင်း တူသော်လည်း ဝီရိယချင်း မတူဘူး၊ ဝီရိယချင်း တူသော်လည်း ပါရမီချင်း မတူဘူး၊ ပါရမီချင်း တူတာတောင်မှ ဆုတောင်းချင်းက မတူနိုင်ဘူး။ အဲဒီအယူအဆကို မင်း ငြင်းနိုင်မလား'

'မှန်ပါတယ် ဆရာ၊ မတူနိုင်ပါဘူး၊ ငြင်းလို့ မရပါဘူး'

'ဒါ သူပြော ငါပြောလား၊ မျက်မြင်ကိုယ်တွေ့လား'

'မျက်မြင်ကိုယ်တွေ့ပါ ဆရာ'

'အေး... မတူနိုင်ဘူး၊ မြန်မာ့ဆိုရိုးစကားတောင် ရှိတယ်၊ လူချင်းတူသော်လည်း အသက်ရှူချင်းကျတော့ ကွဲသေးတယ်ဆိုတဲ့ စကား၊ ဒီမှာ စဉ်းစားစရာတွေ၊ သိနားလည်စရာတွေ အများကြီး ရှိသေးတယ်၊ ဘုံစဉ်စဲ ဘဝလမ်းပြ ဒဿနဟာ ဒီအချက်တွေ အားလုံးကို ထည့်ပြီး စဉ်းစားတယ်'

'ဘာအချက်တွေလဲ၊ အမိန့်ရှိပါဦး ဆရာ'

'မင်းက စာပေသမား၊ အတွေးအခေါ်သမား ဆိုတော့ ငါက ကျမ်းကိုးကျမ်းကားနှင့် ပြောမှ ကောင်းမယ်'

'ဟုတ်ကဲ့၊ ကျေးဇူးကြီးပါပေတယ် ဆရာ'

'အေး... ခုပြောမယ့် ကိစ္စတွေကို အကျယ်သိချင်ရင်တော့ မင်းအနေနဲ့ လယ်တီဆရာတော်ဘုရားကြီး စီရင်တဲ့ **ဗောဓိပက္ခိယဒီပနီ** ကျမ်းကို ဖတ်ပါ၊ လေ့လာပါ၊ **ဗောဓိပက္ခိယဒီပနီ** ကျမ်း စစချင်း လယ်တီဆရာတော်ဘုရားဟာ ပုဂ္ဂိုလ်ခွဲခန်းနှင့် စ ထားတယ်၊ ပုဂ္ဂိုလ်လေးမျိုးခွဲပြီး သိရဦးမယ်လို့ ငါစောစောက [illegible]တယ်၊ မှတ်မိလား'

'ဟုတ်ကဲ့၊ မှတ်မိပါတယ်ဆရာ'

'အေး... အဲဒီပုဂ္ဂိုလ်မျိုးဆိုတာက (၁) ဥဂ္ဃဋိတညုပုဂ္ဂိုလ်၊ (၂) ဝိပဉ္စိတညုပုဂ္ဂိုလ်၊ (၃) နေယျပုဂ္ဂိုလ်၊ (၄) ပဒပရမပုဂ္ဂိုလ်တွေဟာ ဉာဏ်အဆင့်အတန်းချင်း

www.burmeseclassic.com

www.burmeseclassic.com



ပါရမီ အဆင့်အတန်းချင်း မတူကြဘူး၊ ဒါကြောင့် သူတို့ဟာ ဒီလူ့ဘဝမှာတ အပါယ်လွတ်ကြောင်း သံသရာ ဝဋ်ဒုက္ခက ကျွတ်ကြောင်းအတွက် ကျင့်ကြ အားထုတ်ကြတဲ့အခါ အကျိုးရလဒ် ရပုံချင်း မတူကြဘူး'

'ဘယ်လို မတူတာလဲဆရာ'

'ပထမ ဥဂ္ဃဋိတညုပုဂ္ဂိုလ်က သက်တော်ထင်ရှား ရှိတော်မူသော မြတ် ဘုရားကိုလည်း ကိုယ်တိုင် တွေ့ရတယ်၊ ဒီလို တွေ့တဲ့အချိန်မှာ ဘုရား တစ်ခုသော တရားဓမ္မကို အကျဉ်းသခေ်ပ ဥဒ္ဒေသနည်းနှင့် ဟောလိုက်တ အဲဒီ အကျဉ်းချုပ် ဟောတဲ့ တရားဓမ္မကို ကြားလိုက်ရတာနှင့် တစ်ပြိုင်န တစ်ချက်တည်း မဂ်ဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး သံသရာ အဆုံး ဘ အဆုံးကို ရောက်သွားတယ်'

'အင်မတန် ထက်မြက်တဲ့ ပုဂ္ဂိုလ်ပဲနော်'

'အေး... အလွန်ထက်မြက်တယ်၊ ဒါက ပထမတန်းစား ပုဂ္ဂိုလ်မျိုးကွ နောက် ဒုတိယတန်းစားက နံပါတ်(၂) ပုဂ္ဂိုလ်၊ ဝိပဉ္စိတညုဆိုတာ၊ သူကလ ဘုရားကို သက်တော်ထင်ရှား ဖူးတွေ့ရတယ်၊ ဒါပေမယ့် ဘုရားက တရားဓမ္မ အကျဉ်း သခေ်ပနည်းနှင့် ဟောရုံနှင့် မဂ်ဖိုလ်ကို မရနိုင်ဘူး၊ သူ့လို ပုဂ္ဂိုလ် ကျတော့ အကျယ်ဝိတ္ထာရအားဖြင့် ဟောရတယ်၊ ဒီလို အကျယ်ဝေဖန်ပြီး ဟ တော်မူတော့မှ ဒီပုဂ္ဂိုလ်က မဂ်ဖိုလ်ကို ရနိုင်တယ်၊ ဒါက ဒုတိယတန်း ဉာဏ်ထက်တဲ့ ပုဂ္ဂိုလ်ပဲ'

'သူတို့ကျတော့ အပြင်းအထန် ကျင့်ကြံအားထုတ်မနေရဘဲနှင့် အလွ တကူ တရားရတယ်လို့ ဆိုလိုတာလား ဆရာ'

'အဲဒီအကြောင်းကို နောက်ပိုင်းမှာ မင်း သဘောရှင်းပြီး နားလည်သွားလ မယ်၊ သူတို့က ခု မျက်မှောက်ဘဝမှာ အချိန်ကြာကြာ ကျင့်ကြံအားထုတ်ရ မရှိပေမယ့် ဘဝအဆက်ဆက် ကျင့်ကြံအားထုတ်ခဲ့ကြလို့ ခုဘဝမှာ ကျွတ်တမ်း မယ့် ပစ္ဆိမဘဝိကာ ပုဂ္ဂိုလ်တွေ ဖြစ်နေကြပြီလေ၊ ယခုရတဲ့ လူ့ဘဝဟာ သူ အတွက် ဒါ နောက်ဆုံးဘဝပဲ၊ ဒီလူ့ဘဝကနေ သူတို့က အကျွတ်တရား ရ မယ့် မှည့်ရွမ်းပြီး ကြွေခါနီး အသီးတွေလို ဖြစ်နေကြတယ်လို့ ဆိုရမှာပေ

'ဟုတ်ကဲ့ ကျွန်တော် နည်းနည်း သဘောပေါက်ပါပြီ'

'နောက် တတိယတန်းစားပုဂ္ဂိုလ်၊ သူ့ကိုတော့ နေယျပုဂ္ဂိုလ်လို့ ခေါ်တ သူကတော့ သက်တော်ထင်ရှား ဘုရားနှင့် ကိုယ်တိုင်တွေ့ချင်လည်း တွေ့မ



မတွေ့ဘူးလည်း ဖြစ်နိုင်တယ်၊ ကိုယ်တိုင် ဖူးတွေ့ရတယ် ထားဦး နေယျပုဂ္ဂိုလ် ဟာ တရားဓမ္မကို ဥဒ္ဒေသ၊ နိဒ္ဒေသ အကျဉ်းအကျယ်အားဖြင့် ဟောသော်လည်း ဒေသနာအဆုံးမှာ မဂ်ဖိုလ်ကို မရနိုင်ဘူး၊ ဒေသနာကို ကြားနာ၊ ဆောင်ရွက်၊ လေ့ကျက်၊ မှတ်သားထားပြီး ထိုဒေသနာမှာ လာရှိတဲ့အတိုင်း တရားကို နေ့ ရက်များစွာ ကျင့်ကြံပွားများ အားထုတ်ရဦးမယ်၊ ဒီလို အချိန်ကြာမြင့်စွာ အား ထုတ်မှသာ မဂ်ဖိုလ်ကို ရနိုင်တဲ့ ပုဂ္ဂိုလ်အတန်းအစား ဖြစ်တယ်'

'ဒါ ခုခေတ် လူသားတွေလို ပုဂ္ဂိုလ်မျိုးပေါ့နော်'

'ယေဘုယျအားဖြင့်တော့ ခုခေတ်က လူတွေကို နေယျခေတ်၊ နေယျ ပုဂ္ဂိုလ်တွေလို့ ယူဆနိုင်ပါတယ်၊ ဒါပေမယ့် နေယျမှာလည်း ပါရမီ အနု အရင့် အဆင့်ဆင့်ကို လိုက်ပြီး ကိလေသာ အနု အရင့် အဆင့်ဆင့်ကို လိုက်ပြီး ကျင့်ကြံ အားထုတ်တဲ့အခါ တရားရတဲ့ အချိန်ကာလ အတို အရှည် ကွာမယ်၊ ခုနစ်ရက်၊ ခုနစ်လ၊ ခုနစ်နှစ် ကျင့်လို့ တရားရတဲ့ ပုဂ္ဂိုလ်၊ အနှစ်သုံးဆယ်၊ အနှစ်ခြောက်ဆယ် ကျင့်မှ တရားရတဲ့ ပုဂ္ဂိုလ် မတူဘူး၊ ကွာပြန်တယ်၊ ဒီ နေရာမှာ ခုနစ်ရက်တည်း ကျင့်ပြီး တရားရတဲ့ နေယျပုဂ္ဂိုလ်မျိုး ဆိုဦးတော့ ပထမ အရွယ်၊ ဒုတိယ အရွယ်တွေမှာ ကျင့်လို့ ပထမ မဂ်ကိစ္စ ပြီးသွားတယ် ဆိုရင် ဆက်ပြီး ကျင့်ကြံပွားများ အားထုတ်လို့ရှိရင် အရွယ်ရှိသေးတဲ့အတွက် အထက်မဂ်တွေကိုလည်း ဒီဘဝမှာတင် ရနိုင်တယ်၊ ရဟန္တာပုဂ္ဂိုလ် ဖြစ်နိုင်တယ်၊ ဒီလိုမဟုတ်ဘဲနှင့် တတိယအရွယ်ရောက်မှ ကျင့်ကြံပွားများ အားထုတ်ရင်တော့ အောက်မဂ် အောက်ဖိုလ်ဖြစ်တဲ့ သောတာပတ္တိ မဂ်ကိစ္စလောက်ပဲ ပြီးနိုင်တယ်၊ ခုနစ်ရက်တည်းကျင့်လို့ မဂ်ရတယ်၊ တရားရတယ် ဆိုတာဟာ အားရှိသလောက် အစွမ်းကုန် အားထုတ်လို့သာ ရတာနော်၊ ဝီရိယ ယုတ်လျော့သွားပြန်ရင်လည်း မရနိုင်ဘူး၊ ဝီရိယ နည်းသွားရင် ခုနစ်ရက်မက ခုနစ်လ၊ ခုနစ်နှစ် ကြာကောင်း ကြာသွားနိုင်တယ်'

'ဒါဖြင့် တရားအားထုတ်တာဟာ အချိန် အရွယ်နှင့်လည်း ဆိုင်တာပေါ့နော် ဆရာ'

'အာ... ဆိုင်တာပေါ့ကွာ၊ တရားရဖို့ဆိုတာ လွန်စွာ အားထုတ်ရတဲ့ ကိစ္စ ဟာခုပဲ၊ အလွန်မလွယ်ကူတဲ့ ကိစ္စပဲ၊ ဆရာကောင်း ဆရာမှန်နှင့်လည်း တွေ့မှ၊ နည်းကောင်းနည်းမှန်ကိုလည်း တွေ့မှ၊ အချိန်ကောင်း အရွယ်ကောင်းလည်း ဖြစ်မှ ကျန်းမာရေးနှင့်လည်း ပြည့်စုံမှ၊ လုံ့လဝီရိယလည်း ရှိမှ၊ စွဲစွဲမြဲမြဲလည်း

www.burmeseclassic.com

www.burmeseclassic.com



လုပ်မှ ဖြစ်တာ၊ လွယ်လွယ်ကလေးလို့ မထင်နှင့်၊ အဓိကကတော့ မဂ်ဖိုလ် ရလောက်တဲ့ ဝီရိယမျိုးရှိမှ၊ မရှိရင် ဝီရိယယုတ်လျော့တဲ့အတွက် နေယျပုဂ္ဂိုလ်ဟာ တစ်ဘဝတာ ကုန်ဆုံးသွားတယ်၊ တရားမရတဲ့အတွက် ဒီသာသနာမှာ မကျွတ်တော့ဘူး၊ နောက်နောင် ဘုရားသာသနာတွေမှာလည်း သာသနာနှင့် တွေ့ရကြုံရမှ ကျွတ်တော့မယ်၊ ကိုယ်က ဘုရားပွင့်ချိန်မှာ ရပ်ပြစ်ရှစ်ပါး ရောက်နေရင် တစ် သာသနာနှင့် လွဲရပြန်ရော၊ ဒီမှာ လူပုဂ္ဂိုလ်ကို နှစ်မျိုးခွဲခြားပြီး သတ်မှတ်ရပြန်တယ်၊ အဲဒါက နိယတပုဂ္ဂိုလ်၊ အနိယတ ပုဂ္ဂိုလ်ဆိုပြီး နှစ်မျိုးခွဲရဦးမယ်၊ ဘယ်ဘုရား သာသနာကျရင်ဖြင့် မုချ ကျွတ်တမ်းဝင်မယ့် ပုဂ္ဂိုလ်ပဲလို့ ဘုရားရှင် တစ်ပါးပါးထံ မှာ နိယတဗျာဒိတ် (ဧကန်ဖြစ်မည်ဆိုတဲ့ ဘုရားစကား) ရထားတဲ့ ပုဂ္ဂိုလ်ဖြစ်မှသာ ဗျာဒိတ်တော်အတိုင်း မုချအကျွတ်တရား ရနိုင်တယ်၊ ဒါကတော့ လွဲကိုမလွဲဘူး၊ မဟုတ်လို့ကတော့ ဗျာဒိတ်ရမထားတဲ့ အနိယတပုဂ္ဂိုလ်မျိုးမှာ ပါရမီဘယ်လောက် ရှိရှိ ဘုရားသာသနာနှင့် တွေ့ကြုံရမလား၊ မကြုံရဘူးလားဆိုတာလည်း မပြော နိုင်ဘူး၊ စိတ်မချရဘူး၊ နောက်သာသနာမှာ ကျွတ်မလား၊ မကျွတ်ဘူးလား ဆိုတာလည်း စိတ်မချရဘူးတဲ့'

'နောက် ပုဂ္ဂိုလ်တစ်မျိုးအကြောင်းကို ပြောပြပါဦးဆရာ'

'နောက်တစ်မျိုးက ပဒပရမ ပုဂ္ဂိုလ်ဆိုတာပဲ ကွယ့်၊ ဒီပုဂ္ဂိုလ်မျိုးကတော့ တော်တော်အောက်တန်းကျတဲ့ အညံ့စား ပုဂ္ဂိုလ်မျိုး ဖြစ်တယ်၊ သူက ဘုရား သာသနာနှင့်လည်း ကြုံတယ်၊ ပရိယတ်ရော၊ ပဋိပတ်ရောကို ဘယ်လောက်ပဲ အားထုတ်အားထုတ် ဒီဘဝမှာတော့ မဂ်ဖိုလ်ကို ရကို မရထိုက်ဘူး၊ ဒါပေမယ့် ဘာအကျိုးတော့ ရသလဲဆိုရင် ဝါသနာဘာဂီပါရမီလောက်တော့ ရသွားတယ်၊ ဒီပုဂ္ဂိုလ်ဟာ ဒီဘဝမှာ မကျွတ်နိုင်မလွတ်နိုင်သော်လည်း သမထအလုပ် ဝိပဿနာ အလုပ် လက်ရှိနှင့် သေလွန်သွားတဲ့အခါ လူ့ဘဝမှာ နတ်ဘဝမှာ ဖြစ်လို့ရှိရင် နောက်ဘဝမှာ ဘုရားသာသနာမှာပဲ အကျွတ်တရား ရနိုင်တယ်'

'ဒီလိုဆိုရင် ခုခေတ် လူသားတွေဟာ အများအားဖြင့် နေယျပုဂ္ဂိုလ်တွေ ပဒပရမ ပုဂ္ဂိုလ်တွေပဲ များမယ် ထင်ပါတယ်ဆရာ'

'ဟုတ်တယ်၊ ဆရာလည်း ဒီအတိုင်းပဲ ပြင်မိတယ်၊ ဒီနေရာမှာ ဆရာ့ အကြောင်းကို နည်းနည်းပြောဦးမယ်'

'ဟုတ်ကဲ့ ပြောပါဦးဆရာ'

'မင်းလည်းကြားဖူးမှာပါ၊ ဆရာက မိရိုးဖလာ ဗုဒ္ဓဘာသာမဟုတ်ဘူး၊ ဒီ



အကြောင်းကို ***ရတနာ သုံးပါးကို ယုံကြည် ကိုးကွယ် ဆည်းကပ်လာသူ တစ်ယောက်အကြောင်း*** စာအုပ်တွေထဲမှာ ဆရာ ရေးထားခဲ့ပြီးပါပြီ၊ ခု အဲဒီ နောက်ပိုင်း ဖြစ်ရပ်ကလေးတွေကို ပြောမယ်၊ ***ရတနာသုံးပါး*** စာအုပ်တွေကို ဖတ်ရတဲ့အခါ ရန်ကုန်မြို့ပေါ်မှာ ရှိကြတဲ့ သာသနာ့အကျိုးဆောင် ပုဂ္ဂိုလ်ကြီးများ က ဆရာ့ကို ဖိတ်ပြီး ဦးဆန်းလွင်၊ ခု ဗုဒ္ဓဘာသာဖြစ်လာပြီးနောက် နောက်ထပ် ဘာလုပ်ချင်သလဲ၊ သာသနာတော်အတွက် လုပ်ချင်တာရှိရင် ပြောပါ၊ ကျွန်တော်တို့ ဘာကူညီရမလဲ ပြောပါလို့ အားပေးစကား ပြောကြတယ်၊ အဲဒီအခါ ဆရာက ပြောမိတယ်၊ ကျွန်တော်ကတော့ အခြားဘာသာဝင် မိဘများဝမ်းမှာ တည်ပြီး မွေးဖွားခဲ့ရတယ်၊ ပြီးမှ အခက်အခဲ အကျပ်အတည်း အမျိုးမျိုးကို ရင်ဆိုင် ကျော်ဖြတ်ပြီး ဗုဒ္ဓဘာသာဝင်အဖြစ်သို့ ရောက်အောင် ရတနာသုံးပါးကို ယုံကြည် ကိုးကွယ် ဆည်းကပ်သူဖြစ်အောင် ပင်ပင်ပန်းပန်း ကြိုးစားခဲ့ရတယ်၊ အသက် ၃၀ ကျော် အရွယ်ကောင်းတုန်းမှာ ဗုဒ္ဓဘာသာ ဥပါသကာ ပြန်ဖြစ်လာရတဲ့ အတွက် ငါ အရတော်လေစွဆိုပြီး အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရပါတယ်၊ ဒါပေမယ့် ဗုဒ္ဓဘာသာလောကထဲကို ရောက်ပြီး မိရိုးဖလာ ဗုဒ္ဓဘာသာဝင်တွေကို တွေ့ရတဲ့အခါ သူတို့ဟာ အတိဒုလ္လဘ သာသနာတော်ကြီးနှင့်လည်း ကြုံနေကြရ ပါလျက် ရခဲတဲ့ လူ့ဘဝကိုလည်း ရကြပါလျက် ပုထုဇ္ဇနဂတိနှင့်နေ၊ ပုထုဇ္ဇန် ဂတိနှင့် သေနေကြလို့ အပါယ်တန်းလန်း ဖြစ်နေကြတာ၊ ဗုဒ္ဓဘာသာဖြစ်ရကျိုး မနပ် ဖြစ်နေတာကို တွေ့ရတော့ တော်တော် ဝမ်းနည်းပက်လက် ဖြစ်မိတဲ့ အကြောင်း ပြောရတယ်၊ အဲဒါ ဘုံစဉ်စံ ဒဿန စတင်မြစ်ဖျားခံခဲ့တဲ့ အချက်ပဲ ကွယ့်'

'ဒါဆိုရင် ဘုံစဉ်စံ ဘဝလမ်းပြ ဒဿနဆိုတာဟာ နေယျပုဂ္ဂိုလ်တွေနှင့် ပဒပရမ ပုဂ္ဂိုလ်တွေအတွက် ရည်ရွယ်တဲ့ ဒဿနပဲပေါ့နော် ဆရာ'

'မှန်တယ်၊ နေယျပုဂ္ဂိုလ်၊ ပဒပရမ ပုဂ္ဂိုလ်တွေဟာ ဗုဒ္ဓဘာသာ အများစု ဖြစ်နေတယ် မဟုတ်လား၊ ဒီလူသားတွေ ဒီပုဂ္ဂိုလ်တွေ လူဖြစ်မရှုံးရလေအောင် ငါလည်း ဗုဒ္ဓဘာသာကို ကျေးဇူးဆပ်ရာ ကျလေအောင် တစ်ခုခုတော့ လုပ်မှ ဖြစ်မယ်လို့ စိတ်ကူးရခဲ့တယ်၊ အဲဒီအကြောင်းကို ဗုဒ္ဓဘာသာဝင် လူကြီးမင်း တို့ကိုလည်း ထုတ်ဖော် ပြောဆိုခဲ့တယ်'

'ဘာလုပ်မယ်လို့ ပြောတာလဲဆရာ'

'ဆရာက လူပုဂ္ဂိုလ်တွေရဲ့ အလား (ဂတိ) ကို ကြည့်ပြီး အပြန်အလှန်

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားတယ်၊ နေယျပုဂ္ဂိုလ်ဆိုတာ ဆရာကောင်း ဆေးကောင်း မတွေ့ဘဲနေရင်တော့ သေမယ်၊ ဆရာကောင်း ဆေးကောင်းနှင့်တွေ့ပြီး အချိန်မီ ကုသလို့ရှိရင် ရှင်လမ်းရှိတဲ့ လူနာနှင့်တူတယ်၊ သူဟာ ဒီဘဝမှာတင် ကျွတ်လွတ်ခွင့် နှစ်ဖက်နှစ်လမ်း ရှိသူ ဖြစ်တယ်၊ အသက်အရွယ်ကို သိပြီး စွန့်ပယ်သင့်တဲ့ အရာတွေကို စွန့်ပယ်၊ ဆရာဥပနိဿယကို ရှာကြံပြီး နေရာတကျ တရားကို အားထုတ်လို့ လုံလောက်တဲ့ ဝီရိယလည်း ရှိမယ်ဆိုရင်တော့ ဒီဘဝမှာတင် ကျွတ်နိုင်တယ်၊ ဒါပေမယ့် ဒီဘဝမှာတင် ကျွတ်လမ်းဝင်ဖို့ဆိုတာက အခက်အခဲတွေ အများကြီး ရှိတယ်၊ အလွန်မှောက်မှားတဲ့ တရားကို လိုက်စား ကျုံလွန်ပြီး ဖြစ်ရင်ပဲဖြစ်ဖြစ်၊ ကာမဂုဏ်တရားတွေကို မစွန့်နိုင်ရင်ပဲဖြစ်ဖြစ်၊ စွန့်နိုင်တယ်ပဲ ထားထား ဆရာ ဥပနိဿယ ကောင်းကို အမှီမရရင်ပဲဖြစ်ဖြစ်၊ ဆရာ ဥပနိဿယကောင်းကို ရ တယ်ပဲထား၊ ဝီရိယကို လုံလောက်စွာ အားမထုတ်ရင်ပဲ ဖြစ်ဖြစ်၊ အားထုတ်တယ် ပဲထား အရွယ်က ကြီးရင့်နေပြီ၊ လွန်နေပြီဖြစ်လို့ စိတ်ရှိတိုင်း မလိုက်နိုင်တော့ ဘူးဆိုရင်ပဲဖြစ်ဖြစ် နုပျိုသူဖြစ်ဦးတော့ ကျန်းမာရေးချို့ယွင်းတဲ့ ဂိလာန ပုဂ္ဂိုလ်မျိုး ဖြစ်ပြန်ရင်လည်း ဒီဘဝမှာ ကျွတ်တမ်းမဝင်နိုင်ဘူး၊ အဇာတသတ်မင်း၊ မဟာ ဓနသူဌေးသား၊ ရဟန်းရှင်သုဒိန်တို့ဟာ ဒီဘဝမှာတင် ကျွတ်တမ်းဝင်ထိုက်တဲ့ ပုဂ္ဂိုလ်တွေပဲကွယ့်၊ ဒါပေမယ့် အဇာတသတ်က အဖကိုသတ်မိတဲ့ ကံကြီးထိုက် သွားတယ်၊ မကျွတ်တော့ဘူး၊ မဟာဓနသူဌေးသားကလည်း အရွယ်ရှိစဉ်တုန်းက ကာမဂုဏ်ကို လိုက်စားနေခဲ့တယ်၊ အရွယ်ကြီးရင့်မှ တရားအားထုတ်တော့ စိတ်က အားမရှိတော့ဘူး၊ မကြည်လင်တော့ဘူး၊ ဒါကြောင့် အကျွတ်တရားကို မရတော့ဘူး၊ ဒါကြောင့် မြတ်စွာဘုရားက အရှင်အာနန္ဒာကို မိန့်တော်မူဖူးတယ်

'– အာနန္ဒာ၊ ဒီသူဌေးသားဟာ ပဌမအရွယ် ငယ်စဉ်အခါမှာသာ ငါ ဘုရားသာသနာမှာ ရဟန်းပြုခဲ့လို့ရှိရင် ရဟန္တာဖြစ်ပြီး ယခုဘဝမှာပင် ပရိနိဗ္ဗာန် စံရလိမ့်မယ်တဲ့၊ ဒီလိုမဟုတ်ဘဲ ဒုတိယအရွယ်မှာ ငါဘုရားရဲ့ သာသနာမှာ ရဟန်းပြုခဲ့လို့ရှိရင် အနာဂါမ်ဖြစ်ပြီး သေလွန်လို့ရှိရင် သုဒ္ဓါဝါသဗြဟ္မာဘုံမှာ ပရိနိဗ္ဗာန် စံရလိမ့်မယ်တဲ့၊ ဒီလိုမဟုတ်ဘဲ တတိယအရွယ်ရောက်စမှာ ငါဘုရား သာသနာမှာ ရဟန်းပြုခဲ့မိရင်တောင်မှ သကဒါဂါမ်အဖြစ်၊ သောတာပန်အဖြစ် ကို ရောက်ပြီး အပါယ်သံသရာမှာ ထာဝရ လွတ်ငြိမ်းခွင့် ရခဲ့မှာပဲလို့ မိန့်တော် မူတယ်၊ ဒီစကားကို ထောက်ထားဆင်ခြင်ကြည့်မယ်ဆိုရင် မဟာဓနသူဌေး ကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ်ပဲဖြစ်ဦးတော့ (နိယတပုဂ္ဂိုလ် မဟုတ်ဘူး၊ အနိယတ



ပုဂ္ဂိုလ်ဖြစ်နေလို့ရှိရင်) ကျွတ်အောင်၊ လွတ်အောင် အပြင်းအထန် ကျင့်ကြံအားထုတ်နိုင်မှသာ ဒီသာသနာမှာ မဂ်ဖိုလ် ရထိုက်တယ်၊ ကျင့်ကြံ အားထုတ်မှု ဝီရိယက ယုတ်လျော့၍နေခဲ့လို့ရှိရင် ဒီသာသနာမှာ မဂ်ဖိုလ်ကို မရနိုင်ဘူးဆိုတဲ့ သဘောကို ယုံကြည်ရမယ်လို့ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက **ဗောဓိပက္ခိယဒီပနီ** မှာ ဆုံးမတော် မူထားတယ်၊ ပြီးတော့ လယ်တီဆရာတော်က ယခုအခါ၌ သာသနာတော်တွင်းမှာ နေယျပုဂ္ဂိုလ်နှင့် ပဒပရမပုဂ္ဂိုလ်နှစ်မျိုးသာ ရှိတော့သည်၊ ထိုနှစ်မျိုးတို့တွင် နေယျပုဂ္ဂိုလ်သည် သတိပဋ္ဌာန် သမ္မပ္ပဓာန် စသော ဗောဓိပက္ခိယတရားတို့ကို ကောင်းစွာ ကျင့်နိုင်ပါလျှင် ယခုဘဝမှာပင် သောတာပန် ဖြစ်နိုင်၏၊ အကျင့်ပေါ့လျော့ခဲ့လျှင် နောက်ဘဝ၌ နတ်ပြည်သို့ ရောက်မှ သောတာပန် ဖြစ်နိုင်၏၊ သတိပဋ္ဌာန်နှင့်ကင်း၍ သေလွန်လျှင် ဤ သာသနာတော်မှာ မထင်ရှားရပြီ (အကျွတ်တရား မရပြီ)၊ နောက် ဘုရား သာသနာနှင့် တွေ့ကြုံပါလျှင် ထိုသာသနာ၌ ကျွတ်နိုင်ရာ၏လို့ ဆိုတော်မူ ထားတယ်'

'ပဒပရမပုဂ္ဂိုလ်ဆိုတာကော ဆရာ'

'ပဒပရမပုဂ္ဂိုလ်ဆိုတာကတော့ ဒီဘဝမှာ ဘယ်လောက်ပဲကျင့်ကျင့် မဂ်မရဘူး၊ မကျွတ်နိုင်ဘူး၊ ဒါပေမယ့် ဒီဘဝမှာ ကောင်းစွာ ကျင့်နိုင်ရင်တော့ ဒီ သာသနာတွင်းမှာပဲ နောက်ဘဝနတ်ပြည်မှာ ကျွတ်တမ်းဝင်နိုင်တယ်၊ သူ့အတွက်က ဒီဘဝမှာမျိုး ရအောင်၊ အရှိန်အဟုန်ရအောင် လုပ်သွားဖို့ သိပ်အရေးကြီးတယ်၊ ဒီလိုမှလုပ်မသွားရင် ထောက်တည်ရာမဲ့ဖြစ်ပြီး သံသရာမှာမြုပ်ပြီး မျော သွားတော့မှာ သေချာတယ်'

'သူက နောက်ဘဝမှာ နတ်ပြည်ကို ရောက်ပြီး ကျွတ်တမ်းဝင်နိုင်တယ် ဆိုတာက သေချာရဲ့လား ဆရာ'

'အေး၊ အဲဒါ အရေးကြီးတဲ့ မေးခွန်းပဲ၊ ငါဟာ ပဒပရမပုဂ္ဂိုလ်ပဲ၊ ဒီဘဝမှာ ဘယ်လောက်ပဲကျင့်ကျင့် မဂ်ရမှာမှ မဟုတ်ဘဲ ဆိုပြီး လက်လျှော့မယ်၊ မကျင့်ဘဲ ..ါ.က်လွတ်ပဲစား နေမယ်ဆိုရင် နောက်ဘဝမှာ နတ်ပြည်ကို မရောက်နိုင်ဘူး၊ ..ါပေမယ့် ဒီဘဝမှာ သူဟာ သောတာပန်မဖြစ်နိုင် မဂ်မရနိုင်ဘူးထား သူ ..ပုဟုတ်ရင် ဉာတပရိညာနှင့် သက္ကာယဒိဋ္ဌိကို ပယ်နိုင်ပြီး စူဠသောတာပန် (..ပျာဏပုထုဇဉ်) တော့ ဖြစ်နိုင်တယ်'

'စူဠသောတာပန် (ကလျာဏပုထုဇဉ်) ဆိုရင် နတ်ပြည်ရောက်မှာလား

www.burmeseclassic.com



'ရှုဋ္ဌသောတာပန် ဆိုတာ သောတာပန် ဖြစ်ဖို့အတွက် မျိုးစေ့ ချထား ပုဂ္ဂိုလ် ဖြစ်ပြီး ရှုဋ္ဌသောတာပန်ဖြစ်ရင် တစ်ဘဝအတွက် အပါယ်တံခါးပိတ်ပြ သူဟာ နောက်ဘဝမှာ အပါယ်ကိုမကျတော့ဘူး၊ အပါယ်မကျရင် သုဂတိဘုံမှ ဖြစ်မှာပဲ၊ သုဂတိဘုံ ဆိုတာ လူ့ဘုံ၊ နတ်ဘုံကို ပြောတာ၊ ဗြဟ္မာဘုံမှာတော သူ မဖြစ်ဘူး'

'ဒါဆိုရင် နေယျပုဂ္ဂိုလ်၊ ပဒပရမပုဂ္ဂိုလ်တွေဟာ သေချာပေါက် အပါယ် မကျဘဲ သုဂတိဘုံကိုရအောင် လုပ်သင့်တာပေါ့၊ ဒုတိယဘဝမှာ အပါယ်တံခါ ပိတ်ပြီး သောတာပန်အဖြစ်နှင့် ဘုံစဉ်စံရအောင် ဒီဘဝမှာ လုပ်သင့်လုပ်ထိုက် တာပေါ့'

'အဲဒါဟာ ဘုံစဉ်စံ ဘဝလမ်းပြ ဒဿနက ရှုမြင်တဲ့ ဘဝရဲ့ အဓိပ္ပာယ်ပ ဘဝရဲ့အနှစ်သာရပဲ၊ ဒီဘဝမှာ လူဖြစ်တာဟာ ဘောဂသမ္ပတ္တိဖြစ်တဲ့ လူချမ်းသာ လူမင်းဖြစ်အောင် လုပ်နိုင်ရုံနဲ့ မပြီးသေးဘူး၊ အဲဒီ ဘောဂသမ္ပတ္တိတွေကို ဖ တွယ်နေရင် ဘဝသမ္ပတ္တိ ဆုံးရှုံးသွားမှာ သေချာတယ်၊ ဒါကြောင့် ဘော သမ္ပတ္တိလည်း ခံစား၊ ဘဝသမ္ပတ္တိလည်း ပြည့်စုံစေတဲ့နည်းဟာ ပုထုဇ္ဈာန်ဂတိကနေ အရိယာဂတိကို ရောက်အောင်၊ တစ်နည်း အန္ဓပုထုဇဉ်ကနေ ကလျာဏပုထုဇ (ရှုဋ္ဌသောတာပန်)ဖြစ်အောင် လုပ်ခြင်းပဲဖြစ်တယ်လို့ ဘုံစဉ်စံ ဒဿနက ခံ ထားတယ်'

'ဘုံစဉ်စံ ဘဝလမ်းပြ ဒဿနရဲ့ရည်ရွယ်ချက်ကိုတော့ ကျွန်တော် အတေ အတန် ရိပ်မိပါပြီ ဆရာ၊ ခုနကပြောတဲ့ ပုထုဇ္ဈာနဂတိအကြောင်း အန္ဓပုထုဇဉ်န ကလျာဏပုထုဇဉ် ကွာခြားပုံအကြောင်းတွေကို ရှင်းပြပါဦးဆရာ'

'အေး…၊ သိစရာရှိတာ ကုန်စင်အောင်သိဖို့ အရေးကြီးတယ်၊ ခု ဂတိနှစ်မျ အကြောင်း စပြီး ပြောပြမယ်'

'ကျေးဇူးကြီးပါတယ် ဆရာ'

## ၅။ ပုထုဇဉ်နှစ်မျိုး၊ ဘဝအလားနှစ်မျိုး

'ရော့၊ ဒီမှာ မင်းလေ့လာသင့်တဲ့ လယ်တီဆရာတော်ဘုရားကြီးရဲ့ ***ဝိပဿနာ ဒီပနီ*** ကျမ်း၊ ***မဂ္ဂဒီပနီ*** နှင့်ပေါင်းပြီး နှစ်အုပ်တွဲ ရိုက်နှိပ်တယ်၊ ၁၉၈၈ ခုနှစ်က ာသနာရေးဦးစီးဌာနက ပုံနှိပ်ထုတ်ဝေခဲ့တာ၊ ဒီစာအုပ်ထဲမှာ တို့ ခု ဆွေးနွေးတဲ့ ုံစဉ်စံ ဘဝလမ်းပြ ဒဿနရဲ့ ရှေ့ပြေး အခြေခံသဘောတရားတွေကို ဖော်ပြ ား‌တယ်၊ ဒီမှာ ဆရာဖတ်ပြမယ်၊ စာမျက်နှာ ၂၁၃ မှာ—

"ဓာတ်အစုတို့၏ ဖြစ်ပျက်မှုကို အလင်းမြင်သော သမ္မာဒိဋ္ဌိ အမြင်သည် တစ်ကိုယ်လုံး အလင်းပေါက်၏၊ တစ်ကိုယ်လုံး၌ သက္ကာယ ဒိဋ္ဌိဘုံကြီးသည် ကွယ်ပျောက်နေ၊ အနမတဂ္ဂ သံသရာက အစဉ်အမြဲ တည်၍လာခဲ့သော သက္ကာယဒိဋ္ဌိ ပထမဘုံကြီးသည် ချုပ်ငြိမ်း၏၊ တစ်ကိုယ်လုံးသည် သမ္မာဒိဋ္ဌိနိုင်ငံကြီး ဖြစ်၏၊ ဒုစရိုက်ဆယ်ပါး တို့သည် အကြွင်းမဲ့ ချုပ်ငြိမ်းကုန်၏၊ သုစရိုက်ဆယ်ပါး တရားတို့သည် အစဉ်အမြဲ တည်ကုန်၏။ အပါယ်သံသရာကြီးသည် အကြွင်းမဲ့ ချုပ် ငြိမ်း၏၊ လူ့ ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝဟူသော သုဂတိသံသရာသည် သာလျှင် ကျန်ရှိ၏၊ ဘုံစဉ်စံ အရိယာအဖြစ်သို့ ရောက်၏"

လို့ ပြထားတယ်'

'ဒါဆိုရင် ဘုံစဉ်စံဆိုတာ အရိယာနယ်ထဲ ဝင်သွားပြီပေါ့'

'ဟုတ်တယ်၊ ဒါကြောင့် ဂတိ(အလား) နှစ်ပါးရှိတယ်လို့ ပြောခဲ့တာပေါ့၊ ……ပို ပုထုဇဉ်အဖြစ်နှင့် နေ့ ရက် နှစ် လ အကုန်ခံပြီး သွားမလား၊ သွား ……ါက အပါယ်တစ်လမ်းသွားပဲ၊ ဒါမှမဟုတ် အောက်ယစ်ဆုံး ကလျာဏ ပုထုဇဉ် အရိယနွယ်ဝင် (ရှုဋ္ဌသောတာပန်)လောက်တော့ မဖြစ်ဖြစ်အောင် လုပ် ယ်ဆိုဟဲ့ ဆုံးဖြတ်ချက်ချပြီး ပုထုဇ္ဈာန် ဂတိအပါယ်တစ်လမ်းသွား ဘဝကနေ

www.burmeseclassic.com

www.burmeseclassic.com



သုဂတိဘုံ အဆင့်ဆင့်မှာ စံစားပြီး သံသရာအဆုံး နိဗ္ဗာန်သွားတဲ့ အရိယာဂတိ (အရိယာလမ်း)ကို လိုက်မလား၊ အဲဒါက ဘုံစဉ်စံ လမ်းပဲလေ'

'ဟုတ်ကဲ့၊ ဂတိနှစ်ပါးအကြောင်း ရှင်းပြပါဦးဆရာ'

'ကောင်းပြီ၊ ဂတိနှစ်မျိုးအကြောင်းကို ပြောရင် ဘူမိခေါ်တဲ့ ဘဝဖြစ်တည် နှစ်မျိုးအကြောင်းကိုလည်း အကျဉ်းနည်း ထည့်ပြောမှ ပြည့်စုံမယ်၊ ဘူမိနှစ်မျိ ရှိတယ်၊ (၁) ပုထုဇ္ဇနဘူမိ၊ (၂) အရိယာဘူမိ။

'- **ပုထုဇ္ဇနိကဘူမိ** ဆိုတာက ပုထုဇဉ်ဘဝကို ပြောတာ၊ ပုထုဇဉ်ဘဝဆိုတ ဝိပလ္လာသဆိုတဲ့ ဖောက်ဖောက်ပြန်ပြန် လွဲလွဲမှားမှား ထင်မြင် ယူဆမှုဆို အမှတ်မှားမှု (သညာဝိပလ္လာသ)၊ အကြံသိမှားမှု (စိတ္တဝိပလ္လာသ၊ အမြင်အ အဆ အသိမှားမှု (ဒိဋ္ဌိဝိပလ္လာသ) သုံးမျိုးအနက်မှာ ဒိဋ္ဌိဝိပလ္လာသကို တည် မှီရာ ပြု၍နေတဲ့ဘဝမျိုးဖြစ်တယ်၊ တိုရှင်းလိုရင်းကို ပြောကြစို့ဆိုရင် ပုထုဇဉ် ဘဝဟာ ငါ့ဥစ္စာ၊ ငါ့အိုး၊ ငါ့အိမ်၊ ငါ့သား၊ ငါ့မယားဆိုတဲ့ အမြင်မှားမှုတွေ မိမိခန္ဓာထဲမှာ ပုဂ္ဂိုလ်သတ္တဝါ အမာအတည်ခံရှိတယ်လို့ ထင်ပြီးနေတဲ့ဘဝ ဆိုလိုတယ်၊ တစ်နည်းဆိုတော့ သက္ကာယဒိဋ္ဌိ အဆောက်အုံကြီးကို အမှီပြု ငါစွဲကို အထင်ကြီးပြီးနေတဲ့ ဘဝဟာ ပုထုဇဉ်ရဲ့ ဘဝပဲကွယ်။

'- **အရိယာဘူမိ** ဆိုတာကတော့ အရိယာတို့ရဲ့ ဘဝဖြစ်တည်ပုံ သဘေ ကို ပြောတာ၊ အရိယာဘဝမှာ ဒိဋ္ဌိဝိပလ္လာသတရား အမြစ်အရင်းကပါ ပြ ရှင်းပြီးသား ဖြစ်တဲ့အတွက် ခန္ဓာငါးပါး ရုပ်နာမ်တရားမှာ နိစ္စမျိုး မရှိ၊ သုခ မရှိ၊ အတ္တမျိုး မရှိဘူးဆိုတာကို မှန်မှန်ကန်ကန် မြင်သိတဲ့ သမ္မာဒိဋ္ဌိကို အ ပြု၍သာ ဖြစ်တည်နေတယ်၊ သမ္မာဒိဋ္ဌိတရားသာလျှင် အရိယာတို့ရဲ့ ဘ အရိယာတို့ရဲ့ တည်ရာမှီရာ ဖြစ်တယ်။

'- အနမတဂ္ဂ သံသရာမှာ ပုထုဇဉ်ဘူမိဖြင့်သာ ကျင်လည် ရှည်လျား နေကြရတဲ့ ပုထုဇဉ် သတ္တဝါတွေဟာ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သမ္မာဒိဋ္ဌိဉာ အမြင်ကို ပိုင်နိုင်စွာ ရတဲ့အတွက် ဒိဋ္ဌိဝိပလ္လာသ တရားကို အမြစ်အရင်းက အပြတ် ပယ်ရှင်းပြီး ဖြစ်သွားနိုင်တယ်၊ အဲဒီလို ဒိဋ္ဌိဝိပလ္လာသကို ပယ်ရှင်းပြီး နေ့က စပြီး ပုထုဇဉ်ဟာ အရိယာဘူမိ၊ အရိယာဘဝကို ရောက်သွားနိုင်တ အချို့သော အရိယာပုဂ္ဂိုလ်တွေမှာ ဒိဋ္ဌိဝိပလ္လာသ ပြုတ်သွားသော်လည်း သည ဝိပလ္လာသ၊ စိတ္တဝိပလ္လာသဆိုတဲ့ အမှတ်မှားမှု၊ အကြံအစည် မှားမှုတွေက ကျန်ရှိနိုင်သေးတယ်၊ ဒါပေမယ့် သူ့မှာ သမ္မာဒိဋ္ဌိဉာဏ်အမြင် လှူ့ဆော်နေပြီဖြ



ကျန်နေလို့ ဝိပလ္လာသတရားတွေဟာ ဒုစရိုက်မြောက်အောင် မမိုက်မဲကြတော့ဘူး၊ တရားသဖြင့် ရရှိတဲ့ စည်းစိမ်ချမ်းသာတွေကိုသာ ခံစား စံစားနေတော့တယ်ကွယ်'

'ဂတိနှစ်ပါးဆိုတာကကော ဆရာ'

'အေး... ပြောမယ်၊ ဂတိနှစ်ပါးဆိုတာ ဘဝအလားနှစ်ပါးကို ပြောတာ၊ ဘဝ အလား (ဘဝဖြစ်စဉ်) နှစ်မျိုးဆိုတာက (၁) ပုထုဇ္ဇနဂတိနှင့် (၂) အရိယာ ဂတိကို ဆိုလိုတယ်၊ ပုထုဇ္ဇနဂတိဆိုတာ ပုထုဇဉ်ရဲ့ဘဝအလားဆိုတာ ဝိနိပါတ အလားကို ပြောတာ၊ ဆိုလိုတာကတော့ ပုထုဇဉ်သေရင် အပါယ်တစ်လမ်းသွား၊ အပါယ် ဘဝများဆီသို့သာ ပရမ်းပတာ ကျရောက်သွားခြင်းကို ဆိုလိုတယ်၊ ပုထုဇဉ် သွားရာလမ်းဟာ အပါယ်တစ်လမ်းပဲ ရှိတယ်၊ ပုထုဇဉ်ဟာ မိမိ အလို ရှိရာ ဘဝကို ရည်ရွယ်ပြီး ကျရောက်အောင် လုပ်လို့ မရဘူး၊ သူ့ဘဝဟာ ထန်းပင်ပေါ်က ထန်းသီး၊ အုန်းသီး ကြွေကျသလို သေသည်၏ အခြားမဲ့၌ ပေါက်လွှတ် ပရမ်းပတာ လွင့်စဉ်ကျသွားတယ်၊ ဖြစ်တည်မှုဝါဒီတွေ ပြောသလို လူ့ဘဝထဲကို ပြန်ကျတာ မဟုတ်ဘူး၊ အပါယ်ဘဝတွေထဲကို ခဲလုံးပစ်ချသလို ပရမ်းပတာ ကျတာသာ ဖြစ်တယ်။

BURMESE CLASSIC

'- ဇာတိပင့်သန္ဓေ တည်နေရတဲ့ သတ္တဝါတိုင်းဟာ တစ်ဘဝမှာ တစ်ခါ သေကြရမှာချည်းပဲ၊ သေခြင်း ဘေးဆိုတာဟာ သေရင် ဒီထက်ကောင်းတဲ့ ဘဝ ကို ရမှာပဲလို့ မျှော်လင့်နိုင်တယ်ဆိုရင် သေခြင်းဘေးက ကြောက်စရာ မကောင်း ပါဘူး၊ ခုဟာက သေခြင်းကိုကြောက်ကြတာ ပြောခဲ့တဲ့ ဝိနိပါတဘေးဆိုးကြီး၊ ပရမ်းပတာကျတဲ့ ဆားကြီး ရှိနေလို့ပဲ ဖြစ်တယ်၊ လူ့ပြည်မှာ သေလွန်သွားကြတဲ့ ပုထုဇဉ်သတ္တဝါတို့မှာ အောက် မဟာအဝီစိ ငရဲကြီးတိုင်အောင် အလုံးစုံသော အပါယ်ဘုံတို့က အဆီးအတားမရှိ ကောင်းကင်ပြင်ကြီးလို ဟာလာဟင်းလင်း ကြီး ပွင့်နေတယ်၊ လူရဲ့ အသက်ဝိညာဉ် ချုပ်ဆုံးတာနှင့် တစ်ပြိုင်နက် ဘယ် ငရဲဘုံကိုမဆို ပရမ်းပတာ ကျသွားနိုင်တယ်၊ ဘယ်တိရစ္ဆာန်မျိုးမဆို၊ ဘယ်ပြိတ္တာ မျိုးမဆို၊ ဘယ်အသူရကာယ်မျိုးမဆို မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်အတွင်း မှာ ဟာစ်ခဏချင်း ဖြစ်သွားနိုင်တယ်၊ နတ်ပြည်ခြောက်ထပ်က နတ်ပဲဖြစ်ဖြစ်၊ မိုဟ္မာဘုံနှစ်ဆယ်က ဗြဟ္မာတွေပဲဖြစ်ဖြစ် စုတေပြီးရင် အပါယ်ဘုံ အပါယ်ဘဝကို ဇောက်ထိုးကျသွားနိုင်တယ်၊ သတ္တဝါတွေဟာ သေခြင်းဘေးကို ကြောက်ရွံ့ကြ ဘယ်ဆိုတာဟာလည်း ဒီလို အပါယ်ဘဝတွေကို ပရမ်းပတာ ကျသွားနိုင်တဲ့ ဝိနိပါတဘေးကြီး ရှိလို့ပဲ ဖြစ်တယ်၊ တကယ်လို့သာ ဒီလို အပါယ်ဘေးကြီး

www.burmeseclassic.com

www.burmeseclassic.com



မရှိဘူး၊ သေရင် ကိုယ်လိုချင်တဲ့ ဘုံဘဝကို ရည်ရွယ်တဲ့အတိုင်း အလွယ်တကူ ကျရောက်သွားနိုင်တယ်ဆိုရင် သေဆားကို သတ္တဝါတွေဟာ ဒီလောက်ကြောက်ကြ တော့မှာ မဟုတ်ဘူး၊ မင်း စဉ်းစားကြည့်စမ်း၊ လူဆိုတာ ဘယ်အတွေ့အကြုံမျိုး ကိုပဲ ဖြစ်ဖြစ် ကြာကြာ ခံစားကြရရင် မငြီးငွေ့တတ်ဘူးလား'

'ငြီးငွေ့တတ်ပါတယ်ဆရာ'

'အေး... လူဟာ သေပြီးရင် ဒီထက်ကောင်းတဲ့ ဘုံဘဝကို ကိုယ်ရည်ရွယ်တဲ့ အတိုင်း ရောက်ချင်တိုင်းသာ ရောက်ကြမယ်ဆိုရင် ဘုံတစ်ဘုံမှာ ကာလကြာ ညောင်းစွာ နေပြီးရင် ဘုံသစ် ဘဝသစ်ကို ပြောင်းလိုတဲ့စိတ်မျိုး ဖြစ်မလာနိုင်ဘူး လား၊ ဒီဘဝမှာ ဆင်းရဲကျပ်တည်းတဲ့ဘဝနှင့် နေခဲ့ရတဲ့လူဟာ နောက်ဘဝမှာ လှချမ်းသာ နတ်ချမ်းသာ စည်းစိမ်တွေကိုသာ ခံစားရမယ်ဆိုတာ ကျိန်းသေသိရင် ဆင်းရဲကျပ်တည်းတဲ့ဘဝကို စွန့်ပြီး ပိုကောင်းတဲ့ ဘုံဘဝသစ်ကို ပြောင်းကြမှာ ပေါ့၊ ဒါ ယုတ္တိရှိသလား'

'အင်မတန် ယုတ္တိရှိပါတယ်ဆရာ'

'မင်း သဘောကျပြီလား'

'သဘောကျပါပြီဆရာ'

'ခု ပြောတဲ့ဟာက ပုထုဇ္ဇန် ဂတိကို ပြောတာနော်၊ ပုထုဇ္ဇန် ဂတိမှာ အပါယ် ဝိနိပါတ ဘေးကြီးဟာ ဘယ်လောက် ကြီးကျယ်တယ်ဆိုတာ မင်း ခန့်မှန်းမိပြီလား။

'-- ကဲ... ဒီမှာ ငါတို့ လူ့ဘဝကို သေခြင်းတရားနှင့် ဆက်နွယ်ပြီး စဉ်းစားနေရတယ်၊ သေပြီးရင် အပါယ်ဘုံ၊ အပါယ်ဘဝတွေကို ပရမ်းပတာ ပေါက်လွှတ် ကျသွားနိုင်တဲ့ ဝိနိပါတဘေးဆိုးကြီး ရှိတယ်ဆိုတာကို ဗုဒ္ဓမြတ်စွာ ဟောကြားလို့ တို့များ သိတယ်၊ ဇာတိတစ်ဖန် ပြန်ဖြစ်တတ်တဲ့ သံသရာသဘော ရှိတယ် ဆိုတာကို သက်သေပြစရာ အထောက်အထားတွေ အများကြီးရှိလို့ ယုံကြည်နိုင်စရာ အကြောင်း အများကြီးရှိတယ်၊ ဒီသဘောတရားတွေကို သိရ လို့ လူသားဟာ မိမိ ရ,ထားတဲ့ လူ့ဘဝမှာ အသက်ရှင်နေစဉ် ကာလမှာ သေရင် အပါယ်ကို မကျသွားအောင် လုပ်ဆောင်ဖွယ်ကိစ္စတွေကို လုပ်ရမယ်၊ လုပ်သင့်တယ်ဆိုတဲ့ ဘဝအဓိပ္ပာယ်တစ်ခု ထွက်ပေါ်မလာဘူးလား၊ ဒီအဖြေ ဒီအဓိပ္ပာယ်ဟာ ဘဝ အကျိုးစီးပွားနှင့်ကော မစပ်ဆိုင်ဘူးလား'

'စပ်ဆိုင်ပါတယ် ဆရာ'



'ဒီနေရာမှာ မင်းတို့ အထင်ကြီးနေတဲ့ ဘဝဖြစ်တည်မှုဝါဒက ရှုမြင်ထား တဲ့ သေခြင်းတရား အယူအဆကို ထည့်သွင်း ဆွေးနွေးရင် ပိုကောင်းမယ်'

'ဟုတ်ကဲ့ ကောင်းပါတယ်ဆရာ၊ ဖြစ်တည်မှုဝါဒီတွေက သေခြင်းတရား အကြောင်းကို တော်တော်အရေးထားပြီး စဉ်းစားခဲ့ကြတယ်'

'ယန်းပေါ်ဆတ်က သူ့ရဲ့ အသံတိတ် သမ္မတနိုင်ငံ (Republic of Silence) ဆိုတဲ့ စာအုပ်မှာ သေခြင်းတရားနှင့် ပတ်သက်ပြီး ဘယ်လိုပြောထားသလဲ ဆိုတော့ သေခြင်းတရားဆိုတာဟာ လူတွေအတွက် အထူးအဆန်း မဟုတ်ဘူး၊ တွေ့ရမြဲ ကြုံရမြဲ ရိုးအီနေတဲ့ အတွေ့အကြုံတစ်ခုသာ ဖြစ်တယ်၊ သေခြင်းကို ထိတ်လန့် ကြောက်ရွံ့စရာ ဘေးဆိုးကြီးတစ်ခုလို့ မစဉ်းစားကြနှင့်၊ မခံယူကြနှင့်၊ သေခြင်း တရားဟာ လူသားတို့ရဲ့ဘဝမှာ မုချ ဆိုက်ရောက်ရမယ့် ခရီးပန်းတိုင်တစ်ခုသာ ဖြစ်တယ်၊ လူတိုင်းလူတိုင်းမှာ မွေးကတည်းက သေခြင်းတရားဟာ ပိုင်ဆိုင်လာတဲ့ ဘဝဝေစု တစ်ခုပဲတဲ့၊ ဒါဟာ လူသားအတွက် အမှန်တကယ် အခြေခံကျလှတဲ့ အစစ်ရှိ အမှန်ရှိတရားကြီးတစ်ခုသာ ဖြစ်တယ်လို့ စဉ်းစားခံယူကြရမယ်တဲ့၊ ဂျာမန်ဒဿနဆရာကြီး ဟိုင်ဒေဂါးကလည်း လူသားဟာ သေခြင်းတရားနှင့် နဖူးတွေ့ဒူးတွေ့ တစ်ချိန်ချိန်မှာ တွေ့ကြုံကြရမယ်၊ လူ့ဘဝဆိုတာဟာ သေခြင်း တရားဖြင့် အချည်းအနှီး ဖြစ်သွားရမယ့် သဘောတရား တစ်ခုပါတကားလို့ တိတိပပ ခံယူထားဖို့ လိုတယ်တဲ့၊ သေခြင်းတရားဆိုတဲ့ အချည်းအနှီးသဘောရဲ့ အဖြစ်မှန်ကို သိမြင်နားလည်ထားလို့ရှိရင် ဘယ်လိုဒုက္ခမျိုးကိုမှ အရေးကြီးတဲ့ အရာလို့ ထင်မြင်ကြတော့မှာ မဟုတ်ဘူးတဲ့၊ သေခြင်းတရားဆိုတာဟာ ဘဝ ရဲ့ အမှန်တရားပဲတဲ့၊ ဒီအမှန်တရားကို လူ့ဘဝမှာ ဖြစ်တည်နေတဲ့ လူသားတိုင်း ဟာ မုချ အမှန်တကယ် ရင်ဆိုင်တွေ့ကြုံရမှာ မလွဲဘူး၊ ဒါကြောင့် ဘာမှ တွေဝေနေစရာ မလိုဘူး၊ ကြောက်ရွံ့နောက်တွန့်နေလို့လည်းပဲ လွဲဖယ်သွားမယ့် အရာလည်း မဟုတ်ဘူး၊ ဘယ်လိုမဆို ကြုံရမယ့် အရာဖြစ်လို့ ရင်ဆိုင်ရန်သာ ရှိတယ်လို့ ခံယူထားရမယ်တဲ့၊ ပြီးတော့ ပြောသေးတယ်၊ ဒီလိုခံယူထားမှသာ မိမိ ဖြစ်တည်ရာ ဘဝမှာ လုပ်ချင်တာတွေ လုပ်သင့်လုပ်ထိုက်တာတွေကို လုပ် ကောင်နိုင်တဲ့လူအဖြစ်ကို ရောက်နိုင်မယ်တဲ့၊ ဒီလိုဆိုတယ် မဟုတ်လား'

'ဟုတ်ပါတယ်ဆရာ'

'အဲ... သူတို့ပြောတဲ့ ဒီအသံတွေကို မင်း နားထဲမှာ ဘယ်လိုကြားပြီး ဘယ်လို မ်စား:ရသလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ပညာသားမပါဘူး၊ တရားခံမှုသံ မပါဘူး၊ ပုထုဇဉ်အကြိုက် လှုမိုက် အားပေးတဲ့ အသံတွေလို့ပဲ ခံစားရပါတယ်ဆရာ'

'မင်း စဉ်းစားကြည့်စမ်းပါကွာ၊ လူဆိုတာ မုချသေရမှာပဲ၊ သေရမှာဖြင့် မသေခင် လုပ်ချင်တာတွေ လုပ်သွား၊ သေတော့လည်း အချည်းနှီးဖြစ်သွားမှာပဲ ဆိုတဲ့ စကားဟာ ဘာတရားလဲကွ၊ လူမိုက်တရားပဲ၊ သေရင် အားလုံး အချည်းအနှီး ဖြစ်သွားမှာပဲဆိုမှတော့ မသေခင် ဘာကြောင့် အပင်ပန်းခံပြီး လုပ်နေမလဲ၊ ဘဝဆိုတာ မျှော်လင့်စရာ မရှိတော့ဘဲ လုပ်လည်း ဘာအကျိုးမှ ခံစားရတော့မှာ မဟုတ်ဘူး၊ ဘာလုပ်ဖို့ လိုသေးလဲ၊ ဒီအဖြေပဲ မထွက်ဘူးလား'

'ဟုတ်ပါတယ်ဆရာ၊ ဖြစ်တည်မှုဝါဒဟာ သေခြင်းတရားနှင့် ပတ်သက်တဲ့ အတွေးအခေါ်ပိုင်းမှာ အချည်းနှီးဝါဒ ဖြစ်သွားတယ်'

'ယန်းပေါ်ဆတ်ရဲ့ သေခြင်းတရားနှင့် ပတ်သက်တဲ့ ဖွင့်ဆိုပုံကိုလည်း ကြည့်ပါဦး၊ "ကျွန်ုပ်တို့သည် သေခြင်းတရား၏ ယုတ္တိမတန်မှု (ဝါ) အဓိပ္ပာယ်ကင်းမဲ့မှုကို ပထမက အသိအမှတ်ပြုရမယ်တဲ့၊ လူသားတိုင်းဟာ ဘယ်အချိန် အဆုံးစီရင်မယ်ဆိုတာ တိတိကျကျ သတ်မှတ်မထားတဲ့ သေဒဏ်ချမှတ်ခြင်း ခံထားရသူနှင့် တူတယ်တဲ့၊ ဒီ နောက်ဆုံးပိတ် အဆုံးစီရင်မယ့် အပြစ်ဒဏ် (သေဒဏ်)ကို ရင်ဆိုင်ဖို့အတွက် လူတိုင်းဟာ ကိုယ့်နည်းကိုယ့်ဟန်နှင့် ပြင်ဆင်နေကြရတဲ့ သူတွေချည်းပဲ တဲ့၊ စက်တိုင်ပေါ်မှာ အကောင်းဆုံး သရုပ်ဆောင်နိုင်ဖို့အတွက် အစွမ်းကုန် အားထုတ်လုပ်ဆောင်နေကြရတဲ့ သူတွေချည်းပဲ ဆိုပဲကွာ၊ ပြီးတော့ ပြောသေးတယ်၊ သေခြင်းတရားဟာ ဘယ်အချိန်မှာ ဘယ်နေရာက ပေါ်လာမယ်ဆိုတာကိုလည်း တတိကျကျ သိရတဲ့အရာမျိုး မဟုတ်ဘူးတဲ့၊ ဒါကြောင့် သေခြင်းတရားကို သတ်မှတ်ထားတဲ့ အချိန်ဇယားအတိုင်း တိတိကျကျ ဆိုက်ရောက်လာတတ်တဲ့ အချိန်မှန် ရထားတစ်စင်းလို သဘောမထားဘူးတဲ့၊ ပြီးတော့ သေခြင်းတရားကို လူဟာ အစွဲလမ်းကြီးတစ်ခုလို သဘောထားပြီး မျှော်လင့်စောင့်စား မနေသင့်ဘူးတဲ့၊ သေခြင်းတရားဆိုတာဟာ ဘဝရဲ့ ဖြစ်နိုင်ခြေရှိတဲ့ အလားအလာတစ်ခု possibility မဟုတ်ဘူး၊ သေခြင်းတရားဟာ ဘဝရဲ့ ဖြစ်နိုင်ခြေအားလုံးကို ငြင်းဆန်ပယ်ဖျက်ပစ်တဲ့ ဆန့်ကျင်ဘက် သဘောတရားကြီး တစ်ခုသာ ဖြစ်တယ်တဲ့၊ ကဲကွာ... ဒါက ဖြစ်တည်မှုဝါဒီတွေရဲ့ သေခြင်းတရား အပေါ်မှာ ထားတဲ့ သဘောထားတွေပဲ မဟုတ်လား'

'ဟုတ်ပါတယ်၊ သေခြင်းတရားရဲ့ယုတ္တိကို စဉ်းစားတာမဟုတ်ဘူး၊ သေခြင်းတရားအပေါ်မှာ သူတို့ထားတဲ့ သဘောတရား တစ်ခုပဲ ဖြစ်ပါတယ်'



'အေး... မင်းပြောတာ ဟုတ်တယ်၊ သိပ်ဟုတ်တာပေါ့၊ သေခြင်းတရားရဲ့ သဘောသရုပ်ကိုတောင် ကွဲအောင် နားလည်ကြသူတွေ မဟုတ်ဘူး၊ သေရင် ဘဝဟာ ဘာမှ အဓိပ္ပာယ်မရှိဘူး၊ ဘဝမှာ လုပ်ခဲ့တာတွေ အားလုံးလည်း အချည်းနှီး ဖြစ်သွားမယ်ဆိုရင် နေတဲ့ကာလမှာ ဘာလုပ်နေဖို့ လိုသေးလဲ၊ လုပ်နေလို့ကော ဘာအကြောင်းထူးမှာလဲ၊ ဒါဟာ ဖြစ်တည်မှုဝါဒရဲ့ ဘဝပန်းတိုင် ပျောက်ဆုံးခြင်းပဲကွ၊ အမှန်မှာတော့ ဖြစ်တည်မှု ဝါဒီတွေဟာ သေခြင်းတရားကို နာမည်အမျိုးမျိုးတပ်ပြီး ငြင်းပယ် ဆန့်ကျင် အရှိတရား (ဝါ) မရှိသော အရှိတရားကို ရှာဖွေတွေ့တယ်လို့ ပြောလိုပြောနှင့် ပညတ်ဓာတ်ရှုပ်ကြီးကို ဖန်တီးနေကြတယ်၊ မဟုတ်တာတွေကို အဟုတ်လုပ်ပြီး လူတွေကို လှည့်စားတဲ့ စကားလုံးတွေနှင့် လူမိုက်အားပေးလုပ်နေကြတယ်၊ ပြီးတော့ မရှိတဲ့အရှိတရားဆိုတဲ့ စကားလုံးပညတ်မျိုးတွေကို ပြောဆိုနေကြတယ်၊ မရှိတဲ့အရှိတရားဆိုတာ ဘာလဲကွ၊ အဲဒါကို သရုပ်ဖော်တဲ့ ဥပမာကိုပဲ မင်းစဉ်းစားကြည့်စမ်း၊ ဥပမာအားဖြင့် ချစ်သူနှစ်ဦး ရှိတယ်၊ တစ်ဦးကို တစ်ဦး သိပ်ချစ်ကြတယ်၊ တစ်ဦးက သူ့ရဲ့ ချစ်သူထံက တယ်လီဖုန်းခေါ်သံကို စောင့်မျှော်နေတယ်၊ သူတို့ ချိန်းထားတဲ့ အချိန်မှာ တယ်လီဖုန်းအသံက ပေါ်မလာဘူး၊ ဒီအချိန်မှာ တယ်လီဖုန်းခေါ်သံနဲ့ တယ်လီဖုန်းမခေါ်သံ (မမြည်သံ) နှစ်ခုအနက် စောင့်မျှော်နေတဲ့ ချစ်သူအပေါ် ဘယ်ဟာက လွှမ်းမိုးနေပါသလဲတဲ့၊ တယ်လီဖုန်းမမြည်တာက လွှမ်းမိုးတယ်တဲ့၊ အဲဒါကို သူတို့က မရှိသော အရှိတရားက လွှမ်းမိုးတာလို့ ကောက်ချက်ချတယ်၊ ဒါဟာ ဘာကို ဖော်ပြသလဲဆိုရင် ဖြစ်တည်မှုဝါဒီတွေရဲ့ခန္ဓာမှာ ဉာဏ်မကျက်စားနိုင်တာကို ပြတယ်၊ အမှန်က တယ်လီဖုန်းမမြည်လို့ ချစ်သူရဲ့စိတ်မှာ ဗျာများတာ မဟုတ်ဘူး၊ သူ့ရင်ထဲမှာ ဖြစ်နေတဲ့ လောဘတဏှာကြောင့် မျှော်လင့်တိုင်း ဖြစ်မလာတဲ့အခါ သောကရောက်ရတာ၊ ဒီတဏှာရမ္မက်မရှိရင် သောကရောက်စရာ အကြောင်း မရှိဘူး၊ ဒီလို ခန္ဓာမှာ ဉာဏ် အမြင် ပေါက်အောင် မကြည့်ဘဲ တယ်လီဖုန်းကို ယိုးစွပ်တာဟာ ဝိပလ္လာသပဲ၊ အမှတ်မှားတာ၊ အကြံအစည် မှားတာ၊ အမြင်မှားတာတွေ၊ ဟုတ်ရဲ့လား'

'မှန်ပါတယ်ဆရာ'

'အဲဒါ ပုထုဇဉ်ရဲ့ ဘဝအလားပဲ၊အဲဒီလို အမှတ်မှား၊ အကြံမှား၊ အမြင်မှား ဗွိုလ်ချွဲတွေကြောင့် ပုထုဇဉ်ဟာ သေရင် အပါယ်တံခါး ဟင်းလင်းပွင့်နေတယ်လို့ ဗုဒ္ဓဘာသာက ရှုမြင်တယ်၊ စောစောက ငါပြောတဲ့အထဲမှာ ဘုံဘဝအသစ်

www.burmeseclassic.com

www.burmeseclassic.com



ကို ပြောင်းချင်တဲ့ စိတ် ဖြစ်လာတဲ့အခါ သေခြင်းကို အလိုရှိတဲ့ စိတ်တောင် ဖြစ်နိုင်သေးတယ်လို့ ပြောခဲ့တယ်၊ မင်း မှတ်မိသလား'

'မှတ်မိပါတယ်ဆရာ'

'အေး… အဲဒါ တကယ့်ဖြစ်ရပ် ရှိတယ်၊ မဟာပဒါနသုတ် အဋ္ဌကထာ၊ ဥပရိပဏ္ဏာသအဋ္ဌကထာ၊ ဗုဒ္ဓဝင်အဋ္ဌကထာ အစရှိသည်တို့မှာ လာတာ ရှိတယ်၊ ပါရမီ မရင့်သန်ခင် ဘုရားအလောင်းများဟာ ဖြစ်ရာနတ်ဘုံ၊ ဗြဟ္မာဘုံများမှာ သက်တမ်းစေ့အောင် မနေဘူး၊ လူ့ပြည်မှာ ပါရမီဖြည့်ဖို့ကို အလိုရှိတဲ့အတွက် စုတေဖို့ကို အလိုရှိပြီး စုတေကြတယ်၊ ဒါ ဘုရားအလောင်းတော်များနှင့် သက်ဆိုင်တဲ့ အဓိမုတ္တိ မရဏမျိုး ဖြစ်တယ်၊ ဒါမျိုးကို နားလည်နိုင်တဲ့ ဉာဏ်မျိုး ဖြစ်တည်မှုဝါဒီတွေမှာ ရှိပါ့မလား'

'ဟုတ်ကဲ့ မရှိနိုင်ပါဘူးဆရာ'

'ခုပြောခဲ့တဲ့ အဓိမုတ္တိမရဏမျိုးကတော့ ပုထုဇဉ်နှင့် မဆိုင်လှဘူး၊ အရိယာတွေ၊ အလောင်းတော်တွေနှင့်ပဲ ဆိုင်တယ်၊ ဒီလောက်ဆိုရင် ပုထုဇ္ဇနဂတိကို မင်း သိလောက်ပြီ၊ ခု အရိယာဂတိအကြောင်းကို ဆွေးနွေးကြရအောင်'

'ဟုတ်ကဲ့၊ ကောင်းပါတယ်ဆရာ'

'အရိယာဂတိဆိုတာ ဝိနိပါတဘေးကင်းတဲ့ တစ်နည်းဆိုတော့ အပါယ်တံခါး ပိတ်တဲ့ ဘဝအလားကို ပြောတာ၊ သတ္တဝါဆိုတာ တစ်ဘဝမှာ တစ်ခါတော့ သေရမြဲပဲ၊ ဒါပေမယ့် သေရင် အပါယ်မကျတော့ဘူး၊ ပရမ်းပတာ မကျတော့ဘူး၊ ထန်းသီး အုန်းသီးကြွေသလို မကျတော့ဘူး၊ အရိယာဂတိကို ရောက်သွားတဲ့လူဟာ သေရင် ကိုယ်လိုချင်တဲ့ ဘုံဘဝကို ကောင်းရာသုဂတိဘုံသို့ မိမိရည်မှန်းသလို ရောက်နိုင်ခွင့်ရတာ ဖြစ်တယ်၊ ဘာနှင့်တူသလဲဆိုတော့ ထန်းပင် အုန်းပင်ပေါ်မှာ နားတဲ့ ငှက်တွေလိုပေါ့၊ အလိုရှိရာ သစ်ပင်တို့ဆီကို ကောင်းကင်ခရီးဖြင့် ပျံသန်းကူးပြောင်းသွားနိုင်တဲ့ အခွင့်အလမ်းကို ရသွားတာကို အရိယာဂတိလို့ ခေါ်တာဖြစ်တယ်၊ ဘယ်လောက်တောင် ဂတိမြဲသွားသလဲဆိုရင် – ဆိုကြပါစို့၊ မိမိစိတ်က ဘယ်လိုသုဂတိဘုံကို ရောက်ချင်တယ်လို့ ရည်မှန်းချက် မထားဘဲ ဖြုန်းစားကြီး သေသွားတယ်ပဲထား၊ ရည်ရွယ်ချက် မရှိဘဲ သေသွားရင်လည်း အောက်အပါယ်ဘုံဘဝတွေကို မရောက်တော့ဘူး၊ ကောင်းမြတ်တဲ့ သုဂတိဘုံကိုပဲ ရောက်ရတယ်၊ အပါယ်ဘဝကို ရောက်ရခြင်း အလျှင်း ကင်းလွတ်သွားတယ်၊ ဒါ့အပြင် လူ့ဘုံ လူ့ဘဝကိုပဲ ပြန်ရောက်တယ်ထား၊ အဲဒီအခါမှာလည်း အမျိုး



စည်းစိမ် ယုတ်ညံ့တဲ့ ဒုဂ္ဂတလူမျိုးမှာ မဖြစ်ဘူး၊ မိသူတော်လူမျိုးမှာ မဖြစ်ဘူး၊ မိစ္ဆာဒိဋ္ဌိ ဘဝလမ်းမှာ မဖြစ်ဘူး၊ အမျိုးစည်းစိမ် မြင့်မြတ်တဲ့ လူမျိုး၊ သပ္ပုရိသလူမျိုး၊ သမ္မာဒိဋ္ဌိလူမျိုးတို့မှသာ ဖြစ်ကြရတယ်၊ နတ်ဘုံ၊ ဗြဟ္မာဘုံမှာ ဖြစ်ရင်လည်း ဘုန်းတန်ခိုး ယုတ်ညံ့တဲ့ နတ်မျိုး ဗြဟ္မာမျိုး၊ မိစ္ဆာအယူရှိတဲ့ နတ်မျိုး ဗြဟ္မာမျိုးမှာ မဖြစ်ကြရတော့ဘူး၊ ဘုန်းတန်ခိုးကြီးတဲ့ နတ်ဗြဟ္မာမျိုး၊ သမ္မာအယူဖြူစင်တဲ့ နတ်မျိုး၊ ဗြဟ္မာမျိုးတွေမှာသာ ဖြစ်ကြရတယ်'

'သဘောပေါက်ပါပြီ ဆရာ၊ ပုထုဇဉ်ဂတိနှင့် အရိယာဂတိမှာ အဓိက ခြားနားချက်က ဘာလဲဆရာ'

'အဓိက ခြားနားချက်ကတော့ ဒိဋ္ဌိဝိပလ္လာသလို့ ခေါ်တဲ့ သက္ကာယဒိဋ္ဌိ အဆောက်အအုံကြီးပဲကွယ့်၊ လယ်တီဆရာတော်ဘုရားက ပုထုဇဉ်မျိုး ဖြစ်ကြတဲ့ လူနတ်ဗြဟ္မာ သတ္တဝါတွေမှာ ဘဝခန္ဓာတစ်ခုက ပျက်ဆုံးပြီး ဘဝခန္ဓာသစ်တစ်ခုသို့ ပြောင်းရွှေ့ကြရာမှာ ဒိဋ္ဌိဝိပလ္လာသကြီး ရှိနေကြသည့်အတွက် မဂ္ဂင်ရှစ်ပါးဆိုတဲ့ အတောင်အလက်မရှိကြဘူး၊ ဒါကြောင့် ပုထုဇဉ်သတ္တဝါတွေမှာ သေရင် ငှက်များလို ကောင်းကင်ခရီးနှင့် လိုရာ သုဂတိ ဘဝသစ်ဆီကို ရည်ရွယ်ပြီး ရောက်အောင် ပျံနိုင်တဲ့ မဂ္ဂင်အတောင်အလက် မရှိတဲ့အတွက် ထန်းသီး၊ အုန်းသီး ကြွေသလို ပေါက်လွှတ်ပရမ်းပတာ ကျရတဲ့ ဝိနိပါတဘေးဆိုးကြီး အမြဲ ရှိနေတယ်တဲ့။

ဒီနေရာမှာ နောက်ဥပမာတစ်ခုကတော့ လူတွေဟာ မြင့်မားတဲ့ သစ်ပင်ပေါ်ကို တက်ကြတဲ့အခါ မှီတွယ်ရာဖြစ်တဲ့ သစ်ကိုင်း ကျိုးကျလို့ရှိရင် သစ်ကိုင်းနှင့်တကွ အောက်မြေပြင်ပေါ်ကို ပရမ်းပတာ ကျရတယ်၊ ဒီလို ကျလို့ရှိရင် သေသော်လည်း သေ၊ မသေသော်လည်း မလှမပ ဒုက္ခကြီးစွာ ရောက်ရတယ် မဟုတ်လား၊ ဒါ ဘာဖြစ်လို့ ဖြစ်ရတာလဲဆိုတော့ လူမှာ သစ်ကိုင်းသာ မှီနိုရာရှိတယ်၊ သစ်ကိုင်းမှ တစ်ပါး မှီတွယ်ရာမရှိ၊ အတောင်မရှိလို့ ဖြစ်ရတာပေါ့၊ ဒီအတိုင်းပဲ ဒိဋ္ဌိဝိပလ္လာသကြီးရှိနေတဲ့ သတ္တဝါတွေမှာလည်း လူဖြစ်ဖြစ်၊ နတ်ဖြစ်ဖြစ်၊ ဗြဟ္မာဖြစ်ဖြစ် အတ္တဒိဋ္ဌိဖြစ်တဲ့ ခန္ဓာကို မှီတွယ်ရာပြုနေကြရင် ခန္ဓာကိုယ် ချုပ်ဆုံးခဲ့သော် မှီတွယ်ရာမဲ့ဖြစ်ပြီး ပရမ်းပတာ ကျရောက်တော့တာပဲတဲ့၊ ခန္ဓာကိုယ်မှာ ငါစွဲ၊ အတ္တစွဲနှင့် မှီတွယ်နေတဲ့ သတ္တဝါမှာ အခြားတစ်ပါးသော မှီပယ်ရာ မရှိကြဘူး၊ ဝိနိပါတဆိုတဲ့ ဘုံမှာ အပါယ်ဘဝတွေကို မကျအောင် ဆောင်ရွက်နိုင်တဲ့အရာက မဂ္ဂင်ရှစ်ပါးတရားပဲ၊ အဲဒီအတောင် ပေါက်အောင်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ထားမှသာ ဝိနိပါတဘေးကလွတ်တဲ့ သုဂတိဘုံတွေကို ရည်ရွယ်ပြီး အရောက် ပျံသန်းသွားနိုင်တဲ့ အားကောင်းတဲ့ အတောင်ကို ရ,ထားမယ်၊ ဒါမှ မြင့်မားတဲ့ ဘဝသစ်ပင်ပေါ်ကို တက်တဲ့ လူသားဟာ သစ်ကိုင်းကျိုးပြီး ကျသော်လည်း အောက်မြေပြင်ပေါ်ကို ပရမ်းပတာ ခြေကားယား လက်ကားယား မကျတော့ဘူးပေါ့၊ အတောင်အားကိုးနှင့် ပျံသန်း သွားနိုင်တာပေါ့။

အရိယာ ပုဂ္ဂိုလ်မျိုးကတော့ ဒိဋ္ဌိဝိပလ္လာသက ကင်းလွတ်ပြီး ပုဂ္ဂိုလ်ဖြစ်တယ်၊ မိမိခန္ဓာကိုယ်လည်း ငါရဲ့ အတ္တပဲလို့ ထင်မြင်ပြီး မှီတွယ်အားကိုးနေခြင်းက လွတ်တယ်၊ ဒါကြောင့် အရိယာတို့မှာ ဝိနိပါတဘေးကလည်း လွတ်တယ်၊ နိဗ္ဗာန်ဆိုတဲ့ နိစ္စထာဝရ နိုင်မြဲတဲ့ မှီတွယ်ရာကြီးကို လက်ကိုင်လက်စွဲပြုနိုင်ကြတဲ့အတွက် အရိယာဂတိကို ရောက်ပြီးတဲ့သူဟာ ကောင်းမြတ်တဲ့ သုဂတိဘုံဘဝများသို့ ရောက်နိုင်တဲ့ကံနှင့် အမြဲတွဲဖက် ပါရှိတဲ့ မဂ္ဂင်ရှစ်ပါး တရားအားကိုးရှိတယ်၊ အဲဒါဟာ ပုထုဇ္ဇနဂတိနှင့် အရိယာဂတိတို့ရဲ့ ကွဲပြားခြားနားချက်ပဲ၊ ဒီမှာ ပုထုဇဉ်နှစ်မျိုး ကွဲသွားတယ်၊ အတ္တဒိဋ္ဌိစွဲကြီး ရှိတဲ့အတွက် ပုထုဇ္ဇနဂတိပေါ်က ပုထုဇဉ်ကို အန္ဓပုထုဇဉ်လို့ ခေါ်တယ်၊ အတ္တဒိဋ္ဌိစွဲကြီးကို ခေတ္တအားဖြင့် ဉာတပရိညာနှင့် ပတ်သက်ပြီးဖြစ်တဲ့ ပုထုဇဉ်ကို ကလျာဏပုထုဇဉ်လို့ ခေါ်တယ်၊ ကွဲပြားအောင် ပြောရရင် အန္ဓ ပုထုဇဉ်ကတော့ အပါယ် တစ်လမ်းသွားကွဲ၊ ကလျာဏ ပုထုဇဉ်သွားတဲ့ ပုထုဇဉ်ဖြစ်လို့ သူဟာ လက်ရှိလူ့ဘဝက သေရင် အပါယ်ကို မရောက်တော့ဘူး၊ ဒုတိယဘဝအတွက် အပါယ်တံခါးပိတ်တယ်၊ သုဂတိဘုံကို ရောက်ဖို့ သေချာတယ်၊ သူ့အတွက် သာသနာတော်မှာ သက်သာရာ ရသွားပြီ၊ ထောက်တည်ရာ ရသွားပြီလို့ ဆိုနိုင်တယ်'

'ဒါဆိုရင် အန္ဓပုထုဇဉ်ကနေ ကလျာဏပုထုဇဉ် အဖြစ်ကို ရောက်အောင် ကြိုးစားရမှာပေါ့၊ ကလျာဏပုထုဇဉ်ဖြစ်သွားရင်တောင် တော်တော်အကျိုးများသွားပြီလို့ ဆိုနိုင်တာပေါ့'

'အေး... မင်း ရွှေတိဂုံ အနောက်မုခ်က ရွှေ့လျားစက်လှေကားကို စီးဖူးသလား'

'ဟုတ်ကဲ့၊ စီးဖူးပါတယ်'

'အဲဒီ ရွှေ့လျားစက်လှေကားကို စီးလိုက်ရင် အချိန်တန်တော့ ကုန်းတော်ပေါ်ကို ရောက်သွားတာပဲ မဟုတ်လား'

'ဟုတ်ကဲ့၊ ရောက်ပါတယ်'



'ဒါပေမယ့် ဒီရွှေ့လျားစက်လှေကားရဲ့ ပထမအထစ်ပေါ်ကို ခြေထောက်ချမိအောင်တော့ မင်း ကြိုးစားရဦးမှာပေါ့'

'ဟုတ်ကဲ့'

'အိမ်မှာနေပြီး ရွှေတိဂုံကုန်းပေါ်ကို ရောက်ချင်လိုက်တာ ဆိုလို့ ရောက်မလား'

'မရောက်ပါဘူး'

'ဟုတ်တယ်၊ ဘယ်နည်းနှင့်မှ မရောက်ဘူး၊ အိမ်ကနေ အနောက်ဘက်မုခ်ကို ရောက်အောင် ကားစီးပြီးဖြစ်ဖြစ်၊ လမ်းလျှောက်ပြီးဖြစ်ဖြစ် သွားရမယ်၊ စောင်းတန်းပေါ် တက်ရမယ်၊ စက်လှေကားနားရောက်အောင် လျှောက်သွားရမယ်၊ ပြီးမှ ခြေချော်မကျအောင် သတိဝီရိယထားပြီး စက်လှေကားရဲ့ ပထမအထစ်ပေါ်ကို ခြေတင်လိုက်ရမယ်၊ ခြေတင်မိပြီဆိုရင် ရွှေ့လျားစက်လှေကားနှင့်အတူ မင်း အထက်ဆင့်တွေဆီကို ပါသွားမှာပဲ'

'ဟုတ်ပါတယ်ဆရာ'

'အေး၊ ဘုံစဉ်စံ ဘဝလမ်းပြ ဒဿနဆိုတာလည်း ဒီသဘောပဲ၊ အရေးကြီးတဲ့ မဂ္ဂင်လမ်းရဲ့ ပထမလှေခါးထစ်ပေါ်ကို မင်း ခြေတင်မိဖို့ သိပ်အရေးကြီးတယ်၊ အဲဒါက တခြားမဟုတ်ဘူး၊ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီး တစ်သက်လုံး အလွှန်အမင်း ဂရုတစိုက် ဟောကြားဆုံးမတော်မူခဲ့တဲ့ *တရားအားမထုတ်ခင် ဒိဋ္ဌိကိုအရင်ဖြုတ်* ဆိုတဲ့ အလုပ်ကို လုပ်ဖို့ပါပဲကွာ၊ သက္ကာယဒိဋ္ဌိအဆောက်အအုံကြီးကို မှီတွယ်နေတဲ့လူဟာ အန္ဓပုထုဇဉ်ပဲ၊ သက္ကာယဒိဋ္ဌိကို အသိ (ဉာတပရိညာ) နဲ့ ဖြုတ်နိုင်တဲ့လူဟာ ကလျာဏပုထုဇဉ် (စူဠသောတာပန်) သက္ကာယဒိဋ္ဌိကို ပယ်ပြီး အသေသတ်နိုင်တဲ့လူဟာ မဟာသောတာပန်ပဲ၊ ဒါကြောင့် မင်းကို အန္ဓပုထုဇဉ်နဲ့ ကလျာဏ ပုထုဇဉ်တို့ရဲ့ ကွဲပြားခြားနားတဲ့ သဘာဝတွေကို ငါပြောဦးမယ်'

'ဟုတ်ကဲ့၊ သိပါရစေ ဆရာ'

'အေး... အန္ဓပုထုဇဉ်ဆိုတာကို အဖြောင့်အဓိပ္ပာယ် ပြန်လိုက်ရင် ပုထုဇဉ် [illegible]ပျက်ကန်းလို့ ဆိုတယ်၊ ဘယ်လို အကန်းလဲဆိုတော့ သက္ကာယဒိဋ္ဌိ ([illegible]ဒိဋ္ဌိ)ကို တားမြစ်ပယ်ဖျက်နိုင်တဲ့ သုတဗုဒ္ဓိ ဉာဏ်မျက်စိ ကန်းတာ၊ ရိုးရိုး မျက်စိကန်းတာကို ဆိုလိုတာ မဟုတ်ပေဘူး၊ အန္ဓပုထုဇဉ်ဆိုတာ မိမိရ,ထားတဲ့ [illegible]ပါဒါနက္ခန္ဓာ ဆိုတဲ့ ဥပါဒါန်ခန္ဓာတွေရဲ့ ဖြစ်ပျက်နေပုံ သဘောတွေကို

www.burmeseclassic.com

www.burmeseclassic.com



မသိဘူး၊ ခေတ်တရားတွေရဲ့ ဖြစ်ပျက်နေပုံကို မသိဘူး၊ အာယာတနတရားတွေ ဖြစ်ပျက်ပုံကို မသိဘူး၊ သစ္စာတရားရဲ့ သဘော ပဋိစ္စသမုပ္ပါဒ်ဆိုတဲ့ အကြော အကျိုးအားဖြင့် သံသရာစက် လည်ပုံ၊ ခန္ဓာစက်လည်ပုံကို မသိဘူး၊ အဲဒီလ မသိတဲ့အတွက် သူဟာ ခန္ဓာငါးပါးကို ငါ၊ သူတစ်ပါး၊ မိန်းမ၊ ယောကျာ ပုဂ္ဂိုလ်၊ သတ္တဝါကောင်လို့ စွဲမှတ်ယူဆနေတယ်၊ အဲဒီ သက္ကာယဒိဋ္ဌိရှိနေလို့ သ ခန္ဓာမှာ ကိလေသာတွေ သောင်းကျန်းနေရတယ်ဆိုတာ သူမသိဘူး၊ သက္ကာ ဒိဋ္ဌိကြောင့် သူ့မှာ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိတွေ ဖြစ်နေတယ်ဆိုတ မသိဘူး။

'အဋ္ဌကထာတွေမှာ ဖွင့်ပြထားတဲ့ ပုထုဇ္ဇဉ် သဘော လက္ခဏာတွေ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ဆရာတော်ကြီးဖြစ်တဲ့ အဘုဓမ္မမဟာ မုရ၊ ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီး ရေးတဲ့ *အမတဂါမိနီတရ* တော် စာအုပ်မှာ ဖော်ပြထားတာကိုလည်း မင်း သိအောင် ပြောပြမယ်'

'ဟုတ်ကဲ့၊ အမိန့်ရှိပါဦးဆရာ'

'ရွှေဟင်္သာဆရာတော်ဘုရားကြီးက အမတဂါမိနီ တရားတော်မှာ အန္ဓပုထု ရဲ့ သဘောလက္ခဏာ (၁၁) ချက် ဖော်ပြထားတယ်၊ (တစ်) အထူးထူးအပြ ပြားသော ကိလေသာတို့ကို ဖြစ်စေတတ်တယ်၊ (နှစ်) အထူးထူးအပြားပြ သော ဘုရားအမည်ခံ ကိုးကွယ်ရာ ဆရာများကို ရှာပြီးလည်း ကိုးကွယ်တ တယ်၊ (သုံး) သက္ကာယဒိဋ္ဌိကို မပယ်သတ်နိုင်ဘူး၊ (လေး) သေတဲ့အခါ အပါ ဂတိလားရာ ရှိတယ်၊ (ငါး) အထူးထူး အထွေထွေသော လောကီကုသိုလ အကုသိုလ်တွေကို ပြုလုပ်တတ်တယ်၊ (ခြောက်) ကာမောဃ၊ ဘဝေါဃစ ဩဃလေးအင် ရေအလျင်မှာ မြုပ်မျော၊ ပေါ်မျော မျောနေတတ်တယ်၊ (ခုန ကိလေသာ အပူမီးမျိုးစုံ ပူဆာ လောင်ကျွမ်းနေတယ်၊ (ရှစ်) ကာမဂုဏ်ရ အလွန် အလိုရှိသောကြောင့်လည်းကောင်း၊ ကာမဂုဏ်တို့ စွဲတပ်မက်ခြင်း အ ကြီး၍လည်းကောင်း၊ လွတ်မြောက်နိုင်ခဲသော ကိလေသာတို့၌သာ ကပ် လျှက် ရှိတယ်၊ (ကိုး) နီဝရဏ တရားတို့ဖြင့်လည်း ပိတ်ဆီးလျက် ရှိတယ (တစ်ဆယ်) အရိယာတို့ရဲ့ တရားကိုဆိုရင် ပျက်နှာလွဲတယ်၊ ယုတ်ညံ့တဲ့ ကိုယ အကျင့်ရှိသူတို့ရဲ့ အကျင့်ကိုတော့ နှစ်သက်စွာ လိုက်စားတယ်။

'(ဆယ့်တစ်) သီလဖြူစင်တဲ့ ကိုယ်အကျင့်ရှိတဲ့ အရိယာတို့နှင့် တသီးတခြ နေတတ်တယ်တဲ့၊ ဒါတွေအားလုံးဟာ အန္ဓပုထုဇ္ဇဉ်ရဲ့ ကိုယ်မှာ ဘာကြော



ဖြစ်နေရသလဲဆိုရင် သုတဗုဒ္ဓိဉာဏ် မရှိလို့၊ အကြားအမြင်မရှိလို့ ဖြစ်တယ်လို့ ကျမ်းဂန်မှာ ဆိုတယ်၊ ဒါကြောင့် ပါဠိတော်ကြီးများမှာ အန္ဓပုထုဇ္ဇဉ်ကို *အဿုတဝါ* ဆိုတဲ့ ဂုဏ်ပုဒ်နဲ့ *အဿုတဝါပုထုဇ္ဇနော* လို့ ဟောတော်မူတယ်၊ အန္ဓပုထုဇ္ဇဉ်မှာ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း ဖြစ်တဲ့ အဓိဂမသုတ မရှိဘူးလို့ ဆိုလိုတယ်၊ ဒီလောက်ဆိုရင် အန္ဓပုထုဇ္ဇဉ်ရဲ့ သဘောက ရှင်းလောက်ပြီ၊ ပြီးခဲ့တဲ့ အချက်တွေနဲ့ လူတွေရဲ့ အမူအကျင့်တွေကို လေ့လာကြည့်ပေါ့၊ အန္ဓပုထုဇ္ဇဉ်တွေရဲ့ ဘဝဖြစ်တည်ပုံကို မြင်သာပါတယ်'

'ဟုတ်ကဲ့၊ မြင်နိုင်ပါပြီ ဆရာ'

'ဒါဆို ကလျာဏပုထုဇ္ဇဉ်ရဲ့ သဘောကို ပြောမယ်၊ ပါဠိတော်ကြီးများမှာ ကလျာဏပုထုဇ္ဇဉ်ရဲ့ ဂုဏ်ပုဒ်ကို *သုတဝါအရိယသာဝကော* လို့ ဟောတော်မူတယ်၊ သုတဝါဆိုတာ အာဂမသုတ၊ အဓိဂမသုတ (ပရိယတ်၊ ပဋိပတ် အသိပညာ) ပြည့်စုံတဲ့ ပုဂ္ဂိုလ်၊ အရိယာသာဝကကို ကလျာဏပုထုဇ္ဇဉ်လို့ ခေါ်တယ်၊ ဒါကြောင့် လယ်တီဆရာတော်က ကလျာဏပုထုဇ္ဇဉ်ကို ဉာဏ်မျက်စိ ရှိသူဖြစ်တယ်၊ ဉာဏ်မျက်စိဆိုရာမှာ ဒိဋ္ဌိဇုကမ္မသမ္မာ ဒိဋ္ဌိဉာဏ်မျက်စိ၊ ပရိယတ္တိ ဉာဏ်မျက်စိ၊ ဝိပဿနာသမ္မာဒိဋ္ဌိ ဉာဏ်မျက်စိ၊ လောကုတ္တရာသမ္မာဒိဋ္ဌိ ဉာဏ် မျက်စိစသည့် ဉာဏ် မျက်စိမျိုးကို ဆိုလိုတယ်တဲ့၊ ဒီမှာ လယ်တီဆရာတော်က ကလျာဏပုထုဇ္ဇဉ်ဖြစ်ခွင့်ရသူကိုပင် နှစ်မျိုးနှစ်စား ခွဲခြားနိုင်တယ်လို့ ပြတော်မူတယ်၊ နှစ်မျိုးဆိုတာက (၁) သာသနာပ ကလျာဏပုထုဇ္ဇဉ် တစ်မျိုး၊ (၂) သာသနာတွင်း ကလျာဏပုထုဇ္ဇဉ်က တစ်မျိုးဖြစ်တယ်၊ ဆရာတော် အမိန့်ရှိတာကတော့ ဒိဋ္ဌိဇုကမ္မသမ္မာဒိဋ္ဌိ မျက်စိရရင်ပင် သာသနာပမှာ ကလျာဏပုထုဇ္ဇဉ် ခေါ်ရတယ်တဲ့၊ ကံ ကံ၏ အကျိုးကို နားလည်သဘောပေါက်ရင် သာသနာပမှာ ကလျာဏပုထုဇ္ဇဉ်ဖြစ်တယ်လို့ ဆိုလိုတယ်။

'သာသနာတွင်းမှာတော့ ဒိဋ္ဌိကမ္မသမ္မာဒိဋ္ဌိ မျက်စိပေါက်ရုံနဲ့ ကလျာဏပုထုဇ္ဇဉ် မခေါ်နိုင်ဘူးတဲ့၊ ပိဋကတ်ကျမ်းဂန် ကျေပွန်နှံ့စပ် စာပေတတ်မြောက် ပရိယတ် မျက်စိပေါက်ရုံနှင့်လည်း ကလျာဏပုထုဇ္ဇဉ် မခေါ်လောက်ဘူးတဲ့၊ သက္ကာယဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကို ခွာချ ဖြတ်ပယ်နိုင်သော ခန္ဓာသိမှု၊ တတ်သိမှု၊ ပဋိစ္စသမုပ္ပါဒ် သိမှုစတဲ့ ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ် မျက်စိပေါက်မှသာလျှင် ကလျာဏပုထုဇ္ဇဉ် အမှန်ခေါ်ထိုက်သည်လို့ ဆရာတော်က ညွှန်ပြတော်မူတယ်၊ ကလျာဏပုထုဇ္ဇဉ်အဖြစ်ကို ရောက်တဲ့လူဟာ ယခုဘဝမှာ လောကုတ္တရာ သမ္မာ

www.burmeseclassic.com

www.burmeseclassic.com



ဒိဋ္ဌိဉာဏ် မျက်စိပေါက်ရင်ပေါက်၊ မပေါက်ရင် ဒုတိယဘဝမှာ နတ်ဖြစ်သော်လည်း လောကုတ္တရာ သမ္မာဒိဋ္ဌိဉာဏ်မျက်စိ ပေါက်မှာပဲတဲ့၊ ဆိုလိုတာကတော့ ဒီဘဝမှာ မဂ်ကိစ္စမပြီးဘူးဆိုရင်တောင် နောက်ဘဝမှာ နတ်သား နတ်သမီးအဖြစ်နဲ့ သောတာပန်ဖြစ်မှာပဲလို့ ဆိုလိုတယ်၊ ဆရာတော်က ကလျာဏပုထုဇဉ်ဆိုတာဟာ ဗောဓိအခြေအမြစ် စိုက်ပြီးသူ ဖြစ်တယ်တဲ့၊ ဗောဓိအခြေအမြစ် စိုက်ပြီးသူဖြစ်တဲ့ အတွက် လူအဖြစ်၊ နတ်အဖြစ်နဲ့ ကြုံရာသာသနာမှာ အလွယ်တကူ ကျွတ်တမ်းဝင်မယ့်သူ ဖြစ်တယ်တဲ့၊ သာသနာတွင်းမှာဆိုရင်ဒီလို ဗောဓိအခြေအမြစ် စိုက်ပြီးသူကိုသာ ကလျာဏ ပုထုဇဉ်လို့ ခေါ်လောက်တယ်တဲ့၊ မှတ်သားလောက်စရာ ဆရာတော် အမိန့်ရှိတာက သီလ သမာဓိ ကောင်းတာမျှဖြင့် ကလျာဏပုထုဇဉ်လို့ မခေါ်နိုင်သေးဘူးတဲ့၊ စာပေပရိယတ္တိ တတ်ကာမျှနှင့်လည်း ကလျာဏပုထုဇဉ်လို့ မခေါ်နိုင်ဘူးတဲ့၊ အဲဒါ အရေးကြီးတယ်၊ တချို့ ဝိပဿနာပုဂ္ဂိုလ်များက ကလျာဏ ပုထုဇဉ်ရဲ့ ဂုဏ်ပုဒ်ကို ဉာဏ်စဉ် ပိုင်းပြီး ပြောတာက သိခါပတ္တဝိပဿနာ သင်္ခါရုပက္ခာဉာဏ်မှစပြီး ဂေါတြဘူတိုင်အောင်သော ဉာဏ်နှင့် ပြည့်စုံသောသူကိုသာ ကလျာဏပုထုဇဉ် ခေါ်နိုင်တယ်လို့လည်း အဆိုအမိန့် ရှိတယ်၊ ကလျာဏ ပုထုဇဉ်ကို စူဠသောတာပန်လို့လည်း ခေါ်ကြတယ်၊ ကျေးဇူးရှင် သပိတ်အိုင်ဆရာတော်ဘုရားကြီးက *စူဠသောတာပန်ဖြစ်ခန်း စိတ်ကမ္မဋ္ဌာန်း* ဆိုတဲ့ ကျမ်းတစ်ကျမ်းမှာ စီရင် ရေးသားတော်မူခဲ့တယ်၊ အဲဒီကျမ်းမှာ စူဠ သောတာပန် ကလျာဏပုထုဇဉ်နဲ့ပတ်သက်ပြီး ဘယ်လို ပြောထားသလဲ ဆိုတော့ မဂ်ဖိုလ်တရားကို ရကြတဲ့အခါ အစဉ်အတိုင်းသာ ရတယ်၊ ပထမ သောတာပတ္တိမဂ်ကို ရရမယ်၊ ဒုတိယ သကဒါဂါမိမဂ်ကို ရတယ်၊ တတိယအနာဂါမိမဂ်ကို ရတယ်၊ စတုတ္ထ အရဟတ္တမဂ်ကို ရတယ်၊ ဒီလို အစဉ်အတိုင်းသာ ဖြစ်တယ်၊ အစဉ်ကို ခုန်ကျော်ပြီး မဖြစ်နိုင်ဘူးတဲ့၊ ဒါကြောင့် ပထမ သောတာပတ္တိမဂ်တရားကိုရဖို့ သောတာပတ္တိမဂ် အခြေဖြစ်ဖို့ သောတာပတ္တိမဂ်လမ်းစကို တွေ့မြင်ဖို့၊ သောတာပတ္တိမဂ်ကို ဧကန် မရသေးသော်လည်း စူဠသောတာပန်နှင့် ကလျာဏပုထုဇဉ်အဖြစ်ကို ဧကန်ရအောင် လုပ်ထားဖို့ အဲလို ဆုံးဖြတ်တယ်၊ စူဠသောတာပန်နှင့် ကလျာဏပုထုဇဉ်ဖြစ်ရင် မပါယ်းသို့ မကျတော့သကဲ့ ဒုတိယဘဝ စသည်တို့၌ မဟာသောတာပန်အစစ်ကြီး ဖြစ်ပေလိမ့်မယ်၊ စူဠသောတာပန် ဆိုသော သောတာပန်ကလေး သောတာပန်လောင်းလို့ ဆိုလိုတယ်တဲ့'

'သောတံ အာဒီတောပဇ္ဇိ သုပါပုဏာတိသုတိ'



'သောတာပန္နာ စူဠသောတာပန္နာ စူဠသောတာပန္နာ ဆိုတဲ့ မဂ္ဂသံယုတ် အဋ္ဌကထာအရ သပိတ်အိုင်ဆရာတော်က ဖွင့်ဆိုတော်မူရာမှာ ယေ- အကြင် နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်နှစ်ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့သည်၊ သောတံ- မဂ္ဂင်ရှစ်ပါးတည်းဟူသော ရေအယဉ်သို့၊ အာဒိတောအဝစ္စာ အာပဇ္ဇိ သုပါပုဏိသု- ရောက်ကြကုန်ပြီ၊ ဣတိ- ထို့ကြောင့်၊ တေ- ထိုဉာဏ်နှစ်ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့သည်၊ သောတပန္နာ- သောတာပန် တည်ကုန်၏၊ စူဠာ တသွာ- ငယ်သော သောတာပန် ပုဂ္ဂိုလ်လို့ သပိတ်အိုင်ဆရာတော်က စူဠ သောတာပန်နှင့် ကလျာဏပုထုဇဉ်ဆိုတာသည် သဘောအတူတူပင် ဖြစ်သည်။ ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်သည် သေက္ခပုဂ္ဂိုလ်ခုနစ်ယောက်တည်းသို့ ဝင်နိုင်၏လို့ ပါရာဇိကဏ်အဋ္ဌကထာ၊ အင်္ဂုတ္တိုလ်အဋ္ဌကထာတို့ကို ကိုးကားပြီး ဆရာတော်က ဆုံးဖြတ်ထားတော်မူတယ်။ ကလျာဏပုထုဇဉ်၊ စူဠသောတာပန်ကို အတူတူလို့ ဆိုကြရာမှာ စူဠသောတာပန်ကို ကျမ်းဂန်မှာ အမျိုးမျိုး ဖွင့်ဆိုထားတယ်။ ပေါင်းလိုက်ရင် (လေး) မျိုး ရတယ်လို့ သာသနာ့ရောင်ခြည် အတွဲ၁၁၊ အမှတ် ၁၊ (၁–၁၁–၉၀) ခုနှစ် မဂ္ဂဇင်းမှာ သကျဘုန်းမော်ရေးတဲ့ ပုထုဇဉ်အမျိုးအစားက စူဠသောတာပန်ဟာ လောကီဉာဏ်ဖြင့် သစ္စာတရားသိခြင်း (သစ္စာနုဗောဓ) ဉာဏ်အဆင့်ရှိသူ ဖြစ်တယ်။ လက်ကိုကိုင်ပြီး နတ်ပြည် တင်ပေးခြင်းခံရသလို ဂတိမြဲတယ်၊ သုဂတိဘဝရောက်ဖို့ သေချာသူဖြစ်တယ်၊ အဲဒါ စူဠသောတာပန် တစ်မျိုး၊ နောက်တစ်မျိုးပြတာကတော့ နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိတို့နှင့် ပြည့်စုံသူဖြစ်သည်။ ဤဉာဏ်နှင့် ပြည့်စုံသူသည် မြတ်စွာဘုရား သာသနာတော်၌ သက်သာရာရပြီ၊ ထောက်တည်ရာရပြီ။ သက်သာရာဆိုတာက အရိယာမဂ်ကို ဆိုလိုတယ်၊ ထောက်တည်ရာဆိုတာက အရိယာဖိုလ်ကို ဆိုလိုတယ်။ ဒီပုဂ္ဂိုလ်ဟာ မဂ်ဖိုလ်ကိုတော့ လက်ငင်းမရသေးဘူး၊ ဒါပေမယ့် မုချရဖို့အတွက် အကျင့်ကောင်းရှိသူ၊ ကျင့်နေသူ ဖြစ်တယ်။ စင်စစ် လောကီဉာဏ်ဖြင့် သစ္စာလေးပါးကို သိမြင်တဲ့ အဆင့်ကို ရောက်ပြီဖြစ်ဖို့ အပါယ်ကို မကျထိုက်တော့ဘူး။ သောတာပန်တို့ လားရောက်ရာ သုဂတိဘုံသို့သာ ဆိုက်ရောက်ပြီ။ ဒါကြောင့် သူ့ကို စူဠသောတာပန် ခေါ်ရတယ်တဲ့။ တတိယ အမျိုးအစားကတော့ ပဓာနိယင်္ဂတရားငါးပါးနဲ့ ပြည့်စုံသူဖြစ်တယ်။ အရိုးကြွင်းစေ၊ အရေကြွင်းစေ၊ အသားအသွေး ခြောက်ခန်းစေ၊ တရားမရသမျှ ငါမထဆိုတဲ့ လုံ့လဝီရိယမျိုးနဲ့ ပြည့်စုံသူ၊ ပဓာနအလုပ်ကို အားထုတ်သူဖြစ်တယ်။ ပဓာနအလုပ်

www.burmeseclassic.com

www.burmeseclassic.com



ကို အားထုတ်သူရဲ့ အင်္ဂါ ၅ ပါးနဲ့လည်း ပြည့်စုံတယ်။ အင်္ဂါ ၅ပါးဆိုတာက (၁) မြတ်စွာဘုရားကို ယုံကြည်တယ်၊ (၂) ကိုယ်လက်အင်္ဂါ ကျန်းမာတယ်၊ (၃) ဝမ်းတွင်း နှလုံးဖြောင့်စင်းတယ်၊ (၄) လွန်စွာအားထုတ်တယ်၊ (၅) နာမ်ရုပ်တို့ရဲ့ ဖြစ်ပျက်ကိုလည်း သိမြင်တယ်၊ အဲဒီ အင်္ဂါ ၅ ရပ်နဲ့ ပြည့်စုံသူဟာ ကိလေသာကို တစ်ဒင်္ဂအားဖြင့် ပယ်ခွာနိုင်တယ်၊ ဆင်းရဲကုန်ရာ နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာဉာဏ်နဲ့လည်း ပြည့်စုံပြီလို့ ဆိုနိုင်တယ်၊ ဒါကြောင့် ဒီပုဂ္ဂိုလ်မျိုးကိုလည်း ဋီကာဆရာတို့က ရှုဌသောတာပန်လို့ ဆိုကြတယ်၊

'စတုတ္ထအစားကတော့ နိဗဒ္ဓ (ဝတ်မြဲကြောင်း) ကုသိုလ်ခုနစ်မျိုးနဲ့ ပြည့်စုံသူဖြစ်တယ်၊ ကုသိုလ် (၇) မျိုးဆိုတာဟာ (၁) သရဏဂုံ မြဲတယ်၊ (၂) ငါးပါးသီလမြဲတယ်၊ (၃) စာရေးတံဆွမ်း လှူတယ်၊ (၄) ၁၅ ရက်တစ်ကြိမ် ဆွမ်းလှူတယ်၊ (၅) ဝါဆိုသင်္ကန်း လှူတယ်၊ (၆) ရေတွင်းရေကန် လှူတယ်၊ (၇) ကျောင်းဆောက်လှူတယ်၊ ဒီ ၇ မျိုးကို လှူတဲ့သူဟာ သုဂတိဘဝကို လားရောက်ရဖို့ ဂတိမြဲတယ်လို့ ဆိုတယ်၊ သောတာပန်နဲ့ တူတဲ့သဘောရှိလို့ သူ့ကိုလည်း ရှုဌသောတာပန်လို့ သတ်မှတ်ရတယ်တဲ့၊ ဒါပေမယ့် ဒီအမျိုးအစားက စိတ်မချရဘူး၊ ဗုဒ္ဓဘာသာမှာ သီရိဓမ္မာသောကမင်းကြီးလောက် လှူတာ ဘယ်ရှိမလဲ၊ ဒါတောင် သေခါနီးမှာ ကုက္ကုစ္စ ဖြစ်သွားတဲ့အတွက် စပါးကြီးမြွေဖြစ်သွားရကြောင်း ကြားဖူးတယ် မဟုတ်လား၊ ဒါ ဘာကို ပြသလဲ ဆိုတော့ ဒါနက စိတ်မချရဘူး၊ သေခါနီး မရဏာသန္နဇောမှာ ချော်သွားရင် အကြီးအကျယ် ဒုက္ခရောက်နိုင်တယ်၊ ပြီးတော့ ဓမ္မပဒမှာ လာတဲ့ ဧရတပတ္တ နဂါးမင်း ဝတ္ထုကို ကြားဖူးသလား'

'မကြားဖူးပါဘူးဆရာ'

'ကဿပဘုရား လက်ထက်တော်အခါတုန်းက ရဟန်းတစ်ပါးဟာ အနှစ်နှစ်သောင်းပတ်လုံး တောမှာနေပြီး တရားအားထုတ်ခဲ့တယ်၊ တစ်နေ့ ဂင်္ဂါမြစ်ကြောမှာ လှေနဲ့သွားတုန်း ပြိတ်မြက်ရုံ့ ပြိတ်မြက်ရွက်ကို လက်နဲ့ဆွဲကိုင်မိပြီး လှေရဲ့အဟုန်ကြောင့် ဒီပြိတ်မြက်ရွက်ဟာ လက်ထဲ ပြတ်ပါလာတယ်၊ အဲဒါကို မေ့ပြီး အာပတ်မဖြေမိခဲ့ဘူး၊ သေခါနီးကျမှ သတိရတယ်၊ သေတဲ့အခါကျတော့ ဧရတပတ္တဆိုတဲ့ နဂါးကြီး ဖြစ်သွားတယ်၊ အဲဒါ သီလလည်း စိတ်မချရဘူးဆိုတာပြတယ်၊ အမှန်ကတော့ ရုပ်နာမ်တို့ရဲ့ ဖြစ်ပျက်ကိုသိ၊ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးကို သစ္စာနုလောမိကဉာဏ်နှင့်သိပြီး သက္ကာယဒိဋ္ဌိကို အသိနှင့်ပြုတ်အောင်



လုပ်ထားနိုင်မှပဲ စိတ်ချရလိမ့်မယ်၊ အဲဒါဟာ ကလျာဏပုထုဇဉ် ရှုဌသောတာပန်လုပ်ရမယ့် အလုပ်ပဲ၊ ဒိဋ္ဌိကို ပြုတ်အောင် လုပ်ရမယ်၊ မိုးကုတ်ဆရာတော်ဘုရားကြီးကတော့ ဒိဋ္ဌိကို အရင်အသိနှင့် မဖြုတ်ဘဲနဲ့ ဝိပဿနာအားထုတ်ရင် ကုသိုလ်ဖြစ်တာပဲ ရှိမယ်၊ မဂ်တော့ မရဘူးလို့ ယတိပြတ် ဆုံးဖြတ်ချက်ချပြီး ဟောထားတော်မူတယ်'

'ကျွန်တော် လုပ်ငန်းစဉ် သဘောကိုတော့ သိပါပြီ ဆရာ၊ ဒါပေမယ့် သက္ကာယဒိဋ္ဌိရဲ့ သဘောကို ရှင်းပြပါဦး'

'အေး... မင်း လိုအပ်ချက် သိအောင် မေးတတ်တယ်၊ မဆိုးဘူး'

www.burmeseclassic.com

www.burmeseclassic.com

## ၆။ ဝိသာခနှင့် ဓမ္မဒိန္နာ အမေးအဖြေ

'ကျွန်တော် ကြားနာမှတ်သားခဲ့မိသလောက်ဖြင့် ဖြစ်တည်မှုဝါဒဆိုတာဟာ မိစ္ဆာဒိဋ္ဌိ ဝါဒတစ်ခုဖြစ်တာ ထင်ရှားလာပါပြီ၊ လူဟာ လူ့ဘဝမှာ လုပ်ချင်သလို လွတ်လွတ်လပ်လပ် လုပ်နိုင်ရမယ်တဲ့၊ သူတို့ရဲ့ အယူအဆဟာလည်း ချောက်တွန်းတဲ့ ဝါဒနှင့် တူနေတယ်၊ အမှန်က လူ့ဘဝမှာ ပိုမိုကောင်းမွန်တဲ့ အခြေအနေ ဖြစ်တည်ခဲ့ရတဲ့ ဘဝဖြစ်ကျိုးနပ်တဲ့ အခြေအနေကိုရောက်အောင် ပို့ဆောင်နိုင်တဲ့ ရွေးချယ်စရာလမ်း ရှိရမှာပေါ့၊ ဒါမှ လူသားဟာ လူ့ဘဝမှာ ဖြစ်တည်ခဲ့ရတာ အဓိပ္ပာယ်ရှိမှာပေါ့၊ ခု တဖြည်းဖြည်းနဲ့ ဆရာဘုံစဉ်စံ ဒဿနက လူ့ဘဝမှာ သွားရာလမ်းပျောက်နေတဲ့ ပုထုဇဉ်တွေကို လူဖြစ်ကျိုးနပ်တဲ့ လမ်းကောင်းလမ်းမှန်ကို ရှာပြီး ရွေးခွင့်ပေးတယ်၊ ဘဝသမ္ပတ္တိနှင့် ပြည့်စုံခဲ့တဲ့ လူသားဟာ လူ့ဘဝ ဖြစ်တည်နိုက်မှာ ဘောဂသမ္ပတ္တိအတွက် ကြောင့်ကြစိုက်ပြီး နေ့ ရက် နှစ် လ အချိန်တွေကို အကုန်ခံလိုက်ရင် နောက်ဘဝမှာ သုဂတိဘဝ ဆုံးရှုံးသွားရမယ် ဆိုတာကိုလည်း သိမြင်လိုက်ရပါပြီ၊ ဒါကြောင့် ဒီဘဝမှာ အန္ဓပုထုဇဉ်အဖြစ်နဲ့ လူဟာ ဘဝအဆုံးမခံသင့်ဘူး၊ လူဖြစ်ကျိုးနပ်အောင်၊ နိဗ္ဗာန်မရောက်မီစပ်ကြား ကျင်လည်ရဦးမယ့် ဘဝတွေမှာ (ကျင်လည်လိုသည်ဖြစ်စေ၊ မကျင်လည်လိုသည် ဖြစ်စေ) ဘဝသမ္ပတ္တိနှင့် ပြည့်စုံဖို့၊ အပါယ်တံခါး ပိတ်ဖို့အတွက် ကိုယ့်ဝန်နဲ့ ကိုယ့်အားကို တွက်ဆပြီး အလုပ်လုပ်ကြရတော့မယ်ဆိုတာ သဘော ထင်ရှားလာပါပြီ ဆရာ၊ ခု ကျွန်တော် နားလည်တာကတော့ အန္ဓပုထုဇဉ်ဟာ အောက်ထစ် စူဠသောတာပန် ကလျာဏပုထုဇဉ်ဖြစ်အောင် အားထုတ်ရမယ်ဆိုတာလည်း ထင်ရှားပြီ၊ အန္ဓပုထုဇဉ်ကနေ ကလျာဏပုထုဇဉ် (စူဠသောတာပန်) ဖြစ်ဖို့ ဆိုတာလည်း သိပ်မခက်ခဲဘူး၊ သက္ကာယဒိဋ္ဌိ အဆောက်အအုံကြီးကို ဖြိုဖျက်နိုင်ရင် အသိ(ဉာတပရိညာ)နဲ့ ပယ်နိုင်ရင် ကလျာဏပုထုဇဉ်ဖြစ်ပြီလို့ သဘော



ရပါတယ်ဆရာ၊ ဒါပေမယ့် သက္ကာယဒိဋ္ဌိဆိုတာ ဘာလဲ၊ သက္ကာယဒိဋ္ဌိဆိုတာ သဘောအားဖြင့် ဘယ်နှစ်မျိုးရှိသလဲ၊ သက္ကာယဒိဋ္ဌိကို ဘယ်လို ပယ်ရမလဲ ဆိုတာတွေကို သိချင်ပါပြီဆရာ'

'အေး... မင်းရင်ထဲမှာ သမ္မာဆန္ဒတွေ ဖြစ်ပေါ်လာတာကို ဆရာ ကျေနပ်ပါတယ်၊ လူ့လောကမှာ အမြင်ရှင်းဖို့လည်း လိုတယ်၊ အမြင်မှန်ဖို့လည်း လိုပါတယ်ကွာ၊ ထားပါတော့၊ ခု မင်းသိချင်တဲ့ သက္ကာယဒိဋ္ဌိရဲ့ သဘောအကျယ်ကို ဆွေးနွေးကြစို့၊ မဆွေးနွေးခင်မှာ သက္ကာယဒိဋ္ဌိကို ပယ်ဖို့ကိစ္စဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာကို ဘုရားဟောတာ ရှိတယ်'

'ဟုတ်ကဲ့၊ အမိန့်ရှိပါဆရာ'

'သက္ကာယဒိဋ္ဌိကို မပယ်ဘဲနဲ့ အသေစောသွားရင် အဲဒါ အပါယ်တစ်လမ်း သွားပဲ၊ လူဖြစ်ရှုံးတဲ့ ကိန်းပဲဆိုတာကို မင်း သဘောပေါက်ပြီ မဟုတ်လား'

'ဟုတ်ကဲ့၊ သဘောပေါက်ပါပြီဆရာ'

'ဒါကြောင့် သံယုတ်ပါဠိတော် သတ္တိသုတ်မှာ မြတ်စွာဘုရားက နတ်သား တစ်ပါးရဲ့ လျှောက်ထားချက်ကို ဖြေကြားရာမှာ "လှံဖြင့် အထိုးခံရသော သူကဲ့ သို့လည်းကောင်း၊ ဦးခေါင်း၌ မီးလောင်ခံရသော သူကဲ့သို့လည်းကောင်း၊ ရဟန်းသည် ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာငါးပါး၌ အမြင်မှားမှု သက္ကာယဒိဋ္ဌိကို ပယ်သတ်ရန် သတိနှင့် ပြည့်စုံသည်ဖြစ်၍ နေရာ၏" လို့ မိန့်တော်မူတယ်၊ ရိုးရိုးခေတ်စကားနဲ့ ပြောရင် ရင်ဝလှံစူး၊ ထိပ်ဦးမီးလောင်နေတဲ့ လူဟာ လှံကိုနုတ်ပြီး မီးကို ငြိမ်းသတ်ဖို့ အရေးကြီးသလို လူသား (ရဟန်း)ဟာ သက္ကာယဒိဋ္ဌိကို အရင်ဦးအောင် ပယ်သတ်ဖို့ အရေးကြီးတယ်လို့ ဆိုလိုတာပဲ၊ ဘာဖြစ်လို့ အရေးကြီးသလဲဆိုတော့ သက္ကာယဒိဋ္ဌိကို မပယ်သတ်ဘဲ အသက် ရှင်နေရင် မြင်ရာ၊ ကြားရာ၊ နံရာ၊ စားရာ၊ ထိတွေ့ရာမှာ နန္ဒီရာဂဆိုတဲ့ နှစ်သက်တပ်မက်ခြင်း၊ တဏှာဥပါဒါန်တွေချည်း ဖြစ်နေမယ်၊ သက္ကာယဒိဋ္ဌိကို အရင် မပယ်သတ်ဘဲ ဝိပဿနာတရားကို အားထုတ်ရင်လည်း ကုသိုလ်ပဲရမယ်၊ မဂ် မရဘူးတဲ့၊ ပြီးတော့ သက္ကာယဒိဋ္ဌိကို မပယ်နိုင်ခင် သေဆုံးသွားရင် [illegible] အဲဒါ အပါယ်ကို လွှင့်စဉ် ကျသွားမှာပဲ၊ ဒါကြောင့် သက္ကာယဒိဋ္ဌိကို [illegible]ယ်ဖို့ကိစ္စဟာ ပုထုဇဉ်ရဲ့ဘဝမှာ အရေးကြီးတယ်လို့ မြတ်ဗုဒ္ဓက ဟောတော်မူ[illegible]ကာ ဖြစ်တယ်'

'ဟုတ်ပါတယ်ဆရာ၊ ကျွန်တော် သဘောကတော့ သိနေပါပြီ၊ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



သက္ကာယဒိဋ္ဌိဆိုတာ ဘာလဲဆိုတာ သိမှ၊ ဘယ်လိုပယ်ရမယ် ဆိုတာကို သိ... ပယ်နိုင်မှာပေါ့၊ ဗုဒ္ဓက အပြည့်အစုံ ဟောထားတာ မရှိဘူးလား'

'ရှိပါတယ်မောင်ရာ၊ ပြည့်ပြည့်စုံစုံ ဟောထားပြီးသားပါ၊ သက္ကာယဒိဋ္ဌိနဲ့ ... ပတ်သက်ပြီး ဟောတဲ့ တရားတွေဟာ မူလပဏ္ဏာသပါဠိတော် စူဠဝေဒလ္လသုတ်မှ... အပြည့်အစုံ ပါတယ်၊ မင်းသိချင်တာတွေ ပြည့်ပြည့်စုံစုံ ပါတယ်၊ သက္ကာယ... ဒိဋ္ဌိကြောင့် ဖြစ်ပေါ်လာတဲ့ မိစ္ဆာဒိဋ္ဌိ အယူဝါဒတွေအကြောင်းကို မူလပဏ္ဏာသ... ပါဠိတော် သလ္လေခသုတ်မှာလည်း ဟောထားတာရှိတယ်၊ ခန္ဓာငါးပါးမှာ သက္ကာယ... ဒိဋ္ဌိဖြစ်ပုံကို ရှင်းလင်းဟောကြားတော်မူခဲ့တဲ့ မူလသက္ကာယဒိဋ္ဌိ ဘယ်လိုဖြစ်သလဲ... ဆိုတာကို ရှင်းလင်းဟောကြားထားတဲ့ ဥပရိပဏ္ဏာသပါဠိတော် မဟာပုဏ္ဏမသုတ်... ဆိုတာလည်း ရှိတယ်၊ အဲဒီသုတ်မှာပဲ သက္ကာယဒိဋ္ဌိ ဘယ်လို ဖြစ်သလဲဆိုတာကို... ဟောတော်မူတယ်၊ ဒါပေမယ့် ဒီကျမ်းဂန်တွေအားလုံးကို လျှောက်ပြီး လေ့လာ... နေရင် မင်းအတွက် ဝန်လေးမယ်၊ ဒီလောက် အများကြီး လေ့လာနေစရာ မလို... ဘူး၊ တစ်အုပ်တည်းကို လေ့လာရင် ပြီးတယ်'

'ဘယ်စာအုပ်ကို လေ့လာရမလဲဆရာ'

'အေး... ပြောမယ်၊ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ရေးသ... တော်မူခဲ့တဲ့ "စူဠဝေဒလ္လသုတ်တရားတော်" ဆိုတဲ့ စာအုပ်တစ်အုပ်တည်းက... ဖတ်လိုက်ရင် သက္ကာယဒိဋ္ဌိနဲ့ စပ်သမျှ အကြောင်းအရာအားလုံးကို မင်း သဘော... ပေါက်သွားမယ်၊ အဲဒီကျမ်းထဲမှာ မြတ်စွာဘုရား လက်ထက်တော်အခါက ဗိ... သာရမင်းကြီးနဲ့ အတူ သောတာပန်ဖြစ်ခဲ့ပြီး နောင်အခါမှာ အနာဂမ်ဖြစ်သွားတဲ့... ဝိသာခါသူဌေးကြီးက သူ့နောက်မှ ဘိက္ခုနီသာသနာထဲ ဝင်ပြီး တရားအားထုတ်... ပြီး သူ့ထက်အရင် ရဟန္တာမ ဖြစ်သွားတဲ့ သူ့ဇနီးဟောင်း ဓမ္မဒိန္နာကို မေး... မေးခွန်းတွေထဲမှာ မင်းသိချင်တဲ့ သက္ကာယဒိဋ္ဌိအကြောင်း အစုံပါတယ်၊ အဲ... ဝိသာခ အမေး၊ ဓမ္မဒိန္နာအဖြေ သုတ္တန်ကို စူဠဝေဒလ္လသုတ္တန်လို့ ခေါ်တယ်၊ ... သုတ္တန်ကိုပဲ မဟာစည်ဆရာတော်ဘုရားကြီးက လူသာမန်တွေရဲ့ နားမှာ ဆ... အောင် လွယ်ကူရှင်းလင်းတဲ့ စကားတွေနဲ့ အကျယ်ချဲ့ပြီး လိုအပ်တဲ့ နေရာမှ... အနက်ဖွင့်ပြီး ဟောကြားထားတာ၊ ပြောခဲ့တဲ့ စူဠဝေဒလ္လသုတ် တရားတော်... ဆိုတဲ့ စာအုပ်ပဲကွယ့်၊ အဲဒီစာအုပ်ကို မင်းရှာဖတ်ပါလား'

'ဆရာကလည်း လွယ်တာကို ခက်အောင်လုပ်နေပြန်ပြီ၊ ဆရာပဲ ကျွန်တော်... သိသင့်တာကို ပြောလိုက်ရင် ပြီးတာပဲဟာ၊ ဝိသာခ သူဌေးကြီးက ဓမ္မဒိန္နာကို... ဘယ်လို မေးတာလဲဆရာ'



'အေး... မင်းက လူပါးပဲ၊ ဒဿနသမားပီပီ မေးခွန်းကလည်း မေးတတ်တယ်'

'ဒဿနသမားဆိုတာ မေးခွန်းမေးတတ်ရမယ်လို့ ဆရာသမားများ သင်ထားပါတယ်ဆရာ'

'အေး... ဟုတ်တယ်၊ မေးခွန်း မေးတတ်ဖို့လည်း အရေးကြီးတယ်၊ ဒါထားတော့၊ ဓမ္မဒိန္နကို ဝိသာခ သူဌေးကြီး မေးပုံ၊ ဓမ္မဒိန္နာထေရီမ ဖြေကြားပုံတွေဟာ မြတ်စွာဘုရားအလိုတော်နဲ့ ကိုက်ညီလို့ ထေရဝါဒ အစီအစဉ်မှာ မှတ်တမ်းကမ္ပည်းတင်ထားရတယ်၊ ဒီလိုကွယ့် ဝိသာခ သူဌေးကြီးက ပထမ အနာဂါမ် ပုဂ္ဂိုလ်ဖြစ်တယ်၊ ဒီတော့ ဇနီး အိမ်ထောင်နဲ့ မနေတော့ဘူး၊ တသီးတခြား နေတယ်၊ အနာဂါမ်ဆိုတာ ကာမဂုဏ်တွေအပေါ်မှာ တပ်ငြိတဲ့စိတ် ကုန်သွားတဲ့ ပုဂ္ဂိုလ်မျိုးပဲ၊ ဒီအကြောင်းကို ဇနီးဖြစ်သူ ဓမ္မဒိန္နာက အမှန်အတိုင်း သိတဲ့အခါ ဘဝဘဝက ဆည်းပူးခဲ့တဲ့ ပါရမီဓာတ်ခံ အကြောင်းရှိသူဖြစ်တော့ ဝိသာခ သူဌေးကြီး ရတဲ့ တရားမျိုးကို သူလည်း ရချင်တယ်၊ ဒါကြောင့် သူက ဘိက္ခုနီ သာသနာမှာ ရဟန်းမ ပြုခွင့်တောင်းတယ်၊ သူဌေးကြီးကလည်း ကြည်ကြည်ဖြူဖြူ ရဟန်းပြုခွင့် ပေးတယ်၊ ရဟန်းပြုပြီး မြို့ပေါ်မှာ နေရင် ပရိသတ်စည်ကားပြီး တရားအားထုတ်ခွင့် မရဘူး၊ ဒါကြောင့် ဆိတ်ငြိမ်တဲ့ တောကျောင်းတစ်ခုမှာ သွားပြီး တရားအားထုတ်တယ်၊ အတိတ်ဘဝက ပါရမီဆုတောင်းက ရှိတော့ နှစ်ရက်သုံးရက်အတွင်းမှာ ရဟန္တာထေရီမဖြစ်သွားတယ်၊ အရဟတ္တမဂ်ဖိုလ်ကို ရောက်ပြီး ရဟန်းကိစ္စ ပြီးဆုံးသွားတဲ့အခါကျတော့ ဓမ္မဒိန္နာထေရီမရဲ့ စိတ်ထဲမှာ ကိုယ့်ရပ်ကိုယ့်ရွာနေကို ပြန်ပြီး စပ်ဆိုင်ရာ ဆွေမျိုး မိတ်ဆွေများကိုလည်း အကျိုးများအောင်၊ အတူနေ ထေရီမတွေမှာလည်း သူ့ကြောင့် လာဘ်လာဘ များအောင် ဆိုပြီး ရာဇဂြိုဟ်မြို့တော်ရှိ မူလကျောင်းကို ပြန်လာခဲ့တယ်။

'– ဒီသတင်းကို ကြားသိရတဲ့အခါ ဝိသာခ သူဌေးကြီးက ဓမ္မဒိန္နာထေရီဟာ တရားအားထုတ်ဖို့ သွားတယ်ဆိုပြီး ခု ပြန်လာတာ မြန်လှချည်လား၊ သာသနာ ...ဘောင်မှာ မပျော်မွေ့လို့များလား လို့ စဉ်းစားပြီး စုံစမ်းဖို့ ဓမ္မဒိန္နာထေရီမ ရှိရာ ...ကျောင်းကို သွားတယ်၊ ကျောင်းကို ရောက်တဲ့အခါကျတော့ ထေရီမကို ရှိခိုး၊ ...နဲ့ စပ်တဲ့ မေးခွန်းတွေကို မေးတယ်၊ မေး...တော့ ပညာရှိပီပီ ဓမ္မ...ဟာ သာသနာ့ဘောင်မှာ ပျော်ရဲ့လား၊ မပျော်ဘူးလားလို့ တိုက်ရိုက်မမေး... တရားဘယ်လောက် သိပြီလဲ၊ တရားဘယ်လောက်ရှိပြီလဲ ဆိုတာကို နှိုက်မယောက်ကြည့်တဲ့ အနေနဲ့ မေးကာ ဖြစ်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'သြော်... ဟုတ်လား၊ ဘယ်လိုမေးခွန်းမျိုးတွေ မေးတာလဲဆရာ'

'ဝိသာခသူဌေးကြီးရဲ့ ပထမ မေးခွန်းက မင်းသိချင်တဲ့ မေးခွန်းပဲကွ'

'အင်... ဟုတ်လား၊ အမိန့်ရှိပါဦးဆရာ'

'သူဌေးကြီးက "ရှင်မ ဒိန္နာ၊ သက္ကာယ သက္ကာယ ဆိုပြီး ပြောဆိုနေကြပ တယ်၊ အဲဒါ ဘာကို သက္ကာယလို့ ခေါ်တယ်လို့ ဘုရားက ဟောတော်မူ သလဲ"လို့ မေးတယ်'

'သက္ကာယဒိဋ္ဌိ မဟုတ်သေးဘူး၊ သက္ကာယ ဆိုတာပဲ မေးတယ်နော်'

'ဟုတ်တယ်၊ သက္ကာယရဲ့ သဘောကို မေးတယ်'

'ဓမ္မဒိန္နာက ဘယ်လိုဖြေပါသလဲဆရာ'

'ဓမ္မဒိန္နာက "ဒါယကာ ဝိသာခ၊ ပဉ္စုပါဒါနက္ခန္ဓာ လို့ခေါ်တဲ့ ပရမ သဘောအားဖြင့် ထင်ရှားရှိတဲ့ ခန္ဓာငါးပါး ရုပ်နာမ်အပေါင်းကို သက္ကာယ မြတ်စွာဘုရားက ဟောကြားပါတယ်"လို့ ဖြေတယ်'

'ခန္ဓာငါးပါးကို ဉပါဒါနက္ခန္ဓာလို့ ဘာဖြစ်လို့ ခေါ်တာလဲ'

'အေး... မင်းကတော့ မေးခွန်းမေးတာ အိတ်စပတ်ပဲဟေ့၊ အဲဒါ အချက် ခန္ဓာငါးပါးဟာ စွဲလမ်းတတ်တဲ့ ဉပါဒါန်ရဲ့ အာရုံဖြစ်တယ်'

'ဘယ်လိုဖြစ်တာလဲ'

'အင်း... မြင်တိုင်း ကြားတိုင်း ထိတိုင်းသိတိုင်းမှာ ထင်ရှားပေါ်လာတဲ့ နာမ်တွေရဲ့ သဘောကို သိမြင်အောင် မရှုတတ်ရင် ဒါတွေဟာ မမြဲဘူး(အနိ ဆင်းရဲတယ်(ဒုက္ခ)၊ အစိုးမရတဲ့ (အနတ္တ)တရားတွေ ဖြစ်ကြောင်း မသိလိုက် အဲဒီ ရုပ်နာမ်တွေကို မြဲနေတယ်၊ ချမ်းသာနေတယ်၊ အသက်ရှင်နေတဲ့ အ ကောင် အနေမျိုးနဲ့ စွဲလမ်းသွားမယ်၊ အဲဒီလို စွဲလမ်းတဲ့အတွက် ဒီ ရုပ်နာမ် ကို ဉပါဒါနက္ခန္ဓာလို့ ဆိုရတာပဲ၊ မင်းကို ထင်ရှားတဲ့ ဉပမာတစ်ခု ပြမယ်၊ မ ရည်းစားထားဖူးသလား'

'ထားဖူးပါတယ်ဆရာ၊ ခု ကျွန်တော့်မှာ လက်ထပ်ဖို့ ရည်ရွယ်ထားတဲ့ ရှိပါတယ်'

'အေး... အဲဒီ မိန်းကလေးကို မင်းမြင်တဲ့အခါ သူ့ရဲ့အဆင်းကို နှစ်သ တယ်၊ နောက် သူ့အသံကို နှစ်သက်တယ်၊ နောက် မွှေးပျံ့နေတဲ့ သူ့အနံ့ နှစ်သက်တယ်၊ သူနဲ့ နီးစပ်တဲ့အခါ သူနဲ့ ပူးပူးကပ်ကပ်နေရတဲ့ အထိအတွေ ဟာ ဖောက်ပြန် ပျက်စီးနေတဲ့ ရုပ်ဓာတ်တွေ၊ သူ့စိတ်ဟာလည်း ဖောက်ပြ



ပြောင်းလဲနေတဲ့ စိတ်ပဲဆိုတာကို မင်းက မသိဘူး၊ မရှုတတ်ဘူး၊ ဒီတော့ ခု မင်း ထိတွေ့ခံစားနေရတာတွေဟာ အမြဲပဲ ဒီအတိုင်းနေမယ်လို့ မထင်ဘူးလား၊ မစွဲလမ်းဘူးလား၊ သူဟာ တစ်နေ့ထက် တစ်နေ့ အိုစာသွားမယ်၊ သူ့အလှတွေ ဟာ ပျက်စီးသွားမယ်၊ သူဟာ နောက်ဆုံး ခန္ဓာပျက်ကြွေ သေသွားမယ်၊ မင်းနဲ့ ရှင်ကွဲမကွဲရင်လည်း သေကွဲကွဲမှာပဲ ဆိုတာတွေကို မင်း မြင်ရင် မင်း စိတ် ချမ်းသာမလား၊ စိတ်ဆင်းရဲမလား'

'စိတ်ဆင်းရဲမှာပါဆရာ'

'ငါပြောခဲ့တဲ့ အပြောင်းအလဲတွေ ဖောက်ပြန်မှုတွေဟာ မုချ မဖြစ်ဘူးလား'

'ဖြစ်မှာပါဆရာ'

'အေး... ဒါပေမယ့် မင်းစိတ်ထဲမှာ ဒါတွေကို မမြင်ဘူး၊ မြင်လည်း မမြင် ချင်ဘူး၊ ခု တွေ့မြင်နေရတဲ့ သူ့အလှတွေ ဒီအတိုင်းပဲ အမြဲ တည်နေမှာပဲဆိုတဲ့ ထင်မြင်စွဲလမ်းမှု ဉပါဒါန် ဖြစ်မနေဘူးလား'

'ဟုတ်ပါတယ်ဆရာ'

'ဒါကြောင့် ခန္ဓာငါးပါးဟာ စွဲလမ်းစရာတွေ၊ စွဲလမ်းခံတွေ ဖြစ်နေတယ်၊ ဒီလို စွဲလမ်းခြင်းကို ဖြစ်ပေါ်စေတဲ့ ဉပါဒါနက္ခန္ဓာငါးပါးကို ဘုရားက သက္ကာယ လို့ ခေါ်တယ်၊ ဉပါဒါနက္ခန္ဓာတွေက ဘာတွေလဲဆိုရင်—

(၁) ရုပ်ဉပါဒါနက္ခန္ဓာ (စွဲလမ်းစရာ ရုပ်အစု)က တစ်ပါး၊

(၂) ဝေဒနာဉပါဒါနက္ခန္ဓာ (စွဲလမ်းမှုရဲ့ အာရုံဖြစ်စေတဲ့ ဝေဒနာခံစားမှု) အဖို့အစုက တစ်ပါး၊

(၃) သညာဉပါဒါနက္ခန္ဓာ– စွဲလမ်းစရာဖြစ်တဲ့ မှတ်သားမှုအစုက တစ်ပါး၊

(၄) သင်္ခါရ ဉပါဒါနက္ခန္ဓာ– စွဲလမ်းစရာဖြစ်တဲ့ စေဆော် တိုက်တွန်း ပြုလုပ် အားထုတ်ဆောင်ရွက်တတ်တဲ့ သင်္ခါရ အဖို့အစုက တစ်ပါး၊

(၅) ဝိညာဏဉပါဒါနက္ခန္ဓာ– စွဲလမ်းမှု၏ အာရုံဖြစ်သော စိတ်ဝိညာဉ် အဖို့အစုက တစ်ပါး၊

'– ဒီငါးပါးကို သက္ကာယလို့ ခေါ်တယ်လို့ မြတ်စွာဘုရား ဟောတော် မူထားကြောင်း ဓမ္မဒိန္နာထေရီမ က ဖြေတယ်၊ ဉပါဒါနက္ခန္ဓာငါးပါးကို သက္ကာယလို့ ဘုရားဟောတော်မူထားတာ ခန္ဓာဝဂ္ဂသုတ်ပါဠိတော် ၁၂၉ မှာ ရှိတယ်၊"ကတ မောစ ဘိက္ခဝေ သက္ကာယော" အစချီတဲ့ ဂါထာမှာ "ရဟန်းတို့၊ သက္ကာယ ဒိဋ္ဌိဆိုတာ ဘာလဲဆိုရင် ရုပ်ဉပါဒါနက္ခန္ဓာက တစ်ပါး၊ စသည်အားဖြင့် ရှေ့မှာ

www.burmeseclassic.com

www.burmeseclassic.com



ပြောခဲ့တဲ့အတိုင်း ဟောထားတယ်၊ အဲဒီမှာ သက္ကာယ ဆိုတာ မြင်တိုင်း ကြား တိုင်း၊ နံတိုင်း၊ စား သိတိုင်း၊ တွေ့ထိတိုင်း၊ ကြံ သိတိုင်း ထင်ရှားတွေ့နေရတဲ့ ရုပ်နာမ်တရားတွေပါပဲ၊ ဝိပဿနာဉာဏ်ဖြင့် ဒီ ခန္ဓာတွေဟာ အနိစ္စပဲ၊ ဒုက္ခပဲ၊ အနတ္တပဲလို့ မသိရင် အဲဒီ ရုပ်နာမ်တွေကို အမြဲတည်နေတယ်လို့ ထင်မှတ် စွဲလမ်းနေတယ်၊ အသက်ရှင်နေတဲ့ အတ္တကောင် ငါကောင် သူကောင်ပဲလို့လည်း ထင်မှတ်စွဲလမ်းနေကြတယ်၊ အဲဒီလို ထင်မှတ် စွဲလမ်းစရာတွေ ဖြစ်နေတဲ့အတွက် ဒီထင်ရှားတဲ့ ရုပ်နာမ်တွေကို ဥပါဒါနက္ခန္ဓာလို့ ခေါ်တာပဲ၊ ဥပါဒါန်ဆိုတာ စွဲလမ်းတတ်တဲ့ တရားပဲ၊ စွဲလမ်းတတ်တဲ့ သဘော ဥပါဒါန်ဟာ ဆန္ဒ ရာဂ လို့ ခေါ်တဲ့ လိုချင်တပ်မက်မှု တဏှာပါပဲ၊ ခန္ဓာငါးပါးကို စွဲလမ်းတဲ့ ဥပါဒါန် ဆန္ဒရာဂလို့ ပြထားတယ်၊ လိုချင်တပ်မက် နှစ်သက် သာယာတဲ့ တဏှာကို ဆိုလိုတာပဲလို့ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက ရှင်းပြထား တော်မူတယ်၊ ဒါက သုတ္တန်အလို၊ ဒါကို အဘိဓမ္မာနည်းနှင့်လည်း မဟာစည် ဆရာတော်က ရှင်းပြထားသေးတယ်’

‘အမိန့်ရှိပါဦးဆရာ’

‘အဘိဓမ္မာမှာ လိုချင်တပ်မက် စွဲလမ်းတတ်တဲ့ ဥပါဒါန်ကို လေးမျိုး ခွဲပြ ထားတယ်တဲ့၊ (၁) ကာမုပါဒါန်၊ (၂) ဒိဋ္ဌုပါဒါန်၊ (၃) သီလဗ္ဗတုပါဒါန်၊ (၄) အတ္တဝါဒုပါဒါန်ဆိုတဲ့ ဥပါဒါန်လေးပါပဲ’

‘သဘောကို ရှင်းပြပါဦး’

‘အေး… သဘောရှင်းဖို့တော့ လိုတယ်၊ မင်းတို့ လေးစားနေတဲ့ ဖြစ်တည် ဝါဒနှင့် ထေရဝါဒ လေးနက်ပုံချင်း တူရဲ့လား’

‘ဟာ… နှိုင်းလောက်စရာတောင် မရှိပါဘူးဆရာ၊ ပြောရရင် ဆီးစေ့နှင့် မြင်းမိုရ်တောင်ဆိုတာလို ဖြစ်နေပါတယ်’

‘အေး… ကွာခြားတယ်၊ ဒီမှာ ဥပါဒါန်လေးပါးထဲက (၁) ကာမုပါဒါန်ဆိုတာ လိုချင်စရာကို လိုချင်တပ်မက် နှစ်သက်တတ်တဲ့ တဏှာပဲ၊ အဲဒါကို ဆန္ဒရာဂ လို့လည်း ဆိုတယ်၊ ဆန္ဒရာဂနှင့် တဏှာ အတူတူပဲ၊ (၄) ဖြစ်တဲ့ အတ္တဝါဒု ပါဒါန်ဆိုတာဟာ ထင်ရှားတဲ့ ရုပ်နာမ်တွေကို အတ္တကောင်၊ ငါကောင်၊ သူ ကောင်လို့ ထင်မှတ်ပြီး စွဲလမ်းတဲ့ ဒိဋ္ဌိပါပဲ၊ အမှတ် (၃) သီလဗ္ဗတုပါဒါန်ဆိုတာ သီလသမာဓိ၊ ပညာ မဂ္ဂင်ရှစ်ပါးမပါဘဲ အလေ့အကျင့် တစ်မျိုးမျိုးနှင့် ဆင်းရဲ ခပ်သိမ်းက လွတ်မြောက်မယ်လို့ ထင်မြင်စွဲလမ်းပြီး ကျင့်ကြံတာ၊ ဒါက အကျင့်



နှင့် ဆိုင်တဲ့ အယူမှားပဲ၊ ဂင်္ဂါမြစ်ထဲ ရေဆင်းချိုးလိုက်ရင် လုပ်ထားတဲ့အကုသိုလ် အညစ်အကြေးတွေ စင်ကြယ်သွားပြီး ချမ်းသာသွားနိုင်တယ်လို့ ယုံကြည်စွဲလမ်း တာမျိုး၊ အဝတ်အစား မဝတ်ဘဲ၊ အစာမစားဘဲကျင့်ရင် ဆင်းရဲက လွတ်မြောက် တယ်လို့ ယုံကြည် စွဲလမ်းတာမျိုး၊ တချို့ ဗုဒ္ဓဘာသာဝင်တွေထဲမှာတောင် ကိုယ့်ကိုယ်ကိုယ် ဉာဏ်ပညာရှိတယ်ထင်တဲ့ လူတွေက အကုသိုလ်မဖြစ်အောင် ဆင်ခြင်ပြီးနေနိုင်ရင် ဒါမှမဟုတ် ဖြစ်လာတဲ့ အကုသိုလ်ကို ဆင်ခြင်ပြီး ပယ် နိုင်ရင် ကိုယ့်စိတ်ကို ကိုယ် ငြိမ်းအေးရာကို ပို့ထားနိုင်ရင် ဆင်းရဲက လွတ် မြောက်တယ်လို့ ယုံကြည်စွဲလမ်းကြတာတွေဟာ သီလဗ္ဗတုပါဒါန်တွေချည်းပဲ၊ အနောက်တိုင်းသားတွေ ခု ကြုံတွေ့ခံစားနေရတာမျိုးတွေပေါ့၊ သူတို့က လောကီ စည်းစိမ်ဥစ္စာတွေ ချမ်းသာကြွယ်ဝရင် ဆင်းရဲက လွတ်မြောက်မယ် ထင်ပြီး လုပ်ခဲ့ကြတယ်၊ လူနေမှုအဆင့်အတန်း မြင့်ရင် ဆင်းရဲမှ လွတ်မယ် ထင်ပြီး လူနေမှု အဆင့်အတန်းကို မြှင့်တင်ခဲ့ကြတယ်၊ နောက်ဆုံးတော့ ရုပ်ပိုင်းက ပြည့်စုံလာလေ စိတ်ပိုင်းက ပိုပြီး ဖောက်ပြန်လာလေ၊ ထိန်းမနိုင်သိမ်းမရဖြစ်ပြီး မိသားစုတွေ ကမောက်ကမ ဖြစ်ကြနဲ့၊ နောက်ဆုံးတော့ ဖိစီးမှုတွေ အဆမတန် များလာတယ်၊ မခံနိုင်တဲ့အဆုံး ဒါတွေ သက်သာအောင် စိတ်ချမ်းသာမှုရအောင် နည်းမျိုးစုံ လုပ်ခဲ့ကြတယ်၊ စိတ်လက်အပန်းဖြေနည်းတွေ ကီရိယာတွေ မျိုးစုံ ဖန်တီးခဲ့ကြတယ်၊ မရဘူး၊ နောက်ဆုံးကျမှ ခု သူတို့ ဝိပဿနာရှုခြင်းဖြင့်သာ အရိယာမဂ်ကိုရပြီး ဆင်းရဲအပေါင်းက လွတ်မြောက်နိုင်တယ်၊ ဝိပဿနာ ကျင့် နေစဉ်မှာပင် အလွန်စိတ်အေးချမ်းသာရှိတယ်ဆိုတာ ကိုယ်တွေ့ကြုံပြီး ယုံလာ ကြတယ်၊ မကြာခင်တုန်းက ဆရာကြီးဂိုအင်ကာ ရိပ်သာမှာ ကနေဒါက ဆရာဝန် တစ်ဦး ဒေါက်တာပိုလန်ဆိုတာနဲ့ တွေ့ခဲ့ရတယ်၊ သူစိတ်ချမ်းသာတဲ့ တရားကို အိန္ဒိယမှာ သွားရှာခဲ့တာ ဟာစ်ပီဖြစ်လိုဖြစ်၊ မူးယစ်ဆေးကို စားလိုစား ဘယ်မှ စိတ်မချမ်းသာခဲ့ဘူး၊ ခု ဆရာကြီးဂိုအင်ကာဆီမှာ ဝိပဿနာကို အားထုတ်မှ အင်မတန် စိတ်ချမ်းသာရတယ်၊ မိသားစုလည်း အဆင်ပြေသွားတယ်ဆိုတာကို ဝန်ခံပြီး ပြောခဲ့တယ်။

‘အမှတ် (၂) ဒိဋ္ဌုပါဒါန်ဆိုတာ မိစ္ဆာဒိဋ္ဌိအယူဝါဒတွေကို စွဲလမ်းယုံကြည် တယ်၊ ကံ ကံ၏အကျိုး မရှိပါဘူး၊ သေရင် ဘာမှ မရှိတော့ပါဘူး၊ အတ္တ ကောင်က ဘယ်တော့မှ မပျက်ဘူး၊ တစ်ဘဝကနေ တစ်ဘဝကို ခန္ဓာအိမ်သစ် ရှာပြီး ကူးနေတယ်ဆိုတဲ့ အယူဝါဒမျိုးတွေဟာ ဒီဥပါဒါန်တွေချည်းပဲ၊ ဒီမှာ

www.burmeseclassic.com

www.burmeseclassic.com



ဥပါဒါန်လေးမျိုးကို တဏှာစွဲ ဒိဋ္ဌိစွဲ ခွဲကြည့်ရမယ်၊ ခွဲကြည့်ရင် (၁) ဖြစ်တဲ့ ကာမုပါဒါန်က တဏှာစွဲ၊ ကျန်တဲ့ (၃) ခုက ဒိဋ္ဌိစွဲပဲကွယ့်၊ ဒါကြောင့် မှတ်ရ လွယ်အောင်ပြောရရင် အစွဲအလမ်းဟာ နှစ်မျိုးပဲရှိတယ်၊ တဏှာစွဲတစ်မျိုး၊ ဒိဋ္ဌိစွဲတစ်မျိုး ဒါပဲ၊ နှစ်ပါး ခွဲခြားပြရသော်လည်း တဏှာစွဲထဲမှာ ဒိဋ္ဌိစွဲလည်း ပါတာပဲ၊ ဒါကြောင့် ပုဋ္ဌာနပါဠိတော် စတဲ့ ဒိဋ္ဌိစွဲကို သီးခြားမပြတော့ဘဲနှင့် တဏှာဥပါဒါန် တဏှာစွဲကိုသာ ပဓာနထားပြီး ပြတယ်လို့ မဟာစည်ဆရာတော်က ရှင်းပြထားတယ်၊ ဒီမှာ မြင်ဆဲ၊ ကြားဆဲ၊ နံဆဲ၊ ထိဆဲ ဥပါဒါနက္ခန္ဓာ ငါးပါး ဖြစ်ပုံကို မင်း သိပြီလား'

'မသိသေးပါဘူးဆရာ၊ ရှင်းပြပါဦး'

'အေး… မြင်တယ်ဆိုရာမှာ မျက်စိအကြည့်နဲ့ ရူပါရုံအဆင်း မပါဘူးလား'

'ပါပါတယ်'

'အဲဒါက ရုပ်တရားတွေ၊ ရုပ်ဥပါဒါနက္ခန္ဓာပဲ၊ ရှင်းပလား'

'ဟုတ်ကဲ့၊ ရှင်းပါပြီ'

'မြင်မှုမှာ မြင်လိုက်တဲ့အဆင်းကို မှတ်သားထားလိုက်တာ မပါဘူးလား'

'ပါပါတယ်'

'အေး… အဲဒီမှတ်သားမှုကို သညာဥပါဒါနက္ခန္ဓာလို့ ခေါ်တယ်'

'မြင်ရင် မြင်တာကို လှတယ် မလှဘူး၊ ကောင်းတယ်၊ မကောင်းဘူး၊ သဘောကျတယ်၊ မကျဘူးလို့ မခံစားဘူးလား'

'ခံစားပါတယ်'

'အေး… အဲဒါက ဝေဒနာဥပါဒါနက္ခန္ဓာပဲ'

'ဒီလို မြင်မှုကိစ္စတစ်ခုဖြစ်ဖို့အတွက် မြင်အောင် ကြောင့်ကြစိုက်ပြီး နှလုံး မသွင်းရဘူးလား'

'သွင်းရပါတယ်ဆရာ'

'သွင်းရတာပေါ့၊ အဲဒါ စေတနာဆိုတဲ့ သင်္ခါရ ဥပါဒါနက္ခန္ဓာပဲကွယ့်၊ ဒါ့အပြင် မြင်ရုံသက်သက်သဘောကော မဖြစ်ဘူးလား'

'ဖြစ်ပါတယ်ဆရာ'

'အဲဒါကို ဝိညာဉ်ဥပါဒါနက္ခန္ဓာလို့ ခေါ်တယ်၊ ဒီတော့ မြင်မှုတစ်ခု ဖြစ်တဲ့အခါ ရုပ်သဘောလည်းပါတယ်၊ ဝေဒနာသဘောလည်းပါတယ်၊ သညာသဘောလည်း ပါတယ်၊ စေတနာ (သင်္ခါရ) သဘောလည်း ပါတယ်၊ ဝိညာဉ်သဘော



လည်း ပါတယ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်ဆိုတာတွေကို နာမ်ခန္ဓာ လေးပါးဖြစ်တယ်၊ ဒါကြောင့် မြင်မှုတစ်ခုဖြစ်တိုင်းမှာ ခန္ဓာငါးပါးစလုံး တစ်ပြိုင်နက် ဖြစ်နေတယ်၊ ပေါင်းလိုက်ရင် နာမ်ရုပ်နှစ်ပါး ဖြစ်နေတယ်၊ ဒါတွေဟာ ထင်ရှားရှိသော ရုပ်နာမ်ခန္ဓာငါးပါးပဲ၊ ဒါကို သက္ကာယဒိဋ္ဌိလို့ ခေါ်တယ်'

'အနောက်တိုင်းက ဒဿနဆရာတွေထဲမှာ အတွေ့အကြုံ ဝါဒီဆိုသူတွေက တော့ သူတို့ရဲ့ သိမှုဗေဒမှာ လူဟာ အရာဝတ္ထုတွေကို ထိတွေ့သိမြင်ရတာဟာ အဲဒီအရာဝတ္ထုတွေရဲ့ ဂုဏ်သတ္တိတွေကိုသာ သိတာ၊ အဲဒီဝတ္ထုရဲ့ ပင်ကိုယ်အရှိ အတ္တသဘောကိုမသိဘူး၊ မသိနိုင်ဘူးလို့ဆိုတယ်၊ ဒါလည်း ဒိဋ္ဌုပါဒါန် တစ်မျိုး ပဲပေါ့နော် ဆရာ'

'မှန်တယ်၊ မြင်တာ အဆင်းပဲ၊ အဆင်းဆိုတာ ရုပ်ပဲ၊ အဲဒီရုပ်အဆင်းအပြင် အဲဒီဝတ္ထုမှာ အနံ့၊ အရသာ၊ အထိအတွေ့ ဒီသဘောတွေပဲ ရှိတာပေါ့၊ ဒါကို သူတို့က အရာဝတ္ထုတစ်ခုရဲ့ ဂုဏ်သတ္တိတွေလို့ ယူဆတယ်၊ ဒီဂုဏ်သတ္တိတွေဟာ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဆိုတဲ့ ဓာတ်ကြီးလေးပါး ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာဆိုတဲ့ ဓာတ်ငယ်လေးပါးရဲ့ အခြင်းအရာတွေ ဖြစ်တယ်၊ အဲဒီ ပူမှု၊ အေးမှု၊ မာမှု၊ ပျော့မှု၊ လှုပ်ရှားမှု၊ ထောက်ကန်မှု၊ အဆင်း၊ အနံ့၊ အရသာ၊ ဩဇာ ဆိုတဲ့ ကြီးထွားမှုဓာတ် ဒါတွေအပြင် အဲဒီဝတ္ထုထဲမှာ အမာခံ၊ အနှစ်အသား တာမှမရှိတော့ဘူးဆိုတာ မသိဘူး၊ ဂုဏ်သတ္တိတွေ တည်မှီနေတဲ့ အမာခံ အရှိ တရား တစ်ခု ရှိရဦးမယ်လို့ စွဲလမ်းနေတယ်၊ ဒါလည်းပဲ ဒိဋ္ဌုပါဒါန်တစ်မျိုးပဲကွယ့်၊ ဗုဒ္ဓကတော့ အရာဝတ္ထုမှာ ခန္ဓာငါးပါး ရုပ်နာမ်သဘော နှစ်ခုပဲ ရှိတယ်၊ တခြား တာမှ အပိုမရှိဘူးလို့ အရှိအတိုင်း သိတယ်၊ နု မြင်တဲ့အခါ ခန္ဓာငါးပါးဖြစ်ပုံကို မင်းသိပြီနော်'

'ဟုတ်ကဲ့၊ သိပါပြီဆရာ'

'ဒါဆို ကြားတဲ့အခါ ခန္ဓာငါးပါးဖြစ်ပုံကိုကော မင်း နားမလည်နိုင်ဘူးလား'

'နားလည်နိုင်ပါတယ်ဆရာ၊ နားအကြည်နဲ့ အသံရုပ်က ရုပ်၊ နားအကြည်နဲ့ အသံတိုက်တော့ ကြားသိစိတ် ပေါ်တယ်၊ အဲဒီကြားသိစိတ် ပေါ်ရာမှာ ဝေဒနာ သညာ၊ စေတနာတွေ ပါပါတယ်၊ ဒါက နာမ်ခန္ဓာလေးပါး၊ ရုပ်ခန္ဓာနဲ့ နာမ် ခန္ဓာလေးပါးကို ပေါင်းလိုက်တော့ ခန္ဓာငါးပါးရပါတယ်၊ အကျဉ်းအားဖြင့် ရုပ် နာမ် နှစ်ပါးပါပဲ'

'မင်းက ဒဿနသမားဆိုတော့ သဘောပေါက်လွယ်တယ်၊ ဒီအတိုင်းပဲ၊

www.burmeseclassic.com

www.burmeseclassic.com



အနံ့၊ အရသာ၊ အထိအတွေ့မှာလည်း ခန္ဓာငါးပါး တစ်ပြိုင်နက် ဖြစ်နေတယ် ဆိုတာကို သိရမယ်၊ ဒါပေမယ့် လူတွေက ခန္ဓာငါးပါးဖြစ်ပြီး ပျက်သွားပုံကို ဝိပဿနာဉာဏ်နှင့် မရှုတတ်ကြလို့ ခန္ဓာငါးပါးကို တဏှာဒိဋ္ဌိနှင့် စွဲလမ်းနေ ကြတယ်၊ အဲဒီစွဲလမ်းပုံကိုလည်း သိမြင်ဖို့ လိုတယ်'

'အဲဒါကို ရှင်းပြပါဦးဆရာ'

'ဝိပဿနာရှုမှု မရှိတဲ့ ပုထုဇဉ်တွေဟာ အဆင်းကောင်းကို မြင်ရတဲ့အခါ မြင်ရတဲ့အဆင်းကို နှစ်သက်သာယာပြီး စွဲလမ်းနေကြတယ်၊ ဒါက တဏှာစွဲ နှင့် စွဲလမ်းတာ၊ ပြီးတော့ မိန်းမပဲ၊ ယောကျ်ားပဲလို့လည်း ထင်မှတ်ပြီး စွဲလမ်း တယ်၊ အဲဒါက ဒိဋ္ဌိစွဲ၊ ကဲ... မင်းမျက်စိကြည်နေတာနဲ့ မှုန်နေတာ ဘာကို နှစ်သက်သလဲ၊ မျက်စိကြည်နေတာကို နှစ်သက်ပြီး စွဲလမ်းတယ်၊ အဲဒါ တဏှာ စွဲပဲ၊ ငါ့မျက်စိ ကြည်တယ်၊ ငါ့မျက်စိက မြင်လို့ မကောင်းဘူးလို့ ထင်မြင်စွဲလမ်း တာဟာ ဒိဋ္ဌိစွဲပဲ၊ မြင်လို့ကောင်းတာ မကောင်းတာကို သာယာတာ မသာယာတာ တဏှာစွဲ၊ မြင်လို့ကောင်းတာ မကောင်းတာ ခံစားတာ ငါပဲလို့ထင်တာ ဒိဋ္ဌိစွဲ၊ မြင်ရတာကို မှတ်သားတာကိုလည်း နှစ်သက်စွဲလမ်းတယ်၊ အဲဒါက သညာမှာ တဏှာစွဲတာ၊ ငါမှတ်မိတယ်၊ မှတ်မိတာ ငါလို့ စွဲတာက ဒိဋ္ဌိစွဲပဲ၊ မြင်သိတာကို သဘောကျပြီး နှစ်သက်စွဲလမ်းတာက တဏှာစွဲ၊ အဲဒီလို သိတာ ငါသိတာ၊ သိတာက ငါပဲလို့ စွဲတာက ဒိဋ္ဌိစွဲဖြစ်တယ်၊ ပုထုဇဉ် လူသားတွေဟာ မြင်တဲ့ အခါတိုင်း ဒီလိုပဲ တဏှာစွဲနဲ့ ဒိဋ္ဌိစွဲနဲ့ စွဲလမ်းနေကြတယ်၊ မြင်ရာ ကြားရာ နံရာ စားရာတွေမှာ သာယာနှစ်သက်တဲ့ တဏှာရယ်၊ သာယာနှစ်သက်တာ ငါပဲ သူပဲလို့ ထင်တာ ဒိဋ္ဌိရယ်ဟာ အစွဲအလမ်းသဘောနဲ့ ဖြစ်နေတယ်၊ ဒီ သဘော ရှင်းပြီလား'

'ရှင်းပါပြီ ဆရာ'

'ဒီနေရာမှာ တဏှာကြောင့်၊ ဒိဋ္ဌိကြောင့် စွဲလမ်းမှု ဥပါဒါန်ဖြစ်တာကို သိ ရင် ဥပါဒါန်ကြောင့် လိုချင်တာ၊ စွဲလမ်းတာကို ဖြစ်အောင်လုပ်တယ်၊ ကမ္မ ဘဝ ဖြစ်ပုံ အဲဒီ ကမ္မဘဝဆိုတဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံကြောင့် ဘဝသစ် ရုပ်နာမ် ဖြစ်ရတယ်၊ ဘဝသစ် ရုပ်နာမ်ဖြစ်လို့ ဇာတိဖြစ်ရတယ်၊ ဇာတိကြောင့် ဇရာ၊ မရဏ အိုခြင်း၊ သေခြင်းဘေးကို ဖြစ်ရတယ်ဆိုပဲ၊ ဝဋ်ဆင်းရဲတွေ ဖြစ်ပုံ ကိုပါ မင်းသိရမယ်၊ ဒါက ပဋိစ္စသမုပ္ပါဒ် အကြောင်း အကျိုးတရားပဲကွယ်၊ မြတ်စွာဘုရားက မြင်တိုင်း၊ ကြားတိုင်း၊ ထိတိုင်း၊ သိတိုင်းကို ခန္ဓာငါးပါးဖြစ်နေ



ဝိပဿနာရှုပြီး ဒါတွေဟာ မမြဲဘူး၊ ဆင်းရဲတယ်၊ အစိုးမရဘူးဆိုတာကို အမှန် အတိုင်း သိအောင် လုပ်ရမယ်၊ အဲဒီလိုသိသွားရင် စွဲလမ်းမှု ဥပါဒါန်ဖြစ်ခွင့် မရတော့ဘူး၊ ဥပါဒါန်ကင်းငြိမ်းသွားတယ်၊ ဥပါဒါန်ကင်းငြိမ်းသွားတော့ စွဲလမ်းမှု ကို မှီပြီးဖြစ်တဲ့ ကမ္မဘဝဆိုတဲ့ အကုသိုလ်ကံတွေ ကုသိုလ်ကံတွေလည်း မဖြစ် တော့ဘူး၊ ဒါကြောင့် ကံရဲ့အကျိုးဖြစ်တဲ့ ဘဝသစ် ရုပ်နာမ်လည်း မဖြစ်တော့ဘူး၊ အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုတဲ့ ဆင်းရဲတွေလည်း မဖြစ်ရတော့ဘူးပေါ့၊ အဲဒါ ဟာ ဝိပဿနာဉာဏ်ကြောင့် တစ်ဒင်္ဂအားဖြင့် ကိလေသာဆင်းရဲ၊ ဝဋ်ဆင်းရဲ ကင်းငြိမ်းသွားပုံဖြစ်တယ်၊ ခုပြောခဲ့တာတွေကို မင်း ဆင်ခြင်ကြည့်စမ်း၊ သဘာဝ ယုတ္တိ အာဂမယုတ္တိတွေနဲ့ ပြည့်စုံမနေဘူးလား'

'ဟုတ်ကဲ့၊ ယုတ္တိရှိပါတယ်ဆရာ'

'ဒီတော့ တို့ပြောလာတဲ့ အကြောင်းတွေကို ပေါင်းခြုံ သုံးသပ်လိုက်ရင် ပုထုဇဉ်ဟာ တကယ်ဖြစ်နေတဲ့ ရုပ်နာမ်ခန္ဓာငါးပါးကို အမှန်အတိုင်း မသိဘူး၊ ဥပါဒါန်အစွဲအလမ်းတွေနဲ့ သိနေတယ်၊ ဒါကြောင့် ခန္ဓာငါးပါးရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ လက္ခဏာသုံးပါး ထင်ရှားဖြစ်နေမှုကို သိမြင်အောင် ဝိပဿနာ အလုပ်၊ သတိပဋ္ဌာန်အလုပ်ကို လုပ်ရမယ်၊ ဆိုလိုတာကတော့ အန္ဓပုထုဇဉ်ဟာ အမှန်ထင်ရှားဖြစ်နေတဲ့ ရုပ်နာမ်ခန္ဓာတွေကို ဒုက္ခသစ္စာမှန်း မသိဘူး၊ မသိလို့ သာယာနှစ်သက် စွဲမက်နေတာပေါ့၊ ဒါကြောင့် မင်းအနေနဲ့ ထင်ရှားရှိနေတဲ့ ရုပ်နာမ်ခန္ဓာငါးပါး သက္ကာယသဘောကို သိရမယ်၊ သက္ကာယဆိုတဲ့ ရုပ်နာမ် အပေါင်းဟာ ဆင်းရဲအစစ်အမှန် ဖြစ်တယ်ဆိုတာကိုလည်း သိရမယ်၊ လိုရင်း ကို ပြောရရင် မင်းတို့ ငါတို့လို လူ့ခန္ဓာ၊ နတ်ခန္ဓာတွေ ရလာတာဟာ တိရစ္ဆာန် ခန္ဓာ ရတာနဲ့စာရင် ကောင်းတယ်လို့ ထင်ရမယ်၊ ဒါပေမယ့် ဘယ်ခန္ဓာကိုပဲရရ အဲဒါက ဒုက္ခသစ္စာ ဝဋ်ဆင်းရဲကို ရတာပါလားလို့ သိရမယ်'

'ခု ကျွန်တော်တို့ ဆွေးနွေးလာတာဟာ သက္ကာယသဘောပဲ ရှိသေးတယ် နော်'

'သက္ကာယဒိဋ္ဌိက ဘယ်လို ဖြစ်လာတာလဲဆရာ'

'အေး၊ ဝိသာခသူဌေးကြီးက ဓမ္မဒိန္နာကို မေးတဲ့ မေးခွန်းထဲမှာ သက္ကာယ ဆိုတဲ့ ခန္ဓာငါးပါးကို ဒုက္ခသစ္စာအမြင်ပေါက်အောင် မေးတယ်၊ ဓမ္မဒိန္နာက လည်း ဖြေတယ်၊ ခန္ဓာငါးပါး သက္ကာယဖြစ်ရတဲ့အကြောင်း သမုဒယကိုလည်း မေးတယ်၊ ဒီတော့ သက္ကာယဒိဋ္ဌိဖြစ်ပုံကို မပြောခင် သမုဒယသက္ကာယ ဖြစ်ရ တဲ့ အကြောင်းတွေကို မင်း သဘောပေါက်သင့်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့၊ ကောင်းပါတယ်ဆရာ'

'ဝိသာခသူဌေးကြီးက သက္ကာယ ဘာကြောင့် ဖြစ်တာလဲလို့ မေးတယ်၊ အဲဒါကို ဓမ္မဒိန္နာက တဏှာဆိုတဲ့ ဆာလောင်မှုဟာ ဘဝသစ်ကို တစ်ဖန် ဖြစ် စေတတ်တယ်၊ အဲဒီတဏှာကိုပဲ သက္ကာယသမုဒယလို့ ခေါ်တယ်၊ တဏှာဟာ ဒုက္ခသစ္စာရဲ့ ဖြစ်ကြောင်းတရားပဲလို့ မြတ်စွာဘုရားက ဟောထားကြောင်း ဓမ္မ ဒိန္နာက ဖြေတယ်၊ နှစ်သက်သာယာပြီး ဆာလောင်နေတဲ့ တဏှာဟာ သက္ကာယ ခေါ်တဲ့ ရုပ်နာမ်ခန္ဓာ ဒုက္ခသစ္စာဖြစ်ပွားရခြင်းအကြောင်းပဲလို့ ဖြေတာ ဖြစ်တယ် လိုချင်တာ၊ တောင့်တတာ၊ ခံစားချင်တာတွေဟာ ဆာတဲ့သဘော၊ တဏှာရဲ့ သဘောတွေပဲ၊ မင်းမှာ မျက်စိရှိတော့ မျက်စိက မြင်ချင်နေတာပဲ၊ မြင်လိုက်ရတာ အားမရဘူး၊ ထပ်ခါထပ်ခါ မြင်ချင်တယ်၊ ဒီအတိုင်းပဲ နားရှိတယ်၊ နားကလည်း တစ်ခုခုကို ကြားချင်နေတာပဲ၊ ကြားလိုက်ရလို့ သာယာတာတွေ့ရင် အားမရဘူး ထပ်ခါထပ်ခါ ကြားချင်တယ်၊ နှာခေါင်းကလည်း အနံ့တစ်ခုခုကို ရနေချင်တယ် ပါးစပ်ကလည်း အရသာတစ်ခုခုကို စားနေချင်တယ်၊ နံရာမှာလည်း အားမရဘူး စားရာမှာလည်း အားမရဘူး၊ ထိတွေ့ခံစားရာမှာလည်း အားမရဘူး၊ အဲဒါ ဆ နေတာပေါ့၊ သက္ကာယခေါ်တဲ့ ရုပ်နာမ်ခန္ဓာတွေကို နှစ်သက်သာယာပြီး ဆာလော နေကြတဲ့အတွက် နှစ်သက် သာယာတဲ့ တဏှာရှိနေတဲ့အတွက် သေခါနီး ထင်ပေါ်လာတဲ့ ကံ ကမ္မနိမိတ် ဂတိနိမိတ်တွေကို စွဲလန်းတယ်၊ စွဲလန်းတဲ့အတွ စုတိချုပ်ပြီး သေသွားတဲ့အခါ ဘဝသစ်ဖြစ်နေတယ်ဆိုတာ တခြားမဟုတ်ဘ သက္ကာယခေါ်တဲ့ ရုပ်နာမ်တွေ ဖြစ်နေတာပဲ၊ တဏှာက အဲဒီဘဝသစ်ကို ဖြစ် တယ်၊ ဒါကြောင့် ဗုဒ္ဓက တဏှာကို ခန္ဓာ အိမ်သစ်တွေကို ဆောက်ပေး လက်သမားနဲ့ တူတယ်လို့ ဟောတော်မူခဲ့တယ်၊ အဲဒီ တဏှာဟာ ရရာသ ရရာအာရုံမှာ ပျော်မွေ့လေ့ရှိတယ်၊ မင်းအိမ်မှာရှိတဲ့ ကြောင်ကလေးတွေ၊ ကလေးတွေ သူတို့ရရာဘဝမှာ ပျော်နေကြတာ၊ ရရာအာရုံမှာ ပျော်မွေ့နေကြ မြင်တယ် မဟုတ်လား'

'ဟုတ်ကဲ့၊ ပိုးပုရွက်ကအစ သတ္တဝါတိုင်း အဲဒီလို သဘောရှိပါတ ဆရာ'

'အဲဒါ တဏှာရဲ့ အစွမ်းသတ္တိတွေပဲကွယ့်၊ ဆရာဟာ တို့ မြန်မာပြ မြောက်ဘက်စွန်းမှာရှိတဲ့ ခေါင်လန်ဖူး၊ ဇန်သော၊ လဒကော်ဆိုတဲ့ နေရာတွေ တောင်ဘက်စွန်းမှာရှိတဲ့ မြိတ်ကျွန်းစုက ကျွန်းပေါ်ရွာကလေးတွေကို ရော



ဖူးတယ်၊ ဒီလူတွေများ ဒီလိုနေရာတွေမှာ သူတို့အခြေအနေနဲ့သူတို့ ပျော်မွေ့ နေကြတာ တွေ့ခဲ့ရတယ်၊ ဆရာတော့ဖြင့် ဒီနေရာမျိုးမှာ နေနိုင်ဖို့ ဆိုတာ စဉ်းစားလို့တောင် မရဘူး'

'ဟုတ်ပါတယ်'

'အဲဒါ တဏှာပဲလေ၊ ဒါကြောင့် ဗုဒ္ဓက "ယာယံတဏှာ- အကြင် ဆာ လောင်မှု တဏှာသည်၊ ပေါနောဗ္ဘဝိကာ- တစ်ဖန်တဝသစ်ကို ဖြစ်စေတတ်၏၊ နန္ဒီရာဂ သဟဂတာ- နှစ်သက်တပ်မက် စွဲလမ်းခြင်းနှင့်တကွ ဖြစ်၏၊ တတြ တတြာဘိနန္ဒိနီ- ထိုထိုရောက်ရာဘဝ၊ ရရာအာရုံ၌ နှစ်သက်ပျော်မွေ့လေ့ရှိ၏လို့ ပြဆိုတော်မူခဲ့တယ်'

'အလွန်ဟုတ်ပါတယ်ဆရာ၊ သတ္တဝါတွေရဲ့ ဘဝဟာ ဒီအတိုင်း ဖြစ်နေတာ အမှန်ပါ'

'အဲဒီတဏှာကို ဘုရားက (၃) မျိုး ခွဲပြသေးတယ်၊ (၁) ကာမတဏှာ၊ (၂) ဘဝတဏှာ၊ (၃) ဝိဘဝတဏှာတဲ့'

'သဘောရှင်းအောင် ပြောပြပါဦးဆရာ'

'တဏှာ သုံးမျိုးထဲက ကာမတဏှာဆိုတာက နှစ်သက်စရာ၊ လိုချင်စရာ မှန်သမျှကို တွေ့တိုင်း လိုချင်တဲ့သဘော၊ တပ်မက် နှစ်သက်တဲ့ သဘောပဲ၊ ကောင်းတဲ့ အနံ့၊ ကောင်းတဲ့အရသာတွေကို ခံစား ခံစားချင်တယ်၊ သုံးဆောင်တယ်၊ အဲဒါဟာ ကာမတဏှာတွေချည်းပဲ၊ ဝတ်ကောင်းစားလှ ဝတ်ချင်တယ်၊ အိမ် ကောင်းကောင်းမှာ နေချင်တယ်၊ အစားကောင်း စားချင်တယ်၊ အသုံးအဆောင် ကောင်းတွေကို သုံးဆောင်ချင်တယ်၊ လင်ကောင်း၊ မယားကောင်း ရချင်တယ်၊ သားကောင်း သမီးကောင်း၊ ရချင်တယ်၊ အဲဒါတွေအားလုံးဟာ သာယာနှစ်သက်မှု ဆိုတဲ့ ကာမတဏှာ သဘောတွေချည်းပဲ၊ ဒီတဏှာဟာ ကောင်းတယ်ထင်လို့ လိုချင်တယ်၊ လိုချင်လို့ စွဲလန်းတယ်၊ စွဲလန်းလို့ ရအောင်လုပ်တယ်၊ လုပ်တော့ ကုသိုလ်ကံ၊ အကုသိုလ်ကံဖြစ်တယ်၊ အဲဒီ ကံကြောင့် တဝသစ် ရုပ်နာမ်တွေ ဖြစ်ရတယ်၊ အဲဒါ သက္ကာယဖြစ်တာပဲ၊ နောက်ပြီး အဲဒီ ကာမတဏှာဟာ အရှိန် ... ရလာတဲ့အခါ အဘိသင်္ခါရပိညာဏ်ခေါ်တဲ့ မရဏာသန္နဇောစိတ် ဖြစ်လာ ...၊ သေခါနီးမှာ ဒီဇော ပေါ်လာတယ်၊ ဒီဇောပေါ်တဲ့အခါ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် အာရုံတွေပေါ်တယ်၊ ဒီအာရုံတွေကို ဆုပ်ကိုင်ထားသလို စွဲစွဲ အာရုံ ...နေတဲ့အတွက် စုတိစိတ် ကျတာနဲ့တစ်ပြိုင်နက် အခြားမဲ့မှာ ပဋိသန္ဓေစိတ်

www.burmeseclassic.com

www.burmeseclassic.com



နှင့် တကွ ဘဝသစ် ရုပ်နာမ်တွေ ဖြစ်သွားရတယ်၊ ဒါကြောင့် ဒီကာမတဏှာကို ပေါနောဗ္ဘဝိကာ– တစ်ဖန် ဘဝသစ်ကို ဖြစ်စေတတ်တယ်လို့ ပြောထားတာကွယ်'

'ဟုတ်ကဲ့၊ သဘောကျပြီ၊ ဘဝတဏှာဆိုတာကကော'

'အေး… ဘဝတဏှာအကြောင်းကို မပြောခင် သဿတဒိဋ္ဌိအကြောင်းကို ပြောခဲ့တာ မင်း မှတ်မိသလား'

'ဟုတ်ကဲ့၊ မှတ်မိပါတယ်၊ လူသေတဲ့အခါ အတ္တဝိညာဉ်ဟာ သေသူရဲ့ ခန္ဓာကိုယ်ထဲက ထွက်ပြီး နောက်ခန္ဓာသစ် ရှာပြီး ဘဝကူးတယ်၊ ဘဝဆက် ရှိတယ်၊ ဝိညာဉ်ဟာ ဘယ်တော့မှ ပျက်စီးမသွားဘူး၊ ဘဝဟာ မြဲတယ်လို့ ယူတဲ့အယူ မဟုတ်လား၊ ဘဝ ပြတ်တယ်လို့ ယူတဲ့အယူရဲ့ ဆန့်ကျင်ဘက် မဟုတ်လား'

'အေး… အဲဒါ ဘဝတဏှာရဲ့ အစေခံပဲကွ၊ အဋ္ဌကထာများမှာ ဘဝတဏှာကို သဿတဒိဋ္ဌိနှင့် ယှဉ်တွဲပြီးဖြစ်တဲ့ တဏှာလို့ ပြဆိုထားတယ်၊ ဘဝဆိုတာက ဖြစ်တည်နေတယ်၊ ရှိနေတယ်လို့ အနက်ရတယ်၊ ဒါကြောင့် ဘဝဟာ အမြဲရှိ နေတယ်၊ မြဲတယ်လို့ထင်ပြီး ဖြစ်တဲ့ နှစ်သက်သာယာမှုကို ဘဝတဏှာလို့ ခေါ် တာပဲ၊ သဿတဒိဋ္ဌိကလည်း အသက်ရှင်နေတဲ့ အတ္တကောင်ဟာ ဘယ်တော့မှ မသေဘူး၊ မပျက်ဘူး၊ အခြားရုပ်အသစ်ထဲမှာ ဝင်ပြီး အသစ်တစ်ဖန် ဖြစ်ပြီး တည်ရှိနေပြန်တယ်၊ ကမ္ဘာပျက်တာတောင် သူက မပျက်ဘူး၊ အမြဲတမ်း တည်ရှိ နေတယ်လို့ ထင်မှတ်စွဲလမ်းတဲ့ အယူဟာ သဿတဒိဋ္ဌိပဲ၊ အဲဒီ သဿတဒိဋ္ဌိနဲ့ ယှဉ်တွဲပြီးဖြစ်တဲ့ တဏှာကို ဘဝတဏှာခေါ်တယ်၊ ဒီတဏှာက အတ္တကောင် လိပ်ပြာကောင်၊ ငါကောင် အမြဲတည်ရှိနေတယ်ဆိုတဲ့ အယူကို သိပ်သဘောကျ တယ်၊ ရှေးကတည်းက တည်မြဲပြီး တည်ရှိလာတဲ့ ငါကပင် ခံစား၊ စံစားသွား ရဦးမှာပဲလို့ ယုံကြည်ယူဆပြီးတော့ မြင်ရ ကြားရ သိရတဲ့ အာရုံတွေကိုလည်း လိုချင်နှစ်သက်တယ်၊ နောင်ဘဝအဆက်ဆက်မှာ ရမယ်လို့ ထင်တာတွေကိုလည်း မျှော်လင့်ပြီး လိုချင်တယ်၊ နှစ်သက်တယ်၊ မိမိ (ငါ) ဟာ အမြဲတမ်း တည်ရှိနေ မှာပဲလို့ ထင်တဲ့ အယူအစွဲကြောင့် ယခုရော နောင်တမလွန်မှာပါ ကောင်းစား ချင်တယ်၊ ချမ်းသာချင်တယ်၊ ဘဝကောင်းတွေမှာ ဖြစ်ချင်တယ်၊ နောင်လာ မည့် ဘဝတွေမှာ လူချမ်းသာ နတ်ချမ်းသာပဲ၊ ဖြစ်သွားချင်တယ်၊ တချို့က မိန်းမဘဝချည်း ဖြစ်သွားချင်တယ်၊ မင်းတို့ ငါတို့က မိန်းမလျာတွေကို မနှစ် သက်ဘူး၊ ဒါပေမယ့် ဘဝတဏှာဟာ ဘယ်လောက်အားကြီးသလဲဆိုရင် အဲဒီ



မိန်းမလျာအခြောက်တွေကလည်း ဘဝဆက်တိုင်း အခြောက်ပဲဖြစ်ရပါလို၏လို့ ဆုတောင်းကြတယ်၊ သူတို့ရဲ့ထားတဲ့ မိန်းမ မဟုတ်၊ ယောကျ်ားမဟုတ် ဘဝ ကိုပဲ နှစ်သက်စွဲလမ်းကြတယ်၊ အဲဒါတွေဟာ ဘဝတဏှာတွေချည်းပဲ'

'အဲဒီ ဘဝတဏှာဟာ လိုချင်တောင့်တမှု အားကြီးတာနဲ့အမျှ ဘဝသစ် ဖြစ်ဖို့ရာ အရှိန်အဝါ အထောက်အပံ့ဖြစ်သွားတယ်၊ Life force ဖြစ်သွားတယ်၊ ဒါကြောင့် ဘဝတဏှာကိုလည်း ပေါနောဗ္ဘဝိကာ– တစ်ဖန်ဘဝသစ်ကို ဖြစ်စေ တတ်တဲ့ စိတ်အင်အားတစ်ခုလို့ မှတ်သင့်တယ်၊ ခုဖြစ်တည်နေတဲ့ ငါဟာ နောက်ဘဝမှာလည်း ငါပဲ ဖြစ်မှာပဲလို့ထင်ပြီး သာယာနှစ်သက်မှု တောင့်တမှု ဆန္ဒဖြစ်တာ၊ အဲဒါ ဘဝတဏှာပဲ'

'ဝိဘဝတဏှာ အကြောင်းလည်း ရှင်းပြပါဦး ဆရာ'

'ဘဝတဏှာက ဘဝသစ်ဖြစ်ဖို့ကို မျှော်လင့်တောင့်တတာ၊ ဝိဘဝတဏှာ ဆိုတာက အဖြစ်အရှိကင်းခြင်း၊ ဘဝပြတ်ခြင်းကို လိုလားနှစ်သက်တာ၊ ဘဝ ပြတ်ခြင်းကို လိုလားနှစ်သက်တယ်ဆိုတာကလည်း ဥစ္ဆေဒဒိဋ္ဌိနဲ့ယှဉ်တဲ့ တဏှာပဲ၊ ဒီတဏှာက ဘဝဆိုတာ မသေခင်သာရှိတာ၊ သေပြီးရင် ဘာမှ မရှိတော့ဘူးလို့ ထင်မြင်ယူဆတာ'

'ဒါဆိုရင် ဖြစ်တည်မှုဝါဒလိုပဲပေါ့နော်'

'အေး… အဲဒါ ဥစ္ဆေဒဒိဋ္ဌိ၊ ဝိဘဝတဏှာပဲကွဲ့၊ ဝိဘဝတဏှာသမားတွေက သေရင် ဘာမှမဖြစ်ဘူး၊ မသေခင်သာ ဖြစ်တာ၊ ရှိတာ၊ ခံစားရတာလို့ အယူရှိ တဲ့ အတွက် မသေခင် လုပ်ချင်တာလုပ်ရဖို့ ခံစားစရာတွေ ရှိသမျှကို ခံစားရဖို့ မျှော်လင့်တယ်၊ လက်ရှိဘဝမှာ ခံစားရသမျှကိုလည်း နှစ်သက်သာယာတယ်၊ မသေပဲလည်း နေချင်ကြတယ်၊ ဆင်းရဲဒုက္ခ အကြီးအကျယ် ရောက်နေတဲ့ အခါကျတော့ သေသွားရမှာကို လိုလားတယ်၊ တောင့်တတယ်၊ အဲဒါတွေဟာ ဝိဘဝတဏှာတွေပဲ၊ ဒီလိုသေရင် ဘာမှ မဖြစ်တော့ဘူးလို့ ထင်မြင်ယူဆတဲ့ လူ လည်းပဲ သေခါနီးမှာ ထင်ပေါ်လာတဲ့ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် အာရုံတွေကို တွေ့ကြုံရတဲ့အခါ အဲဒီအာရုံတွေကို စွဲလန်းဖို့အတွက် အရှိန်အဝါ ရသွားတယ်၊ ဒါကြောင့် သေခါနီးမှာ ထင်ပေါ်လာတဲ့ အာရုံတစ်ခုခုကိုစွဲပြီး သေသွားတဲ့အခါ ကျတော့ အဲဒီစွဲလမ်းတဲ့အာရုံယူပြီး ပဋိသန္ဓေစိတ်နှင့်တကွ ဘဝသစ်ရုပ်နာမ်တွေ ဖြစ်သွားပြန်တယ်၊ ဒါကြောင့် ဒီတဏှာကိုလည်းပဲ ပေါနောဗ္ဘဝိကာ– တစ်ဖန် ဘဝသစ်ကို ဖြစ်စေတတ်တယ်လို့ ပြဆိုထားတယ်၊ ဒီ ဘဝတဏှာသမားဟာ

www.burmeseclassic.com

www.burmeseclassic.com



သေရင် ဘဝပြတ်တယ်၊ ဘဝပြီးတယ်လို့ အယူရှိတဲ့အတွက် မသေခင်မှာ ခံစား ရအောင် ရနိုင်တဲ့နည်းလမ်းနဲ့ လုပ်တယ်၊ သေပြီးရင် ကောင်းကျိုး မကောင်းကျိုး မရှိတော့ဘူးလို့ ယူဆတဲ့အတွက် မကောင်းကျိုး ပေးတဲ့ အကုသိုလ်ကိုလည်း မရှောင်ဘူး၊ ဒါကြောင့် သူ့မှာ ဘဝကောင်းမှာ ဖြစ်စေနိုင်တဲ့ ကုသိုလ်ကံက မရှိသလောက်ပဲ နည်းတယ်၊ အကုသိုလ်ကံကတော့ အလွန်များတယ်၊ ဒါကြောင့် သူသေခါနီးမှာ အကုသိုလ်ကံရယ်၊ အကုသိုလ်ကမ္မနိမိတ်ရယ် ဖြစ်ရမည့်အပါယ် ဘဝအခြေအနေ ဂတိနိမိတ်ရယ်၊ အဲဒီအာရုံသုံးခုထဲက တစ်ခုခုကိုစွဲပြီး အပါယ် ပဋိသန္ဓေ စသည်ဖြစ်ဖို့ပဲရှိတယ်လို့ မဟာစည်ဆရာတော်က ကောက်ညွှန်းပြသ ထားတယ်။

ယခုဖော်ပြခဲ့တဲ့ တဏှာသုံးပါးကြောင့် ဖြစ်ရာရာမှာ ပဋိသန္ဓေမှစ၍ သက္ကာယ ခေါ်တဲ့ ဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ်တရားတွေ အဆက်မပြတ် ဖြစ်သွားတယ် ဒါကြောင့် ဒီတဏှာသုံးပါးကို သက္ကာယသမုဒယ– သက္ကာယဖြစ်ကြောင်းတရားလို့ ဆိုရတာပဲ၊ **သက္ကာယဖြစ်ရန်၊ အကြောင်းမှန်၊ သုံးတန်တဏှာစု** လို့ အကျဉ်း နည်း မှတ်ထားနိုင်တယ်'

'ဟုတ်ကဲ့ဆရာ၊ ကျေးဇူးတင်ပါတယ်'

'ဒါဟာ ခန္ဓာဝဂ္ဂသံယုတ်မှာလာတဲ့ ဘုရားဟောတရားပဲကွဲ့'

'ဟုတ်ကဲ့၊ ကျွန်တော် နားလည်ပါပြီ ဆရာ၊ တဏှာစွဲ၊ ဒိဋ္ဌိစွဲကြောင့် ရုပ် နာမ်ခန္ဓာသက္ကာယ ဖြစ်ရတဲ့အကြောင်း သမုဒယကိုပါ ကျွန်တော် မြင်တတ်ပါ သက္ကာယအပေါ်မှာ ဒိဋ္ဌိဆိုတဲ့ လွဲမှားစွာ ထင်မြင်ယူဆမှုဖြစ်ပုံကိုလည်း ရှင်းပြ ပါဦး'

'အေး… ဝိသာခသူဌေးကြီးက ဓမ္မဒိန္နာကို မင်း ခု မေးတဲ့ မေးခွန်းကိုလည်း မေးတယ်၊ "ထင်ရှားရှိတဲ့ ရုပ်နာမ် အပေါင်း၌ အတ္တကောင် ငါကောင်လို့ ထင်မှားတဲ့ အယူဟာ ဘယ်လို ဖြစ်ပေါ်ပါသလဲ" လို့ မေးတယ်၊ အဲဒီအမေး ကိုလည်း ဓမ္မဒိန္နာထေရီမက ဖြေကြားတယ်'

'ဘယ်လို ဖြေသလဲဆရာ'

'ဘယ်လိုဖြေသလဲ ဆိုရင် အာဝုသောဝိသာခ– ဒါယကာ ဝိသာခသူဌေး ကြီး၊ ဣဓ– ဤလောက၌၊ အဿုတဝါ– အကြားအမြင်မရှိသော၊ ပုထုဇ္ဇနာ– သာမန်လူများစု ပါဝင်ပုထုဇဉ်ပုဂ္ဂိုလ်သည်၊ ရူပံ– ရုပ်ကို၊ အတ္တတော– အတ္တ ကောင်၊ ငါကောင်လို့ သမနုပဿတိ– ထင်မှတ်၏တဲ့၊ အဲဒီလို တိုရှင်းနည်း လိုရင်းကို ဖြေလိုက်တယ်'



'ကျွန်တော် ကောင်းကောင်းနားမလည်ဘူး ဆရာ'

'အေး… မှန်တယ်၊ ချက်ချင်းလွယ်လွယ်နဲ့ နားမလည်နိုင်ဘူး၊ ဓမ္မဒိန္နာထေရီမ ရဲ့ အဖြေထဲမှာ အဿုတဝါပုထုဇ္ဇနော ဆိုတဲ့ စကားပါတာ သတိထားမိသလား'

'ဟုတ်ကဲ့၊ အန္ဓပုထုဇဉ်အကြောင်းကို ဆရာပြောတုန်းက ဆရာပြောခဲ့ဖူး ပါတယ်၊ အကြားအမြင်မရှိတဲ့ ပုထုဇဉ်ဆိုတာလည်း ကြားခဲ့ပါတယ်'

'အေး… အေး၊ အဲဒါ လိုရင်းအချက်ပဲ၊ အန္ဓပုထုဇဉ်ဟာ ရုပ်ကို ငါပဲ အတ္တ ပဲလို့ ယူဆထင်မှတ်တတ်တယ်တဲ့၊ ဘာဖြစ်လို့ ဒီလို ယူဆသလဲ၊ ဘာကြောင့် ထင်မှတ်သလဲလို့ ဆိုရင် အဿုတဝါ– အကြားအမြင် မရှိလို့ပဲကွယ်၊ ဒီမှာ မင်းနားမလည်ဘူးဆိုတာ အကြားအမြင်ဆိုတာ ဘာကို ဆိုတာလည်း မသိလို့ ပဲ၊ အဲဒါသိရင် ဘာမှ နားမလည်စရာ မရှိဘူး၊ ရှင်းသွားမယ်'

'ဟုတ်ကဲ့ ရှင်းပြပါဆရာ'

'တို့ ရှေ့ပိုင်းမှာ ဆွေးနွေးကြတုန်းက ပုထုဇဉ်ဟာ နှစ်မျိုးနှစ်စား ရှိတယ်၊ တစ်မျိုးက အန္ဓပုထုဇဉ်၊ ကျန်တစ်မျိုးက ကလျာဏပုထုဇဉ် ဆိုပြီး ပြောခဲ့တယ်၊ မှတ်မိသလား'

'ဟုတ်ကဲ့၊ မှတ်မိပါပြီဆရာ'

'ပုထုဇဉ်ထဲမှာ သုတမရှိတဲ့ ပုထုဇဉ်ကို အန္ဓပုထုဇဉ်၊ သုတရှိတဲ့ ပုထုဇဉ် ကို ကလျာဏပုထုဇဉ်လို့ ခေါ်တဲ့ အကြောင်းကိုလည်း ပြောခဲ့တယ်'

'ဟုတ်ကဲ့ဆရာ'

'အေး… အဲဒီနှစ်မျိုးထဲမှာ ခုပြောတဲ့ ပုထုဇဉ်က အကြားအမြင်မရှိတဲ့ အန္ဓ ပုထုဇဉ်ကို ပြောတာ၊ ဘယ်လိုဟာလဲဆိုရင် ပါဠိတော်မှာတော့– "အာဂမာဓိ ဂမာဘာဝါ ဉေယျော အဿုတဝါ ဣတိ" လို့ဟောတယ်၊ အဓိပ္ပာယ်ကတော့ "အာဂမာ ဓိဂမာဝါ– ဘုရားဟောတရားကို မကြားဖူးခြင်း၊ ဉာဏ်ထူး၊ တရား ထူးကို မရဖူးခြင်းကြောင့် အဿုတဝါဣတိ– အကြားအမြင် မရှိသူ ဟူ၍ ဉေယျော– သိအပ်၏"တဲ့၊ ဘုရားက ရုပ်နာမ်မျှသာ ရှိတယ်၊ အကြောင်း အကျိုးများသာ ရှိတယ်၊ အသက်ရှင်နေတဲ့ အတ္တကောင်၊ လိပ်ပြာကောင်၊ ငါ့ဉာဉ်ကောင်ရယ်လို့ မရှိဘူးလို့ ဟောထားတယ်၊ ဒီတရားကို မကြားဖူးဘူး၊ ဖူးဘူး၊ ဝိပဿနာအလုပ်ကို အားမထုတ်ဖူးသေးလို့ အားထုတ်ဖူးသော်လည်း နာမရူပ ပရိစ္ဆေဒဉာဏ် မရောက်ဖူးသေးလို့ ဝိပဿနာဉာဏ်ထူးကို မရသေးရင် အဲဒါ အမြင်ဆိုတဲ့ သုတ မရှိသေးတဲ့သူပဲ၊ အဲဒီလို ဘုရားဟောကိုလည်း မကြား

www.burmeseclassic.com

www.burmeseclassic.com



ဖူးဘူး၊ ကိုယ်တိုင်လည်း ဝိပဿနာမဂ်ထူးကို မမြင်ဖူးဘူး၊ ဒီလို အကြားအမြင် သုတမရှိတဲ့ ပုထုဇဉ်ဟာ ရုပ်ကို အတ္တကောင်လို့ ထင်မှတ်နေတတ်တယ်၊ အဲဒါ သက္ကာယဒိဋ္ဌိပဲကွယ့်၊ ရှင်းပြီလား'

'နည်းနည်းတော့ ရှင်းပါတယ်၊ အရှင်းကြီးတော့ မဟုတ်သေးဘူးဆရာ'

'ဘာကိုမရှင်းတာလဲ'

'ဆရာပြောတဲ့ ရုပ်ကို အတ္တကောင် ငါကောင် လို့ ထင်တယ်ဆိုတဲ့ စကားကို ကောင်းကောင်း နားမလည်ဘူး'

'အေး၊ သဘောက မရှင်းသေးဘူးဆိုပါတော့၊ ဒီမှာ ရုပ်ရဲ့ သဘောကို သိအောင် ပြောရမယ်၊ ကဲ... မြင်တယ်ကွာ၊ မြင်တဲ့အခါ မျက်စိ အကြည်နဲ့ အဆင်းရူပါရုံ မရှိရဘူးလား'

'ရှိပါတယ်ဆရာ'

'အဲဒီ ရုပ်နှစ်ခုပဲ၊ မျက်စိရုပ်နဲ့ အဆင်းရုပ် နှစ်ခုဟာ အကြောင်းအားလျော်စွာ တိုက်တယ်၊ ဒီလို ရုပ်နှစ်ခု ထိတိုက်လိုက်တဲ့အခါ စက္ခုဝိညာဉ် ပေါ်လာတယ်၊ ဒါက မြင်သိစိတ်၊ မြင်သိစိတ်က ရုပ်မဟုတ်ဘူး၊ ဒါက နာမ် ဖြစ်သွားပြီ၊ သဘောကျရဲ့လား'

'ကျပါပြီဆရာ'

'ဒါဆိုရင် မြင်တဲ့အခါ စက္ခုအကြည်နဲ့ အဆင်းရူပါရုံဟာ ရုပ်ပဲ၊ အဲဒါ တကယ်ရှိတဲ့ ရုပ်'

'ဟုတ်ကဲ့'

'ဒီလိုပဲ၊ ကြားတဲ့အခါ နားအကြည်နဲ့ အသံနဲ့တိုက်ရတယ်၊ ဒါမှ သောတဝိညာဉ်စိတ် ပေါ်တယ်၊ နားနှင့် အသံဟာ ရုပ်ပဲ၊ အဲဒါ တကယ်ရှိတာ၊ နံတဲ့အခါ နှာအကြည်နှင့် အနံ့ဟာ ရုပ်ပဲ၊ အဲဒါ တကယ်ရှိတာ၊ စားတဲ့အခါ လျှာနှင့် အရသာ၊ အဲဒါတွေဟာ ရုပ်ပဲ၊ တကယ်ရှိတာတွေ၊ ထိတဲ့အခါမှာလည်း ကိုယ်အကြည်နှင့် ထိစရာ ဖောဋ္ဌဗ္ဗရုပ်၊ အဲဒါတွေဟာ တကယ်ရှိတာတွေ၊ ဒါတွေဟာ ရုပ်တရားတွေ၊ ဒါပေမယ့် အကြားအမြင် မရှိတဲ့ ပုထုဇဉ်က မျက်စိရုပ်နဲ့ အဆင်းရုပ်နှင့် တိုက်လို့ မြင်သိစိတ် ဖြစ်လာတာကို ငါမြင်တယ်လို့ ထင်တယ်၊ ဒီရုပ်တရားတွေကိုပဲ အသက်ရှင်နေတဲ့ ငါကောင်၊ အတ္တကောင်လို့ အထင်မှား အမြင်မှားနေတယ်၊ အဲဒီလို ဒိဋ္ဌိစွဲ၊ တဏှာစွဲနှင့် အထင်မှား အမြင်များ အယူမှားဖြစ်နေတာကို သက္ကာယဒိဋ္ဌိလို့ ခေါ်တာပဲ၊ မင်း စဉ်းစားကြည့်စမ်း၊



မျက်စိနှင့် အဆင်းရူပါရုံ တိုက်လို့ ဖြစ်လာတဲ့ မြင်သိစိတ်ကို ငါမြင်တယ်လို့ ငါနဲ့ ထပ်တူပြုပစ်လိုက်တာဟာ ပုထုဇဉ်ရဲ့ အလွန်ကြီးမားတဲ့ အမှားပဲ၊ ဒါကို ကမ္ဘာကျော် ဂျာမန်မဟာထေရ် အရှင် ဉာဏတိလောကက သူ့ရဲ့ ***Buddhish Dictionary*** မှာ **Personality Belief or Egoillusion** လို့ ဖော်ပြထားတယ်၊ အထင်အရှားရှိတဲ့ ရူပက္ခန္ဓာကို ငါလို့၊ ကိုယ်လို့၊ အတ္တလို့ အထင်မှား အမြင်မှားဖြစ်ပြီး စွဲယူတာဟာ သက္ကာယဒိဋ္ဌိပဲ၊ ဒါ ဘာကြောင့်ဖြစ်ရသလဲ ဆိုရင် အကြောင်းရင်းကတော့ အကြားအမြင်သုတ မရှိလို့ပါပဲတဲ့၊ ဓမ္မဒီနာ ထေရီမက ဖြေတယ်၊ နောက်တစ်နည်းပြောရင် အရိယာနဲ့ အဒဿဝီ– အရိယာ ဉာဏ် အမြင်နှင့် မမြင်နိုင်သေးရင်၊ ကိုယ်တိုင် အရိယာ မဖြစ်သေးရင် အရိယာကို လည်း မမြင်နိုင်ဘူး၊ ဒါလည်း ထင်ရှားတဲ့ သက်သေ အထောက်အထား ရှိတယ်၊ မြတ်စွာဘုရားဟာ ဘုရားဖြစ်ခါစမှာ တရားဦးဟောဖို့အတွက် ဥရုဝေလတောအရပ်မှ ဗာရာဏသီ မြို့သို့ ကြွသွားတယ်၊ လမ်းမှာ ဥပက ဆိုတဲ့ ဂိုမ်းရသေ့ ဥပကဆိုသူနှင့် တွေ့တယ်၊ အဲဒီ ဥပကတက္ကတွန်းက အနန္တဇိနလို့ ခေါ်ထိုက်ပါရဲ့လားလို့ ဗုဒ္ဓကို မေးတယ်၊ အဆုံး အပိုင်း မရှိ၊ အလုံးစုံကို အောင်နိုင်သူဖြစ်ပါပြီလားလို့ မေးတာ၊ မြတ်စွာဘုရားက အာသဝေါကုန်ရာသို့ ရောက်ပြီးတော့ အကုသိုလ် ကိလေသာပါပသမျှတို့ကို အကြွင်းမဲ့ အောင်နိုင်ပြီးဖြစ်ကြောင်းကို ဖြေကြားပါတယ်၊ ဒါပေမယ့် ဥပကတက္ကတွန်းက မြတ်စွာဘုရားမှန်း အရိယာမှန်း မသိဘူး၊ ဒါကြောင့် ဘုရားဖြေကြားတာကို ဟုတ်ကောင်း ဟုတ်ပါလိမ့်မယ် (တုပေယျပါဝုသော) လို့ ပြောပြီးတော့ လမ်းရှောင်ပေးပြီး သူ့လမ်းကို သူ ဆက်သွားတယ်၊ ဒီမှာ မြတ်စွာဘုရားကို သူ ကိုယ်တိုင်ပဲ မျက်စိနှင့် မြင်တယ်၊ ဇိနမည်ကြောင်း ပြောတာကိုလည်း ကြားတယ်၊ ဒါပေမယ့် သူ့မှာ အရိယာ ဉာဏ်မရှိလို့ ဘုရားမှန်း အရိယာမှန်းကိုတော့ မသိရှာဘူး။

နောက် မြတ်စွာဘုရားဟာ ဗာရာဏသီပြည် မိဂဒါဝုန်တောကို ရောက်သွားတယ်၊ ပဉ္စဝဂ္ဂီနှင့် တွေ့တယ်၊ ဘုရားက အမြိုက်တရားကို ရလာပြီ၊ ငါဟောပဲ့ တရားကို နာကြပါလို့ ပြောတယ်၊ ပဉ္စဝဂ္ဂီက မယုံဘူး၊ ဘုရားဖြစ်လာကြောင်း၊ အရိယာဖြစ်လာကြောင်းကို မသိကြဘူး၊ အစာမစားဘဲ ကျင့်တာကောင်းကရားထူးကို မရဘဲနှင့် အစာကြမ်းတွေကို စားပြီး ကျင့်မှ တရားရလာတယ်ဆိုတာ မဖြစ်နိုင်ဘူးလို့တောင် ထင်ပြီး ငြင်းနေကြတယ်၊ အဲဒါ ဘုရားက အရင်တုန်းက

www.burmeseclassic.com

www.burmeseclassic.com



ငါ ဒီလိုပြောတာ ကြားကြသလားလို့ သတိပေးလိုက်တော့မှ ဟုတ်လောက်တယ်လို့ ယုံကြည်ပြီး တရားကို နာကြတယ်၊ မြင်စွာဘုရားက ဓမ္မစကြာတရားတော်ကို ဟောတော်မူတယ်၊ တရားရဲ့အဆုံးမှာ ပဉ္စဝဂ္ဂီ ငါးဦးထဲက အရှင်ကောဏ္ဍည တစ်ဦးတည်းသာ သောတာပန်ဖြစ်သွားတယ်၊ အရှင်ကောဏ္ဍည အရိယာဖြစ်သွားတော့မှ ဒါဟာ ကိလေသာကင်းပြီးတဲ့ ဘုရားအစစ်ဖြစ်ကြောင်းကို သိသွားတယ်၊ ဘုရားတပည့် ဖြစ်ပါရစေလို့ တောင်းပန်တယ်၊ မြင်စွာဘုရားက ဧဟိဘိက္ခုလို့ ခေါ်ပြီး ရဟန်းပြုပေးတော်မူတယ်၊ ဒါဟာ တရားသိပြီးမှ ဘုရားကို သိတာ၊ တရားကို မသိရင် ဘုရားကိုလည်း မသိဘူး၊ အရိယာကိုလည်းမသိမမြင်နိုင်ဘူး၊ ဒါ သဘောကျပြီလား'

'ဟုတ်ကဲ့၊ သဘောကျပါပြီ'

'အဲဒီလိုတရားကို မသိသေးလို့ အရိယာကို မမြင်သေးရင် အတ္တစွဲက ရှိနေသေးတယ်လို့ မှတ်'

'ဟုတ်ကဲ့'

'အရိယာနံ အဒဿာဝီ– အရိယာကို မမြင်သေးဘူးဆိုတာနှင့်၊ အသုတဝါ– တရားထူးကို မြင်တဲ့ သုတမရှိသေးဘူးဆိုတာဟာ သဘောအားဖြင့်တော့ အတူတူပါပဲ၊ ဓမ္မကို မမြင်သေးဘူးဆိုတာ အရိယာဓမ္မမှာ မကျွမ်းကျင်သေးဘူး (အရိယာဓမ္မဿ ကောဝိဒေါ) ဆိုတာနှင့်လည်း အတူတူပဲကွ၊ အရိယာဓမ္မ ဆိုတာကို မင်း သိရဲ့လား'

'ပြောပါဦးဆရာ'

'အေး၊ မသိသေးရင် ပြောရမှာပေါ့၊ အရိယာဓမ္မဆိုတာ ဗောဓိပက္ခိယ တရား ၃၇ ပါးကို ပြောတာ၊ အဲဒါက သတိပဋ္ဌာန် ၄ ပါး၊ သမ္မပ္ပဓာန် ၄ ပါး၊ ဣဒ္ဓိပါဒ် ၄ ပါး၊ ဣန္ဒြေ ၅ ပါး၊ ဗောဇ္ဈင် ၇ ပါး၊ မဂ္ဂင် ၈ ပါးပဲ၊ ဒါက အရိယာဓမ္မ၊ ဗောဓိက္ခိယ တရား ၃၇ ပါး၊ ဒီတရားတွေမှာ ကျွမ်းကျင်တယ်ဆိုတာဟာ ဒီတရားတွေ မိမိသန္တာန်မှာဖြစ်အောင် ကျင့်ကြံပွားများအားထုတ်မှသာ ကျွမ်းကျင်တာ၊ စာတတ်လို့ ကျွမ်းကျင်တာ မဟုတ်ဘူး၊ မကျင့်ရင် မကျွမ်းကျင်ဘူး၊ ကျင့်ရတယ်၊ ကျင့်မှ ကျွမ်းကျင်တယ်'

'ဗောဓိက္ခိယတရား ၃၇ ပါးစလုံးကို ကျွမ်းကျင်အောင် ကျင့်ရမှာလား ဆရာ'

'ဒီလိုမဟုတ်ဘူး၊ သတိပဋ္ဌာန် လေးပါးကို မိမိကိုယ်မှာ ဖြစ်ပွားအောင်



ကျင့်ကြံနေရင် ဗောဓိက္ခိယတရားအားလုံး မိမိသန္တာန်မှာ ဖြစ်ပွားပြီး အဲဒီတရားတွေကို ကျွမ်းကျင်နိုင်တယ်လို့ ဟောကြားထားပါတယ်၊ ဒါကို သဘောကျရဲ့လား'

'ဟုတ်ကဲ့'

'အေး၊ အန္ဓပုထုဇဉ် ဆိုတာ အရိယာဓမ္မကို မကျင့်ဖူးဘူး၊ ဒါကြောင့် အရိယာဓမ္မမှာ မကျွမ်းကျင်ဘူး၊ မကျွမ်းကျင်တဲ့အတွက် ခန္ဓာငါးပါးကို အတ္တလို့ မှတ်နေတယ်၊ အရိယာဖြစ်ကြောင်းတရား၌ အဝိနီတော– မဆုံးမ,ရသေးသည်ဖြစ်၍ အတ္တလို့ ထင်မှားနေပါတယ်လို့လည်း ဆိုပါတယ်၊ ဆိုလိုရင်းကတော့ အကြားအမြင်မရှိသေးတဲ့ ပုထုဇဉ်ဟာ အရိယာသူတော်ကောင်းတွေကိုလည်း မသိမမြင်သေးဘူး၊ အရိယာသူတော်ကောင်းတရား၌လည်း မဆုံးမ,ရသေးဘူးလို့ မယဉ်ကျေးသေးဘူး၊ ဒါကြောင့် အန္ဓပုထုဇဉ်က ရုပ်ကို အတ္တလို့ အထင်မှားနေတယ်၊ ဒီလိုရုပ်ကို အတ္တလို့ အထင်မှားတာကို သက္ကာယဒိဋ္ဌိလို့ ခေါ်တာပဲ'

'ရုပ်ကို ငါလို့ထင်တာ၊ အတ္တလို့ထင်တာဟာ အပြစ်ရှိသလား'

'မင်းမေးတာ မိတယ်ကွာ၊ ရုပ်ကို အတ္တလို့၊ ငါလို့ ထင်တာ သိပ်အပြစ်ရှိတာပေါ့၊ ဥပမာတစ်ခု ငါပြောမယ်၊ မင်းမှာ နွားအကြည်ရှိတယ်၊ အသံတစ်ခုလာတိုက်တယ်၊ ဒါကို နွားနဲ့ အသံတိုက်တာပဲလို့ မင်းက နှလုံးမသွင်းဘူး၊ သူက ငါ့ကို ဆဲတာပဲလို့ နှလုံးသွင်းလိုက်တယ်၊ နွားကို ငါ၊ အသံကို သူလို့ လွဲမှားစွာ ယူတာကိုး၊ အဲဒီလို မှားယွင်းစွာ နှလုံးသွင်းလိုက်တာနဲ့ ချက်ချင်း မင်းရဲ့သန္တာန်မှာ ဒေါသစိတ်တွေ၊ မာနစိတ်တွေ၊ ဖြစ်မလာဘူးလား၊ ဒေါသစွဲ၊ မာနစွဲတွေ ဖြစ်လာတော့ တုတ်တပြက် ဓားတပြက်နှင့် ခိုက်ရန်မဖြစ်ဘူးလား၊ ရိုက်တာ နှက်တာတွေ၊ ခုတ်တာထစ်တာတွေ မဖြစ်ဘူးလား'

'ဖြစ်နိုင်ပါတယ် ဆရာ'

'အေး၊ ထင်ရှားဖြစ်တဲ့ နွားရုပ်နဲ့ အသံရုပ်ကို ငါ သူတစ်ပါးလို့ အထင်မှား အမြင်မှား မဖြစ်ဘဲ နှလုံးသွင်း မှန်ခဲ့ရင် အသံဆိုတာ နွားမှာ ထိခိုက်ပြီးကြားပြီးရင် ချက်ချင်း ပျောက်သွားတာပဲ မဟုတ်လား၊ ဒီတင်ပြီးရမည့် ကိစ္စဟာ သက္ကာယဒိဋ္ဌိကြောင့် မပြီးဘူး၊ အကုသိုလ်ဒုစရိုက်တွေ အများကြီး ဆက်[illegible]ကယ်၊ ပြဿနာတွေ ပေါ်ရကယ်၊ ဒါ [illegible]ပါကွာ'

'ဟုတ်ကဲ့ ရှင်းပါပြီဆရာ'

'အေး၊ မျက်စိနှင့် မြင်ရာမှာလည်း ဒီအတိုင်းပဲ၊ မျက်စိနှင့် အဆင်း တိုက်[illegible]ကို ငါ့မျက်စိမှာ သူ့အလှ ပေါ်တယ်ဆိုရင် သူ့ကို စွဲလမ်းတဲ့ တဏှာ

www.burmeseclassic.com

www.burmeseclassic.com



တပ်မက်ဇာ့၊ သဘောတွေ ဖြစ်ပြီး နောက်ဆုံးတော့ တဏှာကျွန် ဖြစ်တော့တာပဲ'

'ဟား… ဟား… အဲဒါ ပိုရှင်းတယ်'

'ခု သက္ကာယဒိဋ္ဌိကြောင့် ဒုက္ခရောက်ရပုံကို မင်း မြင်ပြီလား'

'မြင်ပါပြီဆရာ'

'အဲဒီလို ရုပ်ကို အတ္တလို့ စွဲတဲ့ သကကာယဒိဋ္ဌိ၊ ဝေဒနာကို ငါလို့၊ အတ္တလို့ စွဲတဲ့ သက္ကာယဒိဋ္ဌိ၊ သညာကို အတ္တလို့စွဲတဲ့ သက္ကာယဒိဋ္ဌိ၊ သင်္ခါရကို ငါ အတ္တပဲလို့ စွဲတဲ့ သက္ကာယဒိဋ္ဌိ၊ ဝိညာဉ်ကို ငါပဲ အတ္တပဲလို့ စွဲတဲ့ သက္ကာယဒိဋ္ဌိဆိုပြီး ခန္ဓာငါးပါးမှာဖြစ်တဲ့ သက္ကာယဒိဋ္ဌိမျိုးဟာ (၂၀) ရှိတယ်'

'အဲဒါလည်း သိပါရစေ ဆရာ'

'အေး၊ သိစရာအားလုံးကို နှံ့နှံ့စပ်စပ်သိရင် ကောင်းပါတယ်၊ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားက စူဠဝေဒလ္လသုတ် တရားတော်ကျမ်းမှာ သက္ကာယဒိဋ္ဌိ (၂၀) ကို ဒီလို ခွဲပြထားတယ်၊ –

အမှတ် (၁)

ရုပ်ကို အတ္တလို့ ထင်သည်၊

ဝေဒနာကို အတ္တလို့ ထင်သည်၊

သညာကို အတ္တလို့ ထင်သည်၊

သင်္ခါရကို အတ္တလို့ ထင်သည်၊

ဝိညာဉ်ကို အတ္တလို့ ထင်သည်၊ အဲဒါက ငါးပါး။

အမှတ် (၂)

အတ္တမှာ ရုပ်ရှိသည်လို့ ထင်သည်၊

အတ္တမှာ ဝေဒနာရှိသည်လို့ ထင်သည်၊

အတ္တမှာ သညာရှိသည်လို့ ထင်သည်၊

အတ္တမှာ သင်္ခါရရှိသည်လို့ ထင်သည်၊

အတ္တမှာ ဝိညာဉ်ရှိသည်လို့ ထင်သည်၊ အဲဒါက ငါးပါး။

အမှတ် (၃)

အတ္တ၌ ရုပ်တည်နေတယ်လို့ ထင်သည်၊

အတ္တမှာ ဝေဒနာ တည်နေသည်လို့ ထင်သည်၊



အတ္တမှာ သညာတည်နေသည်လို့ ထင်သည်၊

အတ္တမှာ သင်္ခါရတည်နေသည်လို့ ထင်သည်၊

အတ္တမှာ ဝိညာဉ်တည်နေသည်လို့ ထင်သည်၊ အဲဒါက ငါးပါး။

အမှတ် (၄)

ရုပ်၌ အတ္တတည်နေသည်လို့ ထင်သည်၊

ဝေဒနာ၌ အတ္တတည်နေသည်လို့ ထင်သည်၊

သညာ၌ အတ္တတည်နေသည်လို့ ထင်သည်၊

သင်္ခါရ၌ အတ္တတည်နေသည်လို့ ထင်သည်၊

ဝိညာဉ်၌ အတ္တတည်နေသည်လို့ ထင်သည်၊ ဒါက ငါးပါး။

ဒီသက္ကာယဒိဋ္ဌိ ၂၀ ဟာ ခန္ဓာငါးပါးမှာ အတ္တလို့ ငါလို့ စွဲယူထင်မှားတာ အားလုံးဟာ သက္ကာယဒိဋ္ဌိချည်းပဲလို့ မှတ်နိုင်ပါတယ်၊ ဒါဟာ ဓမ္မဒိန္နာထေရီရဲ့ အဖြေပဲ၊ ဒီအခါ ဝိသာခ သူဌေးကြီးက သက္ကာယဒိဋ္ဌိကင်းပုံ၊ ဘယ်လိုလုပ်ရင် သက္ကာယဒိဋ္ဌိမဖြစ်ဘဲ ကင်းရှင်းပါသလဲလို့ မေးပြန်တယ်'

'ဟုတ်ကဲ့၊ ဓမ္မဒိန္နာထေရီက အဲဒီအမေးကို ဘယ်လိုဖြေပါသလဲဆရာ'

'ဓမ္မဒိန္နာက ဤသာသနာတော်၌ အကြားအမြင်နှင့် ပြည့်စုံသော အရိယာသာဝကော ဘုရားတပည့် အရိယာပုဂ္ဂိုလ် (ကလျာဏပုထုဇ္ဇဉ်) သည် ရုပ်ကို အတ္တလို့ မထင်မှတ်တော့ဘူး၊ အမှန်မှာတော့ သောတာပတ္တိမဂ်နှင့် နိဗ္ဗာန်ကို မြင်သွားပြီဆိုရင်တော့ ရုပ်နာမ်ဟူသမျှဟာ ခဏမစဲဖြစ်ပြီး ပျက်နေတာကို မြင်ရ။ ဆင်းရဲချည်းပဲလို့ သိနေပြီလေ၊ ဒါကြောင့် ရုပ်နာမ်ဟူသမျှ သူ့အကြောင်းအားလျော်စွာ ဖြစ်ပျက်နေတဲ့ သဘောတရားမျှပဲလို့ သိတယ်၊ ကိုယ့်အလိုအတိုင်း ဖြစ်အောင်လည်း မတတ်နိုင်ဘူး၊ အစိုးမရဘူး၊ အတ္တကောင်မဟုတ်ဘူး၊ အနတ္တ တရားတွေပဲလို့လည်း သိတယ်၊ ဒီတော့ မြင်နိုက် ကြားနိုက်မှာ ဖြစ်ပေါ်လာတဲ့ ရုပ်နာမ်တွေကို ငါပဲ၊ အတ္တပဲလို့ ဘယ်မှာ ထင်မှတ်စွဲလမ်းတော့မလဲ၊ အဲဒါ အတ္တစွဲ ကင်းနေတာပဲ၊ အတ္တကောင်လို့ စွဲယူတဲ့ မှားယွင်းကဲ့ အစွဲအလာပဲ၊ နိစ္စ သညာသဟာ ကင်းရှင်းသွားတယ်၊ အသိမှားတွေ၊ အမှတ်မှား(စိတ္တဝိပလ္လာသ၊ ဒိဋ္ဌိဝိပလ္လာသ) တွေလည်း ကင်းရှင်းသွားတယ်လို့ အဋ္ဌကထာများမှာ ပြဆိုထားကြောင်း ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက ရှင်းပြထားပါတယ်။

'ဒီလို အတ္တစွဲကင်းတာဟာ သောတာပန်ဖြစ်မှ မဟုတ်သေးပါဘူး၊ ဝိပဿနာ

www.burmeseclassic.com

www.burmeseclassic.com



ရှုဆဲ ယောဂီမှာလည်း ဖြစ်နိုင်ပါတယ်၊ ဝိပဿနာရှုနေတဲ့ ယောဂီဟာ သမ္မ သနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်သို့ ရောက်နေရင် အထူးသဖြင့် ဘင်္ဂဉာဏ်သ ရောက်နေလျှင် ရှုတိုင်းရှုတိုင်းမှာ အနိစ္စပဲ၊ ဒုက္ခပဲလို့ သိမြင်တဲ့အပြင် အနတ္တ လို့လည်း ကိုယ်ပိုင်ဉာဏ်နှင့် သိသိသွားတယ်၊ အဲဒီလို သိရတဲ့ အာရုံတိုင်းမှ အတ္တလို့ ထင်မှတ်စွဲ လမ်းမှု ဖြစ်ခွင့်မရှိတော့ဘူးပေါ့၊ အတ္တအစွဲအလမ်း ကင်းရှင် သွားတာပေါ့၊ အဲဒါ ကိုယ်ပိုင်ဉာဏ်နှင့် အနတ္တလို့ သိထား၊ အဲဒီလို သိတဲ့အ ရှုမှတ်မိတဲ့ ရုပ်နာမ်တွေကို အတ္တလို့ထင်မှတ်မှု ကင်းရှင်းသွားတာပေါ့၊ ဒါပေမယ မရှုမမှတ်မိတဲ့ ရုပ်နာမ်တွေမှာတော့ အတ္တစွဲ မကင်းသေးဘူးလို့ မဟာစည ဆရာတော်ဘုရားက ဆုံးဖြတ်ထားတယ်၊ (စူဠဝေဒလ္လသုတ် တရားတော်၊ နှာ ၁၂၉)၊ နောက်ပြီး ရုပ်နာမ်တရားတွေဟာ ခဏမစဲ ဖြစ်ပျက်နေတဲ့ အနိစ္စတရားတွေ ဒုက္ခတရားတွေ၊ အနတ္တတရားတွေချည်းပဲလို့ ဟောကြားထားတဲ့ တရားတော် ကြားနာရလို့ သဘောကျနေတဲ့သူကိုလည်းပဲ အကြားသုတနှင့် ပြည့်စုံတဲ့သူ ဆိုရတယ်တဲ့၊ အဲဒီအကြားသုတနှင့် ပြည့်စုံတဲ့သူကိုလည်း ကလျာဏပုထုဇဉ် ဆိုရတယ်တဲ့၊ အဲဒီလို ပုဂ္ဂိုလ်မှာ အခိုင်အမြဲ စွဲလမ်းတဲ့ အတ္တစွဲကတော့ တန်သလောက် ကင်းနေတယ်လို့ ဆိုနိုင်ပါတယ်တဲ့၊ ဒါပေမယ့် ဝိပဿနာဉာဏ် နှင့် ကင်းတာမျိုးတော့ မဟုတ်သေးဘူး၊ ဒီမှာ သိစေလိုရင်းက အရိယာနှယ် ကလျာဏပုထုဇဉ်လို ပုဂ္ဂိုလ်မျိုးတွေမှာ ရုပ်နာမ်ကို အတ္တလို့ မထင်မှတ်တော့ ဆိုတာကို သိစေလိုရင်းပဲတဲ့၊ မဟာစည်ဆရာတော်ဘုရားက မိန့်ကြားထား တယ်။

နောက်ပြီး ဒီအတ္တစွဲကင်းအောင် မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ထင်ပေါ်လာသမျှ ရုပ်နာမ်ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ကိုယ်ပိုင်ဉာဏ်နဲ့ နေအောင် မပြတ်ရှုမှတ်နေရမယ်ဆိုတာကိုလည်း သိထားသင့်တယ်တဲ့'

'ဟုတ်ကဲ့၊ ဒါမှ အရိယာဓမ္မဒ္ဓ ကျွမ်းကျင်အောင် လေ့ကျင့်မှ နေရာ မှာပေါ့'

'အေး၊ ဒါဟာ ဘုံစဉ်စံ ဘဝလမ်းပြ ဒဿနရဲ့ ပထမကျင့်စဉ်ပဲကွယ့်၊ အ ပုထုဇဉ်ကနေ ကလျာဏပုထုဇဉ် အရိယာသာဝကဖြစ်ဖို့အတွက် အတ္တကင်း အောင် သက္ကာယဒိဋ္ဌိ ကင်းအောင် ရုပ်နာမ်တို့ရဲ့ ဖြစ်ပျက်အမှန်ကို သိအော ရှုနေရမယ်၊ ဒါက တစ်နည်းပေါ့၊ နောက် အရိယာဓမ္မသုဝိနီတော– အရိယ တရားဌ် ကောင်းစွာ ဆုံးမအပ်ပြီး ကောင်းစွာ ယဉ်ကျေးပြီးဖြစ်ရင်လည်း ယော



ထားတာရှိသေးတယ်၊ ဒါကို အဋ္ဌကထာမှာ သံဝရဝိနည်း၊ ပဟာနဝိနည်းဖြင့် ဆုံးမ၍ ယဉ်ကျေးနေပုံကို ဖွင့်ပြထားကြောင်း မဟာစည်ဆရာတော်ဘုရားကြီး က ညွှန်ပြထားပါတယ်'

'အဲဒီအကြောင်းကိုလည်း ရှင်းပြပါဦး'

'ဒီမှာ သံဝရဝိနယ– သံဝရဝိနည်းဆိုတာဟာ အကုသိုလ်ကို ပိတ်ဆို့ တားမြစ်လျက် ဆုံးမခြင်းလို့ ဆိုလိုတယ်၊ ဒီမှာ ပိတ်ဆို့ခြင်း ငါးပါးရှိတယ်၊ (၁) သတိသံဝရ– သတိဖြင့် ပိတ်ဆို့ခြင်း၊ (၂) ဉာဏသံဝရ– ဉာဏ်ဖြင့် ပိတ်ဆို့ခြင်း၊ (၃) ခန္တီသံဝရ– သည်းခံခြင်းဖြင့် ပိတ်ဆို့ခြင်း၊ (၄) ဝီရိယသံဝရ– ဝီရိယဖြင့် ပိတ်ဆို့ခြင်း၊ (၅) သီလသံဝရ– သီလဖြင့် ပိတ်ဆို့ခြင်းဆိုပြီး ငါးမျိုး ပြထားတယ်၊ အတိုကောက် သီလ၊ သတိ၊ ဉာဏ်၊ ခန္တီ၊ ဝီရိယ သံဝရငါးဖြာလို့ မှတ်ထားပေါ့'

'ဟုတ်ကဲ့ အကျယ်ကို ရှင်းပြပါဦး'

'အဲဒီအထဲမှာ **သီလသံဝရ**ဆိုတာ ရဟန်းများအတွက်ကတော့ ပါတိမောက် သီလပေါ့၊ အဲဒီသီလနှင့် ကိုယ် နှုတ် ကျူးလွန်မှုတွေကို စောင့်စည်း ပိတ်ဆို့ခြင်း ဖြစ်တယ်၊ လူဝတ်ကြောင်တွေမှာတော့ ငါးပါးသီလ၊ ရှစ်ပါးသီလနှင့် အကုသိုလ်တွေ မဖြစ်ရအောင် စောင့်စည်း ပိတ်ဆို့ခြင်းပဲ၊ အဲဒီလို အကုသိုလ်တွေကို ပိတ်ဆို့တားဆီးပြီး မိမိကိုယ်ကို ဆုံးမနေရင် အရိယာ ဓမ္မေသုဝိနီတောအရ အရိယာအကျင့်ကို ကျင့်ကြံပြီး ဆုံးမနေတယ်လို့ အဓိပ္ပာယ်ရတယ်။

**သတိသံဝရ** ဆိုတာက မြင်ရာ၊ ကြားရာမှာ လောဘ ဒေါသ မဖြစ်ရအောင် သတိနှင့် ပိတ်ဆို့စောင့်စည်းခြင်း ဖြစ်ပါတယ်၊ စောစောကပြောခဲ့သလို မြင်ရာ ကြားရာမှာ မျက်စိအကြည်နှင့် ရူပါရုံလို့ မြင်လိုက်တာပဲလို့ မြင်ရုံမျှပဲမြင်ပြီး ပျက်သွားတာပဲလို့ ရှု၊ အသံကြားရာမှာ နားနှင့် အသံနှင့် တိုက်တာကို ကြားလိုက်တာပဲ၊ ကြားပြီး ပျောက်သွားတာပဲ၊ ကြားရုံမျှပဲလို့ သတိနှင့် ရှုနေရင်လည်း အရိယာဓမ္မဖြင့် ဆုံးမနေတာ မည်ပါတယ်တဲ့'

**ဉာဏသံဝရ**ဆိုတာ မြင်တိုင်းကြားတိုင်းမှာ မပြတ်သတိနှင့် ရှုမှတ်ပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ သိသိသွားတဲ့ ဉာဏ်နှင့် ဖြစ်လာလတ္တံ့သော အကုသိုလ်တွေကို ပိတ်ဆို့တားဆီးခြင်းဟာ ဉာဏသံဝရဖြစ်တယ်၊ ဒီလို ရှုမှတ်နေခြင်းအားဖြင့် ဝိပဿနာဉာဏ် ပြည့်စုံလာတဲ့အခါ အရိယာမဂ်ဉာဏ်နှင့် သက်ဆိုင်ရာ အကုသိုလ်

www.burmeseclassic.com

www.burmeseclassic.com



တွေကို အမြစ်ပါမကျန်အောင် ပယ်ရှင်းနိုင်တယ်၊ အဲဒါ ဉာဏသံဝရကြောင့်ပဲ၊ နောက်တစ်ခုက ခန္တီသံဝရနော်'

'ဟုတ်ပါတယ်ဆရာ'

'လူ့ဘဝမှာ အလုပ်တစ်ခု အောင်မြင်ပြီးမြောက်ချင်ရင် သည်းခံရတာတွေ အများကြီးပဲ၊ ပူတာကို သည်းခံ၊ အေးတာကိုလည်း သည်းခံ၊ အစားဆင်းရဲတာ သည်းခံ၊ အနေဆင်းရဲတာသည်းခံ၊ သူတစ်ပါးက မတော်မတရား ပြောဆိုတာ၊ စွပ်စွဲတာ၊ ပြုမူတာတွေကိုလည်း ခံရတာပဲ၊ တရားထိုင်တဲ့အခါ ညောင်းတယ်၊ တောင့်တယ်၊ တင်းတယ်၊ နာတယ်၊ ကျင်တယ်၊ ထုံတယ်၊ အဲဒီဝေဒနာကိုလည်း သည်းခံရတာပဲ၊ ဒါဟာ ခန္တီသံဝရနော်'

'ဟုတ်ကဲ့'

'နောက်တစ်ခုက ဝီရိယသံဝရ၊ လူ့ဘဝမှာ မကောင်းတဲ့ အကုသိုလ်တွေဟာ ကာယကံ၊ ဝစီကံ၊ မနောကံတွေမှာ ဖြစ်နေတယ်၊ အဲဒီအထဲမှာ စိတ်နဲ့ ကြံစည် စိတ်ကူးနေတာတွေလည်း အများကြီးပါပဲ၊ ဒါတွေကို မဖြစ်အောင် မဖြစ်သေးတဲ့ အကုသိုလ်တွေမဖြစ်အောင်ကလည်း ဒီအတိုင်းနေလို့မရဘူး၊ ဝီရိယ စိုက်ထုတ်ပြီး စောင့်စည်းရတယ်၊ ရုပ်နာမ်တွေရဲ့ ဖြစ်ပျက်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ရှုရင် ဒီအကုသိုလ်တွေကို ပယ်ရှင်းဖို့ ကြိုးစားနေတာ ဝီရိယသံဝရပါပဲ။

'မဟာစည် ဆရာတော်က ဒီသံဝရဝိနည်း ငါးပါးဟာ ဝိပဿနာ ရှုတဲ့ ယောဂီအဖို့မှာ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်လောက်ရောက်ရင် တော်တော်ပြည့်စုံနေပြီလို့ မိန့်တော်မူထားတယ်၊ အဲဒီလို ဝိပဿနာဉာဏ်နှင့် ပြည့်စုံသူဟာ အရိယာတို့ရဲ့ အကျင့်တရားနှင့် ကောင်းစွာ ဆုံးမအပ်ပြီး ဖြစ်သင့်သလောက် ဖြစ်နေပြီတဲ့၊ ဒါကြောင့် ဒီယောဂီဟာ ဒွါရခြောက်ပါးမှာ ထင်ရှားဖြစ်ပေါ်လာတဲ့ ရုပ်နာမ်ခန္ဓာတွေကို အတ္တလို့ မထင်မှတ်တော့ဘူး၊ အနတ္တလို့သာ အမှန်အတိုင်း သိနေပြီတဲ့၊ ဒီလိုသိနေဖို့ အရေးကြီးတယ်၊ ဒီလိုသိနေရင် နောက်ဆုံး အကြိမ်ကျတော့ အရိယာ မဂ်ဉာဏ် ဖြစ်ပေါ်လာမယ်၊ သောတာပတ္တိမဂ်ကို ရောက်သွားတဲ့အခါ အတ္တဒိဋ္ဌိကို အကြွင်းမဲ့ ပယ်ပြီး ဖြစ်သွားတော့တာပေါ့၊ သက္ကာယဒိဋ္ဌိ အဆောက်အအုံကြီး ပြုန်ပျက်သွားတော့တာပဲ၊ အဲဒီအခြေအနေကို ရောက်ပြီဆိုရင် "အရိယာမွေသုဝိနီတော" အရိယာတို့၏ အကျင့်တရား၌ ကောင်းစွာ ဆုံးမအပ်ပြီး၍ ယဉ်ကျေးသော အရိယာသာဝကအဖြစ်ကို ရောက်ပြီး အရိယာသာဝကဟာ ရုပ်ကို အတ္တလို့လည်း မထင်မှတ်တော့ဘူး'



'ကျွန်တော် မေးပါရစေဦးဆရာ'

'အေး... မေးမေး'

'ခု ဆရာရှင်းပြခဲ့ပြီးတာကို ဆင်ခြင်လိုက်ရင် အရိယာတို့ရဲ့ အကျင့်တရား၌ ဆုံးမပြီးဖြစ်၍ ယဉ်ကျေးနေတဲ့ အရိယာသာဝကဆိုတာဟာ အတ္တစွဲ ကင်းနေတဲ့ ကလျာဏပုထုဇဉ်ကို ပြောတာပေါ့နော်'

'အေး... ဟုတ်တာပေါ့၊ ကလျာဏ ပုထုဇဉ်ဆိုတာဟာ သုတဝါအရိယာ သာဝကဆိုတဲ့ စကားအရ ရုပ်နာမ်ဓမ္မတွေရဲ့ ဖြစ်ပျက်နှင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာတွေကို သိမြင်ပြီးဖြစ်၍ အတ္တစွဲ ကင်းနေတဲ့ ပုထုဇဉ်ပဲ၊ အဲဒါဟာ တစ်ဘဝတည်းနှင့် နိဗ္ဗာန် မဂ်ဖိုလ်ကိုရောက်အောင် အားမထုတ်နိုင်ကြသေးတဲ့ ပုထုဇဉ်အများစု အန္ဓပုထုဇဉ်တွေ တရား အားထုတ်ဖို့ အကောင်းဆုံးဖြစ်တဲ့ ကျန်းမာသန်စွမ်းတဲ့ အရွယ်ကို လွန်လာကြတဲ့ ပုထုဇဉ်တွေ ရည်မှန်းအပ်တဲ့ ဘဝပန်းတိုင်ပဲ၊ ဒီလိုပြောလို့ ကလျာဏပုထုဇဉ်အဖြစ်ဟာ လူ့ဘဝမှာ ရည်မှန်း အပ်တဲ့ အဆုံးအန္တိမ ပန်းတိုင်လို့တော့ မထင်နဲ့နော်'

'ဟုတ်ကဲ့၊ ကျွန်တော် သဘောပေါက်ပါတယ်ဆရာ၊ ဒါဟာ ဘုံစဉ်စံ ဘဝ လမ်းပြ ဒဿနမှာ လူ့ဘဝရဲ့ ပထမပန်းတိုင်၊ ပထမစခန်းလို့ ဆိုရမှာပေါ့၊ အကြားအမြင်မရှိတဲ့ စုံလုံးကန်း အန္ဓပုထုဇဉ်အဖြစ်ကနေ အကြားအမြင် သုတ ဗုဒ္ဓိ ဉာဏ်မျက်စိပေါက်တဲ့ အရိယာသာဝကအဖြစ်သို့ ရောက်လာတဲ့ ကလျာဏ ပုထုဇဉ်ဖြစ်အောင် ကြိုးပမ်းရမှာက ပုထုဇဉ်တွေရဲ့ ဘဝပေးတာဝန်လို့ ဆိုနိုင် မယ် ထင်ပါရဲ့၊ ဘာပဲဖြစ်ဖြစ် ရခဲတဲ့ မနုဿတ္တဒုလ္လဘကို ရခဲ့ပြီး ကြုံခဲ့တဲ့ ဗုဒ္ဓုပ္ပါဒဒုလ္လဘကိုလည်း ကြုံခဲ့ပြီးမှ အန္ဓပုထုဇဉ် အပါယ်တစ်လမ်းသွားအဖြစ် နှင့် သေရမယ်ဆိုရင် လူဖြစ်ရှုံးမယ်၊ အန္ဓပုထုဇဉ်အဖြစ်နှင့်တော့ တို့ အသေမခံ ဘူး၊ ဒီဘဝမှာ လေးမဂ် လေးဖိုလ် မရနိုင်ရင်တောင် တစ်မဂ်တစ်ဖိုလ် မရဘဲ သေသွားရင်လည်း ဒုတိယဘဝမှာ လူအဖြစ်၊ နတ်အဖြစ်ဆိုတဲ့ သုဂတိဘဝ တစ်ခုခုကိုရပြီး သောတာပန်ဖြစ်နိုင်တဲ့ ဗောဓိအခြေအမြစ် စိုက်ပြီးသူဖြစ်အောင် ယုပ်မယ်လို့ စိတ်ကို ဆုံးဖြတ်ချက် ချရမှာပဲ'

'အေး... အဲဒီဆုံးဖြတ်ချက်ဟာ ရ,ထားတဲ့ လူ့ဘဝကို တန်ဖိုးရှိအောင် လုပ်တဲ့ ဆုံးဖြတ်ချက်ပဲ မဟုတ်လား'

'ဟုတ်ပါတယ် ဆရာ'

'အန္ဓပုထုဇဉ်အဖြစ်ကနေ အရိယာသာဝကဖြစ်တဲ့ ကလျာဏပုထုဇဉ်အဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ကို ရောက်ရင် ဒုတိယဘဝအတွက် စိတ်ချရပြီ၊ သာသနာတော်မှာ သက်သာရာ ထောက်တည်ရာရပြီ၊ သက်သာရာဆိုတာက အရိယာမဂ်ကို ပြောတာ၊ ထောက်တည်ရာဆိုတာက အရိယာ ဖိုလ်ကို ပြောတာ၊ ကလျာဏ ပုထုဇဉ်ဖြစ်ရုံနှင့် အရိယာမဂ် အရိယာဖိုလ်ကို ရတော့ မရသေးဘူး၊ သို့သော်လည်း အရိယာမဂ်ဖိုလ်ကို မုချရနိုင်တဲ့ အကျင့်ကောင်းရှိသူဖြစ်လို့ ဗောဓိအခြေအမြစ် စိုက်ပြီးသူဖြစ်သွားပြီ၊ လောကီဉာဏ်အားဖြင့် သစ္စာလေးပါးကို သိမြင်တဲ့ အဆင့်ကို ရောက်ပြီးသူဖြစ်လို့ ဒီပုဂ္ဂိုလ်ဟာ အပါယ်ကို မကျထိုက်တော့ဘူး၊ သောတာပန်တို့ လားရောက်ရာ သုဂတိဘုံ၌သာ ဖြစ်ထိုက်ပြီ၊ ဒါကြောင့် သူ့ကို စူဠသောတာပန်လို့လည်း ဆိုရတယ်'

'ဒါဆိုရင် စူဠသောတာပန် ကလျာဏပုထုဇဉ်ဆိုတာ လူဖြစ်ကျိုး နပ်တဲ့လူ ဖြစ်သွားပြီပေါ့နော် ဆရာ'

'အေး… အဲဒါ လိုရင်းအချက်ပဲ၊ လူ့ဘဝဟာ ဟိုလူတွေပြောသလို ရေကန်ထဲကို ခဲလုံးပစ်ချသလို အလွယ်တကူ လွင့်စဉ်ကျလာတဲ့ ဘဝမဟုတ်ဘူး၊ ဘဝဆိုတဲ့ ဝဋ်ဒုက္ခသံသရာထဲက လွတ်မြောက်အောင် ရုန်းထွက်ဖို့ လောင်စာသိမ်းပြီး မီးငြိမ်းတဲ့ နိဗ္ဗာန်ကို မရောက်နိုင်သေးဘူး ဆိုရင် သုဂတိ ဘုံအဆင့်ဆင့်မှာ တစ်ဘဝထက်တစ်ဘဝ မြင့်တက်ခံစားရအောင် ကြိုးပမ်းနိုင်တဲ့ အခွင့်အလမ်းကောင်းကြီးနှင့် ကြုံရတာဖြစ်လို့ လူသားဟာ အခွင့်ကောင်းကို လက်မလွှတ်သင့်ဘူး၊ လူ့ဘဝနှင့် ထိုက်တန်အောင် အားထုတ်သင့်တယ်ဆိုတာ မပေါ်ဘူးလား'

'ဟုတ်ကဲ့ ပေါ်ပါပြီဆရာ'

'နောက်ထပ် မင်း ဘာမေးချင်သေးလဲ'

'နည်းနည်းပါးပါးပါ၊ ကျွန်တော့်ခေါင်းထဲမှာ မရှင်းသလိုဖြစ်နေတာကလေးတွေ ရှိနေသေးတယ်၊ အဲဒါ မေးပါရစေ'

'အေး… မေးစရာရှိတာကို မေး၊ တရားဆွေးနွေးတယ်ဆိုတာ ခေါင်းထဲမှာ သံသယအကြွင်း မကျန်စေနဲ့'

'ဒီလိုပါဆရာ၊ အတ္တသဘောကို ပယ်ဖို့ ငြင်းဖို့ဆိုတာဟာ အစိုးမရမှုဆိုတဲ့ အနတ္တသဘောကိုမြင်မှ ဖြစ်နိုင်မယ်လို့ ထင်ပါတယ်၊ ဒါပေမယ့် လူမှာ အစိုးရတဲ့ သဘောတွေလည်း ရှိနေတာပဲ ဆရာ၊ သိပ္ပံပညာရှင်တွေဟာ သဘာဝရဲ့ နိယာမတရားတွေကို ရှာဖွေပြီး ဒါလုပ်ရင် ဒါဖြစ်မယ်ဆိုတာကို တွက်ချက်ပြီး လုပ်နေကြလို့ အောင်မြင်နေတာပဲ၊ သဘာဝကို သူတို့ ထိန်းချုပ်စေခိုင်းနေကြ



တာပဲ၊ ဒါဟာ အစိုးရသင့်သလောက် ရနေတာပဲလို့ ကျွန်တော် ထင်ပါတယ်၊ လူမှာလည်း ကိုယ်လုပ်ချင်တာ လုပ်နိုင်တာပဲ၊ အိပ်ချင်အိပ်၊ စားချင်စား၊ သွားချင်သွား၊ နားချင်နားလို့ ရနေတာပဲဟာ အစိုးရသင့်သလောက် ရနေတာပဲ မဟုတ်လား'

'ကောင်းတယ်၊ မင်းမေးတာဟာ ကောင်းပါတယ်၊ ဒီမှာ အတ္တဆိုတာဟာ အသက်ရှင်နေတဲ့ အကောင်လို့ ထင်နေတဲ့သဘောပဲ၊ ကိုယ်သွားချင်ရာကို သွားတယ်၊ ကိုယ်လုပ်ချင်တာကို လုပ်တယ်၊ စားချင်စားတယ်၊ ထိုင်ချင်ထိုင်တယ်၊ အိပ်ချင်အိပ်တယ်၊ ပြောချင်ပြောတယ်၊ အဲဒါ ကိုယ့်အလိုအတိုင်း ဖြစ်လို့ အစိုးရတယ်လို့ ထင်ရတယ်၊ ဒါကို **သာမိအတ္တ**လို့ ခေါ်တယ်၊ ကိုယ်ထဲမှာ အတ္တဝိညာဉ် အမြဲတည်ရှိနေတယ်လို့လည်း ထင်ရတယ်၊ အဲဒါကို **နိဝါသီအတ္တ**လို့ ခေါ်တယ်၊ အတ္တကောင်၊ ငါကောင်၊ ဝိညာဉ်ကောင်ကပဲ ကြံစည်တယ်၊ ပြောဆိုတယ်၊ ပြုလုပ်တယ်လို့လည်း ထင်ကြတယ်၊ အဲဒါကို **ကာရကအတ္တ**လို့ ခေါ်တယ်၊ ဒါကတော့ သင်္ခါရက္ခန္ဓာကို အတ္တလို့ စွဲလမ်းတာပဲကွယ်၊ နောက်ပြီး အကောင်းအဆိုးကို ခံစားတာဟာလည်း ငါကောင်၊ အတ္တကောင်၊ ဝိညာဉ်ကောင်ပဲလို့ ထင်ရတယ်၊ ဒါကိုတော့ **ဝေဒကအတ္တ**လို့ ခေါ်တယ်၊ ဒါက ဝေဒနာက္ခန္ဓာကို အတ္တလို့ စွဲလမ်းတာ၊ မင်းပြောတဲ့ သိပ္ပံပညာရှင်တွေ သဘာဝကို ထိန်းချုပ်နိုင်တယ်၊ အစိုးရတယ်လို့ ထင်တာက သင်္ခါရက္ခန္ဓာကို အတ္တလို့ စွဲယူတာ၊ ထင်ရှားတဲ့ ဥပမာတစ်ခုကို ပြောမယ်၊ အာကာသလွှန်းပျံယာဉ် လွှတ်တင်တာကို သူတို့ အစိုးရဲ့လား'

'အစိုးမရပါဘူးဆရာ၊ ပျက်ကျဖို့ ပေါက်ကွဲဖို့က များပါတယ်'

'အေး… စွန့်စားပြီး လုပ်နေကြရတာ'

'ဟုတ်ပါတယ်ဆရာ၊ အစိုးမရဘူးဆိုတာ သိပ္ပံပညာရှင်တွေလည်း သိတော့ သိပါတယ်၊ ဒါကြောင့် သူတို့က စေကန်ဖြစ်မယ်လို့ ဘယ်တော့မှ မပြောဘူး၊ အနေကန်ကိုပဲ ပြောကြပါတယ်'

'အေး… ဖြစ်ကောင်းဖြစ်မယ်လို့ပဲ သိပ္ပံပညာက ပြောပါတယ်၊ ဒါထက် ထင်ရှားတာကို ပြောကြစို့၊ ဆေးပညာ၊ အဲဒီဆေးပညာမှာ [illegible] ဖို့၊ ကာကွယ်ဖို့ ဆေးစွမ်းကောင်းဆိုတာတွေ ဖော်စပ်ပဲ့ကြတယ်၊ မှချိန်အထိ ဥပမာ ငှက်ဖျားရောဂါကိုပဲ ပြောကြစို့၊ ငှက်ဖျားရောဂါကို သူတို့ အစိုးရပြီလား၊ လုံးဝ ပပျောက်သွားအောင် လုပ်နိုင်ပြီလား'

www.burmeseclassic.com



'မလုပ်နိုင်သေးပါဘူး'

'မလုပ်နိုင်ဘူး၊ အစိုးမရဘူး၊ ဒါပေမယ့် သူတို့စိတ်ထဲမှာတော့ လုပ်နိုင်မှာပဲ ထင်မနေဘူးလား'

'ထင်နေပါတယ်ဆရာ'

'အေး၊ အဲဒါ ကာရကအတ္တ သဘောတွေပဲကွ'

'ဟုတ်ကဲ့၊ ရှင်းပါပြီဆရာ'

'ဘာပဲဖြစ်ဖြစ် ပုထုဇဉ်တွေ လုပ်နေကြတာကို ကြည့်၊ ရည်ရွယ်ချက်ကတော့ ဒုက္ခဆင်းရဲက သက်သာအောင်၊ ကင်းငြိမ်းအောင်ဆိုပြီး လုပ်နေကြတာပဲ၊ ဒါပေမယ့် အတ္တဖွဲ့တွေနဲ့ လုပ်နေကြတာဆိုတော့ လူ့လောကမှာ ဒုက္ခက ငြိမ်းသွားသလား၊ လျော့သွားသလား'

'အမှန်ပြောပြီး ဝန်ခံရရင် သူတို့လုပ်လို့ ဒုက္ခက လျော့မသွားတဲ့အပြင် ပိုတောင် များလာပါသေးတယ်'

'မင်းမြဲမြဲမှတ်ထား၊ ပြီးတော့ သဘာဝကျကျလည်း စဉ်းစား၊ ဘုရားက ဘဝခန္ဓာရတာဟာ သက္ကာယဒိဋ္ဌိကြောင့်၊ အဲဒီ သက္ကာယ ခန္ဓာငါးပါးဟာ ဒုက္ခသစ္စာပဲ၊ ဆင်းရဲခြင်း ဝဋ်ဒုက္ခ ကင်းငြိမ်းဖို့ရာလည်း ဝိပဿနာသတိပဋ္ဌာန်ဆိုတဲ့ တစ်ခုတည်းသော နည်းလမ်းပဲရှိတယ်တဲ့၊ တခြားနည်းနှင့်လုပ်နေရင် လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ ကိလေသာတွေကို အရင်းခံပြီး လုပ်တာဖြစ်လို့ ဒုက္ခ မငြိမ်းတဲ့အပြင် လုပ်သမျှ ဒုက္ခချည်းဖြစ်နေမယ်ဆိုတာ မင်း သဘောပေါက်ပါ'

'ဟုတ်ကဲ့၊ ဥပါဒါနက္ခန္ဓာငါးပါး– သက္ကာယဟာ ဒုက္ခသစ္စာဖြစ်ကြောင်းကို သဘောရှင်းအောင် ပြောပြပါဦးဆရာ'

'အေး၊ သက္ကာယဟာ ဒုက္ခအစစ်ပဲဆိုတာ မြင်ရမယ်၊ ဒါမှ သက္ကာယဒိဋ္ဌိဆိုတာ ဒုက္ခသစ္စာကို လွဲမှားစွာ မြင်တဲ့သဘော၊ ဒိဋ္ဌိဝိပလ္လာသရဲ့ သဘောဟာ ပိုရှင်းမယ်၊ ကဲ... ဘဝရဲ့ ဒုက္ခကို မြင်အောင် ကြည့်ကြစို့ရဲ့'

'ဟုတ်ကဲ့၊ ကျေးဇူးများပါတယ်ဆရာ'

## ၇။ အနာသိမှ ဆေးရှိသည်

'လူ့ဘဝဖြစ်တည်မှုဆိုတာဟာ ပဋိသန္ဓေတည်နေပြီး ရလာတဲ့ ခန္ဓာငါးပါးပဲ၊ သက္ကာယပဲဆိုတာ မင်း သိခဲ့ပြီနော်'

'ဟုတ်ကဲ့၊ သိခဲ့ပါပြီဆရာ'

'အဲဒီခန္ဓာငါးပါးဟာ ဒုက္ခသစ္စာဖြစ်တယ်၊ သက္ကာယဟာ ဒုက္ခသစ္စာဖြစ်တယ် ဆိုတာကို မင်း သဘောမပေါက်သေးဘူး မဟုတ်လား'

'ဟုတ်ပါတယ်ဆရာ'

'အေး၊ အနာမသိဘဲ ဆေးရှာနေရင် ဆေးမတွေ့နိုင်ဘူး၊ အနာသိမှ ဆေးရှိမှာပဲ၊ ရုပ်နာမ်ခန္ဓာ သက္ကာယကို မှန်မှန်ကန်ကန်မမြင်ရင် လွဲမှားစွာ တွေးခေါ်ယူဆတဲ့ ဒိဋ္ဌိအမြင်တွေ ဖြစ်လာတာပဲကွ၊ ခု စကားစပ်လို့ မင်းတို့ အထင်ကြီးနေတဲ့ ဖြစ်တည်မှုဝါဒအကြောင်းကို ပြန်ပြောဦးမယ်၊ အဲဒီဝါဒမှာ လူ့ဘဝမှာ ဒုက္ခ ဘာကြောင့်ဖြစ်ရတယ်လို့ ပြောသလဲ'

'ကဲတီးဂါးဒ် ဆိုတဲ့ ဒဿန ဆရာကတော့ လူဟာ လူပီသတဲ့ ဘဝဖြစ်တည်မှုကို လိုချင်ရင် ဘဝတစ်လျှောက်လုံးမှာ ကိုယ်ကြိုက်တာကို လွတ်လွတ်လပ်လပ် ရွေးချယ်ပြီး ဆောင်ရွက်ရမယ်၊ အဲဒီလို လွတ်လပ်ခွင့်ကို ကိုယ်ယူပြီး ကိုယ့်ဘဝကို ကိုယ် စိတ်ကြိုက်တည်ဆောက်တဲ့လူဟာ ကိုယ့်လမ်းကို ကိုယ်ကိုယ်ကိုင် ရွေးချယ်ရတဲ့အတွက် ဖြစ်လာသမျှတာဝန်ကို ကိုယ်တိုင်ယူရမယ်၊ လူပီသမှု ယူ၊ လူ့ဘဝမှာ စစ်မှန်စွာ ဖြစ်တည်နေတဲ့လူဟာ ဒီစိုးရိမ်သောကတွေ၊ ပူပန်မှုတွေကို မကြောက်ရဘူး၊ ဒုက္ခကို မကြောက်မရွံ့ဘဲ ကိုယ့်တာဝန်ကို ကိုယ်ယူကြရမယ်တဲ့၊ အဲဒီလို ကိုယ်လျှောက်မည့်လမ်းကို ပြတ်ပြတ်သားသား မရွေးချယ်ဘဲ ဟိုဟာလုပ်ရမလိုလို ဒီဟာလုပ်ရမလိုလို ဖြစ်နေတဲ့ တစ်ခုခုကို မလုပ်

www.burmeseclassic.com

www.burmeseclassic.com



ဘဲ နှစ်ခုစလုံးကို လုပ်ချင် ဖြစ်ချင်တဲ့လူဟာ လူဖြစ်ရှုံးတဲ့လူ၊ လူကျင့်လူကြ မကြံတတ်တဲ့လူပဲတဲ့ ဆရာ'

'ဟား ... ဟား ... ဟား ... ရယ်စရာတော်တော်ကောင်းတဲ့ စကားတွေပဲနော် ငါ့နားထဲမှာတော့ လူမိုက်အားပေးစကားတွေကိုပဲ ကြားရတယ်ကွာ၊ နား မချမ် သာဘူး၊ အဲဒါ မိစ္ဆာဒိဋ္ဌိအယူတွေပဲကွ၊ အတ္တဒိဋ္ဌိလေ၊ ခန္ဓာ (သက္ကာယ) ဟာ ပင်ကိုအားဖြင့်ကိုက ဒုက္ခသစ္စာ ဖြစ်တယ် ဆိုတာကို ဉာဏ်အမြင် မပေါက်လ ဒုက္ခဆိုတာ၊ သောကဆိုတာ၊ လူလုပ်လို့ဖြစ်တာဆိုတဲ့ သဘောမျိုး တွေးခေါ်ကြ တာ၊ အန္ဓပုထုဇဉ်တွေ ပြောတဲ့ စကားမျိုးတွေပါကွာ၊ သုတဗုဒ္ဓိဉာဏ်မျက်စိ မ ဘူး၊ ခန္ဓာပေါ်မှာ ဉာဏ်မကျက်စားနိုင်တဲ့ လူတွေ ပြောကြတဲ့ စကားတွေပါကွ

'ဗုဒ္ဓဝါဒရဲ့ ဒုက္ခသစ္စာအမြင်ကို ပြောပါဆရာရယ်'

'ပြောမှာပါကွာ၊ မင်းတို့ ဖြစ်တည်မှုဝါဒဆိုတဲ့ နှစ်ဆယ်ရာစု မိစ္ဆာဒိဋ္ဌိကြီးရဲ့ အမှားကြီးပေါ်အောင်လို့ ငါက ပြန်ပြီး ညောင်မြစ်တူးနေတာ၊ သူတို့က ဒုက္ခ ဖြစ်ရတဲ့အကြောင်း (သမုဒယ)က လွတ်လပ်ခွင့်ကို ယူပြီး ကိုယ်လုပ်ချင်တာက ကိုယ့်စိတ်ကြိုက် ရွေးချယ်မှုကြောင့် ဒုက္ခရောက်ရတာတဲ့၊ အဲဒါ ဒုက္ခဖြစ်ရတဲ့ အကြောင်းမှန်ကိုရော၊ ဒုက္ခအမှန်ကိုရော မသိတာ၊ မသိတာဆိုတာထက် တလွဲ သိမြင်တာဆိုရင် ပိုမှန်မယ်၊ ခု ငါပြောတာကို မင်း မှန်မှန်ကန်ကန်သိအောင် ကိုယ့်ကိုယ်ကိုယ် မြင်အောင် ရှု၊ ကြားလား၊ ဗုဒ္ဓအလိုအရကတော့ လူမျက်စိ နတ်မျက်စိ၊ ဗြဟ္မာမျက်စိတွေဟာ ဒီမျက်စိကို တွယ်တာတဲ့ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတွေကို လွန်စွာ နှိပ်စက် ညှဉ်းပန်းတတ်တယ်၊ အဲဒီမျက်စိဟာ မင်း ခန္ဓာမှာ မင်းကို ဒုက္ခပေးနေတဲ့အရာပဲကွ၊ မင်းမျက်စိမြင်တာကို မင်းက လိုချင် တပ်မက်တယ်၊ မျက်စိကလည်း ရူပါရုံအမျိုးမျိုးကို ကြည့်ဖို့ တောင်းဆိုနေတယ် ရုပ်ရှင်ကြည့်ချင်တယ်၊ တယ်လီဗေးရှင်း ကြည့်ချင်တယ်၊ တေးဂီတပွဲ ကြည့် ချင်တယ်၊ ဘောလုံးပွဲ ကြည့်ချင်တယ်၊ မမြင်ဖူးတာတွေကို ကြည့်ချင်တယ် အဲဒီမျက်စိကြောင့် ဖြစ်တဲ့ ဆန္ဒရာဂ တဏှာက မင်းကို နှိပ်စက်နေကြတယ် မျက်စိက မင်းကို ညှဉ်းပန်းနှိပ်စက်နေတာတွေ ဘယ်လောက်များသလဲ၊ မင်း မြင်အောင် ကြည့်စမ်း၊ အဲဒါကို သဘောပေါက်ဖို့ပိုပါယ်၊ မျက်စိလိုပဲ မျှ ... ဗြဟ္မာ သတ္တဝါတွေကို ခန္ဓာမှာပါလာတဲ့ နား (သောတ)ကလည်း နှိပ်စက် ညှဉ်းပန်းနေတာပဲ၊ သာယာတဲ့သီချင်းသံတွေကို နားထောင်ချင်တယ်၊ သာယာတဲ့ ဂီတသံတွေ၊ ကမ္ဘာကြီးမှာ ဖြစ်ပျက်နေတဲ့ သတင်းတွေ၊ ဟိုအသံ ဒီအသံတွေကို



နားထောင်ချင်တယ်၊ ကိုယ်မနှစ်သက်တဲ့ အသံတွေကို ကြားရတော့ ဒေါမနဿ တွေ ဖြစ်ရပြန်တယ်၊ နားကြောင့် မင်း ဘယ်လောက် ဒုက္ခရောက်ရသလဲ၊ နား က မင်းကို ပင်ပန်းအောင် ဘယ်လောက်နှိပ်စက်သလဲ၊ မြို့ကြီးပြကြီးတွေမှာ ဆူညံသံတွေ ဖိစီးမှုကြောင့် လူတွေမှာ စိတ်ရောဂါတွေ ဖြစ်နေရတယ်၊ အဲဒါ တွေကို စဉ်းစားကြည့်ရင် နားကြောင့် ဖြစ်ရတဲ့ ဒုက္ခ၊ နားရဲ့ နှိပ်စက်တဲ့ဒဏ် ချက် ဘယ်လောက်ကြီးကျယ်တယ်ဆိုတာ မင်း နားလည်လာလိမ့်မယ်၊ ပိုပြီး ထင်ရှားအောင် မင်းကို ငါပြောပြမယ်၊ စစ်ဖြစ်နေကြတဲ့ နေရာမျိုးမှာ နေရတဲ့ လူတွေဟာ ဗုံးသံ၊ အမြောက်သံ၊ ကျည်ဆန်သံတွေကို ကြားရတဲ့အခါ ဘယ် လောက် စိုးရိမ်ထိတ်လန့်ကြမလဲ၊ ဘယ်လောက် သောကရောက်ရမလဲ၊ အဲဒါ နားကြောင့် ရောက်ရတဲ့ ဒုက္ခတွေပဲပေါ့၊ ဒီလိုပဲ နှာခေါင်းကြောင့်၊ ပါးစပ်(လျှာ) ကြောင့် ရောက်ရတဲ့ ဒုက္ခတွေကလည်း ကြီးကျယ်တယ်၊ ကိုယ့်အိမ်ဘေးမှာ အမှိုက်ပုံ ရှိတယ်၊ အိမ်သာတွင်းက လျှံနေလို့၊ ရေဆိုးမြောင်းက ပုပ်နေလို့၊ လူသေကောင်ပုပ်၊ ခွေးသေကောင်ပုပ် အနံ့တွေ လှိုင်နေရင် မင်း ဘယ်လိုနေမလဲ'

'ဒုက္ခရောက်ပါတယ် ဆရာ'

'အေး၊ ငါ့အတွေ့အကြုံတစ်ခုကို ပြောပြမယ်၊ ငါတို့ ကုက္ကိုင်း ရေကူး ကန်လမ်းမှာ နေတုန်းက ခြံထဲမှာ ညမွှေးပန်းတစ်ပင် ရှိတယ်၊ ညကျရင် အိမ် ထဲမှာ မွှေးနေတယ်၊ အစ ပထမတုန်းကတော့ မွှေးတယ်လို့ထင်ပြီး နှစ်သက် တယ်၊ နောက် နေ့စဉ်ရက်ဆက်ကျတော့ အိမ်က သမီးက ခေါင်းမူးလို့ဆိုပြီး သွားနုတ်ပစ်လိုက်ရတယ်၊ အဲဒီအပင်ကို ခုတ်လို့ အိမ်က လူတွေ ရန်ဖြစ်ကြ သေးတယ်၊ အဲဒီနှာခေါင်းကြောင့် ဖြစ်တဲ့ ဒုက္ခတွေပဲ၊ တချို့အမျိုးသမီးတွေ နှာခေါင်းအရသာအတွက် ရေမွှေးမသုံးကြဘူးလား'

'သုံးကြပါတယ်ဆရာ'

'သူတို့သုံးတဲ့ ရေမွှေးတစ်ပုလင်းကို ထောင်နှင့်သောင်းနှင့်ချီပြီး ပေးရတဲ့ နိုင်ငံခြားဖြစ် ရေမွှေးအကောင်းစားတွေ၊ ဒီတော့ နှာခေါင်းအရသာခံဖို့အတွက် ငွေကြေး ဒီလောက်အများကြီးရအောင် ရှာရကာ မပင်ပန်းဘူးလား'

'ပင်ပန်းပါတယ်ဆရာ'

'အေး၊ အဲဒါ ဒုက္ခပေါ့ကွ၊ နှာခေါင်းကြောင့် ... ... သတိရတာ ပြောရဦးမယ်၊ ငါငယ်ငယ်တုန်းက ငါ့အဖေမှာ မောင်မောင် ... ဆိုတဲ့ မောင်တစ်ယောက် ရှိတယ်၊ အဲဒီလူဟာ နှာမည်နှင့်လိုက်အောင်

www.burmeseclassic.com

www.burmeseclassic.com



တော်တော်အေးတယ်၊ တစ်နေ့တော့ သူ့သမီးကလေး နေမကောင်းဖြစ်တယ် အဲဒီအချိန်မှာ အိမ်နီးချင်းတွေ ညှော်တိုက်တယ်၊ အဲဒီညှော်တိုက်တာကို အကြောင် ပြုပြီး ရန်ဖြစ်ကြတယ်၊ ငါ့ဦးလေး ဦးမောင်မောင်အေးဟာ ဒေါသဖြစ်ပြီး ၄ဏ ကြီးတောင် ဓားနှင့် တစ်ဖက်အိမ်ကလူကို ခုတ်ပိုင်းပစ်ပြီး ထွက်ပြေးသွားတယ် ခုချိန်အထိ သူ့သတင်းကို မကြားရတော့ဘူး၊ ဘဝပျက်သွားရတယ်၊ နိုင်ငံခြာ မှာလည်း အိမ်နီးချင်းတွေ ညှော်နံ့ရအောင် ညှော်တိုက်လို့ မရဘူး၊ ညှော်နံ့ တာနဲ့ ရဲကို တိုင်တာပဲ၊ အဲဒါ နှာခေါင်းကြောင့် ဖြစ်တဲ့ ပြဿနာတွေပဲ နှာခေါင်း နှိပ်စက်တဲ့ ဒဏ်ချက်တွေပဲကွာ'

'ဟုတ်ပါတယ်၊ ဆရာပြောမှ ကျွန်တော် ဆင်ခြင်မိတယ်'

'အေး၊ ဖြစ်တည်မှုဝါဒီတွေ ဒုက္ခဖြစ်တာဟာ တခြားလူတွေကြောင့်လို ကိုယ်က လုပ်လို့လို့ ထင်နေကြတယ်၊ ဘယ်ဟုတ်မလဲ၊ မင်းကိုယ်ထဲမှာက ဒုက္ခပေးတဲ့ ကိရိယာတွေ ပါနေတာကို မင်းမှ မဆင်ခြင်တတ်တာ၊ ကဲ ပါးစပ်– လျှာအရသာ ဘယ်လောက် ဒုက္ခပေးသလဲ၊ ငါ့အဖြစ်ကို ပြောပြဦးမယ် ငါ့သားသမီးတွေ စင်ကာပူကို ရောက်နေကြတော့ လူကြုံရရင် သူတို့ဆီက ထောပတ်၊ ဒိန်ခဲ၊ ချောကလက်၊ စပျစ်ခြောက်တွေ၊ နက်စ်ကာဖီတွေ အများကြ ပို့တယ်၊ ငါကလည်း လျှာအရသာကို တော်တော်ခံတဲ့ အကောင် ဆိုတော ပေါင်မုန့်နှင့် ဒိန်ခဲနှင့် ဆင်းဒွစ်လုပ်စားလိုက်၊ နက်စ်ကာဖီ သောက်လိုက် ချောကလက်စားလိုက်နှင့် ဇိမ်ကျနေတာပေါ့၊ အဲဒါ ဘာဖြစ်တယ်မှတ်သလ ဆီးချိုရောဂါဖြစ်တယ်၊ ဆီးချို ဖြစ်တော့ သွေးတိုးလိုက်လာတယ်၊ နောက်ဆုံးတော နှလုံးသွေးကြောကျဉ်းတဲ့ ရောဂါဖြစ်ပြီး ငါတုံးလုံးပက်လက် ဖြစ်သွားတယ် ခုကျတော့ လျှာအရသာကြောင့် ငါ့မှာ ရောဂါတစ်ပုံကြီး ရနေတယ်၊ အရက် သောက်တဲ့လူ၊ ကွမ်းစားတဲ့လူ၊ ဆေးလိပ်သောက်တဲ့လူ၊ နံပါတ်ဖိုး ရှူတဲ့ လ တွေဟာ လျှာရဲ့နှိပ်စက်ခြင်းဒဏ်ကို ခံနေကြရတဲ့လူတွေပဲ မဟုတ်လား၊ ကိုယ အိမ်မှာ နေ့စဉ် စားကောင်း သောက်ဖွယ်တွေ ဘယ်လောက်ပဲ စားနေရ စ နေရ ငွေကုန်ကြေးကျခံပြီး ဟိုတယ်က ဟင်းတွေကို စားနေကြတဲ့လူတွေ ပင်ပင်ပန်းပန်းနှင့် ငွေတွေရှာပြီး ကိုက်လွှက် လက်လွှတ် ဟိုတယ်ပေါ်မှာ တက် ဖြုန်းနေကြတဲ့ လူတွေကို ကြည့်၊ သူတို့စိတ်ထဲမှာ ဒီလို သွားစားနေတာက ဒုက္ခလို့ ထင်သလား၊ သုခလို့ ထင်သလား'

'သုခလို့ပဲ ထင်တာပေါ့'



'အေး၊ အဲဒါ ပုထုဇဥ်ရဲ့ မိုက်မဲမှု၊ ဉာဏ်မျက်စိကန်းမှုပဲ၊ မသိဘူး၊ ဒုက္ခ ကို ဒုက္ခမှန်း မသိဘူး၊ သုခလို့ ထင်နေတယ်၊ ဝက်သား၊ ကြက်သား စားချင် တာ ဒုက္ခ၊ ဝက်သားစားပြီး သွေးတိုးတာ ဒုက္ခ၊ ဒါက စားရတဲ့ဒုက္ခ၊ ဝက်သား စားချင်ပေမယ့် ဝယ်မစားနိုင်တဲ့လူမှာတော့ ဒုက္ခမရောက်ဘူးလား'

'ရောက်ပါတယ်ဆရာ'

'ပြီးတော့ ကိုယ်အထိအတွေ့ကြောင့် ဒုက္ခကလည်း ကြီးကျယတာပဲ၊ ငါ့ ဒုက္ခကို ပြောရဦးမယ်၊ စာရေးတာ ကြိမ်ကုလားထိုင်နှင့် ကြာကြာထိုင်လို့ မရ ဘူး၊ ဖင်နာလာတယ်၊ ဒီတော့ ဖုံကုလားထိုင် ရှာရမယ်၊ ဖုံဆုံလည်ကုလားထိုင် တစ်လုံးဈေးက ဘယ်လောက်ပေးရမယ် မင်းထင်သလဲ'

'တစ်ထောင် နှစ်ထောင် ပေးရမလား မသိဘူး'

'ထောင်ဂဏန်း မရဘူးဟ၊ သောင်းကျော်တယ်၊ နိုင်ငံခြားဖြစ် လက်တင် ပါတာ နှစ်သောင်း ကျော်တယ်၊ မင်းစဉ်းစားစမ်း၊ ကိုယ်အတွေ့ သက်သာဖို့ ဘယ်လောက်ကုန်သလဲ၊ ငါ နှလုံးရောဂါဖြစ်ပြီးတော့ ဘတ်စ်ကား တိုးစီးလို့ မရဘူး၊ အဲဒါ တစ်ပတ်တစ်ခါလောက် မြို့ထဲကို ထွက်ရင် တက်(ခ်)စီခ ငါး ရာလောက် ကုန်တယ်၊ အရင် မရန်းကုန်းမှာ နေတုန်းကဆို ရှစ်ရာလောက် ကုန်တယ်၊ အဲဒီ ရှစ်ရာ ပေးလိုက်ရရင် ငါ့ရင်ထဲမှာ ဘယ်လောက်နာမလဲ၊ ကြာတော့ မခံနိုင်ဘူး၊ တက်(စ်)စီ ကားခကြောင့် နှလုံးရောဂါ ပိုဆိုးသွားနိုင် တယ်၊ ဒါကြောင့် နောက်ဆုံး ကားတစ်စီး ဝယ်ရတယ်၊ ကားစီးရတာ ကိုယ် တော့ သက်သာတာပေါ့ကွာ၊ ဒါပေမယ့် အဲဒီကားဒုက္ခက ဘယ်လောက် ကြီး တယ် မှတ်သလဲ၊ မင်း သဘောပေါက်ရဲ့လား'

'ဟုတ်ကဲ့ တော်တော်မြင်ပါပြီ ဆရာ'

'ဒါက မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ဆိုတဲ့ ဒွါရတွေမှာ ဖြစ်တဲ့ဒုက္ခတွေ၊ အတွင်း မနောဒွါရမှာ ဖြစ်တဲ့ဒုက္ခက အဲဒီဒုက္ခတွေထက်တောင် ပိုပြီး ကြီးကျယ် သေးတယ်၊ စိတ်ထောင်းတော့ ကိုယ်ကြေတယ်ဆိုတဲ့ စကားကို မင်း ကြားဖူး ကယ် မဟုတ်လား'

'ကြားဖူးပါတယ်ဆရာ၊ လိုချင်တာ [illegible] ကြောင့်၊ [illegible] ပါသကြောင့်၊ ဝမ်းနည်းကြေကွဲမှုပေါ့ကြောင့် [illegible] ကြရပါတယ် [illegible]၊ အကြံအစည် များယွင်းမှုကြောင့်လည်း ဒုက္ခအများကြီး ရောက်ရပါတယ်'

'အေး၊ စိတ်ကြောင့် ဒုက္ခ ရောက်ရတာ ပိုများတယ်၊ အလိမ် ခံရလို့

www.burmeseclassic.com



ကျေးဇူးကန်းလို့၊ ဂုဏ်သရေပျက်လို့၊ သစ္စာဖောက်လို့၊ ချစ်သူနှင့် အဆင်မပြေလို့ စိတ်ဆင်းရဲတာတွေဟာ များလှတယ်၊ ဒါက ဒွါရခြောက်ပေါက်မှာ ဖြစ်တဲ့ ဒုက္ခတွေ၊ အဲဒီ နှိပ်စက်ပုံတွေကိုတော့ မင်း နားလည်ရဲ့လား'

'နားမလည်သေးဘူး၊ ပြောပြပါဦးဆရာ'

'မြတ်စွာဘုရားက မျက်စိ၊ နား၊ လျှာ၊ ကိုယ်၊ မနော ဆိုတာတွေဟာ ဘယ်လောက် ဒုက္ခပေးသလဲ၊ ဘယ်လို ဒဏ်ချက်တွေနှင့် ဒုက္ခပေးသလဲ ဆိုတာကိုလည်း တိတိကျကျ ဟောညွှန်ပြတော်မူခဲ့တယ်'

'ဘယ်လိုဒဏ်ချက်တွေနှင့် နှိပ်စက်တာလဲ ဆရာ'

'ဘယ်လိုဒဏ်ချက်တွေလည်းဆိုတော့ (၁) သင်္ခါရဒုက္ခဒဏ်ချက်နှင့် နှိပ်စက်တယ်၊ (၂) ဝိပရိဏာမ ဒုက္ခဒဏ်ချက်နှင့် နှိပ်စက်တယ်၊ (၃) ဒုက္ခဒဏ်ချက်နှင့် နှိပ်စက်တယ်တဲ့ကွ'

'ရှင်းပြပါဦးဆရာ'

'အဲဒါတွေကို ရှင်းမပြခင် မင်း အလွယ်တကူ နားလည်နိုင်တာကို အရင်ပြောမယ်'

'ဟုတ်ကဲ့၊ ကောင်းပါတယ်ဆရာ'

'မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ မနော တွေမှာ လိုချင်တပ်မက်မှု ဆိုတဲ့ ရာဂ တဏှာတွေ ဖြစ်မလာဘူးလား'

'ဟုတ်ပါတယ်၊ ဖြစ်ပါတယ်ဆရာ'

'အေး၊ အဲဒါ ရာဂမီး လောင်တာပဲ'

'ဟုတ်ကဲ့'

'နောက် မြင်ရာ၊ ကြားရာ၊ နံရာမှာ၊ စားရာမှာ ဒေါသမီးကော မလောင်ဘူးလား'

'လောင်ပါတယ် ဆရာ'

'မှန်ပါတယ်၊ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ ဆိုတာတွေဟာ ကိလေ္လသာ မီးတွေပဲ၊ အဲဒီ ကိလေသာ အာသဝေါတရားတွေ ပွားများအောင် လုပ်ခြင်းအားဖြင့် စက္ခုသောတ စသည်က နှိပ်စက်နေတာ အများကြီးပဲ၊ နောက် ပါဏာတိပါတ အစရှိတဲ့ အကုသိုလ် ဒုစရိုက်တရားတွေကို ပွားများအောင်ကော ဒါတွေက မလုပ်ဘူးလား'

'လုပ်ပါတယ် ဆရာ'



'မြင်တယ်၊ မြင်တော့ နှစ်သက်တယ်၊ နှစ်သက်တော့ လိုချင်တယ်၊ လိုချင်တော့ စွဲလမ်းတယ်၊ စွဲလမ်းတော့ မရရအောင်လုပ်တယ်၊ လုပ်တော့ မကောင်းမှု အကုသိုလ်ဒုစရိုက်တွေ ဖြစ်တယ်၊ အကုသိုလ်ဒုစရိုက်တွေ ဖြစ်တော့ မျက်မှောက်တမလွန် နှစ်ဘဝ စလုံးမှာ ဒုက္ခရောက်တာပဲ၊ မဟုတ်လား'

'ဟုတ်ကဲ့၊ ရောက်ပါတယ် ဆရာ'

'နောက်ပြီး မင်းတို့ ငါတို့ ရှိထားတဲ့ ခန္ဓာမှာ ဇာတိမီး၊ ဇရာမီး၊ မရဏမီး၊ သောကမီး၊ ပရိဒေဝမီး၊ ဒေါမနဿမီး၊ ဥပါယာသမီးတွေကလည်း လောင်နေတယ်၊ ဟုတ်ရဲ့လား'

'ဟုတ်ပါတယ်'

'ခု သင်္ခါရဒဏ်ချက်ကို ပြောမယ်၊ ရှေးဘဝက ကုသိုလ်ကံ (ပုညာဘိသင်္ခါရ) တွေကို အားထုတ်ခဲ့လို့ ယခုမျက်မှောက်ဘဝမှာ လူ့စက္ခု၊ နတ်စက္ခု၊ ဗြဟ္မာစက္ခုတွေကို ရကြတဲ့ သုဂတိဘုံသားတွေဟာ ဒီလို ကုသိုလ်ကံ (ပုညာဘိသင်္ခါရ) တွေကို အားမထုတ်ခဲ့ရင် ငရဲစက္ခု၊ တိရစ္ဆာန်စက္ခု၊ အသူရကာယ်စက္ခုတွေကိုသာ ရမှာပဲ၊ ဒါကြောင့် ခု တို့များ ရခဲ့ကြတဲ့ သုဂတိစက္ခုဟာ ကုသိုလ်မှုဆိုတဲ့ ပုညာဘိသင်္ခါရရဲ့ ဒဏ်ချက်ကြောင့် ရတာ၊ ဒါကိုက အရကောင်းလို့ မမှတ်နဲ့၊ စောစောက ပြောခဲ့ပြီ၊ ဒီမျက်စိ ဘယ်လောက် နှိပ်စက်နေတယ်ဆိုတာ၊ နောက်ဘဝမှာလည်း သုဂတိဘဝ သုဂတိစက္ခုကို ရအောင် ဆိုပြီး ကောင်းမှုတွေ လုပ်ကြရဦးမယ်၊ ဒါဟာ သင်္ခါရဒုက္ခရဲ့ ဒဏ်ချက်ပဲ၊ အဲဒါ သံသရာတစ်လျှောက်လုံးမှာ အမြဲ နှိပ်စက်နေတယ်ဆိုတာကို ပေါ်အောင်ကြည့်၊ ပေါ်ရဲ့လား'

'ဟုတ်ကဲ့၊ ရေးရေးပေါ်ပါတယ်ဆရာ'

'ဆိုလိုတာက ခု ရလာတဲ့ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ ဆိုတာတွေဟာ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရရဲ့ ဒဏ်ချက်တွေ၊ ကောင်းမှုကံ၊ မကောင်းမှုကံရဲ့ အကျိုးဆက်တွေပဲ ဆိုတာကို ရှုမြင်တတ်ရမယ်'

'ဟုတ်ကဲ့၊ ရှင်းပါပြီ၊ မြင်ပါပြီ ဆရာ'

'ခု ဝိပရိဏာမ ဒဏ်ချက်အကြောင်းကို ပြောမယ်'

'ဟုတ်ကဲ့၊ ပြောပါဆရာ'

'ဝိပရိဏာမဒဏ်ချက်ဆိုတာ ဘယ်အရာပဲဖြစ်ဖြစ် ခန္ဓာဟာ ပျက်စီးခွင့်ပိုက်လာရင် တစ်ခဏချင်း ပျက်စီးတတ်တဲ့ သဘောရှိတယ်၊ ဒီခန္ဓာဟာ ပဋိသန္ဓေ တည်နေချိန်ကစပြီး အချိန်မရွေး ပျက်စီးသွားနိုင်တဲ့ အခွင့်အလမ်း အမြဲ

www.burmeseclassic.com

www.burmeseclassic.com



ရှိနေတယ်၊ မပျက်စီးနိုင်တဲ့ အချိန်ဆိုတာ မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်မျှတောင် မရှိဘူး၊ ပျက်စီးမှာကိုပဲ ကြောင့်ကြနေရတယ်၊ ကြောက်လန့်နေရတယ်၊ မြို့မှာ လမ်းထွက်ရင် ကားတိုက်ပြီး သေမလား၊ တောမှာ မြွေကိုက်ပြီး သေမလား၊ ကိုယ်ထဲကပဲ ရုတ်တရက် ရောဂါပေါ်လာပြီး ဦးနှောက်အကြောပြတ် သေမလား၊ မတော်တဆဆိုတာတွေကလည်း အခွင့်အလမ်း များလွန်းလို့နော်၊ ပလက်ဖောင်းပေါ် လမ်းလျှောက်သွားရင်း အပေါ်ထပ်က ပန်းအိုး ခေါင်းပေါ် ပြုတ်ကျလို့ သေတာ၊ ဘုရားဖူးသွားရင်း ကားမှောက်လို့ သေတာ၊ သင်္ဘောစီးရင်း သင်္ဘောနစ်လို့ သေရတာတွေ၊ ငါ့သူငယ်ချင်းတစ်ယောက် ဝမ်းချုပ်လို့ ဝမ်းနုတ်ဆေး သောက်တယ်၊ ဝမ်းကောင်းကောင်းမသွားလို့ဆိုပြီး နောက်ထပ် သောက်မိတယ်၊ ဝမ်းမရပ်တော့ဘဲနဲ့ အသက်ဆုံးရှုံးသွားဖူးတယ်၊ မိတ်ဆွေ စာရေးဆရာ တစ်ယောက် ခေါင်းအုံလို့ဆိုပြီး ရေချိုးတယ်၊ ရေချိုးခန်းက ထွက်တော့ မူးလဲသွားတယ်၊ ဦးနှောက်ကြောပြတ်ပြီး ချက်ချင်း သေတာပဲ၊ အဲဒါတွေဟာ ဝိပရိဏာမ ဒဏ်ချက်တွေလေ၊ အို နာ သေဘေးက အမြဲရှိနေလို့ မနာအောင်၊ မသေအောင် အမြဲတမ်း ကြံဆောင်နေကြရတယ်၊ မင်း တစ်သက် သောက်ခဲ့တဲ့ဆေးတွေ ဘယ်လောက် များပြီလဲ၊ အဲဒါ ဝိပရိဏာမဒဏ်ချက်တွေပဲ ကွယ့်'

'ဟုတ်ကဲ့၊ သဘောပေါက်ပါပြီဆရာ'

'နောက်ပြီး ဒုက္ခ၊ ဒုက္ခဒဏ်ချက်ဆိုတာတွေ ရှိတယ်၊ ဒီခန္ဓာမှာ ဖြစ်တာတွေနော်၊ အဲဒါတွေဟာ ကာယိက ဒုက္ခတွေ၊ စေတသိက ဒုက္ခတွေ ရှိတယ်၊ နှလုံးမသာစရာ မြင်ကွင်းကိုမြင်ရလို့ ကာယိကဒုက္ခတွေ ဖြစ်တာတွေ၊ မျက်စိက မြင်လို့ စိတ်ဆင်းရဲတာ၊ ကိုယ်ဆင်းရဲတာတွေ၊ ပြီးတော့ အဲဒီမျက်စိပဲ နာလို့၊ ရောဂါဖြစ်လို့ ဒီမျက်စိ မပျက်စီးအောင် စောင့်ရှောက်ကုသရတာတွေ၊ အဲဒါတွေဟာ ကိုယ်ပင်ပန်း စိတ်ပင်ပန်းမှုတွေချည်းပဲ၊ ဘတ်စ်ကားမစီးနိုင်လို့ မော်တော်ကား ဝယ်စီးပါတယ်၊ ကားစီးရလို့ သက်သာတာ၊ ကာယသုခ၊ စိတ္တသုခရတာနဲ့ နှိုင်းစာရင် ဓာတ်ဆီတစ်ဂါလံ ၃၀၀/နဲ့ ဝယ်ထည့်ရလို့ စိတ်ဆင်းရဲတာ၊ ကားကားချင်း တိုက်မှာကို စိုးရိမ်ရတာ၊ ကားပစ္စည်း အခိုးခံရမှာ စိုးရိမ်ရတာ၊ ကိုယ့်လက်ထဲရောက်မှ ဒီကား [illegible]မှာကို စိုးရိမ်ရလို့၊ ကားပျက်လို့ ဝပ်ရှော့ပို့ရလို့ စိတ်ညစ်ရတာတွေ၊ လမ်းမှာ ဘီးပေါက်လို့ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်ရတာတွေ နည်းသလား၊ အဲဒါတွေဟာ ဒုက္ခ၊ ဒုက္ခဒဏ်ချက်တွေချည်းပဲ'

'ဟုတ်ကဲ့၊ မြင်ပါပြီဆရာ'



'သန္တပ ဒဏ်ချက်ဆိုတာလည်း ရှိသေးတယ်ကွ၊ အဲဒါက မျက်စိက မြင်လိုက်ရော ရာဂမီး၊ ဒေါသမီး စတဲ့ ကိလေသာမီးတွေ မွှားအောင် နှိပ်စက်တာ၊ အဲဒါ ဒီမျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ ခန္ဓာအစုက သတ္တဝါကို နှိပ်စက်နေကြတဲ့ ဒုက္ခတွေပဲလေ'

'အင်း... မြတ်စွာဘုရားက စေ့စေ့စပ်စပ် ဟောထားတာပဲနော်၊ ဒါတွေကို ပုထုဇဉ်တွေက မသိနိုင်တာ၊ မမြင်နိုင်တာဟာ သုတဗုဒ္ဓိဉာဏ်မျက်စိ မရှိလို့၊ ခန္ဓာကိုယ်ကို စိုက်မကြည့်မိလို့၊ စောင့်မကြည့်မိလို့ဆိုတာလည်း ထင်ရှားတာပဲ'

'ဘုရားက ဒုက္ခသစ္စာ ကိုယ့်ခန္ဓာမှာ ဖြစ်နေတာကို မြင်အောင်၊ အနာသိအောင်သာ ဟောတော်မူခဲ့တာ မဟုတ်ဘူး၊ ဒီအနာတွေဖြစ်ရတဲ့ အကြောင်း (သမုဒယ) ကိုပါ သိအောင် ဟောတော်မူခဲ့တာ၊ ဒါမှ အနာသိပြီး ကုစားနိုင်တဲ့ ဆေးကို ရမှာပေါ့၊ မဟုတ်ဘူးလား'

'ဟုတ်ပါတယ် ဆရာ၊ ဒီတရားတွေဟာ သာမန်တရားမျိုးတွေ၊ ပုထုဇဉ်တွေရဲ့ လောဘ ဒေါသကြောင့် ဖြစ်လာတဲ့ တရားမျိုးတွေ မဟုတ်ပါဘူး၊ မြတ်စွာဘုရား မဟာကရုဏာနဲ့ မဟာပညာက ပေါက်ဖွားလာတဲ့ တရားတွေဆိုတာကိုလည်း ကျွန်တော့်နှလုံးသားမှာ ခံစားပြီး သိမြင်လာပါတယ် ဆရာ'

'ဘုရားက သတ္တဝါတွေ၊ အထူးသဖြင့် လူတွေကို သနားလို့၊ ချစ်လို့ ဒီလောက် အပင်ပန်းခံပြီး ဒီတရားတွေကို ရှာခဲ့တာ၊ ရှာတွေ့ပြီး လူသားတွေ သိအောင်လည်း ဟောခဲ့တာပဲ၊ ဒါကို ပုထုဇဉ်တွေက လက်ထဲ ရောက်နေတာတောင် ယူပြီး မသုံးတတ်ဘူး၊ ညံ့ချက်ကတော့ ဒီလောက်ဆိုးတာပဲ'

'အင်း... သုတဗုဒ္ဓိဉာဏ်မျက်စိဆိုတာ ဒါပဲဖြစ်လိမ့်မယ်နော်၊ အကြားအမြင် မရှိတော့ တန်ဖိုးကို မသိဘူးပေါ့'

'ဒုက္ခဖြစ်ရတဲ့ အကြောင်းသမုဒယကတော့ တဏှာစွဲ၊ ဒိဋ္ဌိစွဲကြောင့် ဖြစ်ရတာဆိုတာကို ငါတို့ ရှေ့မှာ ပြောခဲ့ကြပြီးပြီနော်၊ ခု အနာကိုသိပြီ မဟုတ်လား'

'ဟုတ်ကဲ့၊ ဘဝရဲ့အနာ၊ ဘဝရဲ့ ဆင်းရဲနဲ့ ဆင်းရဲရခြင်းအကြောင်းကို [illegible]ကျပါပြီ ဆရာ'

'ဒါကို အနာကင်းခြင်းသဘော၊ ဆင်းရဲကင်းခြင်းသဘောကို မင်းသိရဦးမယ်'

'ဟုတ်ကဲ့ သိပါရစေ၊ ပြောပြပါဦးဆရာ'

www.burmeseclassic.com

www.burmeseclassic.com

## ၈။ အမြင်မှန်မှ ဘဝချမ်းသာ

'ခေတ်သစ်နှစ်ဆယ်ရာစုမှာ ထွန်းကားလာတဲ့ ဒဿနတွေထဲမှာ လူ့ဘဝ အဓိပ္ပာယ်နဲ့ လူ့ဘဝရဲ့ ပန်းတိုင်ကို ရှာတဲ့ သဘော ပါတဲ့အပြင် ရှေးက လူ့ဘ ကို လျစ်လျူရှုပြီး ဗဟိဒ္ဓ လောကအကြောင်းကိုသာ ဦးစားပေး စဉ်းစားခဲ့ ဒဿနတွေနဲ့ သိသိသာသာ လမ်းခွဲခဲ့တဲ့ "ဖြစ်တည်မှုဝါဒ" ဟာ လူ့ဘဝ တန်ဖိုးထား စဉ်းစားလို့ တော်တော်အားကိုးလောက်ပြီ ထင်ခဲ့တာ၊ ခု ဆရာ ဆွေးနွေးကာမှ ဒီဝါဒလည်း မနိပ်ဘူးဆိုတာ ကျွန်တော် သဘောပေါက်လာ တယ် ဆရာ'

'အေး... တိုတိုရှင်းရှင်း ပြောရရင်တော့ ဒီဖြစ်တည်မှုဝါဒဟာ လူတွေ ချောက်တွန်းတဲ့ မိစ္ဆာဝါဒတစ်မျိုး ဖြစ်နေတယ်၊ ဘာနဲ့ အလားသဏ္ဌာန် သလဲဆိုတော့ နာတာရှည်ရောဂါ ခံစားနေရတဲ့ လူနာကို ရောဂါပျောက်အော မကုဘဲနဲ့ သေမှာပဲဗျာ မထူးပါဘူး၊ မသေခင် စားချင်တာစားသွား၊ လုပ်ချင်တ လုပ်သွား၊ အဲဒါ ပြီးတာပဲလို့ စိတ်သက်သာအောင် ပြောတဲ့ တရားမျိုး ဖြစ် တယ်၊ ဒီဝါဒက လူ့ဘဝကို ကြည့်မြင်ရာမှာ တော်တော်ကို မှောက်မှောက်မှား မြင်တယ်၊ ဒီတော့ ပေါ့စေလိုလို့ ကြောင်ရုပ်ထိုး ဆေးအတွက် ပိုလေးဆိုတာ ဖြစ်နေတာပေါ့၊ အမှန်က သမ္မာဒိဋ္ဌိဆိုတဲ့ အမြင်မှန်ကို မရရှိဘဲနဲ့ ဘဝချမ်းသ ကို ဘယ်နည်းနဲ့မှ မရနိုင်ဘူး'

'ဖြစ်တည်မှုဝါဒဟာ ဘဝအမြင်မှားကြီးလို့ ဆရာက စွပ်စွဲတာလား'

'ဟုတ်တယ်၊ ဒီဝါဒဟာ ဟိုမရောက် ဒီမရောက်နဲ့ ကပေါက်တိ ကပေါက် ဝါဒကြီးပဲ၊ ကလေးကို အငိုတိတ်အောင် ချော့တဲ့ သားချော့သီချင်းနဲ့ တူတ

'ဟား... ဟား... ဆရာ့ဥပမာက ကောင်းလှချည်လား'



'ခပ်ကောင်းကောင်းပဲ၊ ကလေးငိုတာကို အငိုတိတ်အောင် မိခင်က ဖိုးလ မင်းကြီးရေ ထမင်းဆီဆမ်း၊ ရွှေလင်ပန်းနဲ့ ပေးပါဟော့လို့ တေးဆိုပြီး တောင်းတယ်၊ ကလေးစိတ်ထဲ အားထားစရာတစ်ခု၊ တပ်မက်စရာတစ်ခုလို့ ထင်ပြီး အငိုတိတ် သွားတယ်၊ ဒီလိုပဲ ဒုတိယ ကမ္ဘာစစ်အပြီးမှာ ဘဝအတွက် စိတ်ပျက်အားငယ် နေကြတဲ့ ဥရောပက လူတွေကို မစားရ ဝခမန်း စိတ်ကူးသစ်တစ်ခု ပေးပြီး ဖြေသိမ့်ဖို့အတွက် ဒီဝါဒ ပေါ်လာတာ မဟုတ်လား၊ စာပေအနုပညာနယ်မှာ ဒီ ဝါဒရဲ့ ဩဇာနယ် ကျယ်ပြန့်သွားတယ်ဆိုတာကလည်း မဆန်းဘူး၊ စကားဆန်း တွေ ပြောရင် လူကြိုက်မလားဆိုပြီး လုပ်ကြတဲ့လူတွေကြောင့် ကျယ်ပြန့်သွား တာပါ'

'ဖြစ်တည်မှုဝါဒရဲ့ မှားယွင်းနေတဲ့အချက်တွေကို ထောက်ပြပါဦး ဆရာ'

'အေး... မင်းမဆိုးဘူး၊ မင်းမေးခွန်းက ချက်ကျတယ်၊ သံသယကင်းစင် အောင် မေးတတ်တယ်၊ အဲဒါ ဖြေသင့်တယ်၊ ကဲ ... တို့ ပြန်ကြည့်ရအောင်၊ ဆိုးတော့ မဆိုးဘူးကွ၊ ယန်းပေါ်ဆတ်က လူတစ်ယောက်မှာ အတ္တကောင် တစ်ကောင် ရှိရှိနေတယ်ဆိုတာ မဟုတ်ဘူးဆိုပြီး အတ္တဝါဒကို ပယ်လိုက်တယ်၊ ဒါပေမယ့် ဒါက အပြောပဲ၊ သူ့စိတ်ထဲမှာတော့ လူကို ပုဂ္ဂိုလ်တစ်ခု၊ သတ္တဝါ တစ်ကောင်လိုပဲ မြင်နေတယ်၊ ပြီးတော့ လူတစ်ယောက်အဖို့ လူ့ဘဝမှာ သူ ပိုင်ဆိုင်ခဲ့သမျှတွေဟာ သူပြုမူဆောင်ရွက်ခဲ့တဲ့ အလုပ်တွေ (ကံတွေ) ပဲ ဆိုတဲ့ သဘောနဲ့လည်း ပြောတယ်၊ ဒါဟာလည်း ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိသည် လို့ သူ့အရင် နှစ်ပေါင်း ၂၅၀၀ ကျော်က ဟောထားခဲ့တဲ့ မြတ်ဗုဒ္ဓရဲ့ အဆုံးအမ တွေနဲ့ တူသလိုလိုပဲ၊ ဒါပေမယ့် ဘယ်မှာ ချော်ထွက်သွားသလဲဆိုတော့ လူဟာ ရုပ်ဝတ္ထုပစ္စည်း မဟုတ်ဘူး၊ အပြုခံ အရာဝတ္ထုတစ်ခုလည်း မဟုတ်ဘူး၊ သိ စိတ် ဖြစ်စဉ်တစ်ရပ်သာ ဖြစ်တယ်၊ အဲဒီသိစိတ်ရဲ့ နောက်ဆုံးလားရာ ပန်းတိုင် ဟာလည်း ဘာလဲဆိုရင် ဥသုံဖြင်းပယ်ခြင်း၊ ဘာမှ အဓိပ္ပာယ် မရှိခြင်း၊ နတ္ထိ ဖြစ်ခြင်းပဲကွ၊ မဟုတ်ဘူးလား'

'ဟုတ်ပါတယ် ဆရာ၊ ဒါပေမယ့် သူက လူရဲ့ ဖြစ်တည်မှု ဘဝထဲမှာ မတည်မြဲခြင်း (အနိစ္စ) သဘောနဲ့ အစိုးမရခြင်း (အနတ္တ) သဘောတွေက အမြဲ ရှိနေတယ်လို့ ပြောတဲ့နေရာမှာ ဗုဒ္ဓနှင့် မနီးစပ်ဘူးလား'

'ဟေ... ဘာမှ မဆိုင်ဘူးကွ၊ လုံးဝ မနီးစပ်ဘူး၊ အနိစ္စအကြောင်းကို ပြော ပေမယ့် အပေါ်ယံသဘောပဲ၊ သူ့မှာ အနိစ္စ ဝိဇ္ဇာဉာဏ် မပေါက်ဘူး၊ အနတ္တ

www.burmeseclassic.com

www.burmeseclassic.com



သဘောကို ပြောတာကလည်း လုံးဝ ငြင်းပယ်ခြင်းသဘောနဲ့ ပြောတာ၊ မင်း စဉ်းစားကြည့်လေ၊ သူတို့က လူ့လောကမှာ လူဟာ တစ်စုံတစ်ခုကို ရယူလို တဲ့ အတွက် အလုပ်အကိုင်၊ အပြုအမူတွေကို ကြိုးစားလုပ်ကိုင် ဆောင်ရွက် ကြတယ်၊ ဒါပေမယ့် နောက်ဆုံးမှာ လူဟာ လူ့ဘဝမှာ ဘာဆိုဘာမှ ရမသွား ဘူးတဲ့၊ ကိုယ် ပိုင်ဆိုင်တယ်လို့ ယူဆထားတဲ့ ကိုယ့်ကိုတောင် မရဘူး၊ မပိုင် ဆိုင်ဘူး၊ တကယ့်တကယ်တော့ လူသားတိုင်းရဲ့ဘဝဟာ လုံးဝဥဿုံ အဓိပ္ပာယ် ကင်းမဲ့တဲ့ အဖြစ်ပဲ၊ ဘာဆိုဘာမှ သတ်သတ်မှတ်မှတ် ပြောဆိုလို့မရတဲ့ အဖြစ် ပဲတဲ့၊ ဘယ်လိုလူမျိုးပဲဖြစ်ဖြစ် နောက်ဆုံးမတော့ ဘာမှ အဓိပ္ပာယ် မရှိ၊ ဘာမှ တန်ဖိုးမရှိတဲ့အဖြစ်နဲ့ အဆုံးသတ်သွားကြရမှာပဲတဲ့'

'ဒါက သေခြင်းတရားကို သူမြင်တဲ့အမြင် မဟုတ်လား ဆရာ'

'အေး... ပြန်ပြောမယ်၊ ဘယ်က စ မှားသလဲဆိုတော့ လူဟာ ရုပ်ဝတ္ထု မဟုတ်ဘူး၊ စိတ်ဖြစ်စဉ်သာ ဖြစ်တယ်ဆိုတာက စ မှားတယ်၊ အဲဒီစိတ် ဖြစ်ရပ် ဟာလည်း နောက်ဆုံးမှာ (သေတဲ့အခါ) လုံးဝ မရှိ၊ ဘာမှမရှိတဲ့သဘော၊ နတ္ထိ ဖြစ်သွားတယ်ဆိုတာတွေဟာ ဒိဋ္ဌိခြောက်ဆယ့်နှစ်ပါးထဲမှာပါတဲ့ ဒိဋ္ဌိအယူပဲကွယ့် ဒီဖြစ်တည်မှုဝါဒတွေဟာ ရုပ်နာမ်ခန္ဓာတွေရဲ့ ဖြစ်ပျက်ကို မမြင်တတ်ဘူး၊ လူ မှာ ရူပက္ခန္ဓာခေါ်တဲ့ ရုပ်ခန္ဓာအစုက တစ်စု၊ နာမ်ခန္ဓာက လေးစုရှိတယ် ဆိုတာ တွေကို မမြင်နိုင်ဘူး၊ ခန္ဓာတွေရဲ့ ဖြစ်ပျက်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို သိမြင် နိုင်တဲ့ ဉာဏ်မျိုး မရှိဘူး၊ နောက်ပြီး လူ့ဘဝမှာ သူလုပ်ခဲ့တာတွေပဲ ကိုယ်ပိုင် ရှိတယ်၊ ဒါတွေဟာလည်း သေပြီးရင် ဘာမှ အဓိပ္ပာယ် မရှိတော့ဘူးဆိုတဲ့ သဘောမျိုး ပြောဆိုတယ်၊ အဲဒါဟာလည်း အန္ဓပုထုဇဉ်ရဲ့ ဉာဏ်အမြင် တိမ်း တွေကို ဖော်ပြနေသလိုပဲ၊ ကမ္မသကတာ သမ္မာဒိဋ္ဌိ မရှိဘူး၊ ကမ္မနိယာမကို နားမလည်ဘူး၊ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက အနောက်နိုင်ငံ ဖြစ် ဓာတ်ခွဲခန်း၊ ဓာတ်ခွဲကျမ်းတို့မှာ ရုပ်ဓာတ်ခွဲနည်းသာ လာတယ်၊ နာမ် ဓာတ်ခွဲနည်း မလာဘူး၊ နာမ်ဓာတ်ခွဲနည်းဟာ ရုပ်ဓာတ်ခွဲနည်းထက် အ အရာ အထောင်မက ကြီးကျယ်တယ်၊ နက်နဲတယ်၊ ခက်ခဲတယ်၊ ဒါဟာ သိပ္ပံ ပညာ ဆရာတွေရဲ့ ဉာဏ်လောက်နဲ့ မတန်ဘူး၊ အဘိဓမ္မာ ပညာရှိတွေရဲ့ အရာ သာ ဖြစ်တယ်လို့ ဆိုထားတယ်၊ အမှန်က ဗုဒ္ဓဝါဒအမြင်မှာ ရုပ်ဓာတ်အစဉ် နာမ်ဓာတ်အစဉ် ရှိတယ်၊ အဲဒီ ရုပ်ဓာတ်အစဉ် နာမ်ဓာတ်အစဉ်ဆိုတဲ့ ဖြစ်စဉ် ကြီး နှစ်ခုအနက် ရုပ်ဓာတ်ဖြစ်စဉ် ဆိုတဲ့ ကိုယ်ကောင်သဏ္ဌာန်ဟာ တစ်ဘ



မှာ တစ်ခါတစ်ခါ သေရတယ်၊ သေတဲ့အခါ အစဉ်ပြတ်တယ်တဲ့၊ နိယာမဒီပနီ မှာ လယ်တီဆရာတော်ဘုရားကြီးက ရှင်းပြထားတယ်၊ ဒါက ရုပ်ဓာတ်အစဉ် နော်၊ အေး... နာမ်ဓာတ်အစဉ်ကျတော့ အနမတဂ္ဂ သံသရာ၌ အနန္တ ရုပစ္စည်း တစ်ဆက်တည်း ဆက်လျက်ရှိတယ်၊ ကမ္ဘာပျက်ပြီး အောက်ဘုံစု မရှိတဲ့အခါ ကျရင် အဲဒီ နာမ်စဉ်တို့က မိမိတို့ ကံပို့ဆောင်ရာ အထက်ဘုံတွေမှာ အဆင့် ဆင့် တက်ပြီး ဖြစ်ကြရပြန်တယ်တဲ့၊ ကမ္ဘာတည်ထောင်ပြီး ပြန်ဖြစ်လာတဲ့အခါ အကုသိုလ်ဘက်က အခွင့်သာပြန်တဲ့အတွက် အောက်ဘုံ၊ အောက်ဘဝတွေကို ကျရောက်ကြရပြန်တယ်တဲ့၊ အဲဒီလို နာမ်အစဉ် ရောက်ရာရောက်ရာအရပ်မှာ ရုပ်ခန္ဓာတွေလည်း အသစ် အသစ် ဖြစ်ကြရပြန်တယ်တဲ့၊ အဲဒါ ဖန်ဆင်းလို့ ဖြစ်တာ မဟုတ်ဘူး၊ ကမ္မနိယာမ အားဖြင့် သတ္တလောကဖြစ်တည်ပုံပဲတဲ့၊ ကံ ဆိုတာ မင်းသိရဲ့လား'

'ကံဆိုတာ ပြုလုပ်တာ မဟုတ်လား ဆရာ'

'အဲဒါက လူပြိန်းသိကွယ့်၊ အမှန်က ကံဆိုတာဟာ နာမ်အစဉ်မှာ သိ စိတ်နဲ့ အတူ ပဋိသန္ဓေဝိညာဉ်နဲ့ တွဲပြီး ပါနေတဲ့ "စေတနာဓာတ်ကြီး" ကွ၊ Mental Potentiality ကြီးတစ်ခုပဲကွ၊ စိတ်ရဲ့ စွမ်းဆောင်နိုင်တဲ့ တန်ခိုးသတ္တိကြီး တစ်ခုပဲ၊ အဲဒီ စေတနာဓာတ်ကြီးဟာ အမှုကိစ္စအားလုံးမှာ သူက ထကြွ လှုံ့ ဆော်တယ်၊ ဘာတွေ လုပ်နေသလဲဆိုတော့ လိုလားတောင့်တတယ် (will)၊ မိမိအလိုကို ပြဋ္ဌာန်းတယ် (volitin)၊ ကြံရွယ်တယ်၊ ရည်သန်တယ် (intention)၊ တိုက်တွန်းတယ် (motivation)၊ လိုလားတောင့်တတယ် (conation)၊ တွန်းပို့တယ် (drive)၊ လှုံ့ဆော်တယ် (stimulus)၊ စီမံတယ် (disposition)၊ ဆုံးဖြတ်တယ် (determination)၊ လုံ့လစိုက်တယ် (effort)၊ ရွေးချယ်တယ် (choice)၊ အဲဒါတွေ အားလုံးကို ဖန်တီးထားတာဟာ စေတနာဓာတ်ကြီးပဲကွ၊ အဲဒီစေတနာက စိတ်ဝိညာဉ်ကို အစဉ်လှုံ့ဆော်ပြီး ထကြွအောင် လုပ်မနေဘူးဆိုရင် ဘယ်အမှု ကိစ္စမှ ပြီးစီးကြမှာ မဟုတ်ဘူး၊ ဒီစေတနာက စိတ်ဝိညာဉ်ကို လှုံ့ဆော်ပြီး ထကြွအောင် လုပ်နေလို့သာ ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ အမှုကိစ္စတွေ ပြီးစီးနေကြတာ ဖြစ်တယ်၊ သဘောပေါက်ပြီလား'

'ဟုတ်ကဲ့၊ အမှန်ပဲ လေးနက်ပါတယ်ဆရာ'

'အဲဒီကံသတ္တိတွေအားလုံးဟာ စေတနာရဲ့ သတ္တိတွေပဲနော်၊ စိတ်အစဉ်မှာ ဒီစေတနာဆိုတဲ့ဓာတ်ကြီး အမြဲပါရှိနေတာကြောင့် ဖြစ်တည်မှုဝါဒီတွေ တွေးခေါ်

www.burmeseclassic.com

www.burmeseclassic.com



သလို သူလုပ်ခဲ့တဲ့ ကံတွေဟာ သူသေရင် အဟောသိကံ အချည်းနှီး ဖြစ် မသွားဘူးလား၊ ပဋိသန္ဓေ ဝိညာဉ်နဲ့အတူ ခန္ဓာအစဉ်မှာ အစဉ်လိုက်ပါနေ တယ် ဆိုတာ နု မင်း သဘောပေါက်ပြီ မဟုတ်လား'

'ဟာ ဆရာရယ်၊ နုမှ ရှင်းသွားတာပဲ'

'ဒီလောက်နဲ့ မပြီးသေးဘူးကွယ့်၊ အဲဒီ သူပြုခဲ့တဲ့ကံဟာ သက်ရှိလောက မှာ ဘဝဖြစ်တည်မှုရဲ့ မျိုးစေ့နဲ့ တူတယ် ဆိုတာကိုပါ မင်း ကောင်းကောင်း သဘောပေါက်ဖို့ လိုတယ်'

'ဟုတ်ကဲ့၊ ရှင်းပါဦးဆရာ'

'လယ်တီဆရာတော်ဘုရားကြီးရဲ့ စကားလုံးတွေကို ယူပြီးပဲ ပြောမယ်နော်'

'ဟုတ်ကဲ့၊ ပြောပါဆရာ'

'စေတနာစေတ်ကြီးဟာ သရက်မျိုးစေ့၊ ပိန္နဲမျိုးစေ့တို့လိုပဲ သတ္တဝါတို့ရဲ့ လောကမှာ မျိုးစေ့စေတ်ကြီး ဖြစ်တယ်တဲ့၊ သရက်မျိုးစေ့က သရက်ပင်ပေါက် ရသလို၊ ပိန္နဲမျိုးစေ့က ပိန္နဲပင် ပေါက်ရသလို အဲဒီစေတနာ (ကံ) မျိုးစေ့က ထိုထိုဘဝတို့၌ပင် လူပင်တွေ၊ နတ်ပင်တွေ၊ တိရစ္ဆာန်ပင်တွေ၊ ပြိတ္တာပင်တွေ ပေါက်ကြရတယ်တဲ့၊ ဒီမှာ လူကောင်၊ နတ်ကောင်၊ ခွေးကောင်၊ ဝက်ကောင် တွေကို လူပင်၊ နတ်ပင်၊ တိရစ္ဆာန်ပင်တို့လို့ ပြောတာကွယ့်'

'ဟုတ်ကဲ့၊ ကံက မျိုးစေ့ ဘယ်လိုဖြစ်တယ်ဆိုတာကိုလည်း ရှင်းပြပါဦးဆရာ'

'အဲဒါ မင်းတို့ အထင်ကြီးနေတဲ့ ဖြစ်တည်မှုဝါဒနဲ့ ဗုဒ္ဓဝါဒဟာ မိုးရေပေါက် နဲ့ သမုဒ္ဒရာ နက်ရှိုင်းပုံချင်း ကွာသလို ကွာခြားတာပဲကွယ့်၊ မင်းတို့ ဖြစ်တည် ဝါဒဟာ လူ့ဘဝကို အပေါ်ယံရုပ်ကြည့်တဲ့အမြင်၊ ဒီတော့ သတ္တဝါရဲ့ ခန္ဓာအစဉ် မှာ ကံသတ္တိတွေဟာ ဘဝအဆက်ဆက် ဘယ်လိုဘယ်ပုံ လိုက်နေတယ်ဆိုတာ ဘယ်နည်းနဲ့ နားလည်နိုင်ပါ့မလဲ၊ ဒါက ကမ္မဿကတာ သမ္မာဒိဋ္ဌိရှိမှ ဖြစ်နိုင် တာမျိုးပဲ၊ ဖြစ်တည်မှုဝါဒက ကံနဲ့ ပဋိသန္ဓေဆက်စပ်ပုံကို လုံးဝ မမြင်နိုင်ဘူး'

'ဟုတ်ပါတယ်ဆရာ၊ သူတို့မှာ အဲဒီလောက် နက်နက်ရှိုင်းရှိုင်း သိမြင်နိုင်တဲ့ ဉာဏ်မျိုး မရှိပါဘူး၊ ကံနဲ့ ပဋိသန္ဓေ ဆက်စပ်ပုံကို ရှင်းပါဦးဆရာ'

'စေတနာဟာ ကံပဲဆိုတာကို ရှင်းခဲ့ပြီနော်'

'ဟုတ်ကဲ့၊ ရှင်းပြီးပါပြီ'

'အဲဒီကံဟာ သတ္တဝါတစ်ဦးတစ်ယောက်ဆီမှာ နှစ်မျိုးစီရှိတယ်၊ ပုညာဘိ သင်္ခါရဆိုတဲ့ သုစရိုက်ကံ၊ ကုသိုလ်ကောင်းမှုပေါ့ကွာ၊ ပြီးတော့ အပုညာဘိသင်္ခါ ရ



လို့ ခေါ်တဲ့ ဒုစရိုက်ကံတွေ (အကုသိုလ်တွေ) ရှိတယ်၊ ဒါတွေဟာ သူ တစ်သက် လုံး ပြုမူဆောင်ရွက်ခဲ့တာတွေနော်၊ အဲဒီအထဲမှာ အမြဲတမ်းလုပ်နေကျ အကျင့် ပါနေတဲ့ အာစိဏ္ဏကံတွေလည်း ရှိတာပေါ့၊ ဟုတ်လား'

'ဟုတ်ပါတယ် ဆရာ'

'အေး... ဟုတ်တယ်၊ သိပ်ဟုတ်တာပေါ့၊ သေခါနီးကျတော့ အဲဒီကံတွေ၊ ကမ္မနိမိတ်တွေ၊ မရဏာသန္နဇော ကပ်တဲ့ အချိန်မှာ ပေါ်လာကြတယ်၊ သေခါနီးမှာ သုစရိုက်ကံတွေ အခွင့်အခါသင့်ရင် သုစရိုက်ကံတွေ ပေါ်တယ်၊ ဒုစရိုက်ကံ အားကြီးခဲ့ရင် ဒုစရိုက်ကံတွေ ကမ္မနိမိတ်တွေ ပေါ်တယ်၊ အဲဒီလို သေငယ်ဇော ကပ်နေတဲ့အချိန်မှာ သုစရိုက်ကံ ပေါ်ပြီး စိတ်ကောင်းနှလုံးကောင်း ဖြစ်နိုက် စုတိစိတ် ကျသွားရင် သုဂတိဘဝမှာ ပဋိသန္ဓေဝိညာဏ် သွားဖြစ်တာပဲ၊ သေခါ နီးမှာ မကောင်းတဲ့စိတ်တွေ၊ မကောင်းတဲ့နှလုံးတွေ ပေါ်ခိုက် စုတိစိတ် ကျ သွားရင် အဲဒါ သောက်ကျိုးနည်းတာပဲ၊ အဲဒီကံက အာသန္နကံခေါ်တယ်၊ အဲဒီ ကံက ဒုဂ္ဂတိဘဝကို ဆွဲချပြီး ဒုဂ္ဂတိမှာ ပဋိသန္ဓေဝိညာဏ် သွားဖြစ်တယ်၊ မျိုးစေ့ ကျရာမှာ သစ်ပင်ပေါက်ရသလိုပဲပေါ့၊ ဒါကို တို့ထေရဝါဒ အစဉ်အလာမှာ ကံ ပစ်ချတယ်လို့ သုံးနှုန်းကြတယ်၊ ဒီလိုဆိုတော့ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ် ကို သူပြုခဲ့တဲ့ ကံက ထိုထိုဘဝသို့ ပို့ဆောင်ပစ်ချတယ်လို့ လူပြိန်းတွေရဲ့ စိတ် ထဲမှာ ထင်မြင်သုံးစွဲနေကြတာပေါ့လေ၊ တကယ့်တကယ်တော့ ဒီလို မဟုတ်ဘူး၊ ယခုဘဝ ပြုခဲ့တဲ့ ကံ (ကုသိုလ်ကံ၊ အကုသိုလ်ကံ) က နောင်ဘဝမှာ ပဋိသန္ဓေ ခန္ဓာသစ်ကို ပေါ်ပေါက်အောင် အကြောင်းပြုလိုက်တာကို ပြောတာ၊ ဒီနေရာမှာ ပုဂ္ဂိုလ်သတ္တဝါ၊ ယောကျ်ား၊ မိန်းမတွေကို ထည့်မစဉ်းစားနဲ့၊ ကံဆိုတာ၊ စေတနာ ဆိုတာ လူပုဂ္ဂိုလ်က လုပ်တာ မဟုတ်ဘူး၊ ဒီဘဝ ဖြစ်တည်နေတဲ့ ရုပ်ဓာတ်၊ နာမ်ဓာတ်က လုပ်တာ၊ စေတနာဆိုတာဟာလည်း နာမ်ဓာတ်ကြီးပဲ၊ ရှင်းခဲ့ပြီးပြီ၊ ဟုတ်ရဲ့လား'

'ဟုတ်ပါတယ် ဆရာ'

'အေး... ဟုတ်တယ်၊ အဲဒီနာမ်ဓာတ် စေတနာ(ကံ)က နောက် ရုပ်နာမ်သစ် တစ်ခုကို ဘဝဖြစ်တည်လာအောင် အကြောင်းပြုလိုက်တယ်၊ အဲဒီအကြောင်း Cause ကြောင့် ရုပ်နာမ်သစ်တစ်ခုဟာ အကျိုး Effect အဖြစ်နဲ့ပဲ ပေါ်လာတယ်၊ ပဲ၊ အဲဒီလို ဘဝတစ်ခုမှာ ရ,ထားတဲ့ ရုပ်နာမ်ပြုခဲ့တဲ့ ကံက နောက်ဘဝ သုဂတိဘုံ၊ ဒုဂ္ဂတိ ဘုံမှာ ရုပ်သစ်ခဲ၊ နာမ်သစ်ခဲဖြစ်အောင် ဖန်တီးတတ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



သဘောကို ကမ္မနိယာမလို့ ခေါ်တယ်၊ အမှန်ပြောရရင် ဒီသဘောတရားဟာ အရှေ့တိုင်းမှာ ဘုရားမပွင့်ခင် သာသနာပ သုညကမ္ဘာတွေကလည်း ရှိခဲ့တယ် ဒါတောင် နှစ်ဆယ်ရာစု အတွေးအခေါ်ဖြစ်တဲ့ အဲဒီဖြစ်တည်မှုဝါဒဟာ ဒီလော နက်နက်ရှိုင်းရှိုင်း မသိနိုင်ခဲ့ဘူး၊ တော်တော်တိမ်တဲ့ အတွေးအခေါ်ပဲ'

'ဆရာပြောမယ်ဆိုလည်း ပြောစရာတော့ ဖြစ်နေပါပြီ'

'ငါက တမင် ပုတ်ခတ်ချင်လို့ ပြောတာ မဟုတ်ပါဘူး၊ အယူဝါဒ အမြ လွဲမှားသွားရင် အပါယ်မှာ ချောက်ကျသွားမှာ စိုးလို့ပါကွာ'

'လူ့ဘဝကို တန်ဖိုးထားတဲ့ အတွေးအခေါ်ဆိုရင် လူ့ဘဝကို ချောက်က သွားအောင် ဘယ်လုပ်သင့်ပါ့မလဲ'

'တစ်ခုတော့ ရှိတာပေါ့ကွာ၊ သူတို့ကလည်း လူတွေ ချောက်ကျအော တမင် ရည်ရွယ်ပြီး ပြောခဲ့တာတော့ မဟုတ်ပါဘူး၊ စေတနာရင်းကတော့ ဘဝမှာ လူတွေ စိတ်ပျက်အားငယ် မနေစေချင်လို့၊ စိတ်ချမ်းသာစေချင် ပြောခဲ့ကြတာနဲ့ တူပါရဲ့၊ သို့ပေမယ့် အယူဝါဒက အန္ဓပုထုဇဉ်တို့ရဲ့ အယူဝ ဖြစ်နေတော့ အမှန်တရားကို ဘယ်မြင်နိုင်မလဲ၊ အကန်းဝါဒဖြစ်နေတာ နောက်တစ်ခု မင်းကို သတိပေးတဲ့အနေနဲ့ ပြောရဦးမယ်၊ မင်းတို့ ခု လေ့လ နေတဲ့ ဒဿနပညာမှာ အမှန်တရားကိုသိအောင် နည်းမျိုးစုံနဲ့ ကြိုးစားခဲ့ကြ ပဲ၊ သိနည်းအမျိုးမျိုးကို လေ့လာတဲ့ "အီပစ္စတီမိုလိုဂျီ" ဆိုဟာလည်း ရှိတ မဟုတ်လား'

'ရှိပါတယ် ဆရာ'

'အေး... အဲဒီသိနည်းသဘောတရားပညာမှာ Theory of Knowledge အစ မှားနေတယ်'

'ဟုတ်လားဆရာ'

'ဟုတ်တယ်'

'ဘာဖြစ်လို့လဲဆရာ'

'ဘာဖြစ်လို့လဲဆိုတော့ အတ္တစွဲတွေကြောင့်ပဲကွ၊ အတွေ့အကြုံ၊ အာရုံ တွေနဲ့သိမှ အသိမှန်ကန်တယ်ဆိုတဲ့ လူတွေကလည်း သူတို့ရဲ့ အတွေ့အကြုံ ကို ဂိုဏ်းဂဏစွဲနဲ့ တည်ဆောက်ပြီး တစ်စင်ထောင်တယ်၊ ဆန့်ကျင်ဖက်ဖြစ် ရာရှင်နယ်လစ် ခေါ်တဲ့ ဆင်ခြင်တုံတရားစွဲ ဝါဒီတွေကလည်း ဆင်ခြင် မှန်တယ်၊ အတွေ့အကြုံနဲ့သိတဲ့ အသိဟာ မမှန်ဘူးဆိုပြီး သူတို့ဝါဒစွဲ ကို



စွဲနဲ့ တစ်စင်ထောင်တယ်၊ ဗုဒ္ဓကတော့ အဲဒါတွေအားလုံးကို ပယ်တယ်၊ ဗုဒ္ဓ ရှင်တော်မြတ်က အမှန်ကို သိတဲ့အသိ၊ အရှိကို အရှိအတိုင်း သိတဲ့အသိဟာ "အတက္ကာဝစရော" ဖြစ်တယ်တဲ့၊ ဆင်ခြင် တွေးခေါ်ဉာဏ်သက်သက်ဖြင့် မသက် ဝင်နိုင်ဘူး၊ မသိနိုင်ဘူးတဲ့၊ ဆင်ခြင်ဉာဏ်ဆိုတာက ပညတ်နယ်မှာ ကျက်စားနိုင် တဲ့ ဉာဏ်မျိုး ဖြစ်တယ်၊ ဒါကြောင့် ဘဝရဲ့ အရှိကို သိတဲ့ အသိဉာဏ်ရရှိဖို့ရာ အတွက် သိမှုဗေဒမှာ အဆင့်လေးဆင့် ရှိရမယ်တဲ့၊ အဲဒါတွေကတော့ (၁) ပရိ ညေယျပိုင်း၊ (၂) ပဟာတဗ္ဗပိုင်း၊ (၃) သစ္ဆိပဏာတဗ္ဗပိုင်း၊ (၄) ဘာဝေတဗ္ဗပိုင်း၊ မှန်ကန်တဲ့ အသိပညာတစ်ခုကို ရဖို့ရာမှာ (၁) ပိုင်းပိုင်းခြားခြား သိရမည့် ကိစ္စ လည်း တစ်ရပ်၊ (၂) အသိမှန်ဖို့အတွက် ပယ်သင့်တာတွေကို ပယ်ရမည့်အပိုင်း၊ (၃) ပြီးရင် မျက်မှောက်ထင်ထင် သိမြင်မှု ဆိုက်ရောက်ရမည့် အပိုင်း၊ ဒါက ကိုယ်တွေ့ဉာဏ် Personal Experience ဆိုက်ရောက်ရမည့်အပိုင်း၊ (၄)ကတော့ မိမိ သန္တာန်မှာ ဖြစ်ပွားစေမည့် အပိုင်း ဆိုပြီး ပြဆိုတော်မူတယ်၊ ဒါကြောင့် မှန်ကန်တဲ့ အသိပညာကို ရချင်ရင် သာမန် အန္ဓဉာဏ်လောက်နဲ့ မသိနိုင်ဘူး၊ "ယထာဘူတံသမ္မပ္ပညာယဒဋ္ဌဗ္ဗ" တဲ့၊ အရှိသဘာဝကို အရှိအတိုင်း အမှန်သိတဲ့ ဉာဏ်နဲ့သာ ဘဝကိစ္စတွေကို ရှုမှသာ ဘဝနဲ့ပတ်သက်တဲ့ အမြင်မှန်ကို ရမှာ ပေါ့၊ ပဏ္ဍိတဝေဒနီယောဆိုတာ ဝိပဿနာအကျင့်အမှန်ကို ကျင့်ကြံတဲ့ ပညာရှင် တို့သာလျှင် ဘဝသစ္စာတရားတွေကို ကိုယ်တွေ့ဉာဏ်ခေါ်တဲ့ Personal Experience နဲ့ သိမြင်နိုင်တယ်တဲ့'

'ဒီအချက်ကတော့ တကယ့်ကို အနောက်တိုင်းဒဿနအတွက် သိသိသာ သာ ထူးခြားတာပါပဲ ဆရာရယ်၊ အနောက်တိုင်းဒဿနမှာ ဒီလို ထူးခြားတဲ့ ဉာဏ်၊ ထိုးထွင်းမှု သိမြင်နိုင်တဲ့ ဉာဏ်မျိုးကို လက်မခံဘူး၊ ဒါကို လူတိုင်းမသိနိုင် တဲ့ ဂမ္ဘီရဉာဏ် Mysticism လျှို့ဝှက်နက်နဲတဲ့ ဝါဒဆိုပြီး ပယ်တယ်၊ ကဲ့ရဲ့တဲ့ သဘောရှိတယ်၊ အိုင်းစတိုင်းက သူဟာ ရီလေတီဗစ်တီဆိုတဲ့ သဘောတရားကို အာရုံသိနဲ့ သိတာမဟုတ်ဘူး၊ ထိုးထွင်းသိမြင်တဲ့ ဉာဏ်အားဖြင့် သိတယ်လို့ပြော လို့ အိုင်းစတိုင်းကိုတောင် သူတို့က "မစ္စတစ်" ဆိုပြီး ခေါ်ကြတယ်'

'သူတို့က ဘယ်လိုပဲခေါ်ခေါ် နောက်ဆုံး အိုင်းစတိုင်းက ငါ့ဒီလို့ ငါပြော ကာတွေကို မယုံရင် စမ်းသပ်ကြည့်ပေါ့လို့ဆိုကော့ သူတို့ စမ်းသပ်ကြတာ မှန် နေတော့ ဘာပြောနိုင်သေးလဲ၊ ဒီကနေ့အထိ အိုင်းစတိုင်းကို သူတို့ သိပ္ပံပညာ ရှင်တွေ ကိုးကွယ်နေရတာပဲ မဟုတ်လား၊ တို့ဗုဒ္ဓလည်း ဘာမှ ဖုံးကွယ်ထား

www.burmeseclassic.com

www.burmeseclassic.com



တာ မရှိဘူး၊ သိသင့်တာတွေ သိအောင်လုပ်၊ ပယ်သင့်တာတွေ ပယ်၊ အဲဒီအခါ ရောက်သင့်တဲ့ဉာဏ်အဆင့်ကို ရောက်ပြီး မျက်မှောက်တွေ့ရမည့် ဟာတွေကို ကိုယ်တိုင် တွေ့ရလိမ့်မယ်၊ ဟုတ် မဟုတ်ကို လာလှည့်၊ စမ်းကြည့်လှည့်လို့ ရဲရဲဝံ့ဝံ့ ဖိတ်ခေါ်ထားတာပဲ၊ ဒီတရားက စိတ်အထင် မဟုတ်ဘူး၊ ကိုယ်တွေ့ တရားကွ၊ ကျင့်ကြံပွားများရတဲ့ တရား၊ ထိုင်ပြီး စဉ်းစားနေရုံနဲ့ပြီးတဲ့ ဒဿန မျိုး မဟုတ်ဘူး၊ "အတက္ကာဝစရော" ဆိုတာ အဲဒါကို ပြောတာ၊ ကြံစည် တွေးတောရုံနဲ့ ပြီးတဲ့ကိစ္စ မဟုတ်ဘူး၊ အဲဒီဉာဏ်လောက်နဲ့ သိနိုင်တဲ့ တရားမျိုး လည်း မဟုတ်ဘူး'

'ဒါဆိုရင် ဘဝရဲ့အမှန်တရား၊ ဘဝရဲ့အရှိတရား၊ အနက်အဓိပ္ပာယ် အမှန် ကို သိရအောင် ဆိုရင် ဝိပဿနာဉာဏ်တွေကို ရအောင် လုပ်ရမှာပေါ့နော် ဆရာ'

'ဒါဟာ အလကားအလုပ် မဟုတ်ဘူး၊ အကျိုးမရှိတဲ့ အလုပ် မဟုတ်ဘူး၊ ဒီအလုပ်လုပ်ရင် ဒီအကျိုးခံစားရမယ်ဆိုတဲ့ အလုပ်၊ ပန်းတိုင်ရှိတဲ့ အလုပ် ကွာ၊ အဲဒါဟာ လုပ်သင့်တဲ့ အလုပ်ပဲ မဟုတ်လား'

'ဟုတ်ကဲ့ဆရာ၊ ကျွန်တော် ခု သဘောပေါက်လာပါပြီ၊ ဆရာ ဦးတည်ပြီး ပြောနေတဲ့ ဘုံစဉ်စံ ဘဝလမ်းပြ ဒဿနဆိုတာဟာ လူ့ဘဝရဲ့ အဓိပ္ပာယ် အနှစ် သာရကို အရှိအတိုင်း အမှန်အတိုင်း နားလည်အောင် ကြိုးစားပြီး အကျိုးရလဒ် အဖြစ် ဘဝချမ်းသာကို ရရှိစေမည့် ဘဝပန်းတိုင်ကို ရှာဖွေပြီး အရောက်လှမ်း အားထုတ်တဲ့ တရားပါလားဆိုတာ ကျွန်တော် သဘောပေါက်လာပါပြီ ဆရာ'

'မင်းက ဒဿနပညာ အခြေခံရှိတယ်ဆိုတော့ တွေးတတ်ခေါ်တတ်တာပေါ့ အမှန်ကတော့ တို့ဗုဒ္ဓမြတ်စွာဘုရားက သဗ္ဗညုတဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ် ဆိုပြီး သူ့ရဲ့ လက်ဦး ဓမ္မစကြာတရားကို ဟောကတည်းက ဟောခဲ့တာ အဲဒါကိုကော မင်း သတိထားမိရဲ့လား'

'အဲဒါ သိပ်မရှင်းဘူးဆရာ၊ သတိတော့ ထားမိပါတယ်'

'သစ္စာဉာဏ်ဆိုတာ သစ္စာလေးပါးရဲ့ သဘောသဘာဝ အသီးသီးကို သိ တဲ့ ဉာဏ်ကို ပြောတာ၊ ဒါက သဘာဝကို သိတဲ့ ဉာဏ်၊ နောက်ပြီး ကိစ္စဉာဏ် ဆိုတာက ပြုသင့်တဲ့ ကိစ္စလေးပါးကို သိတဲ့ဉာဏ်ကို ပြောတာ၊ အဲဒီပြုသင့်တဲ့ ကိစ္စတွေကို ပြီးစီးအောင် ဘယ်လိုလုပ်ရမလဲဆိုတာကို သိအောင် ဆင်ခြင်တဲ့ ဉာဏ်ကို ကတဉာဏ်လို့ ခေါ်တယ်၊ ဒီတော့ ပေါင်းလိုက်ရင် (၁) ဒုက္ခသစ္စာကို



သိတဲ့ သစ္စာဉာဏ်တစ်ခု၊ (၂) သမုဒယသစ္စာကို သိတဲ့ သစ္စာဉာဏ်က တစ်ခု၊ (၃) နိရောဓသစ္စာကိုသိတဲ့ သစ္စာဉာဏ်က တစ်ခု၊ (၄) မဂ္ဂသစ္စာကိုသိတဲ့ သစ္စာ ဉာဏ် တစ်ခု၊ ပေါင်း သစ္စာဉာဏ် လေးခု ရတယ်၊ ပြုဖွယ်ကိစ္စပြီးစီးကြောင်းကို သိတဲ့ ဉာဏ်ကလည်း လေးခု ရတယ်၊ ပေါင်း ဉာဏ် ၁၂ ပါး ရတာပေါ့၊ အဲဒီ လိုပဲ ဘဝအကြောင်းကို အမှန်အကန် သိတယ်ဆိုတာ ဘဝရဲ့ ပြုဖွယ်ကိစ္စကို လည်း သိမှ၊ အဲဒီကိစ္စပြီးစီးကြောင်းကိုလည်း သိမှသာ အသိမှန် အမြင်မှန်ကို ရတယ်လို့ ဆိုရလိမ့်မယ်၊ မဟုတ်ဘူးလား'

'နှစ်သက်ဖွယ်ကောင်းလိုက်တာ ဆရာရယ်၊ ကျွန်တော်တို့သင်ရတဲ့ ဒဿန ပညာဆိုတာဟာ အလုပ်မရှိ ကြောင်ရေချိုးဆိုတာလို ဖြစ်နေတယ်၊ သူသိတာ မှန်တယ်၊ ငါသိတာ မှန်တယ်ဆိုပြီး အငြင်းပွားတာနဲ့ပဲ အချိန်ကုန်နေကြတာပဲ'

'အေး၊ အဲဒါကြောင့် တစ်ချိန်တုန်းက သိပ္ပံပညာကို မွေးထုတ်ပေးခဲ့တဲ့ သိပ္ပံပညာရဲ့ မိခင်ကြီး ဒဿနပညာဟာ ခုတော့ အချိန်တန် အရွယ်ရောက်ပြီး အိမ်ခွဲသွားကြတဲ့ သားသမီးတွေက ပစ်ထားခြင်းကို ခံနေရတဲ့ မိခင်အိုကြီး လို၊ အိုကြီးအိုမ ကျကာမှ အသုံးမကျ၊ အရာမရောက်တဲ့ မုန်းစရာ အဘွားအိုကြီးမျိုး ဖြစ်နေတော့တာပေါ့၊ သားသမီးတွေကတော့ ကောင်းစားသွားကြပါရဲ့၊ မိခင်ကြီး တော့ စားရမဲ့ သောက်ရမဲ့ ဖြစ်နေရသလိုပဲ၊ ဒီကနေ့ ဒဿနပညာဟာ ကမ္ဘာ မှာ အရာမရောက်ဖြစ်နေတာလည်း မင်း ကိုယ်တွေ့ပဲ မဟုတ်လား'

'ဟုတ်ပါတယ် ဆရာ'

'အဲဒါ ဘာဖြစ်လို့လဲ မင်းသိရဲ့လား'

'အင်း၊ သစ္စာဉာဏ်ရရုံလောက်နဲ့ပဲ လမ်းဆုံးနေပြီး ကိစ္စဉာဏ်၊ ကတဉာဏ် မပါလို့ပဲ ထင်ပါရဲ့ဆရာ'

'အေး၊ မင်းမြင်တတ်လာပြီ၊ ရိုးရိုးရှင်းရှင်းပြောရရင်တော့ ဘဝအတွက် အကျိုးကိစ္စမပါလို့ ဒီပညာ အေးကို ရောက်သွားတာပဲပေါ့ကွာ၊ ဒါ ရှင်းပါတယ်၊ သိပ္ပံပညာက အရာရောက်လာတာ၊ သိအောင်လုပ်တယ်၊ သိတာကို သုံးနိုင်အောင် အသုံးချဖို့ လုပ်တယ်၊ လူ့ဘဝအပေါ်မှာ အကျိုးတစ်စုံတစ်ရာကို ပြီးစီးစေတယ်၊ ဒါကြောင့် သိပ္ပံပညာဟာ လူတွေအပေါ် ဩဇာလွှမ်းမိုးနိုင်တာ ဖြစ်တယ်'

'ဟုတ်ပြီ၊ ဟုတ်ပြီ၊ ဒါဆိုရင် ဒီကနေ့ ဖြစ်ထွန်းလာမည့် ဒဿနပညာဟာ ကိစ္စဉာဏ်၊ ကတဉာဏ် ပါရမယ်၊ ဒါမှသာ လူ့ဘဝချမ်းသာကို ဆောင်နိုင်မှာပဲ

www.burmeseclassic.com

www.burmeseclassic.com



လူ့ဘဝချမ်းသာကို ဆောင်နိုင်တဲ့ ဒဿနပညာမျိုးသာလျှင် လောကမှာ ဂုဏ်ကျက်သရေတွေနဲ့ တင့်တယ်နေနိုင်မှာပဲနော်'

'ဟုတ်တာပေါ့၊ ဟိုတုန်းက ပလေတိုးတို့ ခေတ်ကလို မြေပိုင်ရှင်၊ ကျွန်ပိုင်ရှင်တွေလို အလုပ် မရှိလို့ ထိုင်စဉ်းစားနေနိုင်တဲ့ ခေတ်မျိုး မဟုတ်ဘူး၊ လူတွေဟာ ချမ်းသာကို နည်းအမျိုးမျိုးနဲ့ ရှာခဲ့ကြတာပဲ၊ ဒါပေမယ့် ချမ်းသာ ရှာရင်း ဆင်းရဲကိုသာ တွေ့ခဲ့ကြရတယ်၊ပစ္စည်းဥစ္စာကြွယ်ဝတဲ့ နိုင်ငံကလူတွေ ချမ်းသာကြရဲ့လား၊ လက်တွေ့မှာတော့ သူတို့က ပိုလို့တောင် ပူဆွေးသောက ရောက်နေကြရသေးတယ်၊ ကိလေသာမီး ၁၁ ပါး တောက်လောင်တဲ့အတွက် သူတို့မှာ ပိုပြီး လှလှကြီး ခံနေကြရတာ မျက်မြင်ပဲ မဟုတ်လား၊ အဲဒါ ဘာဖြစ်လို့'

'ဘဝ အမြင်မှားလို့ ဆိုတာ ထင်ရှားလာပါတယ် ဆရာ'

'အေး၊ ပုထုဇဉ် အန္ဓတွေလေ၊ သုတမုဒ္ဒိ ဉာဏ်မျက်စိ မရှိကြဘူး၊ အဝိဇ္ဇာဖုံးလွှမ်းနေတယ်၊ အဝိဇ္ဇာကြောင့် သင်္ခါရမျိုးစုံ လုပ်နေကြတယ်၊ အဲဒီ သင်္ခါရကြောင့် ဝိညာဉ်၊ နာမ်ရုပ်၊ ဖဿ၊ ဝေဒနာတွေ ဖြစ်နေကြရတယ်၊ ဝေဒနာဖြစ်တော့ တဏှာ လာတယ်၊ တဏှာ လာတော့ ဥပါဒါန်တွေက ကမ္မဘဝတွေ ပြန်ဖြစ်ပြီး ဒုက္ခသစ္စာရယ်၊ ဒုက္ခသံသရာ လည်နေကြရတော့တာပေါ့'

'ဟုတ်တယ်နော်၊ ဆရာ ပြောတာတွေကို နားလည်လာမှ ဒီလူတွေဟာ ဘဝရဲ့ ဒုက္ခသစ္စာကို မမြင်တတ်ကြသေးဘူး၊ ဒုက္ခသစ္စာမှာ သစ္စာဉာဏ် မရကြသေးဘူး ဆိုတာ ကွင်းကွင်းကြီး ပေါ်လာပါတယ် ဆရာ'

'အမှန်ကတော့ ဒုက္ခသစ္စာကို အပြီးတိုင် ထင်မြင်ဖို့ရာက မလွယ်ဘူး၊ သောတာပတ္တိ မဂ်ဉာဏ်ကို ရတာတောင်မှ အနိစ္စသဘောနဲ့ အနတ္တသဘောကို အပြီးတိုင် ထင်မြင်နိုင်တယ်တဲ့၊ ဒုက္ခကိုတော့ အရဟတ္တမဂ်သို့ ကျမှပဲ အပြီးတိုင် သိမြင်နိုင်တယ်တဲ့၊ နောက်ဖြစ်တဲ့ အရိယာ ပုဂ္ဂိုလ်တို့ဟာ ဒုက္ခရဲ့သဘောကို အပြီးတိုင် မထင်မြင်နိုင်ကြသေးဘူးတဲ့၊ အဲဒီလို ဒုက္ခရဲ့သဘောကို အပြီးတိုင် မမြင်နိုင်သေးတဲ့ အတွက်ကြောင့် နောက် အရိယာတွေဟာ တဏှာနဲ့ မာနကို မပယ်နိုင်ကြသေးဘူးတဲ့၊ အနုတ္တဒီပနီမှာ လယ်တီဆရာတော်ဘုရားကြီးက ရေး သားထားတယ်'

'ဒါဆိုရင် ဘုံစဉ်စံ အရိယာဟာ တဏှာနဲ့ မာနကို မပယ်နိုင်သေးဘူးပေါ့နော် ဆရာ'

'ဟုတ်တယ်၊ မပယ်နိုင်သေးဘူး၊ ဘုံစဉ်စံ ဆိုတာ ဝိသာခါ ကျောင်းအမ



တို့လို အနာထပိဏ် သူဌေးတို့လို လောကီ အိမ်ထောင် သားမွေး၊ စီးပွားဥစ္စာရှာ၊ လောကီ စည်းစိမ်တွေ ကာမဂုဏ်တွေကိုလည်း ခံစား၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးစတဲ့ လူ့ကိစ္စတွေကိုလည်း လုပ်ရင်း အရိယာအဖြစ်နဲ့ နိဗ္ဗာန်မဝင်ခင် မြင့်တဲ့ဘဝ မြတ်တဲ့ဘဝတွေမှာ ဘဝဖြစ်တည်ခြင်းဆိုတဲ့ အမှုကိစ္စကို ငြီးငွေ့ လောက်အောင် ခံစားပြီးမှ အဆုံးစွန်သော ဘဝမှာ ခန္ဓာကို အပြီးသတ် စွန့်တဲ့ ပုဂ္ဂိုလ်မျိုးကွယ့်၊ သောတာပန်ဖြစ်တာတောင် သူဟာ သောတာပန်ပဲ၊ အရိယာပဲ လို့ အတူနေ အပေါင်းအဖော်များကတောင် မသိနိုင်ကြဘူး၊ သောတာပန်မှာ ဒုစရိုက်ကိစ္စတွေ ကင်းတာကလွဲလို့ တခြားတစ်ပါးသော ခံစားစရာ၊ စံစားစရာ၊ ပျော်မှုပါးမှု၊ ပစ္စည်းဥစ္စာရှာမှု၊ စုဆောင်းမှု၊ ထိန်းသိမ်းမှုတွေကို ပြုလုပ်နေတာကတော့ ပကတိ ပုထုဇဉ်နှင့် မခြားပါဘူးတဲ့၊ ဒါကြောင့် ဘုံစဉ်စံအရိယာဆိုတဲ့ စူဠသောတာပန်၊ (မဇ္ဈိမသောတာပန်)၊ မဟာသောတာပန် စသူတွေဟာ ဒီဘုရား သာသနာမှာ အကျွတ်ရကြတဲ့ပုဂ္ဂိုလ်၊ အရိယာတွေထဲမှာဖြင့် အညံ့ဆုံး၊ အောက်တန်း အကျဆုံး အရိယာဖြစ်တယ်လို့ ဆိုရမှာပေါ့ သို့ပေမယ့် သူက အများဆုံးသော အရိယာပဲကွယ့်၊ သူ့ကို နိယတအမွေခံလို့လည်း ခေါ်တယ်၊ သူဟာ အပါယ် ဒုဂ္ဂတိဘဝကို မကျတော့ဘူး၊ အပါယ်တံခါးပိတ်လို့ သုဂတိဘဝတွေမှာပဲ ဖြစ်ဖို့ ဂတိမြဲသွားပြီးတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်၊ လက္ခဏာရေးသုံးပါးမှာ ဒုက္ခလက္ခဏာကို အပြီးအပိုင် မထင်မြင်နိုင်သေးဘူး၊ ပြောခဲ့ပြီးပြီ၊ အနိစ္စလက္ခဏာကိုတော့ ကောင်းကောင်းထင်နိုင်တယ်၊ အဲဒီလို လက္ခဏာတစ်ပါးကို ထင်မြင်ပေါက်မြောက် သွားရင် သက္ကာယဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ကင်းရှင်းသွားရင် သူဟာ နိယတ အမွေခံ ဘုံစဉ်စံဖြစ်ပြီလို့ မှတ်ပါတဲ့'

'ဒါဆိုရင် ဘုံစဉ်စံ ဘဝလမ်းပြဒဿနမှာ ဖော်ပြထိုက်လိုတဲ့ ဘဝရည်မှန်း ချက် ပန်းတိုင်ဆိုတာဟာ သောတာပန်ဖြစ်ဖို့ပဲပေါ့နော်'

'ခေတ်က နေယျနဲ့ ပဒ ပုရမ ပုဂ္ဂိုလ်တွေအနေနဲ့ တစ်မဂ်တစ်ဖိုလ် ရဖို့ ဆိုတာ ဖြစ်ချင်မှ ဖြစ်မယ်၊ ဒီတော့ ငါက တံငါပဲ၊ မှဆိုးပဲဆိုပြီး ဝိပဿနာအလုပ် ကို မလုပ်ဘဲ ကိုယ့်ကိုယ်ကိုယ် ပစ်ချလို့ မဖြစ်ဘူးတဲ့၊ ဗောဓိပက္ခိယဒီပနီမှာ လယ်တီဆရာတော်ဘုရားကြီး ပြတ်ပြတ်သားသား ပြောထားတာရှိတယ်၊ ဘယ်ပုံ ပြောထားသလဲဆိုတော့ ကျမ်းဂန်မှာတော့ သီလဝိသုဒ္ဓိပြည့်စုံမှ စိတ္တဝိသုဒ္ဓိ လုပ်ရမယ်၊ စိတ္တဝိသုဒ္ဓိ ပြည့်စုံမှပဲ ဒိဋ္ဌိဝိသုဒ္ဓိကို လုပ်ရမယ်၊ ဒိဋ္ဌိဝိသုဒ္ဓိ ပြည့်စုံမှ အနိစ္စဒုက္ခ၊ အနတ္တ ဘာဝနာအလုပ်ကို လုပ်ရမယ်လို့ ပဋိပတ်ကျင့်စဉ် ထင်ရှား

www.burmeseclassic.com

www.burmeseclassic.com



ရှိတာတော့ မှန်တယ်၊ အဲဒီအစီအစဉ်ကတော့ ဒီဘဝမှာတင် မဂ်ဉာဏ် ဖိုလ် ဉာဏ်ကို အလျင်အမြန်ရအောင် အားထုတ်နေကြသူတွေ ကျင့်ရမည့် ကျင့်စဉ် သာ ဖြစ်ပါတယ်တဲ့၊ ထိုကဲ့သို့ မတတ်နိုင်ကြသေးတဲ့ ပုထုဇဉ်တွေ အဖို့မှာတော့ တစ်မဂ် တစ်ဖိုလ် မရနိုင်တာတောင် ပါရမီမျိုးလောက်တော့ ရအောင် ယူတတ် ကြရမယ်တဲ့၊ ဒါကြောင့် သီလဝိသုဒ္ဓိ မပြည့်စုံဘဲနဲ့ သမထအလုပ်၊ ဝိပဿနာ ကို မလုပ်ပါနဲ့လို့ မဆိုရဘူးတဲ့၊ တံငါအလုပ်၊ မုဆိုးအလုပ်နှင့် နေတဲ့သူကိုပင် အဲဒီ အလုပ်က မကျွတ်နိုင်သေးဘဲနဲ့ ဝိပဿနာ မနသိကာရမှုကို မလုပ်ထိုက် လို့ မပြောအပ်ဘူး၊ မဆိုအပ်ဘူးတဲ့၊ အဲဒီလိုဆိုရင် ဓမ္မအန္တရာယ် ဖြစ်တယ်တဲ့၊ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်များကို တတ်အားသမျှ နှလုံးသွင်းရမှာ ပဲ တဲ့၊ မိမိ ခန္ဓာရဲ့ အသုဘ အခြင်းအရာကို တတ်အားသမျှ နှလုံးသွင်းရမှာပဲတဲ့၊ သေခြင်းတရားရဲ့ သဘောကို တတ်အားသမျှ နှလုံးသွင်းရမှာပဲတဲ့၊ တံငါပဲဖြစ်ဖြစ် မုဆိုးပဲဖြစ်ဖြစ် သမထ အလုပ်ကို လုပ်ဖို့ကို တိုက်တွန်း အားပေးကြရမှာပဲတဲ့၊ လယ်တီဆရာတော်ကြီးက ဒီလို တိုက်တွန်းကောင်းလို့ တံငါသည်ကြီးတစ်ယောက် ဟာ တံငါအလုပ် တန်းလန်းနှင့်ပင် သဂြိုဟ် ကိုးပိုင်း၊ ပါဠိအနက်၊ ပဋ္ဌာန်းပါဠိတော် ပစ္စယနိဒ္ဒေသ ပါဠိအနက် အကုန်လုံး ချက်ချက်လည်ရှု့နေတာကို ဆရာတော် ကိုယ်တိုင် တွေ့ကြုံဖူးတယ်တဲ့။

'... ဒါဟာ ဝိဇ္ဇာနဲ့ စရဏမှာ ဝိဇ္ဇာမျိုး အားကောင်းလာခြင်းပါပဲတဲ့၊ ရတနာသုံးပါးကို မမေ့မလျော့မှုဆိုတာဟာ သမထအလုပ် ပါပဲတဲ့၊ လက္ခဏာရေး သုံးပါးကို အောက်မေ့မှုက ဝိဇ္ဇာမျိုးပဲတဲ့၊ မုဆိုးပဲဖြစ်ဖြစ် အဲဒီလို မနသိကာရ မျိုးကို ပြုအပ်တယ်၊ ဒါကြောင့် တွင်တွင်သာ တိုက်တွန်းပါတဲ့၊ မုဆိုး တံငါ သမထအလုပ်၊ ဝိပဿနာ အလုပ်ကိုလုပ်တော့ကော ဘာဖြစ်နိုင်မှာ မို့လဲလို့ မဆိုအပ်ဘူးတဲ့နော်၊ မသိတတ်သေး၊ မမြင်တတ်သေးရင် သိတတ် မြင်တတ် အောင်သာ ပြောပါ ဟောပါတဲ့၊ ဒီအချိန်ကာလမျိုးမှာ ဝါသနာဘာဂီ ပါရမီ မျိုးလောက် ရသွားရင် အကျိုးများလှပါပြီတဲ့၊ အဲဒီလို ပါရမီမျိုး ရဖို့လောက် ကို အထွတ်အမြတ် ထားရမယ်ဆိုလို့ ဟောတော်မူတယ်၊ ဆရာတော်ကြီးက ပြောတာကတော့ စာထဲ ကျမ်းဂန်ထဲမှာ ပါတာကိုပဲ ကြည့်ပြီး ခေတ် သမယရဲ့ သဘောကို ထည့်မတွက်တတ်တဲ့ ဆရာတွေက သီလဝိသုဒ္ဓိ ပြည့်စုံပြီးမှ သမထ အလုပ်၊ ဝိပဿနာ အလုပ်ကို လုပ်ရမယ်၊ အဲဒီလို မလုပ်ရင် ဘယ်လောက် ကြိုးစားကြိုးစား အလကားပဲ၊ ဘာမှ ဖြစ်မှာ မဟုတ်ဘူးလို့လည်း ပြောတ



တယ်တဲ့၊ အဲဒီစကားမျိုးကို တချို့ လူပြိန်းတွေကပါ နားထောင်တတ်ကြတယ် တဲ့၊ အဲဒါ ဓမ္မန္တရာယ်ဖြစ်တာပဲတဲ့'

'အင်း၊ စဉ်းစားစရာပဲနော်'

'လူတွေဟာ အခါသမယကို မသိကြတဲ့အတွက် ဘုရားသာသနာနဲ့ တွေ့ ကြုံနေကြရပါလျက် ဝိဇ္ဇာမျိုး စရဏမျိုးတောင် မရဘဲ လက်လွတ် ဆုံးရှုံးနေ ကြတယ်တဲ့၊ ဒါကြောင့် ဒီဘဝမှာ လူဖြစ်တုန်း၊ သာသနာတော်နှင့် ကြုံဆုံကြ တုန်းမှာ အဓိကာရဖြစ်အောင် လုပ်ကြရမယ်လို့ မိန့်တော်မူခဲ့တယ်'

'အဓိကာရဖြစ်အောင် လုပ်မှုဆိုတာ ဘာကို ပြောတာလဲဆရာ'

'ဒီလို မိရိုးဖလာ ဗုဒ္ဓဘာသာတွေဟာ လူဖြစ်ခိုက်၊ သာသနာတော်ကြီးနဲ့ ကြုံတောင့်ကြုံခဲမှာ သမထ၊ ဝိပဿနာနဲ့ ပတ်သက်ပြီး အတုအပ ဟန်ပြသဘော လောက်နဲ့ ကျေနပ်မနေကြဖို့၊ ဝိဇ္ဇာမျိုး စရဏမျိုး ကောင်းကောင်းရသွားအောင် ရအောင် ယူတတ်ကြဖို့၊ အားထုတ်ပြီး အထုံ ပါသွားအောင် လုပ်ကြဖို့တို့ ဆရာ တော်က တိုက်တွန်းတော်မူတာပဲ၊ ဒီခေတ်က နေယျခေတ်၊ ပဒပရမပုဂ္ဂိုလ်တို့ရဲ့ ခေတ်သမယဖြစ်တဲ့ အတွက် အလေးပြုကာ အားထုတ်ကြမှ ဖြစ်မယ်၊ အဲဒီလို အားထုတ်ကြရင် ယခုဘဝ၌ သော်လည်းကောင်း၊ နောင် ဘုရားသာသနာမှာ သော်လည်းကောင်း အလွန် မြင့်မြတ်တဲ့ လောကုတ္တရာ အကျိုးကို အလွယ်တကူ ရနိုင်ဖို့ရာ အတွက် ရည်သန်အောင်မြင်သော သမထ ဝိပဿနာပါရမီ သမ္ဘာရ ကို ကောင်းကောင်းကြီး ရသွားကြမယ်တဲ့၊ အဲဒီလို အထုံပါရမီ အဆောက်အအုံ ကြီး ပါသွားအောင် အားထုတ်မှုကို အဓိကာရ ခေါ်တာပါပဲ၊ ဒီလို အဓိကာရဖြစ် ဖို့ အတွက်မှာလည်း ခေတ်ကာလ အခြေအနေကိုပါ လယ်တီ ဆရာတော်ဘုရား ကြီးက သုံးသပ်ပြတော်မူထားတယ်'

'ဘယ်လို သုံးသပ်ထားတာလဲ ဆရာ'

'ဒီလို၊ ခုကာလမှာ သီလနဲ့ ပြည့်စုံတဲ့ လူတွေကတော့ အလွန် ပေါများပါ တယ်တဲ့၊ ဒါပေမယ့် ကသိုဏ်း အသုဘ အာရုံတွေကို မနော္ဒွါရ အတွင်းမှာ ကွက်ကွက်ကွင်းကွင်း ထင်မြင်နိုင်တဲ့ သမာဓိ အဆင့်ကို ရောက်ဖူးသူတွေ၊ ရုပ် ဓမ္မတို့ရဲ့ အနိစ္စ လက္ခဏာ ဉာဏ်ပညာ အဆင့်အထိ ပေါက်မြောက်ဖူးသူ တွေကတော့ အလွန် ရှားတယ်တဲ့၊ ဒါ ဘာဖြစ်လို့ ဖြစ်ရသလဲဆိုရင် သမထ၊ ဝိပဿနာရဲ့ ဓမ္မအန္တရာယ်ကို ပြုတတ်တဲ့ မိစ္ဆာ ဓမ္မတွေ ဒီခေတ်မှာ အလွန် ကြွ သောင်းကျန်းနေလို့ပဲ ဖြစ်ပါတယ်တဲ့'

www.burmeseclassic.com

www.burmeseclassic.com



'ဖြစ်တည်မှု ဝါဒလိုဟာမျိုးကို ခေါ်တာလား ဆရာ၊ မိစ္ဆာဓမ္မဆိုတာ'

'တစ်ခုတည်း မဟုတ်ဘူးကွယ့်၊ မာ့က်(စ်)ဝါဒ ရုပ်ဝါဒဆိုတာတွေ၊ ဖြစ်တည်မှု ဝါဒဆိုတာတွေ၊ အခြားနာမည် အမျိုးမျိုးနဲ့ ထွန်းကားနေတဲ့ အနောက်တိုင်းက လက်တွေ့ ပဓာနဝါဒ ဆိုတာတွေ၊ သိပ္ပံနည်းကျ ဝိဘဇ္ဇဝါဒ၊ ပေါ့စတစ်ဝါဒ ဆိုတာတွေ အားလုံးဟာ ဓမ္မန္တရာယ်ကို ပြုတတ်တဲ့ မိစ္ဆာဓမ္မတွေချည်းပဲကွယ့်'

'ဓမ္မန္တရာယ်ကို ပြုတတ်တဲ့ မိစ္ဆာဓမ္မဆိုတဲ့သဘောကို ပြောပြပါဦးဆရာ'

'အေး... အေး၊ ပြောရမှာပေါ့၊ ဓမ္မန္တရာယ်ကို ပြုတတ်တဲ့ မိစ္ဆာဓမ္မ ဆိုတာ သံသရာဘေးကို ကောင်းစွာ မမြင်နိုင်ခြင်းလည်း တစ်ရပ်၊ မဂ်ဖိုလ်ကို ရထိုက်တဲ့ ခေတ် မဟုတ်ဘူးလို့ ထင်မှတ်ခြင်းလည်း တစ်ရပ်၊ ပါရမီရင့်မှ ဖြစ်တာ ပါရမီအရင့်ကို စောင့်ရမယ်လို့ ယူဆခြင်းလည်း တစ်ရပ်၊ ခုခေတ်က လူတွေက တိဟိတ်တွေမှ မဟုတ်တာ၊ ဒွိဟိတ် ပုဂ္ဂိုလ်တွေပဲဟာလို့ ထင်မှတ်ခြင်းလည်း တစ်ရပ်၊ အဓိပတိဖြစ်တဲ့ ရှေးရှေးဆရာကြီးတွေတောင်မှ မဖြစ်နိုင်တဲ့ ဥစ္စာ ခုခေတ် လူတွေ လုပ်လို့ ဖြစ်ပါ့မလားဆိုပြီး ဆန္ဒဥဿုဟာကို စွန့်ထားခြင်းလည်း တစ်ရပ်၊ အဲဒါတွေ အားလုံးဟာ ဓမ္မန္တရာယ်ကို ဖြစ်စေတဲ့ မိစ္ဆာ အယူဝါဒတွေ ချည်းပဲတဲ့၊ လယ်တီဆရာတော်ဘုရားကြီးက ဗောဓိပက္ခိယဒီပနီ ကျင့်စဉ်လွှတ် ကျင့်ပုံကို ပြတဲ့အခန်း (နှာ–၁၉)မှာ အတိအလင်း ဆဝန် ရေးသားတော်မူခဲ့တယ် ဒီနေရာမှာ ဆရာတော်ကြီးရဲ့ နှလုံးတော်မှာ နေယျပုဂ္ဂိုလ်၊ ပဒပရမပုဂ္ဂိုလ်တွေ အနေနဲ့ လူဖြစ်ခိုက် သာသနာကြီးနဲ့ ကြုံခိုက်မှာ အထွတ်အထိပ်ကို မရနိုင်ပေ မယ့် ရနိုင်တာကိုတော့ လက်လွှတ်မခံဘဲ အရယူကြပါလို့ တိုက်တွန်းလိုခြင်း ဖြစ်တယ်၊ ဒါကြောင့် တို့များ ဘုံစဉ်စံ ဘဝလမ်းပြဒဿနမှာ ဒီဘဝ အောင် ထစ် တစ်မဂ်တစ်ဖိုလ် မရတာတောင် နောက်ဘဝမှာတော့ မုချ မဂ်ဖိုလ်ကို ရ သေချာတဲ့ စူဠသောတာပန်၊ ကလျာဏပုထုဇဉ် အရိယာသာဝကဖြစ်အောင်တော့ အများစု ဖြစ်တဲ့ ပုထုဇဉ်တိုင်း မဖြစ်မနေ လုပ်ကြဖို့ကို ရည်ရွယ်ထားတာပဲကွယ်'

'ဒါနဲ့ ဆရာကို မေးပါရစေ၊ ***ရတနာသုံးပါးကို ယုံကြည် ကိုးကွယ်လာ တစ်ယောက် အကြောင်း*** မှာတုန်းက ဆရာက သမ္မာသမ္ဗောဓိဆုကို ပန်ထားတာ မဟုတ်လား၊ ဆုကြီးပန်မှ့ပုဂ္ဂိုလ်ဟာ ဘုံစဉ်စံအရိယာနဲ့ တခြားစီပဲလို့ ကျွန်တော် ကြားဖူးပါတယ်၊ အဲဒါ ဆရာ့သဘောကို သိပါရစေ'

'အေး၊ မင်းမေးတာ ကောင်းပါတယ်၊ ဆရာကလည်း အခွင့်ရတုန်း ရှင်း ချင်ပါတယ်၊ **ရတနာသုံးပါး** စာအုပ်တွေကို ဖတ်ပြီး ဆရာ့ဆီကို စာရေးမေးကြ



လူတွေလည်း ရှိပါတယ်၊ ဒါက ဒီလိုကွယ့်၊ ဆုကြီးပန် ဆိုတာက တစ်ဦး တစ်ယောက်ရဲ့ ကိစ္စ၊ လူတိုင်းနဲ့ မဆိုင်ဘူး၊ လူတိုင်း ဖြစ်နိုင်၊ လုပ်နိုင်တဲ့ ကိစ္စ မဟုတ်ဘူး၊ ဘုံစဉ်စံက တစ်လောကလုံးမှာ ရှိကြတဲ့ ပုထုဇဉ် အားလုံးရဲ့ ကိစ္စ၊ လူဖြစ်ပြီး ဗုဒ္ဓသာသနာတော်နဲ့ ကြုံခဲ့ပြီးမှ အပါယ် သံသရာမှာ မျောသွားကြရမည့် လူတွေကို ကယ်တင်တဲ့ ကိစ္စ၊ တစ်နည်းဆိုတော့ ဆုကြီးပန်တဲ့ လူအနေနဲ့ အများအတွက် လုပ်သင့်တဲ့ ကိစ္စဖြစ်လို့လည်း ဆရာ လုပ်တာပါ၊ ပုထုဇဉ်တွေဟာ မလုပ်သင့်တာတွေ လုပ်ရင်း တစ်သက်တာ အချိန်ကုန်သွားရင် လူဖြစ် ရှုံးမယ်၊ ဒီတော့ ဝန်နဲ့အား၊ လေးနဲ့မြား တန်ရုံ ဒီဘဝမှာ ရနိုင်တာကို အမိအရ ယူပြီး ကိုယ့်ဘဝ တစ်ဆင့်ပြီး တစ်ဆင့် မြင့်တက်သွားအောင် နောက်ဆုံး ဘဝမှာ သံသရာဝဋ်က ကျွတ်သွားအောင် နည်းပေးလမ်းပြတာ ဘုံစဉ်စံ ဘဝလမ်းပြ ဒဿနပါ'

'ဒါဆို ဆရာကိုယ်တိုင် ဘုံစဉ်စံ မဖြစ်ချင်ဘူးလား'

'အရင် ဝိပဿနာ တရားကို အားမထုတ်ခင် ဥဒယဗ္ဗဉာဏ်၊ ဘင်္ဂဉာဏ်၊ ဘယဉာဏ်လောက် မရဖူးခင်တော့ ကိုယ့်ကိုယ်ကိုယ် ဆုကြီးပန်ထားတဲ့ လူ ဆိုပြီး စိတ်ကြီး ဝင်နေမိတာ အမှန်ပဲ'

'ဘဝင်မြင့်တာမျိုးလား ဆရာ'

'ဘဝင်မြင့်တယ်ဆိုတာက ကိုယ့်ကိုယ်ကိုယ် သူများထက် သာတယ်၊ မြင့်တယ်၊ မြတ်တယ်လို့ အတိမာန ဖြစ်တာ၊ စိတ်ကြီး ဝင်တယ်ဆိုတာက ငါဟာ ကြီးမားတဲ့ ရောမ ကိစ္စကြီးတစ်ရပ်ကို ထမ်းဆောင်ဖို့ ဆုတောင်းထားပါကလား ဆိုပြီး ဝန်လေးခြင်းကို သာယာတဲ့ စိတ်ဖြစ်တာကွယ့်၊ မတူဘူး၊ ခု တရား အား ထုတ်လိုက်တော့ ခန္ဓာရဲ့ဖြစ်ပျက်တွေ၊ အပြစ်၊ ဒေါသ အာဒီနဝတွေကို မျက်ဝါး ထင်ထင် မြင်လိုက်တယ်၊ အဲဒီတင် လုံးဝ စိတ်ပြောင်းသွားတယ်'

'ဘယ်လို စိတ်ပြောင်းသွားသလဲ'

'ဘယ်လို စိတ်ပြောင်းသွားသလဲဆိုတော့ ယခု ဘဝ ရ,ထားတဲ့ ဒီခန္ဓာကို ...ည်း လုံးဝ မလိုချင်တော့ဘူး၊ နောက်ဘဝမှာ ရဦးမည့် ခန္ဓာတွေကိုလည်း ...ုံးဝ မလိုချင်တော့ဘူး၊ ပြီးတော့ ဒီခန္ဓာဟာ ဒုက္ခ အစစ်ကြီးပါလား ဆိုဟာကို ...ည့် အထိုက်အလျောက် သိလာဟယ်၊ ခန္ဓာပေါ်မှာ ဉာဏ် ကျ...ပ...တ် ...ာတဲ့အခါ ဘယ်လိုထားထား၊ ဘယ်လိုကျွေးကျွေး၊ ဘယ်လိုဆင်ဆင်၊ ဘယ်လို မျှော်ချော့ ဘယ်တော့မှ အလိုမကျဘဲ အမြဲ နှိပ်စက် သတ်ဖြတ် ညှဉ်းဆဲနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



အရာဟာ အခြားမဟုတ်ဘူး၊ မိမိရ,ထားတဲ့ ခန္ဓာပါကလားဆိုတာကို သိသွားတယ်၊ ဒါကြောင့် ဒီခန္ဓာဝဋ်က ကျွတ်ချင်တယ်၊ ဒါပေမယ့် ခန္ဓာဝဋ်က ကျွတ်ဖို့ကို မဆိုထားနဲ့၊ အိမ်ထောင်ဝဋ်က ကျွတ်ဖို့တောင် မလွယ်ဘူး၊ ဆရာအနေနဲ့ ဘုန်းကြီးဝတ်ပြီး တောထဲမှာ တစ်ယောက်တည်း သွားပြီး အနည်းဆုံး တစ်မဂ် တစ်ဖိုလ် ရအောင် အားထုတ်ချင်တယ်၊ ဒါပေမယ့် လက်တွေ့ကျတော့ မလွယ်ဘူး'

'ဒါဆို ဆရာ ဆုကြီး ပန်ထားတာကို စွန့်လိုက်ပြီလား'

'ဆုကြီး ပန်ထားတယ်ဆိုတာက ကိုယ့်စိတ် ဆန္ဒ တစ်ခုတည်းကို ရည်ရွယ်ပြီး တောင့်တတာ၊ ဆုပန်တိုင်း ရတာ မဟုတ်ဘူး၊ ဆုတောင်းမြဲဖို့ ကိစ္စကလည်း လိုသေးတယ်'

'ဆုတောင်း မြဲတယ်ဆိုတာ ဘာလဲဆရာ'

'ဆုတောင်း မြဲတယ် ဆိုတာ ဘုရားတစ်ဆူနဲ့ တွေ့ဆုံပြီး မိမိ တောင်းတဲ့ ဆုအတိုင်း ဖြစ်မယ်လို့ နိယတဗျာဒိတ် ရမှသာ ဆုတောင်းမြဲတယ်၊ ဆုတောင်းတိုင်း ဖြစ်တယ်၊ ဒီလို ဗျာဒိတ် မရတဲ့နဲ့တော့ ဆုတောင်းတိုင်း မဖြစ်ပါဘူး၊ ဒီတော့ လယ်တီဆရာတော် အမိန့်ရှိသလို သာသနာနဲ့ ကြုံတုန်းမှာ ရနိုင်တဲ့ အခွင့်အရေးကို အရယူတာဟာ အကောင်းဆုံး ဖြစ်မယ်ပေါ့၊ ငါ ဆုကြီးပန်ထားတာပဲ အပါယ် မကျနိုင်ဘူးလို့ ပြောလို့ မရဘူး၊ ဆုကြီးပန်လည်း အရိယာ သာဝက မဖြစ်သေးရင် အပါယ် တစ်လမ်းသွားပဲ၊ ဒါကြောင့် ဆရာလည်း အသက်ကြီးလာပြီ၊ ဒီဘဝမှာတော့ အရဟတ္တမဂ် ဖိုလ်အထိ ပေါက်မြောက်ဖို့ရာ မလွယ်တော့ဘူး၊ အရွယ်ရှိတုန်းက ပထမ မဂ်လောက် ရောက်ခဲ့ရင်တော့ ဒီအချိန်မှာ သကဒါဂါမိ အနာဂါမ်လောက် ဖြစ်ချင်ဖြစ်မယ်၊ ခုကျတော့ ငါးဆယ်ကျော် အရွယ်လွန်မှ ဆိုတော့ တစ်မဂ် တစ်ဖိုလ်ရဖို့တောင် အပြတ် အားထုတ်ရမယ်'

'သောတာပတ္တိ မဂ်ကိုတော့ ရဖို့ သေချာပါ့မလား'

'ဒါလည်း မသေချာဘူး၊ ဒါပေမယ့် စိတ်မပျက်ဘူး၊ ကလျာဏ ပုထုဇဉ် သောတ္တာပန် ဖြစ်ဖို့ကတော့ သေချာတယ်၊ အဲဒါဖြစ်ရင် နောင်ဘဝမှာ မဂ် ရမှာပဲ၊ ဒီလို တစ်ဆင့်ပြီး တစ်ဆင့် သွားလည်း ရတာပဲ၊ အဲဒါ ဘုံစဉ်စံ ဘဝလမ်းပြ ဒဿနရဲ့ ရွေ့လျား စက်လှေကားပဲ၊ ဒီလှေကားရဲ့ ပထမ လှေကား ထစ်ပေါ်ကို ခြေချမိအောင် အားထုတ်လိုက်ရင် ပြီးတယ်၊ အဲဒါ လူဖြစ်ကျိုး နပ်ပြီ၊ လယ်တီဆရာတော် ဘုရားကြီးက ကုသိုလ်မှုတို့ မည်သည် အဆုံးတိုင်



မရောက်သော်လည်း အချည်းနှီး ဖြစ်နိုင်တဲ့ အမှုမျိုး မဟုတ်ပါဘူးတဲ့၊ ပါရမီ မရှိသေးတဲ့လူ အားထုတ်ရင် ပါရမီ ဖြစ်တယ်တဲ့၊ အားမထုတ်ရင်တော့ ပါရမီတောင် ဖြစ်ခွင့်မရဘူးတဲ့၊ ပါရမီ မရင့်သေးတဲ့လူ အားထုတ်ရင် ပါရမီ ရင့်တာပေါ့ကွာ၊ နောက် ဘဝ ပါရမီ ရင့်တဲ့အခါကျတော့ ရထိုက်တဲ့ မဂ်ဖိုလ်ကို ရမှာပေါ့၊ ပါရမီ ရင့်ပြီးဖြစ်ရင်လည်း အားထုတ်ကြည့်လိုက်ရင် ဒီဘဝမှာ တစ်မဂ် တစ်ဖိုလ်ကို ရနိုင်တာပေါ့၊ ဖြစ်နိုင်တာကစလုပ်၊ ရနိုင်တာက စယူရမယ်လို့ သဘောထားတတ်ဖို့ လိုတယ်၊ လယ်တီဆရာတော်ဘုရားကြီးက လူတစ်ယောက်ဟာ ရဟန်း ပြုမည်လို့ ကြံစည် ကြိုးစားနေတာကို တွေ့တဲ့လူက ကိုယ့်လူ တစ်သက်လုံး နေနိုင်မှ ကြံပါကွာ၊ မနေနိုင်ဘဲနှင့်တော့ ကြံမနေနဲ့လို့ မပြောကောင်းဘူး၊ ပြောရင် အဲဒါ ဓမ္မန္တရာယ်ပဲတဲ့၊ ကောင်းမှုကုသိုလ်မျိုးမှာ စိတ်အကြံ ဖြစ်ကာမျှနှင့်ပင် အကျိုးများလှပြီလို့ ဘုရားဟောရှိကြောင်း ဆရာတော်ကြီး ညွှန်ပြထားတယ်'

'ဒါဆိုရင် သောတာပတ္တိမဂ်ကို ရရ မရရ ခု လက်ရှိဘဝကစပြီး ဝိဇ္ဇာမျိုး၊ စရဏမျိုးရအောင် လုပ်၊ အောက်တစ်ဆုံးက ကလျာဏပုထုဇဉ် စူဠ သောတာပန် ဖြစ်အောင်လုပ်၊ အဲဒီလို လုပ်နိုင်ရင် ဒီဘဝ မဂ်မရတောင် နောက်ဘဝ မဂ်ရမယ်လို့ ဆိုလိုတာပေါ့နော် ဆရာ'

'အေး... ဟုတ်တယ်၊ ကုသိုလ်မှု ဆိုတာ အလဟဿ ဖြစ်သွားတာ မရှိဘူးလို့ ပြောခဲ့ပြီးပြီပဲ၊ ဒီနေရာမှာ တို့များ အယူအဆဟာ လယ်တီဆရာတော်ရဲ့ အယူအဆအတိုင်းပဲ၊ ဆရာတော်က ယခု သာသနာတွင်းမှာ ကြုံကြိုက်နေကြတဲ့ လူအပေါင်းတို့ဟာ ပြဆိုခဲ့ပြီးတဲ့ မိစ္ဆာ ဓမ္မတွေကို ပယ်ရှင်းပြီး ခုဘဝမှာပင် အပါယ် သံသရာက ကျွတ်ထိုက်လျှင်လည်း ကျွတ်စေရမည် မကျွတ်ထိုက်သေးလျှင်လည်း နောက်ဘဝမှာဖြစ်ဖြစ်၊ နောက် ဘုရားသာသနာမှာ ဖြစ်ဖြစ် ကျွတ်လွတ်နိုင်ရန် အတွက် သမထ၊ ဝိပဿနာ ပါရမီမျိုးစေ့ကို အောင်မြင်စွာ ရစေရမယ်လို့ ထက်သန်သော ဆန္ဒဝီရိယဖြင့် သမထ အလုပ်၊ ဝိပဿနာ အလုပ်များကို ယောကျ်ား၊ မိန်းမ အားထုတ်ကြမှသာ လူဖြစ်ကျိုး နပ်ပါလိမ့်မယ်တဲ့'

'ဆရာတော်ဘုရားကြီးရဲ့ ဒီသဘောထားဟာ လူ့ဘဝ အတွက် လက်တွေ့ အကျိုးများတဲ့ သဘောထားပဲနော်'

'အေး... တို့များ ဘုံစဉ်စံ ဘဝလမ်းပြ ဒဿနကလည်း ဒီသဘောထားအတိုင်း တစ်သဝေမတိမ်း ထားတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဘုံစဉ်စံ ဘဝလမ်းပြ ဒဿနရဲ့ သဘောထားနဲ့ ရည်မှန်းချက်တွေကိုတော့ တော်တော် နားလည် သဘောပေါက်သွားပါပြီ ဆရာ၊ ဘုံစဉ်စံ ဖြစ်အောင် လက်တွေ့အားဖြင့် ဘယ်လို ကျင့်ကြံ အားထုတ်ရမယ်ဆိုတာကို ပြောပါဦးဆရာ'

'အေး... ဘုံစဉ်စံ ဘဝလမ်းပြ ဒဿနရဲ့ လိုရင်းကတော့ ပုထုဇဉ် လူသားဟာ အန္ဓဘဝနဲ့ ဒီဘဝကို အဆုံးခံသွားရင်တော့ သူ့အတွက် အပါယ်တစ်လမ်းသွားပဲ ရှိတယ်၊ ဒါကြောင့် အန္ဓ ပုထုဇဉ်ဟာ သုတဗုဒ္ဓိ ဉာဏ်မျက်စိ ပေါက်တဲ့ ကလျာဏ ပုထုဇဉ် (အရိယာ သာဓက) ဖြစ်အောင် လုပ်ရမယ်၊ ဒီဘဝမှာ သောတာပန် အကြီးစား မဖြစ်သေးဘူးပဲထား၊ သောတာပန် အငယ်စား စူဠသောတာပန်ဖြစ်ရင် စိတ်ချရပြီ၊ သာသနာဘောင်မှာ သက်သာရာ၊ ထောက်တည်ရာရပြီ၊ ဒါဟာ နည်းတဲ့ အကျိုးလား'

'မနည်းပါဘူး ဆရာ၊ တော်တော်လည်း သဘောပေါက်သွားပါပြီ၊ ဒါပေမယ့် တချို့ မရှင်းလင်းတာကလေးတွေကို မေးပါရစေဦး'

'အေး... မေးစရာရှိတာတော့ ချန်မထားနဲ့၊ မေးသာမေး'

'ကျေးဇူးတင်ပါတယ် ဆရာ၊ ဂတိမြဲတယ်ဆိုတဲ့စကားရဲ့ အနက် အဓိပ္ပာယ်နဲ့ အနှစ်သာရကို သိပါရစေဦး'

'အေး... စူဠသောတာပန်ဆိုတာ မဂ်မရသေးဘူး၊ သောတာပန်တော့ မဖြစ်သေးဘူး၊ ဒါပေမယ့် မဂ်ရဖို့ သေချာတယ်၊ သောတာပန်ဖြစ်ဖို့ သေချာတဲ့ ဗောဓိ အခြေအမြစ် စိုက်ပြီးသူ ဖြစ်သွားပြီ၊ ဒါကြောင့် ဒီဘဝက သေရင် သူ အပါယ်ကို မကျတော့ဘူး၊ တစ်ဘဝအတွက်တော့ စိတ်အေးသွားရပြီပေါ့ကွာ ဒါပေမယ့် နောက်ဘဝမှာ သောတာပန်ဖြစ်ဖို့ သေချာနေပြီဆိုတော့ သူဟာ အပါယ် သံသရာကို ပြန်မကျတော့ဘူး၊ သုဂတိဘုံမှာချည်း စံသွားရဖို့ အခွင့်ကောင်းကို ရသွားပြီလို့ နားလည်ရမယ်၊ အဲဒါ ဂတိမြဲတဲ့ သဘောပဲ၊ မင်းက အဓိပ္ပာယ် အနှစ်သာရကို ပြောပါဆိုတော့ ဒီထက် ရှည်ရှည်ဝေးဝေး ပြောရဦးမှာပေါ့'

'ဟုတ်ကဲ့၊ သုဂတိဘဝရဲ့ အနှစ်သာရကို သိမှ အဲဒီ ဘဝကို ရောက်ရခြင်းရဲ့ တန်ဖိုးကို သိမှာပေါ့ ဆရာ'

'အေး... ဟုတ်ပါတယ်၊ ဒီတော့ ပုထုဇဉ် သဘာဝကို စပြောမယ်၊ ပုထုဇဉ်ရဲ့ သန္တာန်မှာ အပါယ်ငရဲဘဝတွေကို ပစ်ချဖို့အတွက် အစဉ်ပါနေတဲ့ အကုသိုလ်ကံဟောင်းတွေက တစ်ယောက်ယောက်မှာ အသင်္ချေ အနန္တ မရေတွက်နိုင်အောင်



များလှတယ်၊ အဲဒီ အတိတ်ကံဟောင်းတွေဟာ အလွန် များတယ်၊ အဲဒါတွေဟာ နှိပ်စက်နေတဲ့ အပူကောင်တွေပဲ၊ တစ်ခါ ပုထုဇဉ်ရဲ့ သန္တာန်မှာ အနာဂတ်ကို ပါသွားမယ့် ဒုစရိုက် ကံတွေကလည်း အနန္တပဲ၊ (ဒါတွေ ဘယ်လို ဖြစ်နေကြသလဲ ဆိုတာကို နောက်ပိုင်းမှာ ခန္ဓာ ပဋိစ္စသမုပ္ပါဒ် အကြောင်းကို ပြောတဲ့အခါ မင်း ခေါင်းထဲမှာ ရှင်းသွားလိမ့်မယ်)၊ ဒါတွေက ကံသစ်တွေ၊ အပူကောင်တွေ ချည်းပဲ၊ သောတာပတ္တိ မဂ်ဖိုလ်ကို ရောက်တဲ့အခါ အဲဒီ အတိတ်ကံ အနန္တတို့သည် အကုန် ချုပ်တယ်တဲ့၊ ပြီးကော့ အနာဂတ်ကံ အနန္တတို့သည်လည်း အကုန် ဓာတ်သိမ်းသွားတယ်တဲ့၊ အဲဒါဟာ သောတာပန်တို့ ရောက်ကြရတဲ့ ပထမ နိဗ္ဗာန်ကြီးပဲကွယ့်၊ အပါယ် ခန္ဓာဓာတ် သိမ်းသွားပြီနော်၊ သောတာပန်မှာ'

'ဟုတ်ကဲ့၊ အဲဒီသဘောကိုတော့ သိပါပြီ'

'ကဲ... နောက် ထူးခြားတဲ့ အနှစ် အရသာ တစ်ခုကို ပြောဦးမယ်၊ သောတာပန် ဖြစ်တာနဲ့ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံမှာ ဆက်လက် ကျင်လည်နေရသေးသော်လည်း ပုထုဇဉ်တွေဟာ အပူရုပ်နဲ့ လူလုပ်နေကြရတာကို မြင်ရတိုင်း မိမိတို့မှာ ခံစားနေရတဲ့ ငြိမ်းအေးမှုရဲ့ အရသာ နိဗ္ဗာန် ချမ်းသာကြီးက ရှိနေတယ်၊ အဲဒီ ချမ်းသာကြီးကို ဘဝ အဆက်ဆက် ခံစားကြရတယ်၊ ပြီးတော့ နောက်ဆုံး ပရိနိဗ္ဗာန် စံဝင်ရတဲ့ ဘဝတိုင်အောင် ကြားကာလမှာ ကျင်လည်ကြရတဲ့ ဘဝတွေမှာလည်း တယ်တော့မှ သာသနာပ ဘဝ၊ သာသနာပ ကမ္ဘာမှာ မဖြစ်ကြရတော့ဘူး၊ ဗုဒ္ဓဘာသာမှ တစ်ပါး ဖြစ်သော မိမှား ဘမှားရဲ့ ဝမ်းမှာလည်း ပဋိသန္ဓေ မနေရတော့ဘူး၊ မိမိ ရှုထားတဲ့ ပထမ နိဗ္ဗာန်ချမ်းသာကြီးရဲ့ နယ်အတွင်းမှာသာ ဖြစ်ကြရတယ်၊ အလိုရှိရာ လူချမ်းသာ၊ နတ်ချမ်းသာ ဗြဟ္မာ ချမ်းသာတို့ကို ခံစား စံစားကြရတယ်၊ အဲဒီလို လူ နတ် ဗြဟ္မာ ချမ်းသာတဲ့ ဘုံဘဝတွေမှာ အားရအောင် နေပြီး ငြီးငွေ့ပြီ ဆိုမှ ခန္ဓာကို စွန့်ပြီး ပရိနိဗ္ဗာန် ပြုကြရတယ်'

'ထူးခြားတာက သံသရာမှာ သောတာပန်ဟာ ခုနစ်ဘဝလောက် ကျင်လည်ပြီး သွားရတယ် ဆိုပေမယ့် သံသရာဝဋ်က ကျွတ်လွတ်တဲ့အနေနဲ့ ကျင်လည်ကြရမယ်တဲ့၊ ပရမတ္ထ သံခိပ်ကျမ်း နိဗ္ဗာန်ခန်းမှာ လယ်တီ ဆရာတော်ဘုရားကြီး ဟောပြတော်မူထားတာ ရှိတယ်၊ သံသရာ နစ်မွန်းနေတဲ့ ဝဋ်ကောင်၊ အပူကောင်မျိုး မဟုတ်တော့ဘူးတဲ့၊ သောတာပန်မှာ ဒိဋ္ဌိ ဝိကိစ္ဆာ ဓာတ်သိမ်းသွားပြီး ဒုစရိုက်၊ ကံဟောင်း၊ ကံသစ်တွေ ချုပ်ငြိမ်းသွားပြီ၊ ဒါကြောင့် ဘဝမှာ ဓာတ်မသိမ်းသေး

www.burmeseclassic.com

www.burmeseclassic.com



ခင် လူအဖြစ်၊ နတ်အဖြစ်၊ ဗြဟ္မာအဖြစ်တွေမှာ ဖြစ်ကြသော်လည်း အဲဒီလို ဖြစ်တဲ့အခါ ဘယ်တော့မှ နိမ့်ကျတဲ့ ဆင်းရဲတဲ့ဘဝ မဖြစ်တော့ဘူး၊ အင်မတန် အမျိုးမြတ်၊ ဂုဏ်မြင့်၊ အဆင်း အင်္ဂါ တင့်တယ် ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာတဲ့ အဖြစ်မှာပဲ ဖြစ်ကြရတယ်တဲ့၊ ဘာပဲဖြစ်ဖြစ် ဗုဒ္ဓမြတ်စွာရဲ့ သဗ္ဗညုတ ဉာဏ်တော်နဲ့ ရှုမြင်ခဲ့တဲ့ အမြင်ဟာ လူရဲ့ ဖြစ်တည်မှုမှာ အားငယ်စရာ ဘာမှမရှိဘူး၊ အားတက်စရာတွေချည်းပဲ၊ မကောင်းတာတွေ ရှိပေမည့် အဲဒါတွေဟာ မကျော် လွှားနိုင်တဲ့ တရားတွေ မဟုတ်ဘူး၊ လူဟာ အစွမ်းသတ္တိ ကင်းတဲ့ သတ္တဝါ မဟုတ်ဘူး၊ ကြိုးစားရင် နည်းမှန် လမ်းမှန် လုပ်ရင် ဖြစ်ချင်တာ ဖြစ်နိုင်တယ် ဆိုတာ နားလည်လာပါလိမ့်မယ်၊ လူ့ ဘဝဟာ အချည်းအနှီး ပြီးဆုံးသွားတဲ့ ဘဝမျိုး မဟုတ်ဘူးဆိုတာ ထင်ရှားပါတယ်၊ အရေးကြီးတာက အသိမှန်၊ အမြင် မှန်ဖို့ပါပဲ၊ လူဖြစ်ကျိုးနပ်အောင် ဘာလုပ်မလဲဆိုတာကို သိဖို့ လုပ်တတ်ဖို့သာ အရေးကြီးပါတယ်၊ ဒီတော့ လူဖြစ်ကျိုးနပ်အောင် အနှပုထုဇဉ်ကနေ ကလျာဏ ပုထုဇဉ်၊ စူဠသောတာပန် ဖြစ်အောင် ဘယ်လို လုပ်ရမလဲ ဆိုတဲ့ ကျင့်စဉ်ပိုင်းကိုသာ ရှင်းပြပါတော့ ဆရာရယ်'

'ခု ဘဝရဲ့ အဓိပ္ပာယ်နဲ့ အနှစ်သာရသဘောတွေကို သိပြီ မဟုတ်လား၊ ဗုဒ္ဓရဲ့ ဒီအမြင်ဟာ သမ္မာဒိဋ္ဌိ အမြင်လား၊ မိစ္ဆာဒိဋ္ဌိအမြင်လား ဆိုတာလည်း ရှင်းလောက်ပြီ၊ ဒီအမြင်ဟာ လူ့ဘဝကို အကျိုးဖြစ်ထွန်းစေသလား၊ မဖြစ်ထွန်း စေဘူးလား၊ အကျိုးမဲ့စရာ အချက်အလက်တစ်ခု ပါသလား၊ ဒီအမြင်ကြောင့် လောကီ လောကုတ္တရာ ဘဝနှစ်ဖြာမှာ ချောက်ကျစရာ အကြောင်းရော ရှိသလား၊ ဘဝ ချမ်းသာကို ဖြစ်စေသလား၊ ဘဝ ဆင်းရဲကို ဖြစ်စေသလား၊ အဲဒါတွေဟာ အမြင်မှန်ခြင်း ရှိ မရှိကို စစ်ဆေးစရာ မှတ်ကျောက် စံနှုန်းတွေပဲကွာ၊ အဲဒါနဲ့ စစ်ကြည့်ပေါ့'

'ဟုတ်ပါတယ်၊ ကျွန်တော် ကောင်းကောင်း နားလည်ပါပြီ ဆရာ၊ မှန်ကန် တဲ့ အမြင်ရှိမှသာ ဘဝမှာ အကျိုး ဖြစ်ထွန်းနိုင်တယ်၊ ဘဝ ချမ်းသာကို ရနိုင် တယ်၊ ဉာဏ်အတွက် သက်သာရာ၊ ထောက်တည်ရာ ရနိုင်တယ်ဆိုတာ ထင်ရှား ပါပြီ'

'အေး… ဒါဆိုရင် စူဠ သောတာပန်၊ ကလျာဏ ပုထုဇဉ် ဖြစ်ခန်း ဓာတ် ကမ္မဋ္ဌာန်းဘက်ကို ဉာဏ်လှည့်ကြရအောင်'

## ၉။ စူဠသောတာပန် ဖြစ်ခန်း ဓာတ်ကမ္မဋ္ဌာန်း

'မင်းကို တစ်ခု မေးစမ်းပါရစေဦး'

'ဟုတ်ကဲ့၊ မေးပါ ဆရာ'

'တို့များ ခု အချိန် တော်တော်ကြာအောင် အချိန်ကုန်ခံပြီး ဆွေးနွေးခဲ့တာ တွေဟာ မင်းနဲ့တကွ မင်းလို ပုထုဇဉ်တွေအတွက် အကျိုး တစ်စုံတစ်ရာ ရှိ တယ်လို့ မင်း ထင်ရဲ့လား'

'ဟာ… ဆရာရယ်၊ ဘယ့်နှယ်ပြောပါလိမ့်၊ ခု ကျွန်တော် ရရှိတဲ့ တန်ဖိုး တွေကို ချိန်စက်ပြစရာ အလေးတောင် ဒီလောကမှာ မရှိဘူးလို့ ထင်ပါတယ်၊ မိဘကျေးဇူးကို ချိန်စက်ပြစရာ အလေးဟာ မြင်းမိုရ်တောင် ဖြစ်သလို ဆရာ ကျေးဇူးကို ချိန်စက်ပြစရာဆိုရင်လည်း ချိန်ခွင်တစ်ဖက်မှာ ကျေးဇူးကို ထည့်ပြီး အခြားတစ်ဖက်မှာ မြင်းမိုရ်တောင်ကို ထည့်ရပါလိမ့်မယ် ဆရာ၊ လူသားဟာ မျက်မှောက် ရရှိထားတဲ့ ဘဝကိုလည်း အကောင်းဆုံး၊ အချမ်းသာဆုံး ဖြစ်စေ ချင်တယ်၊ နောင်တမလွန်မှာ ရကြဦးမည့် ဘဝတွေမှာလည်း ဒီထက် ကောင်းမွန် မြင့်မြတ်တဲ့ အခြေအနေတွေကို ရချင်ပါတယ် ဆရာ၊ အမှန်ကို ဝန်ခံရရင် ကျွန်တော်တို့လို ပုထုဇဉ်ဟာ ဉာဏ်မျက်စိ၊ ဉာဏ်အမြင် မရှိပါဘူး၊ မိဘရိုးရာ နိဗ္ဗာန်မဂ်ဖိုလ်ကို မျက်မှောက်ပြုရပါလို၏လို့ ဆုတောင်းတတ်ကြပေမယ့် ဒါက စိတ်က တကယ်လိုချင်လို့ တောင်းတာ မဟုတ်ပါဘူး၊ လူကြီး မိဘများက နိဗ္ဗာန် မဂ်ဖိုလ်ကို ဆုတောင်းရကယ်ဆိုပြီး ဆုံးမထားလို့သာ အလိုက်သင့် ပြောဆိုနေကြတာပါ၊ တကယ်တမ်းကျတော့ ပုထုဇဉ်ဟာ ဘဝရဲ့ဒုက္ခကို မမြင် ကတ်ပါဘူး၊ ဘဝရဲ့ ချမ်းသာ သုခကိုသာ အစဉ် စိတ်ကူးထဲ ထည့်နေကြပါတယ်၊ ဒါကြောင့် နောင်တစ်နေ့ ဉာဏ်မျက်စိပွင့်လို့ ပြော်… နိဗ္ဗာန်သာလျှင် တကယ်

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာစေပါကလားလို့ သိတဲ့အဖွဲ့ကြားမှာ အဖန် တလဲလဲ ကျင်လည်နေရဦးမည့် ဘဝတွေမှာတော့ ဘဝချမ်းသာ၊ ဘဝ သုခကို တောင့်တကြပါတယ် ဆရာ၊ ခု ဆရာ ကျွန်တော့်ကို လမ်းညွှန် ပြသနေတဲ့ ဘုံစဉ်စံ ဘဝလမ်းပြ ဒဿနဟာ တကယ့်ကို ပုထုဇဉ်တွေအတွက် အကျိုးများပါတယ်၊ ပုထုဇဉ်တွေ အတွက် ဘဝချမ်းသာ သုခကို ရှာမယ်ဆိုရင် အလှမ်း မဝေးဘူး၊ လက်တစ်ကမ်းမှာပဲ ရှိတယ်၊ ပြီးတော့ ဘုံစဉ်စံ ဘဝလမ်းပြ ဒဿနဟာ အပါယ် တစ်လမ်းသွား ဘဝနဲ့ နေ့ရက်တွေကို ကုန်ဆုံးသွားကြမည့် အန္ဓ ပုထုဇဉ်တွေကို ကယ်တင်နိုင်တဲ့ အသက်ကယ် လှေကလေးတစ်စင်း ဆိုရင်လည်း မမှားပါဘူး၊ ဆရာ ရည်ရွယ်ချက် ဆရာ့ အတွေးအခေါ်တွေဟာ တကယ့်ကို လက်တွေ့ Practical ကျပါတယ် ဆရာ၊ လူ့ဘဝဆိုတာ ရခဲတယ်လို့ မြတ်စွာ ဘုရား ဟောကြားထားတဲ့အတိုင်း ရခဲတဲ့ လူ့ဘဝကို ကံထူးလွန်းလို့ ရခဲ့ပြီးကာမှ အပါယ်ဘဝကို ပြန်သွားမယ်ဆိုတာ ဘဝ လှုဖြစ်ရှုံးလှပါတယ်၊ ရခဲတဲ့ လူ့ ဘဝကို ကောင်းစွာ အသုံးချတတ်မယ်ဆိုရင် နောင်သံသရာမှာ ဒီထက် ပိုပြီး အဆများစွာ ကောင်းမွန်တဲ့ သုဂတိ ဘဝတွေ ကို ရရှိနိုင်ပါလျက်နဲ့ အနေမတတ်၊ အစားမတတ်ခဲ့လို့ ဘာလုပ်ရမှန်း မသိလို့ လူ့ဘဝ တစ်ဖြစ်ရှုံး မဖြစ်ရလေအောင် သံသရာဝဋ်ဒုက္ခမှ ပုထုဇဉ် ထွက်လမ်းကို ပြပေးတဲ့ ဆရာ့ ဘုံစဉ်စံ ဘဝလမ်းပြ ဒဿနကို ကျွန်တော်ဖြင့် စိတ်ကရည်မှန်းပြီး ကန်တော့ပန်း ဆင်နေရပါတယ် ဆရာ၊ အဲဒီတော့ ကျွန်တော်တို့လို သုတဗုဒ္ဓိ ဉာဏ်မျက်စိမရှိသေးတဲ့ အန္ဓပုထုဇဉ် အမိုက်အမဲတွေကို သနားသောအားဖြင့် စကားတွေ အများကြီး ပြောပြီး တရားဟောမနေပါနဲ့တော့၊ လူ့ဘဝက အချိန်က တိုက်စားနေပါတယ်၊ သေမည့်အချိန်က နောက်မှာ ကပ်နေတာပါ ဒါကြောင့် ခုချက်ချင်း ဘာလုပ် ရမယ်ဆိုတာကိုသာ တိတိကျကျ လမ်းညွှန်ပြပါ ဆရာ၊ ဟိုတွေးဒီတွေးနဲ့ အတွေးလွန်နေတုန်း ဖြုန်းဆို သေမင်းက ရောက်လာရင် အပါယ်လေးပါးကို လွှင့်စဉ် ကျသွားမှာကို ကြောက်လှပါပြီ ဆရာရယ်'

'အင်း... မင်းလိုလူကို တရားပြရတာ တန်တယ်၊ အချိန် ကုန်ရကျိုး နပ်တယ်၊ အရေးကြီးတာက ပထမ သံသာရဘယဘီရုကာ ဖြစ်ဖို့ အရေးကြီးတယ်'

'သံသာရဘယဘီရုကာ ဆိုဟာ ဘာလဲ ဆရာ'

'သံသရာဘေးကို ကြောက်တတ်တဲ့ လူကို ပြောတာ၊ တချို့က ဥစ္စာဒိဋ္ဌိ အားကြီးပြီး ဒီဘဝ ကောင်းစားရင် ပြီးရော ဘာပဲလုပ်ရ လုပ်ရ လုပ်နေကြတယ် မင်း မတွေ့ဘူးလား'



တွေ့ပါတယ် ဆရာ'

'အေး... အဲဒီ လူတွေဟာ သံသရာဘေးကို မကြောက်ဘူး၊ နောင်ဘဝ တိရစ္ဆာန်ဖြစ်လည်း တိရစ္ဆာန်ဘဝမှာ ပျော်အောင်နေမယ် ဆိုတဲ့ လူစားတွေ၊ ဖြစ်ချင်ရာဖြစ် စိတ်မညစ်ဘူးဆိုတဲ့ လူစားတွေ၊ သူတို့က လောကီချမ်းသာကို သိပ်လိုလားတယ်၊ ဒါပေမယ့် ဒုက္ခခံရမှာကိုလည်း မကြောက်ဘူး၊ ငါ တရုတ်တန်းမှာ နေခဲ့တုန်းက တပည့် တစ်ယောက် ရှိခဲ့ဖူးတယ်၊ သူက သိပ်ချမ်းသာချင်တယ်၊ ဒီတော့ ဟိုခေတ်က ကျောက်တိုင်နဲ့ဆီဖူးတွေ ခေတ်စားတယ်၊ အဲဒါ ကျောက်တိုင် နဲ့ဆီဖူး အတုတွေလုပ် ရောင်းစားတယ်၊ နောင် အဝေးပြေး ကားထောင်တယ်၊ အစိုးရ ဆန်တွေကို မန္တလေး- တောင်ကြီးကို ကားနဲ့ ပို့ပေးရတယ်၊ သူ ဘာလုပ်တယ် မှတ်သလဲ၊ အစိုးရဆီက ဆန်တင်ခွင့် ပါမစ်တွေ ဆယ့်လေးငါးဆောင် ရအောင် လုပ်တယ်၊ အစိုးရ ဆန်ဂိုဒေါင်တွေက ဆန်တွေကို တင်သွားပြီး ဆန်ရှားတဲ့ အညာဒေသတွေမှာ အားလုံး ရောင်းစားပစ်လိုက်တယ်၊ အဲဒီငွေနဲ့ သူ လူချမ်းသာ ဖြစ်သွားတယ်'

'ဒီတော့ သူ့ကို မဖမ်းဘူးလား'

'ဟ... ဘယ်နေမလဲ ဖမ်းတာပေါ့၊ ဒါကို သူ မကြောက်ဘူး၊ ဒီလို လုပ်ရင် ဒီလိုဖြစ်မယ်ဆိုတာ သူ သိပြီးသား၊ တစ်နှစ် နှစ်နှစ်ရှာလို့ ဟိုခေတ်က ငွေ ဆယ်သိန်း၊ သိန်းနှစ်ဆယ် မရနိုင်ဘူး၊ ဒီတော့ သူက တစ်ချီတည်းနှင့် အပွကြီ တာပဲ၊ ဒီလို လူမျိုးဟာ ဒုက္ခကိုလည်း မကြောက်ဘူး၊ သံသရာ ဘေးကိုလည်း မကြောက်ဘူး၊ မျက်မှောက်ဘဝမှာ ပစ္စည်းဥစ္စာ ချမ်းသာရင် ကိစ္စပြီးတယ်လို့ ထင်နေကြတယ်'

'တော်တော် ဉာဏ်နည်းတာပဲနော်'

'ဟ... မင်းကသာ ဉာဏ်နည်းတယ် ပြောတာ၊ သူက အဲဒါကို ဉာဏ်များတယ်၊ ဉာဏ်ရှိတယ်၊ ချမ်းသာအောင် လုပ်တတ်တယ်လို့ ထင်နေတာဟ'

'အင်း... အန္ဓပုထုဇဉ်ရဲ့ သဘောဟာ ပိုပြီး ပေါ်လာပါတယ် ဆရာ၊ သူ မအိုဘူးလား၊ မသေဘူးလား၊ သူသေတော့ သူရှာခဲ့တဲ့ ပစ္စည်းဥစ္စာက ကျန်ခဲ့ပြီး ယူ အကုသိုလ်က သူ့နောက်ကို ပါမှာကော မကြောက်ဘူးနော်'

'အဲဒါ ဉာဏ်ကိစ္စ၊ အဲဒီလို သဘောတွေကို သူ့မှာ သိနိုင်တဲ့ ဉာဏ် မရှိဘူး၊ သူ ကစ်ဘဝလုံးမှာ သူ့ကို ဖိစီးနေတာက ပိုက်ဆံ ချမ်းသာအောင် ဘယ်လို လုပ်ရမလဲဆိုတဲ့ အသိပဲကွ၊ သူတို့က ရိုးရိုး လုပ်စားလို့တော့ သေတောင် မကြီးပွားဘူးတဲ့၊ ဒီတော့ ဖြတ်လမ်းနည်း ရှာရမှာပဲတဲ့'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ် ဆရာ၊ သူ့လို လူမျိုးတွေ အများကြီး ကျွန်တော် တွေ့ဖူး ပါတယ်'

'အဲဒါ သံသရာဘေးကို ပေါ့ပေါ့တွေးပြီး ပေါ့ပေါ့ သဘောထားတဲ့ လူ တွေ၊ သူတို့အတွက်တော့ လူ့ဘဝဟာ အဆုံးပဲ၊ နောက်ထပ် သုဂတိဘဝကို ရ လမ်းမရှိတော့ဘူး၊ သံသရာအဆင်းလမ်းကို သွားတဲ့ အကောင်တွေ၊ သူတို့ လက်ရှိဘဝမှာ ပစ္စည်းဥစ္စာ ဆင်းရဲကျပ်တည်းမှာကိုပဲ ကြောက်တယ်၊ အကုသိုလ် ဒုစရိုက် လုပ်ရမှာကို မကြောက်ဘူး၊ ဒီထက် ပိုဆိုးတာက လူတွေက သူတို့ မချမ်းသာဘူး၊ ဆင်းရဲတယ်လို့ ထင်မှာကျတော့ သိပ်ရှက်တယ်၊ အရက်သမား ဆိုရင် လူတွေက အထင်သေးတယ်၊ မယုံဘူး၊ မလေးစားဘူး၊ ဒါပေမယ့် အရက် ကို ကြိုက်တဲ့လူတွေကို တွေ့ဖူးတယ်၊ သူတို့က လူပုံအလယ်မှာ အရက်သောက် အကြောင်း၊ အရက်ကို ဘုရားဟောင်မှ တားလို့မရဘူး ဆိုတဲ့ အကြောင်းတွေ အားရပါးရ ပြောကြတယ်၊ ဒါဟာ ရှက်စရာလို့လည်း မထင်ဘူး၊ ရှက်ရကောင်း မှန်းလည်း မသိဘူးလေ'

'ဟုတ်ပါတယ်ဆရာ၊ လောကီပညာတွေ ဘယ်လောက်တတ်တတ်၊ ခန္ဓ အာယတန ဓာတ်သစ္စာ ပဋိစ္စသမုပ္ပါဒ်တရားတွေကို သိတဲ့ သုတမှုဒ္ဓိ ဉာဏ် မျက်စိမရှိတဲ့သူဟာ အန္ဓပုထုဇဉ်ပဲ၊ သက္ကာယဒိဋ္ဌိ ငါစွဲကြီးပြီး အတိမာန ထော လွှားနေတဲ့ လူမိုက်တွေချည်းပဲ'

'အဓိကကတော့ သူတို့မှာ သံသရာဘေးကို မြင်အောင် ကြည့်တတ် ဝိဇ္ဇာမျက်လုံး၊ ဉာဏ်မျက်လုံး မရှိဘူး'

'ဟုတ်ကဲ့၊ ကျွန်တော် အများကြီး သဘောပေါက်သွားပါပြီ ဆရာ၊ ဒီတော့ ကျွန်တော်တို့ကို အဓိက အချက်ဖြစ်တဲ့ အန္ဓ ပုထုဇဉ် ဘဝကနေပြီး ကလျာဏ ပုထုဇဉ် စူဠသောတာပန် ဖြစ်အောင် ဘယ်နည်းနဲ့ လုပ်ရမယ်၊ ဘယ်လို လုပ် မယ် ဆိုတဲ့ လက်တွေ့ ကျင့်စဉ်တွေကိုသာ ပြောပါတော့ ဆရာရယ်'

'အေး... အန္ဓပုထုဇဉ်တွေ အကြောင်းကို ပြောရင်တော့ ပြောမဆုံးပေါ့ တောသုံးတောင်ဆိုတာလို ဖြစ်နေမှာပဲကွာ၊ မပြောလို့ကလည်း မဖြစ်ဘူး၊ အန္ဓ ပုထုဇဉ်ရဲ့ မိုက်မပုံတွေ၊ ဘဝ အံချော်နေပုံတွေကို သိမှ၊ မြင်မှ သြော်... ဘဝနဲ့ဖြင့် တစ်သက်လုံး အဆုံးခံလို့ မဖြစ်ဘူးဆိုတဲ့ သံဝေဂကလေး ရလာမှာ မို့ အချိန်ကုန်ခံပြီး ပြောနေရတာပါ၊ မင်း စဉ်းစားကြည့်စမ်းကွာ၊ ဘယ်လောက်များ ရင်နာစရာ ကောင်းသလဲ၊ ယောကျ်ား... ယောကျ်ား၊ သားကျွေးဖို့၊ မယားကျွေး



ဆိုပြီး လိမ်လိုက်၊ ခိုးလိုက်၊ မတရား စီးပွားရှာလိုက်နဲ့ တစ်သက်လုံး ကုန်းပြီး လုပ်ရှာတယ်၊ သားတွေ မယားတွေကတော့ သူရှာပေးသမျှကို သုံးလိုက် ဖြုန်း လိုက်၊ ကြွားလိုက် ဝါလိုက်၊ ပျော်လိုက် ပါးလိုက်နဲ့ပေါ့၊ သူသေတော့ သူရှာခဲ့ တာတွေ သူမစားရဘဲနဲ့ သူများစားဖို့ ဖြစ်သွားတယ်၊ သူရှာခဲ့တာတွေကို စား နေကြတဲ့ လူတွေဟာ သူရခဲ့တဲ့ အကုသိုလ်ထုပ်ကြီး ဘယ်သူမှ ခွဲမယူဘူး၊ စံ စရာရှိတာတော့ စံကြတယ်၊ ခံစရာရှိတော့ သူတစ်ယောက်တည်းခံ ဆိုပြီး ပစ်ချ လိုက်တယ်၊ စဉ်းစားဖို့ မကောင်းဘူးလား၊ အဲဒီလို သူများကစံ၊ ကိုယ်က ခံရ တာကိုပဲ သူ့ရဲကောင်းအလုပ်လို့ ထင်တဲ့အကောင်တွေက ရှိသေးတယ်၊ မိုက်ချက် ကတော့ ကမ်းကုန်ရောပဲ'

'ဟုတ်ပါတယ် ဆရာ၊ ကျွန်တော် ခု သဘောပေါက်လာပါပြီ၊ ခြုံပြီး ပြော ရရင်တော့ လူတွေ လက်ခံထားတဲ့ တန်ဖိုးတွေအားလုံးဟာ ဉာဏ်မျက်စိ ရှိ လာတဲ့ လူအဖို့မှာတော့ အွားလုံး တစ်လွဲချည်းပဲနော်'

'အဲဒါပေါ့၊ ဝိပလ္လာသလို့ တို့ မြတ်စွာဘုရား ဟောတာ၊ အမှတ်မှား၊ အသိ မှား၊ အယူမှားနေကြတာတွေလေ၊ ဒါကို သွားပြောလို့ မဖြစ်ဘူး၊ တစ်လောကလုံး က လက်ခံထားတဲ့ အများမျိုးဆိုတာ အမှန် ဖြစ်နေတာတတ်တယ်၊ ဥပမာ တစ်ခု မင်းကို ငါပြောမယ်၊ ခန္ဓာငါးပါးကို လင်နဲ့ မယားလို့ အမှတ်မှားတယ်၊ ဒီတော့ လင်နဲ့ ပတ်သက်တဲ့ သောက ဒုက္ခတွေ၊ မယားနဲ့ ပတ်သက်တဲ့ သောက ဒုက္ခ တွေ၊ စိတ်မချနိုင်တာတွေ၊ စိတ်မအေးရတာတွေ ဘယ်လောက် ရှုပ်ထွေး ပွေလီ လာသလဲ၊ အဲဒါတွေဟာ အမှတ်မှားလို့ ဖြစ်လာတဲ့ ဒုက္ခတွေ၊ ဒါပေမယ့် လင်နဲ့ မယားကို လင်မှတ်မှတ်၊ သားမှတ်မှတ်၊ မယားမှတ်မှတ် သဘောထားမှ သာ လောကကတော့ မှန်တယ်လို့ ယူဆတယ် မဟုတ်လား၊ အဲဒါက သမုတိ သစ္စာနယ်ကိုးကွယ်'

'ဒါထားပါတော့ ဆရာရယ်၊ ဘုံစဉ်စံ ဘဝလမ်းပြ ဒဿနရဲ့ ကျင့်စဉ်ပိုင်း ကိုသာ တိတိကျကျ ပြောပါတော့'

'အေး... ပြောမယ်၊ ပြောမယ်၊ ဒါကတော့ လုပ်မှ ဖြစ်တဲ့ အပိုင်းပဲ၊ အန္ဓ ပုထုဇဉ် ဘဝကနေ ကလျာဏပုထုဇဉ် (စူဠသောတာပန်) ဖြစ်အောင် လုပ်တဲ့ နည်းလမ်းတွေကို ဟောကြားထားတဲ့ ကျမ်းတွေ အများကြီး ရှိတယ်၊ အဲဒီအထဲ က ဆရာ အတွေ့အကြုံအရ အကောင်းဆုံး၊ အထိရောက်ဆုံး နည်းပေးလမ်းပြ ပြုထားတဲ့ ကျမ်းငယ် တစ်စောင် ရှိတယ်၊ ကျမ်းအမည်ကတော့ ယောဂီနည်း

www.burmeseclassic.com

www.burmeseclassic.com



လို့လည်း ခေါ်တယ်၊ စူဠသောတာပန် ဖြစ်ခန်း ဓာတ်ကမ္မဋ္ဌာန်း လို့လည်း ခေါ်တယ်၊ ရေးသား စီရင်တော်မူတဲ့ ဆရာတော်ကတော့ ဟိုတစ်ချိန်က ရဟန္တာ လို့ ကျော်ကြားခဲ့ဖူးတဲ့ သပိတ်အိုင်တောရ ဆရာတော်ဘုရားကြီးက ဖော်ပြ ထားတယ်

'ဟုတ်ကဲ့၊ ဘယ်လိုများ ဖော်ပြထားပါသလဲ ဆရာ'

'ဒီလိုကွယ့်၊ ဒီကျမ်းကလေးဟာ စာကြောင်းတိုင်း ဗဟုသုတ အလို့ငှာ ရေးထားတဲ့ ကျမ်းမျိုး မဟုတ်ဘူးကွယ့်၊ ခန္ဓာကိုယ်နိုက်သာလျှင် အကျိုးကျေးဇူး များဖို့ အတွက် ပဓာနထား၍ ကျဉ်းကျဉ်းနှင့် ကျယ်ကျယ်ကိုလည်း သိနိုင်ပြီး သည့်နောက် တရားအပေါ်၌ မတွေဝေစေရဘဲ အကြောင်းအကျိုးနှင့်တကွ ပြသ ရေးသားထားသော ကျမ်းကလေး ဖြစ်သည်၊ ဤသို့ ပြဆိုအပ်သည့်အတိုင်း နှလုံးသွင်း အားထုတ်ခဲ့ပါလျှင် စူဠသောတာပန် အဖြစ်ကို ဧကန် ဖြစ်နိုင်သော ကြောင့် ယောဂီပုဂ္ဂိုလ်တို့ နှစ်သက်အပ်သည့် အတွက် ယောဂီနန္ဒီ အမည်ရှိသော ဤကျမ်းကို စူဠသောတာပန် ဖြစ်ခန်း ဓာတ်ကမ္မဋ္ဌာန်း ဟူ၍ ခေါ်ဆိုအပ်ပေ သတည်းလို့ ရေးသားထားတော်မူတယ်'

'ဆရာတော်က အာမခံရဲတယ်နော်'

'ဆရာတော်ကြီးက စာပေ ပရိယတ်ဘက်ကလည်း ပြည့်စုံတယ်၊ ပဋိပတ် အရာမှာလည်း အံ့သြလောက်အောင် ထူးခြားပြောင်မြောက်ခဲ့ပေတယ်၊ ထိုခေတ် ထိုအခါကတော့ ဆရာတော်ကြီးနဲ့ ပတ်သက်တဲ့ အံ့မွယ် ထူးခြားချက်တွေကို နိုင်ငံအနှံ့ ကြားသိနေခဲ့ကြတယ်၊ အလွန်လည်း တန်ခိုးကြီးတဲ့ ဆရာတော်ကြီးပဲ၊ ဆရာတော်ရဲ့ စိတ်နှလုံးတော်ကလည်း အလွန် နူးညံ့သိမ်မွေ့ပြီး မဟာ ကရုဏာ စိတ်လည်း အလွန် ကြီးမားပါပေတယ်၊ ဆရာတော်ဟာ လူအထင်ကြီးလည်း မခံ၊ လူကြည်ညိုအောင်လည်း လူတောထဲလည်း မလိုက်ခဲ့ဘူး၊ ဆရာတော်က "ငါ့ကို လူတောထဲ ပင့်လျှင် ငါ မလိုက်နိုင်၊ လူတောထဲ ပင့်တိုင်း ပင့်တိုင်း လိုက်ချေက ငါ့မှာ အကျိုး ဆုတ်ယုတ်လိမ့်မည်၊ တရားဆိုသည်ကား သဒ္ဓါရယ်၊ ဝီရိယရယ်၊ သမာဓိရယ်၊ ပညာရယ် ဤလေးပါး ညီညွတ်လျှင် တရားထူးကို ရနိုင်သည်၊ ဤတရား လေးပါး မညီညွတ်လျှင် တရားထူးကို မရနိုင်၊ ညီတော် [illegible] တရား ရပုံကို ကြည့်ပါလား၊ လူတောထဲကို လိုက်၍ လူတွေ၏ အကြည်ညိုကို ခံပါက ဤတရားလေးပါး ညီညွတ်နိုင်ပါမည်လား" တဲ့ ရေး [illegible]မဟော်မူခဲ့တယ်'



'ဒီလို ဆရာတော်က ကျမ်းရေးတဲ့အခါကျတော့လည်း ပညာခန်း ပြပြီး ကြီးကြီးကျယ်ကျယ် မရေးဘဲနဲ့ စူဠသောတာပန် ဖြစ်ခန်း ဓာတ် ကမ္မဋ္ဌာန်း လောက်ကိုပဲ အာသီသထားပြီး ရေးတာကလည်း ထူးခြားသလိုပဲနော် ဆရာ'

'အေးလေ၊ အန္ဓပုထုဇဉ်က လောကမှာ အများစု မဟုတ်လား၊ ဒီ ပုထုဇဉ် တွေကို သူတို့နဲ့ တန်ရာတန်ရာ ဆေးကို ကျွေးပြီး ကုသမှသာ သူတို့ရဲ့ ရောဂါ ပျောက်မှာပေါ့၊ မတန်မရာတာတွေ သွားပေးတော့ မယူနိုင်လို့ မရဖြစ်ဦးမယ်၊ ဒါကို ဆရာတော်ကြီးက သဘောပေါက်တော်မူတယ်၊ ဒါကြောင့် တစ်ဘဝတည်း နဲ့ အရဟတ္တမဂ်ဉာဏ် ဖိုလ်ဉာဏ်ရပြီး နိဗ္ဗာန်ကို တောက်လျှောက် မျက်မှောက် ပြုနိုင်တဲ့ တရားကိုပြရင် ပုထုဇဉ်နဲ့မတန်ဘူး၊ ဥပမာ သုံးသိန်းတန် စိန်နားကပ် ကြီးကို ဟင်းရွက် ကန်စွန်းရွက်ရောင်းတဲ့ မိန်းမဆီမှာ သွားရောင်းတော့ ဘယ် စွံမလဲ၊ လောကမှာ တန်ရာတန်ရာကစပြီး လုပ်မှ ကိစ္စပြီးတယ်၊ အန္ဓ ပုထုဇဉ် ကို ကလျာဏပုထုဇဉ် စူဠသောတာပန်လောက် ဖြစ်အောင် ကိုယ့်ဝမ်းစာ ကိုယ် ရှာရင်း သားကျွေးမှု၊ မယားကျွေးမှု လောကီဝတ္တရားလည်း မပျက်ဘဲ ကျင့်နိုင်း လိုက်ရင် သူတို့အတွက် အကျိုးများမယ်၊ သူတို့ကို ကယ်ရာလည်း ကျမယ်၊ ဒါကြောင့် ဆရာတော်ကြီးက အန္ဓပုထုဇဉ်ဟာ ဒီဘဝမှာ အန္ဓပုထုဇဉ် အဖြစ်နဲ့ သေသွားရတာနဲ့ နှိုင်းစာရင် စူဠသောတာပန် ကလျာဏပုထုဇဉ်လောက် ဖြစ် သွားရင်ပဲ တော်လှပြီ၊ အရိယာ သာဝကနွယ်ဝင် ဖြစ်သွားပြီလို့ လူ့ဘဝ အရ တော်လှပြီ ဆိုပြီး ဒီကျမ်းကို ရေးသားခဲ့တာပဲကွယ့်၊ ပြီးတော့ ရေးသား စီရင်ပုံ ကလည်း အလွန် ထူးခြားပါတယ်'

'ဘယ်လိုများ ထူးခြားသလဲ အမိန့်ရှိပါဦး ဆရာ'

'ဒီလိုကွယ့်၊ ဘုံစဉ်စံ ဘဝလမ်းပြ ဒဿန ဆိုတာ တစ်ဘဝတည်း နိဗ္ဗာန် မဂ်ကြီးကို မျက်မှောက်ပြုရအောင် မစွမ်းဆောင်နိုင်ကြတဲ့ အန္ဓ ပုထုဇဉ်တွေကို တစ်ဘဝထက် တစ်ဘဝ ပိုမို ကောင်းမွန်တဲ့ လူ နတ် ဘဝချမ်းသာ လောကီ စည်းစိမ်ကြီးတွေကိုလည်း ဝဝကြီး ခံစားပြီးမှ နောက်ဆုံးဘဝမှာ ခန္ဓာ ဓာတ် သိမ်း၊ ကိလေသာမီး ငြိမ်းတဲ့ နိဗ္ဗာန်ကို မျက်မှောက် ပြုရအောင် တစ်ဆင့်ပြီး တစ်ဆင့် ပါရမီဖြည့်ကျင့်သွားတဲ့ လမ်းစဉ်ဖြစ်တယ်၊ အဲဒီလို နိဗ္ဗာန်ကို လိုချင် လို့ သွားတဲ့ သံသရာခရီးလမ်းမှာ အသွားတတ်မှ ခရီးရောက်တယ်၊ မသွားတတ် ရင် အချိန်ကုန် လူပန်းတာပဲ ရှိမယ်၊ ခရီးပန်းတိုင်ကို မရောက်နိုင်ဘူး၊ အဲဒီ သဘောကို သပိတ်အိုင်ဆရာတော်ဘုရားကြီးက တိတိကျကျ ရှင်းရှင်းလင်းလင်း ရဲရဲဝံ့ဝံ့ ဟောပြော ဆုံးမထားပုံက အံ့သြစရာကြီးပဲကွာ'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်လား၊ ဘယ်လိုများ ဆုံးမထားသလဲ ဆရာ'

'အေး... ဒါ နံပါတ်တစ် အရေးအကြီးဆုံး အချက်တစ်ချက်ပဲ၊ တို့များ စာပေ ကျမ်းဂန်တွေ အများကြီး လေ့လာခဲ့ဖူးတယ်၊ ဘယ်မှာမှ မတွေ့ရဘဲ အလွန်အရေးကြီးတဲ့ အချက်ပဲကွယ်၊ မှတ်ထားနော်'

'ဟုတ်ကဲ့ ဆရာ၊ အမိန့်ရှိပါ'

'ဆရာတော်ကြီးက အဆုံးစွန် ဘဝမှာ နိဗ္ဗာန်ကို အလိုရှိလို့ ကျင့်ကြံ အားထုတ်လိုတဲ့ ပုဂ္ဂိုလ်ဟာ ပထမ **ဆုတောင်း** ရှိရမယ်တဲ့၊ ဒုတိယ ဆုတောင်းပြီးရင် သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာဆိုတဲ့ တရားငါးပါးနဲ့လည်း ပြည့်စုံရမယ်တဲ့၊ အဲဒီ တရားနှစ်ပါး ပြည့်စုံမှသာ ဆုတောင်းတဲ့အတိုင်း ဖြစ်နိုင်တယ်တဲ့ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ တရားငါးပါးနဲ့တော့ ပြည့်စုံပါရဲ့၊ ဆုတောင်းက မရှိဘူးဆိုရင် သူ့ရဲ့ ဖြစ်ရာ ဂတိသည် မတည်မြဲဘူးတဲ့၊ ပြီးတော့ ဆုတောင်းတော့ ရှိပါရဲ့၊ ငါးပါးသောတရားနဲ့ မပြည့်စုံဘူးဆိုရင်လည်း အဲဒါ ဖြစ်ရာဂတိ မမြဲဘူးတဲ့'

'ဖြစ်ရာဂတိ မြဲတယ် မမြဲဘူး ဆိုတာ ဘာကို ပြောတာလဲ'

'အဲဒါ ဘုံစဉ်စံ ဘဝလမ်းပြ ဒဿနရဲ့ အခြေခံ အုတ်မြစ်ပဲ၊ ဆရာတော်ဘုရားကြီးက ဆုတောင်းလည်း ရှိပြီး သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ တရား ငါးပါးနှင့်လည်း ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာ မကောင်းတဲ့ ဒုဂ္ဂတိဘဝကို မလားရဘူး၊ ကောင်းမြတ်သော သုဂတိ ဘဝသို့သာ အမြဲ လားရတယ်တဲ့၊ ဒါကြောင့် ဘုံစဉ်စံ အရိယာဖြစ်တဲ့ ပုဂ္ဂိုလ်ဟာ ဆုကိုလည်း တောင်းရမယ်၊ ပြောခဲ့တဲ့ တရား ငါးပါးနဲ့လည်း ပြည့်စုံအောင် အားထုတ်ကြရမယ်၊ ဒါမှသာ သုဂတိ ဘဝကို ရောက်ရှိပြီး ဂတိမြဲဖို့ သေချာတယ်လို့ ပြတ်ပြတ်သားသား ဟောကြားတော်မူခဲ့တယ်'

'ဒါဆိုရင် ကျင့်ကြံ အားထုတ်မှု တစ်ခုတည်း လုပ်လို့ မပြီးဘူး၊ ဆုတောင်း ရှိကို ရှိရမယ်လို့ ဆိုလိုတာပေါ့နော်'

'ဟုတ်တယ်၊ အဲဒါဟာ ထူးခြားချက်ပဲ၊ စုဋ္ဌသောတာပန် ဖြစ်ခန်း ဓာတ် [illegible]ချမ်း စာမျက်နှာ (၆) မှာ ဆရာတော် ဘုရားကြီးက ရေးသားထားပုံကို မ[illegible]ကို [illegible]ိုက်ရိုက် ဖတ်ပြမယ်၊ နားထောင်'

'ဟုတ်ကဲ့'

'နိဗ္ဗာန်သို့ ရောက်လိုသော ပုဂ္ဂိုလ်တို့သည် မိမိတို့ နှစ်သက်သော ဆုကို



တောင်း၍ တောင်းပြီးလျှင် သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာတို့နှင့်လည်း ပြည့်စုံပါမှ တောင်းသည့်အတိုင်း ပြည့်စုံနိုင်မည်၊ ငါးပါးသော တရားတို့သည် ရှိ၍ ဆုတောင်းခြင်း မရှိခဲ့ပါမူ ထိုသူ၏ ဖြစ်ရာ ဂတိသည် အမြဲမရှိ၊ ဆုတောင်းခြင်းသာ ရှိ၍ ငါးပါးသော တရားတို့ မရှိပါမူလည်း ထိုသူ၏ ဖြစ်ရာဂတိသည် ထိုအတူ အမြဲ မရှိ၊ ငါးပါးသော တရားတို့လည်း ရှိ၏၊ ဆုတောင်းခြင်းလည်း ရှိ၏၊ ထိုသူ၏ ဖြစ်ရာ ဂတိသည် မကောင်းသော ဒုဂ္ဂတိ ဘဝသို့ မလားရဘဲ ကောင်းမြတ်သော သုဂတိ ဘဝသို့သာ အမြဲ လားရလေ၏၊ ထို့ကြောင့် ဆုကိုလည်း တောင်း၊ ငါးပါးသော တရားတို့နှင့်လည်း ပြည့်စုံအောင် နေထိုင်ကြပါမူကား ကောင်းမြတ်လှတော့သည်သာလို့ ရေးသားတော်မူထားတယ်'

'ဟုတ်ပါပြီ၊ ရှင်းသွားပါပြီ ဆရာ၊ ဆုတောင်းဆိုတာ ဘာဆုကို တောင်းရမလဲ မသိဘူး'

'အေး... မင်း မေးတာ ချက်ကျတယ်၊ ဒါ အရေးကြီးတယ်၊ ဗုဒ္ဓဘာသာ အစဉ်အလာမှာ နိဗ္ဗာန် မဂ်ဖိုလ်ကို ကာလ အတိုဆုံးနဲ့ သွားချင်တဲ့ လူဟာ ပကတိ သာဝက ဆုကို တောင်းရမယ်၊ ဆရာတော်ကြီး အမိန့်ရှိထားတာကတော့ "ပကတိ သာဝက ဆုကို တောင်းရင် ခုနစ်ရက် အတွင်းမှာသော်လည်းကောင်း၊ ခုနစ်လ၊ ခုနစ်ရက် အတွင်းမှာသော်လည်းကောင်း၊ ဒုတိယဘဝ၊ တတိယ ဘဝမှာသော်လည်းကောင်း မဂ် ဖိုလ်ကို ရနိုင်တယ်တဲ့၊ ဒါကို ပြောတာ၊ ဆရာတော်က ဗုဒ္ဓဝင်ဋီကာမှာ ကိုးကားပြီး ပြောထားတာ၊ ဆိုလိုတာကတော့ ပကတိသာဝက ဆုဟာ အမြဲ မရှိဘူး၊ တရားနဲ့ တွေ့လို့ ခုဘဝကစပြီး အားထုတ်ခဲ့လို့ရှိရင် ခုနစ်ရက်အတွင်းမှာလည်း တစ်မဂ် တစ်ဖိုလ်ကို ရနိုင်တယ်၊ ဒီထက် ပညာ ဉာဏ်စွမ်း ကြီးလို့ရှိရင် ခုနစ်လ အတွင်းမှာ ဖြစ်ဖြစ်၊ ဒုတိယဘဝမှာဖြစ်ဖြစ်၊ တတိယဘဝမှာဖြစ်ဖြစ် တရား ရနိုင်ပါတယ်တဲ့၊ တစ်ခုတော့ ရှိတာပေါ့၊ ဆုကိုသာ တောင်းပြီး ပျင်းရိစိတ်ဝင်ပြီး တစ်ခါမှ အားမထုတ်ဘူးဆိုရင်တော့ မဟာသာဝကဆု၊ အဂ္ဂ သာဝကဆု၊ ပစ္စေက ဗုဒ္ဓဆု၊ ဘုရားဆု ပန်တဲ့ ပုဂ္ဂိုလ်တွေရဲ့ ဆုထက်တောင်မှ ကိုယ်က နောက်ကျ ကျန်ရစ်ခဲ့နိုင်သေးတာပေါ့'

'ဟုတ်ကဲ့၊ ရှင်းပါပြီ ဆရာ၊ ပကတိ သာဝကဆု ဆိုတာ နိဗ္ဗာန် မဂ်ဖိုလ်ကို ရက်တိုတိုနဲ့ ရောက်လိုသူတွေ တောင်းရဲ့တဲ့ ဆုပဲပေါ့'

'ဟုတ်တယ်'

'အဲဒီဆုဟာ မမြဲဘူးဆိုတာက တရားရဖို့ မြန်တာ နှေးတာကို ပြောတာ မဟုတ်ဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'အေး… ဟုတ်တာပေါ့၊ ဆုတောင်းပြီး ဘာမှ မလုပ်ဘူး၊ အားမထုတ်ဘူး ဆိုရင် ဆုတောင်းပြည့်ဖို့ နေးတယ်၊ ဉာဏ်လည်း ကောင်း၊ အားထုတ်မှု ဝီရိယ လည်း ကောင်းရင်တော့ အလွန် မြန်တာပေါ့၊ သို့သော် ဘုံစဉ်စံ အရိယာ ဖြစ် ချင်လို့ ပထမ သောတာပန် ဖြစ်ချင်တဲ့ ပုဂ္ဂိုလ်မှာ သောတာပန် ဖြစ်ကြောင်း အင်္ဂါလေးပါးနဲ့လည်း ပြည့်စုံဖို့တော့ လိုသေးတယ်တဲ့'

'ဪ… ဟုတ်လား ဆရာ၊ လိုအပ်ချက်တွေကို အမိန့်ရှိပါဦး'

'ဒီမှာ သောတာပန် ဖြစ်လိုတဲ့ ပုဂ္ဂိုလ်ဟာ သောတာပန် ဖြစ်အောင် လုပ် တဲ့အခါမှာ လိုအပ်ချက် အင်္ဂါလေးပါး ရှိတယ်လို့ ပါထေယျ ပါဠိတော်မှာ ဗုဒ္ဓ မြတ်စွာ ဟောကြားတော်မူတာ ရှိတယ်'

'ရှင်းပြပါဦး ဆရာရယ်'

'သောတာပတ္တိ အင်္ဂါနိ သောတာပန်ဖြစ်ကြောင်း အင်္ဂါတို့သည် သပ္ပုရိသ သံသေဝေါ မဂ်ဖိုလ်နှင့် စပ်သော တရားတို့ကို ပြောဟောလေ့ ရှိသော သူတော် ကောင်းနှင့် ပေါင်းဖော်ရခြင်း ဆိုတဲ့ အင်္ဂါတစ်ရပ်၊ သဒ္ဓမ္မဿဝနံ မဂ်ဖိုလ်နှင့် စပ်သော စကားရပ်တို့ကို ကြားနာရခြင်း ဆိုတဲ့ အင်္ဂါက တစ်ရပ်၊ ယောနိသော မနသိကာရော ကြားနာရသည့်အတိုင်း နှလုံးသွင်း အားထုတ်ခြင်းဆိုတဲ့ အင်္ဂါ က တစ်ပါး၊ အင်္ဂါသုံးပါး ရှိပြီနော်'

'ဟုတ်ပါတယ် ဆရာ၊ မဂ် ဖိုလ် ရောက်ကြောင်း တရား၊ သောတာပန် ဖြစ်ကြောင်း တရား၊ ဘုံစဉ်စံ အရိယာ ဒဿနကို ဟောပြော ပြသနိုင်တဲ့ သူတော်ကောင်း ဆရာကို တွေ့ဖို့၊ အဲဒီ ဆရာမျိုးကို ဆည်းကပ် ကိုးကွယ်ဖို့လည်း လိုပါတယ်၊ ပြီးတော့ မဂ် ဖိုလ်ရကြောင်း သောတာပန်ဖြစ်ကြောင်း တရားကောင်း တရားမြတ်ကို ကြားနာရဖို့လည်း လိုအပ်ပါတယ်၊ ဆရာကောင်းကို ဆည်းကပ် တရားစစ် တရားမှန်ကိုလည်း နာယူပြီးတော့မှ ကိုယ်တိုင်ကလည်း ကြားနာ တဲ့ အတိုင်း ဆရာမြတ် ညွှန်ကြားပြသတဲ့အတိုင်း လိုက်နာ၊ ကျင့်ကြံ၊ ပွားများ အားထုတ်ရမယ်လို့ ဆိုလိုတာပဲ မဟုတ်လား ဆရာ'

'အေး… မင်းက အကင်းတော်တော် ပါးတာပဲ၊ အရိပ်ပြရင် အကောင်မြင် တယ် ဆိုတဲ့ ထိုးထွင်းဉာဏ်လည်း ရှိတယ်၊ အဲဒီလို ဉာဏ်ထက်တဲ့ လူဟာ ပကတိ သာဝက ဆိုကိုလည်း တောင်း၊ နောက်ပြီး ဆရာသမားများ ပြသတဲ့ နည်းအတိုင်းလည်း ကောင်းစွာ နှလုံးသွင်းပြီး အားထုတ်လိုက်မယ် ဆိုရင် တာ မဂ် တစ်ဖိုလ်ကို လွယ်လွယ်ကလေးနဲ့ လျင်မြန်စွာ ရရှိနိုင်တယ်'



'ဒီဘဝမှာတင် ရနိုင်ပါ့မလား ဆရာ'

'အဲဒါက မင်းရဲ့ ဆန္ဒ ပြင်းထန်မှုပေါ်မှာ မူတည်ပါတယ်တဲ့၊ မိမိက ငါ ဒီဘဝမှာ တစ်မဂ် တစ်ဖိုလ် မရဘဲနဲ့တော့ အသေမခံဘူး၊ မသေခင် တစ်မဂ် တစ်ဖိုလ်ကိုတော့ ရကို ရရမယ်လို့ စိတ် အဓိဋ္ဌာန်ပြုပြီး လုပ်ရင် ရပါတယ်၊ အဲဒီစိတ် အဓိဋ္ဌာန် (ဝါ) ပြင်းထန်တဲ့ ဆန္ဒကို ဆုတောင်းလို့ ခေါ်တာ၊ တို့ ဗုဒ္ဓ ဘာသာတွေ မိရိုးဖလာ လုပ်နေကျအတိုင်း ဤသို့ပြုရ မြတ်ပုညကြောင့် နိဗ္ဗာန် မဂ်ဖိုလ်ကို ရက်တိုတိုနှင့် ရရပါလို၏ အရှင်ဘုရားလို့ ပြောတာမျိုးက ပြောရိုး ပြောစဉ် လူများ ပြောတာ၊ ဘုန်းကြီးက ရှေ့က ဆိုပြီး ရေစက်ချပေးတာကို စိတ် မပါတပါနဲ့ လိုက်ဆိုတာ၊ တကယ့်ကို စိတ်ထဲမှာ မဂ်ဖိုလ် နိဗ္ဗာန်ကို ပြင်းပြင်း ထန်ထန် လိုချင်လို့ စိတ်အဓိဋ္ဌာန် ပြုပြီး ဆုတောင်းတာမျိုး မဟုတ်ဘူး၊ အမှန် အဂ္ဂသာဝက ဆုကိုပဲဖြစ်ဖြစ် အလွန်အမင်း လိုချင် တောင့်တတဲ့ စိတ်၊ မရရင် မနေဘူးဆိုတဲ့ ဆန္ဒ ပြင်းထန်မှုနဲ့ ဆုတောင်းရမယ်၊ ဒီလို ဆုတောင်းရှိတဲ့ လူက သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာဆိုတဲ့ တရားငါးပါးကို ကျင့်ကြံ အားထုတ် တဲ့ အခါမှာလည်း မဆုတ်မနစ် လုံ့လကို ပြုပြီး အားထုတ်တာပေါ့၊ သူ ဘာ ကို လိုချင်လို့ လုပ်နေတယ်ဆိုတာ သိတော့ တရားပေါ်မှာ နှလုံးသွင်းတာ မှန် တာပေါ့'

'အဲဒီလို လိုချင်ဆန္ဒ ပြင်းထန်ရမယ် ဆိုတော့ ဒါကို တရား လောဘလို့ မခေါ်နိုင်ဘူးလား ဆရာ'

'ဒီဆန္ဒမှာ ရာဂ မပါဘူး၊ ဒါဟာ တဏှာ ဥပါဒါန်နဲ့ ပြုလုပ်တာ မဟုတ် ဘူး၊ ဒါက စိတ်ကို ကိလေသာတွေနဲ့ လိမ်းကျံ သောင်းကျန်းအောင် လုပ်တာ မဟုတ်ဘူး၊ စိတ်ကို အေးချမ်းပြီး ငြိမ်သက်သွားအောင် လုပ်ပြီး စင်ကြယ် အောင် လုပ်တာ ဖြစ်လို့ ဒါကို လောဘ တဏှာလို့ မခေါ်နိုင်ဘူး၊ ဒါကြောင့် ယောနိသောမနသိကာရ ဆိုတာပေါ့၊ အသင့်အတင့် နှလုံးသွင်းတာကွယ်၊ ခန္ဓာ ငါးပါး ရုပ်နာမ် တရားတို့ရဲ့ ဖြစ်ပျက်နေတဲ့ သဘာဝအမှန်၊ အနိစ္စ လက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာတွေကို အရှိကို အရှိအတိုင်း မြင်အောင် သိ အောင်၊ အမှန်ကိုအမှန်အတိုင်း မြင်အောင် သိအောင် လုပ်တာဟာ ယောနိသော မနသိကာရပဲ၊ ဒီလိုမဟုတ်ဘဲနဲ့ ဒိဋ္ဌိဝိပလ္လာသ၊ သညာဝိပလ္လာသတွေနဲ့ အမှား ကို အမှန်ထင်၊ အနိစ္စကို နိစ္စထင်၊ အသုဘကို သုဘထင်ပြီး လုပ်ရင်သာ လောဘ တဏှာ ဖြစ်လာတာကွယ်၊ ကဲ… သဘောကျပြီလား'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့၊ တရား အားမထုတ်သေးတော့ သညာသိလောက်ပဲ သိပါသေး တယ် ဆရာ၊ ပညာ သီလ သဘောနဲ့တော့ မမြင်သေးပါဘူး'

'အေး… ဉာတပရိညာဆိုတာ အဲဒီအသိမျိုးပဲ၊ ကြားနာပြီး သိတဲ့ အသိ ပေါ့၊ ဒါလည်း အရေးကြီးတယ်တဲ့၊ သောတာပန်ရဲ့ စတုတ္ထအင်္ဂါရပ် အကြောင်း ကို ပြောဖို့ ကျန်နေသေးတယ်'

'ဟုတ်ပါတယ် ဆရာ၊ ပြောပါဦး'

'ဓမ္မာနု ဓမ္မပဋိပတ္တိဆိုတာ စတုတ္ထ အင်္ဂါပဲ၊ အဓိပ္ပာယ်ကတော့ သောတာ ပတ္တိ မဂ်ကို ရအောင် အားထုတ်ရတဲ့ အကျင့်ကို ကျင့်ကြံအားထုတ်ခြင်းပါပဲ၊ ဒီတော့ ဆရာကောင်း ရှိရမယ်၊ တရားစစ် တရားမှန်ကို ကြားနာရမယ်၊ ဒီ တရားကို မရရအောင် အားထုတ်မယ် ဆိုတဲ့ နှလုံးသွင်းဆန္ဒ ရှိရမယ်၊ ပြီးတော့ လက်တွေ့အားဖြင့်လည်း ကျင့်ကြံ ပွားများ အားထုတ်ရမယ်၊ မှတ်မိပြီလား'

'ဟုတ်ကဲ့၊ မှတ်မိပါပြီ ဆရာ'

'ကဲ… သောတာပန်ဖြစ်အောင် လုပ်ဖို့ဟာ ပဓာနပဲ၊ ဆိုလိုတာက အရိယာ ရေယဉ်ကြောထဲကို ရောက်သွားရင်လည်း ဒီအလျင်နဲ့ ပါသွားပြီးရင် နောက်ထပ် ခုနစ်ဘဝ အများဆုံးပဲ သံသရာမှာ ကျင်လည်ရတော့မယ်၊ အဲဒီ ခုနစ်ဘဝလုံး မှာလည်း အောက်တန်းစား ဘဝမျိုး အပါယ်ဘဝမျိုးမှာ လုံးဝ မဖြစ်တော့ဘူး သုဂတိ ဘုံမှာတောင် အလွန် မြင့်မြတ်တဲ့ အမျိုးမှာပဲ ဖြစ်တယ်၊ သာသနာ လွဲချော်ပြီး မိမှားဘမှား ဝမ်းမှာလည်း မဖြစ်တော့ဘူး၊ ဆင်းရဲ မွဲတေတဲ့ အမျိုး မှာလည်း မဖြစ်ဘူး၊ ရပ်ပြစ် ရှစ်ပါးမှာလည်း မဖြစ်တော့ဘူး၊ သောတာပန်မှာ သာသနာတည်သွားပြီ၊ သူ့ရဲ့ သရဏဂုံဟာလည်း နိယာမ သရဏဂုံ ဖြစ်သွားပြီ နိယတ အမွေခံ ဘုံစဉ်စံ ဖြစ်သွားပြီ၊ သူဟာ သံသရာဝဋ် ကျွတ်ဖို့အတွက် ဧည့် လက်မှတ်ရသူ ဖြစ်သွားပြီ၊ ဒါကြောင့် ဒီဘဝမှာ သောတာပန် ဖြစ်ဖို့ဟာ ပဓာ အကျဆုံးပဲကွယ့်၊ ဒါ့ထက်ပိုပြီး လေးလေးနက်နက် ပြောရရင် ကိုယ်က ဒီဘ မှာ မဂ်ဖိုလ်ကို မရထိုက်တဲ့ ပဒပရမ ပုဂ္ဂိုလ်မျိုး ဖြစ်နေတယ်ပဲ ထား၊ သူဟာ နောင်ဘဝမှာ သောတာပန်ဖြစ်ဖို့ရာအတွက် ပါရမီ သမ္ဘာရ မျိုးစေ့ ရသွားတဲ့လူ မဟာမ အမြဲမိုက်ပြီ့သူ၊ အရိယာ လမ်းမှန် ပေါ်ကို ရောက်ရှိတဲ့ သူဖြစ်အောင်တော့ လုပ်ဖို့ အပိုဆုံးပဲပေါ့၊ အဲဒါကတော့ တခြား မဟုတ်ဘူး၊ ဘုံစဉ်စံ ဘဝလမ်းပြ ဒဿနမှာ အရေးထားပြီး ပြောနေတဲ့ ကလျာဏ ပုထုဇဉ် စူဠသောတာပန် မဖြစ်ဖြစ်အောင် လုပ်ဖို့ အရေးပဲကွယ့်၊ ဆိုလိုတာကတော့ သောတာပတ္တိဖိုလ်ကို



ရရှိဖို့ လိုအပ်တယ်၊ အကယ်၍ ဒီဘဝမှာတော့ လောကီ ဗာဟိရ ကိစ္စတွေ များလို့ တစ်မဂ် တစ်ဖိုလ်ကို မရနိုင်တော့ဘူးလို့ ယူဆတဲ့ ပုထုဇဉ်တွေအနေနဲ့ သတိ မချွတ်ယွင်းဘဲ နှလုံးသွင်း မှန်ကြမယ်ဆိုရင် သောတာပတ္တိမဂ်ကို မရ နိုင်တောင် သောတာပတ္တိမဂ်ရဲ့ အခြေခံဖြစ်တဲ့ သောတာပတ္တိမဂ်ရဲ့ လမ်းစဖြစ် တဲ့ သောတာပတ္တိမဂ်ကို ကေန် မရသေးသော်လည်း နောင်ဘဝမှာ သောတာပတ္တိ မဂ်ကို ကေန်ရစေနိုင်တဲ့ ဗောဓိ အခြေအမြစ် စိုက်ပြီးသူ စူဠသောတာပန် (ကလျာဏ ပုထုဇဉ်) မဖြစ်ဖြစ်အောင်တော့ လုပ်ကို လုပ်ရမယ်၊ သပိတ်အိုင် ဆရာတော်ဘုရားကြီးကလည်း စူဠသောတာပန် နှင့် ကလျာဏ ပုထုဇဉ်အဖြစ်ကို ကေန်ရအောင် အားထုတ်ဖို့ အလိုဆုံးပဲလို့ မိန့်တော်မူခဲ့တယ်' (နှာ– ၁၀)

'ဒါဆိုရင် မဟာ သောတာပန် မဖြစ်လည်း စိတ်ပျက်စရာ၊ စိတ်ဓာတ် ကျ စရာ မလိုဘူးပေါ့နော် ဆရာ'

'အေး… ဘုံစဉ်စံ ဘဝလမ်းပြ ဒဿနဟာ ဘဝကို အဆိုးမြင်နေကြတဲ့ လူ တွေ အတွက် ဉာဏ်သစ် လောင်းပေးတဲ့ အားတိုးဆေး တစ်ခွက်ပဲကွယ့်၊ လူ အဖြစ်ကို ရရှိခဲ့ပြီး နှစ်ကာလပေါင်း များစွာ သုတဗုဒ္ဓိ ဉာဏ်မျက်စိ မရခဲ့လို့ အရွယ်တွေ လွန်၊ လောကီ ကိစ္စတွေနဲ့ နစ်မွန်းနေသူတွေ အတွက် သံသရာ ဆားကို မြင်ပြီး ကျန်သေးတဲ့ အချိန်တွေမှာ မှန်မှန်ကန်ကန် နှလုံးသွင်းပြီး ကလျာဏ ပုထုဇဉ်ဖြစ်အောင် အားထုတ်ရမယ် ဆိုရင် ဖြစ်နိုင်တဲ့ အခွင့်အလမ်း (အကောင်းဆုံး ဖြစ်နိုင်တဲ့ အခွင့်အလမ်း (The best possible opportunity) တွေ ကျန်သေးတယ်၊ ရှိသေးတယ် ဆိုတာကို ပြတဲ့ ဒဿန အမြင်တစ်ရပေါ့'

'ဒါဆိုရင် မသေသေးတဲ့ လူတွေအတွက် အချိန်မီ အမြင်မှန်ရရင် အပါယ် တစ်လမ်းသွား ဘဝက လွတ်မြောက်နိုင်တဲ့ အခွင့်အရေး ရှိတယ်ဆိုတာ ထင်ရှား တာပေါ့နော် ဆရာ'

'မသေသေးတဲ့ လူတိုင်းမှာ ကလျာဏ ပုထုဇဉ်၊ စူဠသောတာပန် ဖြစ်နိုင် တဲ့ အခွင့်အရေးဟာ လက်ငင်း ရှိတယ်၊ ဒါတင် မကသေးဘူး၊ ပစ္စည်းဥစ္စာ မရှိလို့ ဒါန မပြုနိုင်တဲ့ လူတွေ၊ အချိန်အခါ အခြေအနေ မပေးလို့ သီလ မဆောက်တည်နိုင်တဲ့ လူတွေအတွက်လည်း အိုကွာ… နောက်မှ ပုန်ပုန် ပြောမယ်၊ မှဆိုး တံငါ အလုပ်နဲ့ အသက်မွေးရတဲ့ လူတွေပဲ ဖြစ်ပါစေ ယား မယားနဲ့ မခွဲနိုင်ဘူး၊ စည်းစိမ်ဥစ္စာ မရှာဖွေပဲ မနေနိုင်ဘူး ဆိုတဲ့ လူတွေ ဖြစ်ပါ စေ၊ အန္ဓ ပုထုဇဉ်အဖြစ်ကနေ ကလျာဏ ပုထုဇဉ် ဖြစ်အောင် လုပ်နိုင်တယ်

www.burmeseclassic.com

www.burmeseclassic.com



မင်းက မုဆိုးပဲ၊ တံငါပဲ၊ သီလရှိတဲ့လူမှ မဟုတ်တာ၊ တရားအားမထုတ်နဲ့၊ တရားအားထုတ်လည်း အပိုပဲ၊ အကျိုးမထူးဘူးလို့ ဘယ်တော့မှ မပြောရဘူးတဲ့၊ ပြောရင် မဂ္ဂန္တရာယ် ဖြစ်တယ်တဲ့၊ လယ်တီဆရာတော်ဘုရားကြီးက ယတိပြတ် ဆုံးဖြတ် ဟောကြားထားတော်မူတယ်၊ ခုပြောတဲ့ စူဠသောတာပန် (ကလျာဏ ပုထုဇဉ်) ဖြစ်မြောက်ရေး တရားဟာ ကျင့်စဉ်လွတ် ကျင့်လို့ ရတဲ့ တရားဆိုတာ မင်း မှတ်ထားပါ'

'ကြားရတာ အားတက်စရာကြီးပါကလား ဆရာရယ်၊ ဒါဟာ အင်မတန် ထူးခြားတဲ့ လူ့ အခွင့်အရေးကြီးပဲနော်'

'လူ့ဘဝ ဖြစ်တည်ရခြင်းရဲ့ အနှစ်သာရဟာ အဲဒီလောက် ကြီးကျယ်တယ်၊ အခွင့်အရေးကောင်းကြီးတွေဟာ အမြဲတမ်း ရှိနေတယ်၊ အဲဒါကို လူက လက်မလွတ်တမ်း ရအောင် ယူတတ်ဖို့တော့ လိုတယ်'

'စူဠသောတာပန် ကလျာဏ ပုထုဇဉ် ဖြစ်ရင်ပဲ ရရှိခံစားရမည့် အကျိုးက မနည်းဘူးနော် ဆရာ'

'ဘယ်နည်းမလဲကွာ၊ စူဠသောတာပန် ကလျာဏပုထုဇဉ် ဖြစ်ရင် အပါယ်ကို မကျရတော့ဘူး၊ ဒုတိယ ဘဝရောက်ရင် သုဂတိဘုံမှာပဲ လူနတ် ဖြစ်မယ်၊ စောစောက ပြောခဲ့သလို အဆင့်အတန်း မြင့်တဲ့ လူ့ဘဝ၊ နတ်ဘဝမှာ ဖြစ်တည်ရမယ်၊ ဒါပဲလား အကျိုးက၊ မဟုတ်သေးဘူး၊ ဒီဘဝမှာ စူဠသောတာပန် (ကလျာဏ ပုထုဇဉ်) ဖြစ်သွားတဲ့ လူဟာ ဆိုလိုတာကတော့ သောတာပန်ကလေး သောတာပန်လောင်း ဖြစ်သွားပြီ၊ ဗောဓိ အခြေအမြစ် စိုက်ပြီးသူ ဖြစ်သွားပြီပေါ့၊ ဒါကြောင့် သူဟာ ဒုတိယဘဝမှာ မုချ မဟာသောတာပန်အစစ် ဖြစ်မယ်၊ အဲဒါ သေချာသွားပြီ၊ မန္တလေးကနေ ရန်ကုန်ကို ထွက်တဲ့ ညရထားကို စီးဖို့အတွက် လက်မှတ် ရထားတဲ့ လူလို ဖြစ်သွားပြီ၊ သူ ညရထားပေါ် တက်ပြီး အိပ်လိုက်, လိုက်၊ ထိုင်လိုက်, လိုက်၊ ရပ်လိုက်, လိုက် မနက် မိုးလင်းရင်တော့ ရန်ကုန်ရောက်တော့မှာပဲလို့ မျှော်လင့်နိုင်တဲ့ သံသရာခရီးသည် ဖြစ်သွားပြီပေါ့ကွာ'

'လူ့ဘဝ ဖြစ်တည်မှုကို လောကီအတွက်ရော၊ လောကုတ္တရာ အတွက်ပါ အကျိုးအရှိဆုံးနဲ့ [illegible] အရှိဆုံး အသုံးချတဲ့ နည်းဟာ ခု ကျွန်တော်တို့ ဆွေးနွေးလာခဲ့ကြတဲ့ ဘုံစဉ်စံ အရိယာနည်းပဲ ဆိုတာကိုတော့ ကျွန်တော် ကောင်းကောင်း သဘောပေါက်ပြီ၊ အရင်တုန်းကလို လူ့ဘဝမှာ လူဖြစ်ရတာ ဘာမှ အဓိပ္ပာယ် မရှိဘူး၊ အချည်းအနှီးသော ဖြစ်တည်ခြင်းပဲ ဆိုတဲ့ စိတ်မျိုး



အားငယ်တဲ့ အတွေးအခေါ် အယုတ်အညံ့မျိုးတွေလည်း မရှိတော့ပါဘူး ဆရာ၊ ဘုံစဉ်စံ ဘဝလမ်းပြ ဒဿနဟာ တကယ့်ကို လူ့ဘဝရဲ့ အနှစ်သာရရဲ့ လူ့ဘဝရဲ့ ပန်းတိုင်ကို တိတိပပ ညွှန်ပြတဲ့ အတွေးအခေါ် တစ်ခုပဲဆိုတာကိုလည်း ကျွန်တော် သဘောပေါက်သွားပါပြီ ဆရာ၊ ခု ပိုပြီး လက်တွေ့ကျတဲ့ ကျင့်စဉ်ပိုင်းကို ကျွန်တော်တို့ ဆက်ပြီး ဆွေးနွေးကြရအောင်ပါ ဆရာ'

'အေး... မင်းသိချင်တာကို မေးပါ၊ ဆရာ တတ်နိုင်သလောက် မင်း ကျေနပ်အောင် ဖြေပါ့မယ်'

'ခုဟာက ပြောရင်တော့ ခပ်လွယ်လွယ်ပဲ၊ အန္ဓ ပုထုဇဉ်ကနေ ကလျာဏ ပုထုဇဉ်ဖြစ်အောင် လုပ်တာပဲ ဘာခက်လို့လဲလို့ မေးစရာ ရှိမှာပေါ့၊ ကျွန်တော် ဆိုလိုတာက မခက်ဘူး ဆိုတဲ့ အဓိပ္ပာယ် မဟုတ်ပါဘူး ဆရာ၊ အန္ဓ ပုထုဇဉ်က နေ ကလျာဏပုထုဇဉ် ဖြစ်အောင် ကြိုးပမ်းရမှာ ဘာအခက်အခဲတွေ ရှိသလဲ ဆိုတာကို မေးချင်တာပါ'

'ဪ... အေး၊ ဒါလည်း မေးသင့်ပါတယ်၊ ဒီလိုကွ၊ အန္ဓ ပုထုဇဉ်ရဲ့ ဉာဏ်က ပညတ်နယ်မှာပဲ ကျက်စားတယ်၊ လူက ပညတ်တွေကို အမှန်တရားတွေ၊ အရှိတရားတွေလို့ ထင်ပြီး လက်ခံနေတာ၊ သူ့ဉာဏ်က ပရမတ္ထ သစ္စာတရားတွေကို ထွင်းဖောက်ပြီး မမြင်နိုင် မသိနိုင်ဘူး၊ ဒါကြောင့် ပုထုဇဉ် အန္ဓဟာ မဂ်ဖိုလ်ကို မရနိုင်ဘူးကွယ့်၊ ဘာဖြစ်လို့ မရနိုင်ဆိုတော့ သူ့မှာ ပညာမျက်စိ မရှိဘူး၊ သူ့အမြင် သူ့အသိ အားလုံးကို ပညတ်တွေ ဖုံးနေတယ်။ ပရမတ်တရားကို မမြင်နိုင်တဲ့ အကြောင်းကတော့ ပညတ်တွေ ဖုံးနေလို့ ပညတ် ကာနေလို့ပဲကွယ့်၊ အဲဒီ ပညတ်အကြောင်းတွေကိုလည်း မင်း သိသင့်တယ်၊ ပညတ်က လေးမျိုး ရှိတယ်၊ (၁) ကတော့ သမူဟ ပညတ်လို့ ခေါ်တယ်၊ ဒါက ခန္ဓာငါးပါး၊ ရုပ်နာမ် အပေါင်းအစုကြီး ဖြစ်တဲ့ ဒီကိုယ်ခန္ဓာကြီးကို အပေါင်းစုကြီး အဖြစ်နဲ့ ပေါင်းဖွဲ့ပြီး တစ်ခုတည်းအဖြစ်နဲ့ မြင်နေတာမျိုးပေါ့ကွာ၊ ခေါင်းဆိုရင် ဆံပင်၊ နဖူး၊ မျက်နှာ၊ နှာခေါင်း၊ လည်ပင်းလို့ ဒီလို ခွဲမမြင်တော့ဘဲ တစ်ပေါင်းတည်း ခေါင်းတစ်လုံးတည်းအဖြစ် ခြုံလွှမ်းပြီး မြင်ပစ်လိုက်တယ်၊ သစ်ပင်လို့ ပညတ်လိုက်ရင်လည်း အမြစ်၊ ပင်စည်၊ အခေါက်၊ အခွံ၊ အနှစ်၊ အကိုင်း၊ အခက်၊ အရွက်အလက်၊ အပွင့်အသီးတွေ ဒီလို ခွဲခြားပြီး မမြင်နိုင်ဘူး၊ သစ်ပင်တစ်ပင်လို့ ခြုံပြီး မြင်ပစ်လိုက်တယ်၊ ပညတ် အခေါ်ကလည်း သစ်ပင်ဆိုတာကိုး၊ ဒီလိုပဲ တောလို့ ဆိုရင် သစ်တစ်ပင်ချင်း၊ နွယ်တစ်ပင်ချင်း၊ ချုံတစ်ပုတ်ချင်း၊ စမ်း

www.burmeseclassic.com

www.burmeseclassic.com



ချောင်း၊ ကျောက်ဆောင်၊ တောရိုင်းတိရစ္ဆာန် ဘာမှ မခွဲတော့ဘူး၊ ခြုံပြီး ယူပ လိုက်တယ်၊ ဒါဟာ သမူဟပညတ်ရဲ့ သဘောပဲ၊ ဖောင်တိန်ဆိုရင်လည်း မ သွား၊ မင်တံ၊ မင်ချောင်း၊ အိုးအဖုံး အားလုံးကို တစ်စုတစ်ပေါင်းတည်း ခြ လိုက်တယ်၊ အဲဒါ သမူဟ ပညတ်ရဲ့ သဘောပဲ၊ ဒီတော့ ပရမတ်သဘောတွေရဲ ဖြစ်ပျက်နေပုံကို မမြင်တော့ဘူး၊ ဒီပညတ်ကြီး တစ်ခုလုံးဟာ တည်ရှိနေတယ်လ ထင်နေတော့တာပေါ့၊ ဥပမာ စားပွဲခုံတစ်ခုံကို ကြည့်၊ အစိတ်အပိုင်းတွေ အမျာ ကြီးပဲ၊ အဲဒါတွေဟာ မိနစ် စက္ကန့်တိုင်းမှာ ဖောက်ပြန် ပျက်စီးနေတယ်၊ ကြ လာတာနဲ့အမျှ ဟောင်းနွမ်း ဆွေးမြေ့လာတာပဲ၊ ဒါပေမယ့် ဘယ်လောက် ပျက ပျက်၊ ဟောင်းဟောင်း ပညတ်ဖြစ်တဲ့ စားပွဲခုံဆိုတာကတော့ မပြောင်းဘူး၊ ကလေ မွေးကင်းစက စပြီး ယောကျ်ားကလေး၊ မောင်ဘလို့ မှတ်လာခဲ့တဲ့ ပညတ်ဟာ အဲဒီလူ သေတာတောင် မပျောက်ဘူး၊ မပြောင်းလဲဘူး၊ မောင်ဘ သေသွားတ မကြာသေးဘူး၊ လေးငါးနှစ်ပဲလို့ ပြောတုန်းရှိသေးတယ်၊ အဲဒီတော့ မောင်ဘ ကိုယ်မှာ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေရဲ့ ဖောက်ပြန် ပြောင်းလဲနေတာကို အ ပုထုဇဉ်က မမြင်နိုင်တော့ဘူး၊ လူလို့ ပေါင်းခြုံပြီး ခေါ်ထားတဲ့ သမူဟ ပညတ က ပထဝီ၊ တေဇော၊ ဝါယော၊ အာပေါ ဓာတ်ကြီးလေးပါး ဝဏ္ဏ၊ ဂန္ဓ၊ ရသ သြဇာ ဓာတ်ငယ်တွေနဲ့ ဖွဲ့စည်းထားတဲ့ လူရဲ့ ရူပက္ခန္ဓာနဲ့ ခံစားမှု၊ မှတ်သာ မှု၊ စေ့ဆော်မှု၊ သိမှု သဘောတွေနဲ့ ဖွဲ့စည်းထားတဲ့ နာမ်ခန္ဓာတွေရဲ့ သဘော တွေကို ခွဲခြားပြီး မသိနိုင်တော့ဘူး၊ အဲဒါ ပညတ်ဖုံးတာ'

'နောက်ပညတ်ကကော ဆရာ'

'ဒုတိယ ပညတ်သဘောက အစဉ်အဆက် ဖြစ်နေတာတွေကို ခြုံပြီး ခေါ် တဲ့ သန္တတိပညတ်ပဲကွယ်၊ အလွယ်ဆုံး ဥပမာကိုပြမယ်၊ ရေတွေ အစဉ်အဆက မပြတ် စီးဆင်းနေတဲ့အရာကို ရေနည်းရင် စမ်းချောင်း၊ ရေများရင် မြစ်ချောင် လို့ ဆက်စပ်ပြီး ခေါ်ပစ်လိုက်တယ်၊ ဒါထက် ထင်ရှားတဲ့ ဥပမာကတော လင်ဓာတ်ပြားပေါ်မှာ အရုပ်ကွက်ကလေးတွေ တစ်ခုချင်း ဖြစ်တည်နေတာက ဒိတ်ကားပေါ်မှာ ဆက်တိုက် ပြလိုက်တော့ အစဉ်အဆက် ဖြစ်ပေါ်သွားတယ် ဟုတ်လား'

'ဟုတ်ပါတယ်'

'အဲဒီ အဆက်မပြတ် ဖြစ်မှုဟာ နေရာတကာမှာ ရှိတယ်၊ အဲဒါတွေကို အခေါ်အဝေါ်တွေ သတ်မှတ်ပြီး ခေါ်လာတော့ အန္ဓပုထုဇဉ်ရဲ့ ဉာဏ်က ပိုင်



ခြားပြီး မသိနိုင်ဘူး၊ ဒါက ပညာမျက်စိနဲ့မှ သိနိုင်တာ၊ လောကမှာက ဒီလို သမူဟ သဘောတွေ၊ သန္တတိသဘောတွေ လွှမ်းမိုးနေတဲ့အပြင် ဘယ်အရာဝတ္ထု ကိုပဲ ကြည့်ကြည့်၊ နေရာ တစ်ခုတည်းမှာ ပုံသဏ္ဌာန်တစ်ခု၊ အဆင်းသဏ္ဌာန် တစ်ခုအဖြစ်နဲ့ တည်နေတာကို တွေ့ရှိရတယ်၊ ခန္ဓာငါးပါး ရုပ်နာမ် တရားတွေ ဟာ အဆင်းနဲ့၊ သဏ္ဌာန်တွေနဲ့ တည်နေကြတယ်၊ အသီးတွေ၊ အနံ့တွေလည်း ဒီအတိုင်းပဲ၊ အဆင်းအသွေးတွေ ရှိနေတယ်၊ အနံ့ရဲ့ အသွင် သဏ္ဌာန်တွေ၊ အရသာရဲ့ အဆင်းသဏ္ဌာန်တွေကလည်း မတူဘူး၊ ကွဲနေတယ်၊ ဒီလို ကွဲနေ တာကို ပညတ်တွေနဲ့ ခေါ်ဝေါ်ထားကြတယ်၊ ဥပမာ အသီးအနှံဆိုရာမှာ အနံ့ အရသာ ပုံသဏ္ဌာန် ကွဲမှုကို လိုက်ပြီး နာမည်တစ်မျိုး၊ ပညတ် တစ်မျိုးစီနဲ့ ခေါ်ဝေါ်ထားကြတော့ ဒါ ပိန္နဲသီးပဲလို့ လူကြီး မိဘက ပြောရင် အဲဒါကို စကား သင်စကတည်းက မှတ်သားလာခဲ့တာ သေတဲ့အထိပဲ၊ ပုံသဏ္ဌာန်တွေကိုလည်း အရှိတရား၊ အမှန်တရားပဲ အောက်မေ့ပြီး မှတ်သားလာတာ၊ ဒီကလေးဟာ တစ်ခါမှ ပိန္နဲသီး ဆိုတဲ့အထဲမှာ ပိန္နဲသီးကို ရှာမကြည့်ခဲ့ဘူး၊ သူရှာကြည့်ရင် လည်း ချိုတဲ့အရသာ၊ ဝါတဲ့အရောင်၊ နူးညံ့တဲ့ အတွေ့၊ မွှေးတဲ့အနံ့ကိုပဲ တွေ့ မှာပဲ၊ ပိန္နဲသီး ဆိုတာကိုတော့ အဲဒီအသီးထဲမှာ တွေ့မှာဟုတ်ပါဘူး၊ ဒါပေမယ့် သူ့စိတ်ထဲမှာတော့ ဒါဟာ ပိန္နဲသီးလို့ပဲ စွဲစွဲမြဲမြဲ မှတ်သားလာခဲ့တာပဲမဟုတ် လား၊ စိတ်က ထင်လို့ ပါးစပ်ကလည်း ပိန္နဲသီးလို့ ခေါ်လာတာပေါ့၊ အမှန် တော့ အဲဒီ ပညတ်တွေက အမှတ်မှားအောင် လှည့်ဖြားခဲ့တာပဲကွယ်'

'ဒီလိုဆို စကားနဲ့ ပြောရင် reality ကို appearence ဖုံးထားတဲ့ သဘော ပဲပေါ့ ဆရာ'

'အေး၊ reality ဆိုတာ ပရမတ္ထသစ္စာသဘောကို ပြောတာ၊ တကယ့် အရှိ တရားကို ပြောတာ၊ appearence ကတော့ ခုပြောခဲ့တဲ့ ပညတ် လေးမျိုးစလုံး ပါဝင်တာပေါ့'

'ဆရာပြောတာ ပညတ် သုံးမျိုးပဲ ရှိသေးတယ်'

'အေး ဟုတ်သားပဲ၊ စတုတ္ထပညတ်ကတော့ ဃနပညတ် ခေါ်တယ်၊ အရာ ဝတ္ထုတွေကို အစုအခဲအဖြစ် [illegible] အဖြစ်နဲ့ ရှုမြင် သုံးသပ် [illegible] ဃနပညတ်ရဲ့ သဘောပဲ၊ ဒီပညတ်သဘော လေးမျိုးက အန္ဓပုထုဇဉ်ရဲ့ [illegible] ကို ဖုံးကွယ်ထားတော့ အန္ဓပုထုဇဉ်ဟာ ရုပ်နာမ်ဓမ္မတွေရဲ့ တကယ့် အဖြစ်မှန် သဘောကို မသိနိုင်တော့ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့် ကျွန်တော်တို့လို ပညတ်နဲ့ ပရမတ်ကို နည်းနည်း ခွဲခြားသိတတ်တဲ့ လူအနေနဲ့ မြင်သမျှ၊ ကြားသမျှ ရုပ်နာမ်တွေပဲလို့ မှတ်လိုက်ရင် မပြီးဘူးလား ဆရာ'

'အေး... သပိတ်အိုင်တောရ ဆရာတော်ဘုရားကြီးရဲ့ စကားနဲ့ ပြောရရင်တော့ ရုပ်နာမ်ဆိုတာ ပြောရလွယ်ပါတယ်တဲ့၊ ဒါပေမယ့် အဟုတ်သိဖို့ ဆိုရင်တော့ လွယ်သလိုလိုနဲ့ ခက်တယ်၊ တိမ်မလိုလိုနဲ့ နက်တယ်တဲ့၊ အမှန်ကတော့ အဲဒီ ရုပ်နာမ်ရဲ့ သဘောလက္ခဏာတွေကို ထိထိမိမိ နားလည်ဖို့ အလိုဆုံးပဲ၊ အဲဒီလို နားလည်အောင်လည်း ကြိုးစား အားထုတ်ကြရမှာပဲတဲ့၊ ဒီနေရာမှာ သူများပြောဟောလို့ သိတာက သညာသိပဲ ရှိသေးတယ်၊ ပညာသိက မဖြစ်သေးဘူး၊ မဂ်ဆိုက်ပြီး သိတဲ့အခါကျမှသာ ရုပ်နာမ်ရဲ့ သဘောကို ပညာသိ သိတယ် မည်တယ်တဲ့၊ ကိုယ်တိုင် စဉ်းစား ဆင်ခြင်လို့ သိတာကလည်း ဝိညာဉ်သိ သညာသိပဲကွယ့်၊ ပညာသိမှာတောင် ဝိပဿနာ ဘာဝနာဉာဏ် လောက်နဲ့ သိတာဟာ လောကီပညာသိပဲ ရှိသေးတယ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ သိတာမှသာ လောကုတ္တရာ ပညာသိ ဖြစ်တယ်'

'အန္ဓပုထုဇဉ်ကို ပညတ်တွေက ဖုံးနေတော့ ပရမတ္ထတရားတွေကို ပညာသိ ဉာဏ်သိနဲ့ မသိနိုင်ဘူး၊ ဒါကြောင့် သူ့မှာ ဒိဋ္ဌိဝိပလ္လာသဆိုတဲ့ အယူမှား အမှတ်မှားတွေ ဖြစ်နေတာပဲ ထင်ပါရဲ့ ဆရာရယ်'

'အေး... ဟုတ်တာပေါ့ကွာ၊ ပုထုဇဉ်မှာ အရိုးစွဲနေတဲ့ ဒိဋ္ဌိနှစ်မျိုး (သက္ကာယဒိဋ္ဌိ) ရှိတယ်'

'သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိကို ပြောတာမဟုတ်လား ဆရာ'

'အေး... ရှေ့ပိုင်းမှာ သက္ကာယဒိဋ္ဌိအကြောင်း ပြောတုန်းက တို့များ တော်တော် ကျယ်ကျယ်ပြန့်ပြန့် ပြောခဲ့ကြတယ်နော်'

'ဒါကြောင့် ကျွန်တော် ဒီစကားလုံးတွေကို မှတ်မိနေပါတယ်'

'သဘောကိုကော အစင်အကြယ် သိရဲ့လား'

'သဿတဒိဋ္ဌိဆိုတာ ဘဝမြဲတယ်လို့ ယူဆတဲ့ အယူ၊ ဥစ္ဆေဒဒိဋ္ဌိဆိုတာ ဘဝပျက်တယ်လို့ ယူမှုပဲ့အယူမဟုတ်လား ဆရာ'

'ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမယ့် သဘော အကျယ်ကို နားလည်ဖို့ လိုတယ်၊ သပိတ်အိုင်တောရ ဆရာတော်ကြီးကလည်း အဲဒီ ဒိဋ္ဌိနှစ်မျိုးကို နမူနာ ဥပမာနဲ့ ပြထားတာ တော်တော် နှစ်သက်ဖို့ ကောင်းတယ်၊ သဿတ ဒိဋ္ဌိကို



ဆရာတော်က ပြောရာမှာ ဥပမာအားဖြင့် ယောကျ်ားတစ်ယောက်သည် ဤရွာမှ ထွက်သွားပြီး ထိုရွာသို့ ဝင်လေဘိသကဲ့သို့ ထို့အတူ သေသောအခါ၌ ငါ၏ ဝိညာဉ်စိတ်ကလေးသည် ငါ၏ ကိုယ်မှ ထွက်၍ တစ်ပါးသော ခန္ဓာထဲသို့ ဝင်စားလေ၏ ဟူသော သဿတဒိဋ္ဌိ ဖြစ်တယ်တဲ့၊ ဤကဲ့သို့ အယူ မစင်ကြယ်သမျှ ကာလပတ်လုံး တရားလမ်း မဖြောင့်ဘူးလို့လည်း မှတ်ချက်ချထားတော်မူတယ်၊ ဒီမှတ်ချက်ဟာ သိပ်ကို အရေးကြီးတယ်'

'အဲဒါ ဘာကို ဆိုလိုတာလဲ ဆရာ'

'အဲဒါ သေသေချာချာမှတ်၊ အရင်တုန်းက ဒီမှတ်ချက်ကို ဆရာလည်း သိပ်ပြီး အလေးအနက် မထားခဲ့မိဘူး၊ ဆရာတော်ကြီး ဘာကို ဆိုလိုတယ်ဆိုတာကိုလည်း ကောင်းကောင်း သဘောမပေါက်ခဲ့ဘူး၊ နောင်အခါ မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ တရားစာအုပ်တွေကို လေ့လာတဲ့ အခါကျမှ ဒီကိစ္စဟာ ရှင်းသွားတယ်'

'ဘယ်လို ရှင်းသွားတာလဲ ဆိုတာ အမိန့်ရှိပါဦး ဆရာ'

'မိုးကုတ် ဆရာတော်ဘုရားကြီးက တရားအားထုတ်တော့မယ်၊ ဝိပဿနာ အလုပ်ကို လုပ်တော့မယ် ဆိုရင် ဒိဋ္ဌိကို အရင် ဉာတပရိညာ(အသိ)နဲ့ ဖြုတ်ရမယ်၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိကို အရင် ဖြုတ်ပါတဲ့၊ ဒိဋ္ဌိမဖြုတ်ဘဲနဲ့ တရားအားထုတ်ရင် တရားမရဘူး၊ မဂ် မရနိုင်ဘူး၊ ကုသိုလ်တော့ ရတယ်လို့ ရှင်းရှင်းလင်းလင်းကြီး မိန့်တော်မူတယ်'

'သြော်... ဒါကို ဆိုလိုတာကိုး'

'သပိတ်အိုင်တောရ ဆရာတော်ဘုရားကြီးကလည်း ဤကဲ့သို့ အယူ မစင်ကြယ်သမျှ ကာလပတ်လုံး တရားလမ်း မဖြောင့်လို့ ယတိပြတ် ဆိုတော်မူထားတယ်၊ ခေတ်စကားနဲ့ ပြောရင် မိုးကုတ်ဆရာတော် ညွှန်ပြတော်မူခဲ့တဲ့ အတိုင်း ဒိဋ္ဌိကို အရင် စင်ကြယ်အောင် မဖြုတ်ဘဲနဲ့ တရားအားထုတ်နေသမျှ ကာလပတ်လုံး အချိန်တွေသာ ကုန်သွားမယ်၊ တရားတော့ မရဘူး၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရဖို့ လမ်းမဖြောင့်တော့ဘူး ဆိုတာပဲကွယ်၊ ခု အဓိပ္ပာယ် ရှင်းပြီလား'

'ခုမှ သဘောရှင်းသွားပါပြီ ဆရာ၊ တရားအားထုတ်ရာမှာ လမ်းပြည့်ဖို့၊ လမ်းဖြောင့်ဖို့၊ နည်းမှန် လမ်းမှန် ဖြစ်ဖို့ကလည်း ဒီအတိုင်းဆိုရင် တော်တော်အရေးကြီးတာပဲနော်'

'ဒါကြောင့် သောတာပန် ဖြစ်ချင်တဲ့သူဟာ မဂ်ဖိုလ်နိဗ္ဗာန် ရောက်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



နည်းလမ်းကောင်းကို ပြညွှန်နိုင်တဲ့ ကလျာဏမိတ္တ ဆရာကောင်း ဆရာမြတ်ကို တွေ့ဖို့ရာ နံပါတ်တစ် အရေးကြီးတယ်လို့ ပြောခဲ့တာပေါ့၊ ဆရာကောင်း ဆရာမြတ်ဆိုတာ မိမိကိုယ်တိုင် လမ်းဖြောင့် လမ်းမှန်ကို ရှာတွေ့ခဲ့သူ၊ ကိုယ်တွေ့ ခန္ဓာသိဉာဏ်လည်း ရှိပြီး ကိုယ်တိုင် ခရီးရောက်ပြီးသူလည်း ဖြစ်တယ်၊ သစ္စာဉာဏ်ရောက် ခရီးပေါက်ပြီးသူ ဆရာဖြစ်မှသာ မိမိရဲ့ အမှားအမှန်ကို ဝေဖန်ပိုင်းခြားပေးနိုင်မှာပေါ့၊ မဟုတ်ဘူးလား'

'ဟုတ်ပါတယ် ဆရာ၊ ဒိဋ္ဌိ မပြုတ်ဘဲနဲ့ တရားအားထုတ်ရင် အချိန်ကုန်လူပန်းပြီး ခရီးမရောက်နိုင်ဘူး၊ တရားမရဘူး ဆိုတဲ့ စကားကို ရဲရဲတောက်ပြောဆိုနိုင်ဖို့ ဆိုတာက အတွေ့အကြုံ ရှိပြီးတဲ့ ပုဂ္ဂိုလ်မျိုးမှသာ ပြောနိုင်မှာပါ'

'ဘုရားရှင် ကိုယ်တော်မြတ်ကလည်း ရင်ဝလှံစူး ထိပ်ဦး မီးလောင်နေသူဟာ လှံကိုနုတ်ပြီး မီးကို ဦးစွာ ငြိမ်းသတ်ဖို့ အရေးကြီးသလို တရားအားထုတ်တဲ့ ယောဂီဟာလည်း သက္ကာယဒိဋ္ဌိကို အရင် စင်ကြယ်အောင် ပယ်ရှင်းဖို့ အလွန်အရေးကြီးကြောင်းကို သဂါထာဝဂ္ဂ သံယုတ်မှာ ဟောထားတာ ရှိတယ်'

'ဘယ်လို ဟောထားသလဲ ဆရာ'

'ဟောထားပုံက လှံနဲ့ အထိုးခံရသောသူကဲ့သို့လည်းကောင်း၊ ဦးခေါင်း၌ မီးလောင်ခံရသော သူကဲ့သို့လည်းကောင်း ရဟန်းသည် ပရမတ္ထအားဖြင့် ထင်ရှား ရှိသော ခန္ဓာငါးပါး၌ အမြင်မှားမှု **သက္ကာယဒိဋ္ဌိ** ကို ပယ်သတ်ရန် သတိနှင့် ပြည့်စုံသည် ဖြစ်၍နေရာ၏လို့ မိန့်တော်မူခဲ့တယ်'

'ဒါဆိုရင် သက္ကာယဒိဋ္ဌိကို ပယ်သတ်ဖို့ကိစ္စကို ဘယ်လောက် အရေးတကြီး ဆောင်ရွက်ရမယ် ဆိုတာကို ထင်ရှားအောင် ဟောတော်မူခဲ့တာပဲနော် ဆရာ'

'**အေး...** တရားအားထုတ်တဲ့အခါ သက္ကာယဒိဋ္ဌိကို ပယ်သတ်ဖို့ သိပ် အရေးကြီးတယ်၊ ပယ်သတ်ရာမှာ အဆင့်သုံးဆင့်ရှိတယ်၊ ပထမ ဉာတပရိညာ (အသိ) နဲ့ ပယ်သတ်ရမယ်၊ ဒုတိယ တီရဏပရိညာ (ကျင့်ကြံပွားများပြီး) ပယ်သတ်ရမယ်၊ အကျင့်နဲ့ ပယ်သတ်ရမယ်၊ တတိယအနေနဲ့ကတော့ သဟာနပရိညာ (မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ ဂိပလ္လာသတရားများကို အပြီးတိုင် ပယ်ရှားခြင်း) ဖြစ်တယ်၊ ပရိညာဆိုပ၊၊၊၊၊ပ၊၊ ပိုင်းပိုင်းခြားခြား သိတာကို ဆိုလိုတယ်'

'ပရိညာ သုံးပါးပေါ့နော် ဆရာ၊ အဲဒါ ကျွန်တော် မသိသေးဘူး၊ ရှင်းပြပါဦး'

'ပရိညာသုံးပါး အကြောင်းကို ဒီနေရာမှာ ပြောရရင် မူလက တို့များ ပြော



လာကြတဲ့ ဒိဋ္ဌိ ပယ်သတ်ရေး ကိစ္စဟာ လမ်းစ ပျောက်သွားလိမ့်မယ်၊ အကျယ်ကို မင်း သိချင်ရင် လယ်တီဆရာတော်ဘုရားကြီး စီရင်တော်မူတဲ့ ဝိပဿနာဒီပနီမှာ ရှာပြီး လေ့လာကြည့်ပါ၊ မသိတာ၊ မရှင်းတာရှိတော့ ဆရာ့ကို မေးပေါ့'

'ဟုတ်ကဲ့၊ ကောင်းပါပြီ ဆရာ'

'ဒါဆိုရင် တို့ပြောလာတဲ့အထဲမှာ သဿတဒိဋ္ဌိအကြောင်းပဲ ပြီးသေးတယ်၊ ဥစ္ဆေဒဒိဋ္ဌိကိစ္စ မပြီးသေးဘူး'

'ဟုတ်ပါတယ် ဆရာ'

'အေး... အခု ဥစ္ဆေဒဒိဋ္ဌိရဲ့ သဘောကို သပိတ်အိုင်ဆရာတော်ကြီး ဖော်ပြထားပုံကို ပြောမယ်၊ ဆရာတော်က ဘယ်လိုဆိုသလဲ ဆိုတော့ ခန္ဓာကိုယ်ဟု ခေါ်ဆိုအပ်သော ဝိညာဉ်စိတ်ကလေးသည် သေသည်မှ နောက်၌ ဘာမျှမဖြစ်၊ ပျောက်ပျက် ပြတ်တောက်၍ သွားလေ၏ဟု ယူသော ဥစ္ဆေဒဒိဋ္ဌိအယူ ဖြစ်တယ်တဲ့၊ ဒီလို အယူမစင်ကြယ်ရင်လည်း တရားလမ်း မဖြောင့်ဘူးတဲ့၊ ဒါကြောင့် ရုပ်နာမ်တို့ အပေါ်၌ ဤဒိဋ္ဌိနှစ်ပါး အယူစင်ကြယ် ဖြောင့်မတ်ပါမှ တရားလမ်း ဖြောင့်မယ်တဲ့၊ တိတိကျကျ မှတ်ချက်ချထားတယ်'

'ဒီလိုဆိုရင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရရှိအောင်၊ သောတာပန် ဖြစ်အောင် အားထုတ်တဲ့ ယောဂီက တရားအားမထုတ်ခင် သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိကို စင်ကြယ်အောင် ရှင်းထားရမယ်၊ ဒါက ပထမအလုပ်ဖြစ်တယ်၊ ပြီးမှသာ တရားအားထုတ်ရမယ်၊ ဒါမှ တရား လမ်းဖြောင့်မယ်၊ မဂ်ဉာဏ်ကို ရနိုင်တယ်လို့ နားလည်ရမှာပေါ့နော်'

'ဟုတ်တယ်၊ အဲဒါ လုပ်ငန်းစဉ် **အတိအကျပဲကွယ့်**'

'အင်း... ဗုဒ္ဓရဲ့ ခန္ဓာငါးပါးအပေါ် ရှုမြင်တဲ့အမြင်ဟာ သာမန်လူတွေအတွက်တော့ နားလည်ရ တော်တော်ခက်မှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ သေရင် ဒီခန္ဓာကိုယ်က ဝိညာဉ်ကောင်ကလေးဟာ ထွက်ပြီး အခြားခန္ဓာကိုယ်ထဲကို ဝင်သွားပြီး ဘဝကူးတယ်လို့ ယူဆရင်လည်း အဲဒီအယူဟာ မှားတယ်နော်'

'အဲဒါ သဿတဒိဋ္ဌိပေါ့'

'ဟုတ်ကဲ့၊ နောက်ပြီး သေရင် နောက်ထပ် ဘာမှ ဖြစ်စရာမရှိတော့ဘူး၊ ဘဝ ပြတ်တယ်၊ ဝိညာဉ်ရော ပျက်စီးသွားတယ်လို့ ယူရင်လည်း အဲဒီ အယူမှားတယ် ဆိုတော့ ကျွန်တော်တို့ တတ်သိထားတဲ့ ယုတ္တိဗေဒ (လောဂျစ်)အရ

www.burmeseclassic.com

www.burmeseclassic.com



ပြောရင် ဝိညာဉ်ဟာ မြဲတယ်ဆိုတာလည်း မဟုတ်ဘူး၊ မမြဲဘူး ဆိုတာလည်း မဟုတ်ဘူး ဆိုတဲ့ ငြင်းပယ်ခြင်း အဖြစ်လို ဖြစ်နေတယ် ဆရာ'

'မင်းတို့ကို သင်ပေးခဲ့တဲ့ ဟေဂယ်ရဲ့ ဒိုင်ယာလက်တစ် နည်းမှာ ငြင်းပယ်ခြင်းရဲ့ ငြင်းပယ်ခြင်း (Negation of Negation) ဆိုတဲ့ သဘောတရား ပါတယ် မဟုတ်လား'

'ပါပါတယ်'

'အဲဒါ သဘောတရားဟာ အမှန်တရားကို စူးစမ်းတဲ့ နည်းလမ်း တစ်ခုပဲ မဟုတ်လား'

'ဟုတ်ပါတယ် ဆရာ'

'အေး... ဒီလိုပဲ၊ တို့ မြတ်ဗုဒ္ဓကလည်း ဒိဋ္ဌိ နှစ်မျိုးစလုံးကို ငြင်းပယ်ထားတယ်၊ ဒါကို နားလည်ရတာ မခက်ပါဘူး၊ မိလိန္ဒပဉှာမှာလည်း ဥပမာတွေ အများကြီးပေးပြီး ဘဝ တစ်ခုနဲ့တစ်ခု အကြောင်းအကျိုး ဆက်စပ်ပုံကို ရှင်းပြထားတယ်၊ သပိတ်အိုင်တောရ ဆရာတော်ဘုရားကြီးကလည်း အကြောင်း အကျိုး မကင်းပုံ၊ ဆက်စပ်ပြီး ဖြစ်ပျက်နေပုံကို ဥပမာနဲ့ ရှင်းပြထားတယ်'

'ဘယ်လို ရှင်းပြသလဲ ဆရာ'

'ဥပမာအားဖြင့် သီသာရန်ကား သရက်စေ့ တစ်စေ့ကို စိုက်ပျိုး၍ အသီး သီးသောအခါ အသစ်ဖြစ်သော သရက်စေ့ကို တွေ့မြင်ရလေသည်၊ ဤ အသစ် ဖြစ်သော သရက်စေ့သည် အဟောင်းဖြစ်သော သရက်စေ့လားဟု မေးသော် အဟောင်းဖြစ်သော သရက်စေ့ မဟုတ်၊ အဟောင်းဖြစ်သော သရက်စေ့နှင့် အကြောင်းကင်း၍ သူ့ဘာသာသူ ဖြစ်သလားဟု မေးသော် သူ့ဘာသာသူ ဖြစ် သော သရက်စေ့လည်း မဟုတ်၊ အဟောင်းဖြစ်သော သရက်စေ့နှင့် အသစ် ဖြစ်သော သရက်စေ့သည် အကြောင်းမကင်းရုံမျှသာ ဖြစ်သည်၊ ထို့အတူ ဤ ခန္ဓာကိုယ်မှ ဖြစ်သော ဝိညာဉ်စိတ်ကလေးသည် သေသည်မှ နောင်၌ တစ်ပါး သော ခန္ဓာကိုယ်ထဲသို့ ဝင်သည်ဟူ၍လည်း မဆိုရာ၊ တစ်ပါးသော ခန္ဓာကိုယ် ၌လည်း အလိုလိုဖြစ်သည်ဟုလည်း မဆိုရာ၊ တစ်ဘဝနှင့် တစ်ဘဝ အကြောင်း မကင်းရုံမျှသာ ဖြစ်သည်၊ ဤသို့ယူပါမှ သဿတဒိဋ္ဌိဟု စင်ကြယ်၍ တရား... [illegible] ဖြောင့်ကြမည်လို့ ရှင်းလင်း ဖွင့်ဆိုတော်မူထားတယ်'

'ဟုတ်ကဲ့၊ နည်းနည်းတော့ သဘောပေါက်ပါပြီ'

'ဟရားအားမထုတ်ခင် သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိကို စင်ကြယ်အောင်



ဘယ်လို သုတ်သင်ရမယ် ဆိုတာကိုသာ အမြင်ရှင်းသွားအောင် ဟောပါတော့ ဆရာရယ်'

'အေး... ခု ဒိဋ္ဌိ ဝိစိကိစ္ဆာကို ဖြုတ်တဲ့ ဉာတပရိညာသဘောကို တော်သင့်ပြီ၊ ပြီးမှသာ သတိပဋ္ဌာန် တရားထဲက ကာယနုပဿနာ၊ စိတ္တာနုပဿနာ၊ ဝေဒနာနုပဿနာ အကြောင်းတွေကို ဆက်ကြတာပေါ့၊ မကောင်းဘူးလား'

'ကောင်းပါတယ်ဆရာ၊ အလွန် အကျိုးများမည့်ကိစ္စပါ ဆရာ'

www.burmeseclassic.com

www.burmeseclassic.com

## ၁၀။ ဘုံစဉ်စံတဲ့ မိုးကုတ်ဆရာတော်ဘုရားကြီး အမြင်

'ဘုံစဉ်စံ ဘဝနဲ့ နိဗ္ဗာန်မဂ်ဖိုလ်ကို ရယူတဲ့ နည်းကို မိုးကုတ်ဆရာတော်ဘုရားကြီးက နှစ်သက်တော်မမူဘူးဆိုတာ ဘာဖြစ်လို့လဲ ဆရာ'

'အေး... ဆရာ လေ့လာမိသလောက် ပြောပြမယ်၊ မိုးကုတ် ဆရာတော်ဘုရားကြီးရဲ့ အမြင်မှာ ဘုံစဉ်စံ ဘဝကို နှစ်သက်တဲ့ ပုဂ္ဂိုလ်တွေဟာ သဿတဒိဋ္ဌိရှိတဲ့ လူတွေ၊ ပုဂ္ဂိုလ်တွေလို့ မြင်တော်မူတယ်၊ ဆရာတော်ကြီးက ဒီလို မြင်တော်မူတာလည်း အကြောင်းရှိတယ်ကွ'

'အမိန့်ရှိပါဦး ဆရာ'

'မိုးကုတ် ဆရာတော်ဘုရားကြီးရဲ့ မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ် တရားအမှတ်(၄) စာအုပ်၊ စာမျက်နှာ (၂၃)မှာ ဟောထားတာ ရှိတယ်၊ "ခင်ဗျားတို့၊ သေသေချာချာ ဝေဖန်ကြည့်၊ သဿတဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်များဟာ ဒီဘဝ ဟိုဘဝ ရှိတယ်ဆိုတာလည်း ယုံကြည်ကြတယ်၊ ကံ၊ ကံ၏အကျိုးကိုလည်း ယုံကြည်ကြတယ်၊ ကုသိုလ်ဒါနတွေလည်း သိပ်ပြုကြတယ်၊ ကုသိုလ်လည်း ပြုပါတယ်၊ ကံ၊ ကံ၏အကျိုးကိုလည်း ယုံကြည်ပြီးသကာလ နေကြသော်လည်း (ဒီပုဂ္ဂိုလ်တွေဟာ) အခု နိဗ္ဗာန်ကို သွားမယ်ဆိုရင်တော့ သူ မကြိုက်ဘူး၊ ဒကာ၊ ဒကာမတွေ သဿတဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်ဟာ အခု နိဗ္ဗာန်ကို ရောက်မယ်ဆိုရင် သူ မကြိုက်ဘူး၊ အခု နိဗ္ဗာန်ပို့ပေးမည့် ဆရာကောင်း သမားကောင်းနဲ့ တွေ့တဲ့အခါ သူမကြိုက်ဘူး၊ ဒါ သဿတဒိဋ္ဌိ ခံနေတာ၊ အို... ငါလုပ်ထားတာတွေ အလကားဖြစ်ကုန်ရောမယ်၊ ငါ နတ်ပြည်သွား ခံစားလိုက်ဦးမယ်၊ ဗြဟ္မာ့ပြည်သွား စံစားလိုက်ဦးမယ် ဆိုပြီး နိဗ္ဗာန်မသွားချင်ဘူး၊ ဘုံဘဝထဲမှာ ပုန်းအောင်းပြီး နေချင်ကြတယ်၊ ဒါ ဘယ်သူ့သတ္တိ ထင်သလဲ" လို့ မိန့်တော်မူတယ်၊ ဒါ မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ ရှုမြင်သုံးသပ်ချက် တစ်ရပ်ပဲကွယ်'



'ဒီလိုဆိုရင် ဆရာက ဘုံစဉ်စံ ဘဝလမ်းပြ ဒဿနကို ဟောကြားနေတာ မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ အမြင်နဲ့ ခြားနားမနေဘူးလား'

'အင်း... အမြင်ခြားနားတယ် ဆိုတာထက် ရည်ရွယ်ချက် ခြားနားတယ်လို့ ပြောရင် ပိုပြီး မှန်လိမ့်မယ်၊ မိုးကုတ်ဆရာတော်ဘုရားကြီးက သဿတဒိဋ္ဌိရှိတဲ့ လူတွေဟာ ဘုံဘဝတွေ ရှိတယ်လို့လည်း ယုံတယ်၊ ကံ၊ ကံ၏အကျိုးတွေ ရှိတယ်လို့လည်း ယုံတယ်၊ ဒါကြောင့် ဘုံဘဝ အမျိုးမျိုးမှာ ကျင်လည်ပြီး သုဂတိ အတွေ့အကြုံအမျိုးမျိုးကို ဝအောင် ခံစားကြည့်ချင်ကြတယ် ဆိုတဲ့ သဿတဒိဋ္ဌိ ပုဂ္ဂိုလ်တွေရဲ့ ဘဝရည်မှန်းချက်ကို မိုးကုတ်ဆရာတော်ဘုရားကြီးက ကဲ့ရဲ့ရှုတ်ချလိုတာ ဖြစ်တယ်၊ ဆရာ့ ဘုံစဉ်စံ ဘဝလမ်းပြ ဒဿနဟာ ဒီလို သဿတဒိဋ္ဌိ ပုဂ္ဂိုလ်များရဲ့ ရည်မှန်းချက်နဲ့ မဆိုင်ဘူး၊ သုဂတိဘဝ အမျိုးမျိုးမှာ ကျင်လည်ပြီး ဘဝစည်းစိမ်အမျိုးမျိုးကို ခံစားချင်တဲ့ သဘော လုံးဝမပါဘူး၊ ဘုံစဉ်စံ ဒဿနရဲ့ လိုရင်းအချက်က ဗုဒ္ဓဘာသာ သာသနာတော်ကြီးနဲ့ ကြုံရတဲ့ အလွန်ထူးမြတ်တဲ့ လူ့ဘဝကို ရရှိခဲ့ပါလျက် အသိ (ဉာဏ်ပရိညာ) နဲ့တောင် ဒိဋ္ဌိပြုတ်အောင် မလုပ်နိုင်ခဲ့ဘဲ သေရင် အပါယ်ကို ကျသွားရတဲ့ ဗုဒ္ဓဘာသာဝင် အန္ဓ ပုထုဇဉ်တွေရဲ့ အဖြစ်ဆိုးကို လက်တွေ့ အားဖြင့် ကယ်တင်ချင်တဲ့ ကရုဏာဓာတ်က အဓိက ကျပါတယ်၊ အန္ဓပုထုဇဉ်ဟာ ဒီဘဝမှာ အန္ဓပုထုဇဉ်အဖြစ်ကနေ သောတာပန် သုတဝါ အရိယာသာဝကဖြစ်တဲ့ ကလျာဏ ပုထုဇဉ်မှုဋ္ဌ သောတာပန်လောက်တော့ ဖြစ်အောင် လုပ်နိုင်ရမယ်၊ တတ်နိုင်ရမယ်၊ ဘာမှမလုပ်ဘဲ အန္ဓပုထုဇဉ် အပါယ်တစ်လမ်းသွားအဖြစ်နဲ့ တစ်ဘဝကို အဆုံးရှုံးခံလိုက်ကြရတာနဲ့စာရင် ခု ရ,ထားတဲ့ လူ့ဘဝကို အကျိုးရှိအောင် အသုံးပြုပြီး အနည်းဆုံး တစ်ဘဝလောက်ပဲဖြစ်ဖြစ် အပါယ်တံခါးပိတ်အောင် အားထုတ်ကြမယ် ဆိုရင် ဗောဓိ အခြေအမြစ် စိုက်ပြီးသူ ဖြစ်သွားမယ်၊ ဗောဓိမျိုးစေ့ ရသွားကြမယ်၊ ဒါဆို နောင်ဘဝမှာ သုဂတိ ဘဝကိုလည်း ရမယ်၊ သောတာပန်လည်း ဖြစ်ခွင့်ရကြမယ်၊ တစ်ဘဝဟည်းနဲ့ ခန္ဓာအားလုံး ချုပ်ဆုံးတဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုအောင် ဟတတ်နိုင်ကြတဲ့ လူတွေက အများစု ဖြစ်နေကြတယ်၊ မိုးကုတ် ဆရာတော်ဘုရားကြီး အမိန့်ရှိသလို သဿတဒိဋ္ဌိရှိနေလို့ ဘုံဘဝကို တောင့်တတဲ့ လူမျိုးလည်း ရှိပါတယ်၊ အဲဒီလူတွေက ဝိပဿနာကို အားမထုတ်ချင်ဘူး၊ ဒိဋ္ဌိကို မဖြုတ်ချင်ဘူး၊ အလှူကြီး အတန်းကြီးတွေ လုပ်ပြီး ကမ္ဘာ့ထိုးဖို့လောက်ကိုပဲ စိတ်ဝင်စားကြတဲ့ လူတွေ ဖြစ်နေတယ်၊ အမှန်က အဲဒီလူမျိုးကလည်း အများစု

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သေးဘူး၊ အများစုက လူ့လည်း မလူ့နိုင်၊ သီလကိုလည်း အားမထုတ်နိုင်ဘဲ ဘဝခန္ဓာကို ရှာကျွေးရင်း အချိန်ကုန်လွန်သွားကြတဲ့ ခန္ဓာအပေါ် ဉာဏ်အမြင် မပေါက်တဲ့ လူတွေ ဘဝမျက်ကန်းတွေကသာ အများစု ဖြစ်တယ်'

'ဘုံစဉ်စံ ဘဝလမ်းပြ ဒဿနက ဘဝအတက်လမ်းရဲ့ အဆုံးကို ပြတဲ့ သဘောတရား မဟုတ်သေးဘူး၊ ဘဝတက်လမ်းအစကို ရှာပြတဲ့ တရားဆိုရင် ပိုမှန်မှာပေါ့နော် ဆရာ'

'ဟုတ်တယ်၊ ရှင်းရှင်းပြောရင် အန္ဓပုထုဇဉ်ကို ကလျာဏပုထုဇဉ် ဖြစ်အောင် အရိယာလမ်းပေါ်ကို ပို့ဆောင်ရေးဟာ ဘုံစဉ်စံ ဘဝလမ်းပြ ဒဿနရဲ့ လိုရင်းအချက်ပဲ၊ အဓိကကတော့ လေယာဉ်တစ်စင်းဟာ လေပေါ်ကို ပျံတက်နိုင်ဖို့အတွက် ပြေးလမ်းပေါ်မှာ ပြေးပြီး အရှိန်ယူရတယ်၊ အရှိန်အဟုန် ရလာတဲ့အခါ လေပေါ်ကို စတင် ပျံတက်ပြီး ဘီးတွေကို ရုပ်သိမ်းရတယ်၊ အဲဒါကို အက်လိပ်လို (Take Off) လို့ ခေါ်တယ်၊ အဲဒီ (Take Off) က သိပ်အရေးကြီးတယ်၊ ပြေးလမ်းက လွတ်ပြီး လေပေါ်ကို ရောက်သွားတဲ့အခါ အမြင့်ပေ ဘယ်လောက်အထိ ပျံတက်ပျံတက် ရပြီ၊ အဓိကကတော့ မြေပြင်က လွတ်သွားဖို့ အရေးအကြီးဆုံးပဲ မဟုတ်လား၊ ပုထုဇဉ်ဟာလည်း အပါယ်က လွတ်သွားအောင် အရိယာလမ်းပေါ်ကို ရောက်သွားအောင် လုပ်ရမယ်၊ အဲဒီ (Take Off) ကို ဘုံစဉ်စံ ဘဝလမ်းပြ ဒဿနက လုပ်နိုင်အောင် အားပေးနေတာပဲ ဖြစ်ပါတယ်'

'မိုးကုတ် ဆရာတော်ဘုရားကြီး အနေနဲ့ ဆရာ့ရဲ့ ဒီသဘောထားကိုကော လက်ခံနိုင်ပါ့မလား'

'ဆရာတော်ဘုရားကြီးကတော့ နိဗ္ဗာန်ကို ရောက်အောင် အားထုတ်တဲ့ နေရာမှာ လျှော့ဈေး ပေါ့ဈေး လုပ်တာမျိုးကို နှစ်သက်တော်မမူဘူး၊ ဒါကြောင့် လုပ်ဝန်းစဉ် တရား (၄)၊ စာမျက်နှာ (၂၅) မှာ ဘယ်လို ဆိုသလဲဆိုတော့ "ကိုင်း၊ ခင်ဗျားတို့ ကိုယ့်ကိုယ်ကိုယ် အကဲခတ်ကြည့်ပေါ့၊ နိဗ္ဗာန်မရမီစပ်ကြား အပါယ်ဝရဲက လွတ်ပြီး နတ်ရွာ သုဂတိ အကြိမ်ကြိမ် ခံစားရလို့ရှိရင် တော်သေးတာပေါ့" ဆိုတဲ့ အဓိပ္ပာယ်ကလေးဟာ တဏှာက လှမ်းတက်တာ ဖြစ်တယ်၊ ဒါဖြစ်တော့ ဘုံဘဝထဲမှာ ပုန်းအောင်းချင်သေးသလား၊ နိဗ္ဗာန်ပဲ သွားချင်သလား ဘယ်နှယ်ဖြေမလဲ၊ အဲဒါ ကိုယ့်ကိုယ်ကိုသာ အကဲခတ်တော့၊ သဿတ ဒိဋ္ဌိလို့ ရှာပလားတဲ့၊ ဟောတော်မူတယ်'

'ဒါဆို ဘုံစဉ်စံ ဘဝလမ်းပြ ဒဿနဟာ မိုးကုတ်ဆရာတော်ဘုရားကြီး



ဟောကြားတော်မူသလို နိဗ္ဗာန်မရမီ စပ်ကြား အပါယ် ဝရဲက လွတ်ပြီး နတ်ရွာ သုဂတိကို အကြိမ်ကြိမ် ခံစားရလို့ရှိရင် တော်သေးတာပေါ့ ဆိုတာနဲ့များ ငြိမနေနိုင်ဘူးလား'

'မငြိပါဘူး၊ မငြိဘူးဆိုတာကို ဆရာက ပြောရတဲ့ အကြောင်း ရှိပါတယ်၊ ဆရာတော်ကြီး အမိန့်ရှိတဲ့ သဿတဒိဋ္ဌိ ရှိသူတွေ တောင့်တတဲ့ နိဗ္ဗာန်မရမီ စပ်ကြား အပါယ်ကလွတ်ပြီး နတ်ရွာသုဂတိမှာ အကြိမ်ကြိမ်ခံစားလိုတဲ့ ပုဂ္ဂိုလ်တွေက ကံလမ်းက သွားတဲ့ လူတွေရဲ့ဆန္ဒပါ၊ ဘုံစဉ်စံ ဘဝလမ်းပြ ဒဿန ဆိုတာက ကံလမ်းကသွားတဲ့ တရားမဟုတ်ဘူး၊ ဒါ ဉာဏ်လမ်းက သွားတဲ့ အလုပ်၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်ကို သိပြီး မဂ်ဖိုလ် နိဗ္ဗာန်ကိုသာ ရည်မှန်းချက် ထားတဲ့ အလုပ်၊ နတ်ရွာသုဂတိတွေမှာ အကြိမ်ကြိမ် ထပ်ထပ် စံစားရရေးကိုသာ ဘဝလမ်းဆုံးထားတဲ့တရား မဟုတ်ဘူး၊ နတ်ရွာ သုဂတိတွေမှာ ခံစားရအောင် တမင် လုပ်တာမျိုးလည်း မဟုတ်ဘူး၊ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးတရား အားလျော်စွာ ဒိဋ္ဌိဝိစိကိစ္ဆာ ပြုတ်အောင် အားထုတ်လို့ အပါယ်မျိုးနေ့ သေလို့ သုဂတိဘဝကို ရောက်တာ၊ သုဂတိ ဘုံဘဝတွေကို ရောက်တာဟာလည်း ခံစား စံစားဖို့အတွက် ရောက်တာ မဟုတ်ဘူး၊ တစ်မဂ် တစ်ဖိုလ်၊ နှစ်မဂ် နှစ်ဖိုလ် တစ်ဆင့်ပြီးတစ်ဆင့် လှမ်းနိုင်အောင် အားထုတ်ဖို့ အတွက် ရောက်ရတာ၊ အပါယ်ဘဝတွေကို ရောက်သွားတဲ့ သတ္တဝါတွေဟာ ဒီလို အားထုတ်နိုင်ခွင့် မရှိတော့ဘူး၊ အမှန်အတိုင်း ပြောရရင် ဘုံစဉ်စံ ဘဝလမ်းပြ ဒဿနဟာ ဘုံစဉ်စံကြိုက် သဘောမဟုတ်ဘူး၊ ဒီဘဝမှာတင် လေးမဂ် လေးဖိုလ် ရအောင် လုပ်နိုင်တဲ့ ပုဂ္ဂိုလ်ဖြစ်ရင် ဒီဘဝမှာပင် ပြီးပြတ်အောင် လုပ်ဆောင်ကြရမယ်၊ သို့သော် နေယျပုဂ္ဂိုလ်၊ ပဒပရမ ပုဂ္ဂိုလ် အများစုကတော့ တစ်နှစ်ပြီး တစ်နှစ်၊ တစ်တန်းပြီး တစ်တန်း အောင်မှ ဘွဲ့ရကြတဲ့ လူတွေလို နိဗ္ဗာန်ကို မရရအောင် တစ်ဘဝပြီးတစ်ဘဝ ဆက်ကြိုးစားရမည့်သူတွေ အတွက် ဘုံစဉ်စံ ဘဝလမ်းပြ ဖြစ်တည်ခြင်းဟာ သေရင် အပါယ် သွားကြရတာနဲ့စာရင် အများကြီး ပိုကောင်းတယ်လို့ ခံယူတာ ဖြစ်တယ်၊ မိုးကုတ်ဆရာတော်ဘုရားကြီး ကတော့ ပုထုဇဉ်တွေဟာ ကာမဂုဏ်ဘုံဘဝတွေကို ခံစား စံစားပြီး ပျော်မွေ့နေမှာ နိဗ္ဗာန်ကို လိုချင်တဲ့စိတ် ကိုကြကယ်လို့ မြင်တော်မူတယ်၊ ဒါကြောင့်-

'ခင်ဗျားတို့ သဿတဒိဋ္ဌိရှိရင် ဘုံစဉ်စံကြိုက်ပဲ၊ ဘုံစဉ်စံကြိုက်ဟူသရွေ့ ဘယ်နှယ်ဆိုကြမလဲ၊ နိဗ္ဗာန်ကို ခု ယူမလား၊ ခုနစ်ရက် အားထုတ်ပြီး ခုနစ်

www.burmeseclassic.com

www.burmeseclassic.com



ရက်နဲ့ ယူမလားလို့ မေးလိုက်တဲ့ အခါကျလို့ရှိရင် အို... ၊ ဖြည်းဖြည်းပဲ၊ ဒီသား၊ ဒီသမီး၊ ဒီမြေးနဲ့မှပဲ သွားတော့မယ်ဆိုတဲ့ ပုဂ္ဂိုလ်များဟာ ဘာထင်ကြသလဲ၊ သဿတဒိဋ္ဌိ ခံနေတယ်၊ သဿတဒိဋ္ဌိဆိုတာ တဏှာပဲနော်" လို့လည်း ဟောတော်မူတာ ရှိတယ်'

'ဒါလည်း မှန်တာပဲ မဟုတ်လား ဆရာ'

'အေး... မှန်တာပေါ့ကွာ၊ ဒါ ကံလမ်းက သွားတဲ့ လူတွေရဲ့ သဘောတွေ၊ သူတို့က သဿတဒိဋ္ဌိ၊ ဉစ္ဆေဒဒိဋ္ဌိတွေကို မဖြုတ်ဘူး၊ ဒိဋ္ဌိတန်းလန်းနဲ့ နေကြတဲ့ လူတွေ၊ ဒါန သီလ အကျိုးလောက်ကို ခံစားရဖို့ ကြိုးစားကြတဲ့ လူတွေ၊ ဆရာတို့ ဘုံစဉ်စံ ဘဝလမ်းပြ ဒဿနက ဒီလို မဟုတ်ဘူး၊ အပါယ်မျိုးစေ့ ဖြစ်တဲ့ သဿတဒိဋ္ဌိ၊ ဉစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိကို ဉာတပရိညာနဲ့ အရင်ဖြုတ်တဲ့ အလုပ်ကို လုပ်တာ၊ အန္ဓပုထုဇဉ် ဘဝကနေ စူဠသောတာပန် ကလျာဏ ပုထုဇဉ် ဖြစ်အောင် လုပ်တာ၊ မိုးကုတ်ဆရာတော်ဘုရားကြီးက "ခင်ဗျားတို့ ဒိဋ္ဌိရှိနေတဲ့ နေရာကို ရှာပြီး အရင်ခွာလို့ ရှိရင်ဖြင့် ပထမ အသိနဲ့ဖြုတ်ရင် စူဠသောတာပန် ဖြစ်ပါတယ်နော်" တဲ့၊ မိန့်တော်မူထားတယ်' (လုပ်ငန်းစဉ်တရား ၄၊ နှာ ၂၉)

'ဒါဆို ဘုံစဉ်စံ ဘဝလမ်းပြ ဒဿနဟာ ထိုဘဝ ဒီဘဝ သုဂတိဘဝတွေကို လိုချင်လို့ ကြိုးပမ်းတဲ့ အမြင် မဟုတ်ဘူးပေါ့'

'အေး... ဘုံစဉ်စံ ဘဝလမ်းပြ ဒဿနဟာ ဘဝချမ်းသာ ဘဝသမ္ပတ္တိကို ပမာန ရည်မှန်းချက် မထားဘူး၊ ဒီဘဝမှာ လူဖြစ်ဆဲအခိုက်၊ ၁၀ ရက် တစ်ပွဲတ် အချိန်ပေးပြီး သက္ကာယဒိဋ္ဌိ ဖြုတ်ဖို့ အလုပ်ကို လုပ်ကြဖို့ နည်းပေးလမ်းပြ ပြတဲ့ တရားသာ ဖြစ်တယ်၊ ဒါက သောတာပန်လမ်း၊ သောတာပန်ဖြစ်ရင် ဘုံစဉ်စံ ဖြစ်တာက အော်တိုမစ်တစ်ပဲ၊ ဝိသာခါတို့၊ အနာထပိဏ်တို့လိုပေါ့၊ လူ့ဘဝမှာ အိမ်ထောင်သားမွေး စီးပွားဥစ္စာ ရှာဖွေခြင်း အလုပ်နဲ့လည်း နေတယ်၊ သို့သော် ဒိဋ္ဌိဝိစိကိစ္ဆာ ဖြုတ်ထားတဲ့အတွက် သေရင်လည်း အပါယ်မကျတော့ဘူး၊ အပါယ်မကျသော်လည်း နိဗ္ဗာန်ကိုတော့ မရောက်သေးဘူး၊ သုဂတိဘဝတွေမှာ ခုနစ်ဘဝ၊ ရှစ်ဘဝလောက်တော့ ဆက်ဖြစ်ဦးမယ်၊ ပြီးရင် နိဗ္ဗာန် မဂ်ဖိုလ်ကို ဆိုက်ရောက် [illegible]'

'ဒါဆို ပုထုဇဉ် အများစုအတွက် လက်လှမ်းမီတဲ့ တရားပဲ၊ ဆရာအနေနဲ့ ဘုံစဉ်စံ ဘဝလမ်းပြ ဒဿနကို လက်တွေ့ အကောင်အထည် ဖော်ဖို့ကော အစီအစဉ် ရှိသလား'



'ဆရာကတော့ အတွေးအခေါ် တစ်ခုကို အတွေးအခေါ်အတိုင်းပဲ ထားလိုက်တတ်ကဲ့ အကျင့်မရှိဘူး၊ မိမိ တွေးခေါ်တာဟာ မှန်တယ်လို့ ယုံကြည်ရင် အဲဒါကို အကောင်အထည် ဖော်ရမှ ကျေနပ်တယ်၊ အဲဒါ ဆရာ့ရဲ့ ဘဝဖြစ်စဉ်တွေမှာ ထင်ရှားပါတယ်'

ဆန်းလွင်

www.burmeseclassic.com